သမိုင်းလေ့လာရေး

# ရှိုင်းသစ်

စာစောင် [၄]



ကရင်အမျိုးသား သမိုင်းသုတေသနအဖွဲ့

KYAW SAN — 94

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကရင့်သမိုင်းသုတေသနအသင်း၏မျှော်မှန်းချက် | ၁ |
| ၂ | ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့်အမျိုးသားရေးပြဿနာ | ၂ |
| ၃ | အရှေ့ပိုးကရင်တို့၏ အော်ပွဲ (ဩပွဲ)၊ | ၈ |
| ၄ | အရှေ့ပိုးကရင်ဖုံ့ဖုဒ္ဓဘာသာပြန့်ပွါးခြင်းနှင့်ရဟန်းစာဆိုတော်များ | ၁၃ |
| ၅ | သမိုင်းသက်သေ (ထက်ခေါင်) | ၂၃ |
| ၆ | ကရင်လူမျိုးများနှင့် ဘားစည်၊ | ၂၆ |
| ၇ | **The History of the Pwo Karen Churches.** | ၃၀ |
| ၈ | မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး (ဖူးကီးဒို)၊ | ၃၅ |

လွတ်လပ်သောကရင့်သမိုင်းသုတေသနအသင်း
INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION
စာအမှတ်
နေ့စွဲ

# ကရင့်သမိုင်းသုတေသနအသင်း၏ မျှော်မှန်းချက်

လွတ်လပ်သောကရင့်သမိုင်းသုတေသနအသင်းသည်၊ ၁၉၉၄ ခုနှစ် တနှစ်တာမှတ်တမ်းများအပေါ် အခြေခံပြီး ကရင့်လူ့အဖွဲ့အစည်း၏ ပကတိ လူမှုရေးဘဝ အခြေအနေကို လေ့လာဆန်းစစ်ထားသော စာတမ်းတစောင်ကို တင်ပြမည် ဖြစ်ပါသည်။ ထိုဆန်းစစ်ချက်ကို နောင်ထွက်မည့် နိုင်ငံသစ် သုတေသနစာစောင် အမှတ် (၅)တွင် ထည့်သွင်းဖေါ်ပြမည် ဖြစ်ရာ အဆိုပါစာတမ်းတွင် မျက်မှောက် ကရင်အမျိုးသားများ၏ နိုင်ငံရေး၊ စီးပွါးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး များကို အခြေခံ ဖေါ်ပြထားပြီး ထိုစာတမ်းသည် "ကရင့်သမိုင်းသုတေသနအသင်း၏" သုံးသပ် တင်ပြချက်သာ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနအသင်းသည်၊ ရှည်လျား ဝေးလံလှသော ကရင်လူမျိုးတို့၏ အတိတ် သမိုင်းကို ရှာဖွေပြီး မှတ်တမ်းပြုနိုင်ရန် ကြိုးပမ်းနေပါသည်။ အတိတ်သမိုင်းကို ရှာဖွေမှတ်တမ်းပြုစဉ် မျက်မှောက် ဖြစ်စဉ် များကိုလည်း မှတ်တမ်းပြုသွားမည်ဖြစ်ပါသည်။ လူမျိုးတမျိုး၏ အတိတ်နှင့် ပစ္စုပ္ပန်အခြေအနေကို အခြေခံပြီးမှ အနာဂါတ် ရေးရာများကို သိမြင်မှန်းဆနိုင်မည် ဖြစ်ပါသည်။ အတိတ်နှင့် ပစ္စုပ္ပန် အခြေအနေကို မသိဘဲနှင့် အနာဂါတ်ကို သိမြင်မှန်းဆ နိုင်မည်မဟုတ်ပါ။

လူမျိုးတိုင်း အနာဂါတ် မျှော်မှန်းချက် တိတိကျကျရှိရမည်ဖြစ်သည်။ မိမိ၏ အနာဂါတ်ရေး မျှော်မှန်းချက်ကို ခန့်မှန်းနိုင်ရန် အတိတ်နှင့် မျက်မှောက်ရေးရာကိစ္စများကိုသာ စံထားရမည်ဖြစ်သည်။ အနာဂါတ်အား ပီပီပြင်ပြင် သိမြင်နိုင်ရေး အတွက်လည်း အတိတ်နှင့် မျက်မှောက်အခြေအနေကို ပကတိအမှန်အတိုင်း သိမြင်ရန် ကြိုးပမ်းရမည်သာ ဖြစ်သည်။ "လွတ်လပ်သော ကရင့်သမိုင်း သုတေသနအသင်း"သည် ကရင်လူမျိုးတို့၏ အတိတ်သမိုင်းနှင့် ပစ္စုပ္ပန် ဘဝ အခြေအနေကို လေ့လာခဲ့သည်မှာ (၂)နှစ်ကျော်ကာလသာ ရှိသေးသဖြင့် လေ့လာ မှု သက်တမ်းမှာ နုနယ်သေးသည်ဟု ဆိုနိုင်ပါသည်။ သို့သော် အသင်းအနေနှင့် ကရင်လူမျိုး၏ အနာဂါတ်ရေးကို အထူး စိတ်ဝင်စားမိသည်သာမက ကရင်လူမျိုး တဦးချင်း၊ တဖွဲ့ချင်း တို့သည်လည်း မိမိတို့၏ အနာဂါတ်ရေး များကို တိတိကျကျ သိမြင်နိုင်ရန် ကူညီလိုပါသည်။ လူမျိုးတိုင်း အနာဂါတ်မျှော်မှန်းချက် တိတိကျကျ ထားရှိရန်လည်း တိုက်တွန်းလိုပါသည်။

"လွတ်လပ်သော ကရင့်သမိုင်း သုတေသနအသင်း"၏ ၁၉၉၅ ခုနှစ်၊ လုပ်ငန်းစဉ် ရာထားသတ်မှတ်ချက်အရ "ကရင့်သမိုင်း မှတ်တမ်း"တစောင်ကို အပြီးသတ် ရေးသားတင်ပြမည် ဖြစ်ပြီး၊ ထိုမှတ်တမ်းကို ကရင်၊ မြန်မာ၊ အင်္ဂလိပ်၊ (၃)ဘာသာဖြင့် ရေးသားမည်ဖြစ်သည်။ ၎င်းအပြင် ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၏ နှစ် (၄၀)ကျော် ဖြတ်သန်းခဲ့ရသော နိုင်ငံရေးအတွေ့အကြုံ "ကိုယ်တွေ့ဘဝ မှတ်တမ်း"များကိုလည်း ထုတ်ဝေသွားမည် ဖြစ်သည့် အပြင် နိုင်ငံသစ်စာစောင်ကို အမှတ်စဉ်(၅)မှ (၈)အထိ၊ ဆက်လက် ထုတ်ဝေသွားမည်လည်းဖြစ်သည်။

အသင်း၏ အတွေ့အကြုံ နုနယ်သေးသည့်အပေါ် မသေသပ်မှုများ အမှားအယွင်းများ ဆက်လက် ရှိနေပါသည်။ လေ့လာသူများက ထောက်ပြ အကြံပြုကြပါရန် မေတ္တာရပ်ခံထားပါသည်။ ၁၉၉၅ ခု၊ နှစ်သစ်ကို မျှော်မှန်းရင်း တမျိုးသားလုံး၏ ဘဝ ငြိမ်းချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်း တောင်း လိုက်ပါသည်။

ကရင့်သမိုင်းသုတေသနအသင်း။

# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် အမျိုးသားရေးပြဿနာ

ကရင် နှစ်သစ်ကူး ပွဲတော်ကို ရှုံးပိတ်ရက်အဖြစ်၊ ပြဋ္ဌာန်းပြီး ပဌမ ဦးဆုံး အကြိမ် ကျင်းပခဲ့သည့် နေ့မှာ၊ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက် နေ့ဖြစ်သည်။ ယခုနှစ် ၁၉၉၅ခုနှစ်၊ ဇန္နဝါရီလ(၁)ရက်နေ့တွင် ကျရောက်မည့် နှစ်သစ်ကူးနေ့သည်၊ (၅၇)ကြိမ်မြောက်ပွဲတော်ဖြစ်သည်။ နှစ်သစ်ကူးပွဲတော်ကို ပြဋ္ဌာန်းသတ်မှတ်ရာတွင် မြန်မာပြက္ခဒိန်ကိုအခြေခံပြီး၊ ပွဲတော်ရက် သတ်မှတ်သဖြင့်၊ နှစ်စဉ် ပြာသိုလ်လဆန်း (၁) ရက်နေ့ရောက်တိုင်း၊ ကရင်နှစ်သစ်ကူး ပွဲတော်နေ့ဖြစ်ခဲ့လေသည်။ အဆိုပါမြန်မာ ပြက္ခဒိန်ကိုအခြေခံခြင်းဖြင့် နှစ်သစ်မင်္ဂလာပွဲတော်သည်၊ တခါတရံ ကမ္ဘာ့ပြက္ခဒိန် တနှစ်တည်းတွင် (၂)ကြိမ်ကျရောက်ပြီး တခါတရံ ကမ္ဘာ့ ပြက္ခဒိန်နှစ်အတွင်း၊ တကြိမ်မျှ မကျရောက်သော နှစ်လည်း ရှိခဲ့ပေသည်။

မြန်မာ လပြာသိုလ် လဆန်း (၁) ရက်နေ့ကို သတ်မှတ်သဖြင့် ကရင့် နှစ်သစ်ကူးနေ့မှာ ကမ္ဘာ့ပြက္ခဒိန်တွင် ဤသို့တွေ့ရပါသည်။

ကမ္ဘာ့ပြက္ခဒိန်–၁၉၇၆ခုနှစ် ဇန္နဝါရီလ (၁)ရက်နေ့ ကြာသပတေးနေ့၌ တကြိမ် ဒီဇင်ဘာလ(၂၀)ရက် တနင်္လာ နေ့၌ တကြိမ်၊

ကမ္ဘာ့ပြက္ခဒိန်–၁၉၇၇ခုနှစ်တွင်နှစ်သစ်ကူးရက်မရှိပါ။

ကမ္ဘာ့ပြက္ခဒိန်–၁၉၇၈ခုနှစ်၊ ဇန္နဝါရီလ (၉)ရက် တနင်္လာနေ့တွင် တကြိမ်၊ ဒီဇင်ဘာလ(၂၉)ရက်သောကြာနေ့တွင် တကြိမ်။

ကမ္ဘာ့ပြက္ခဒိန်–၁၉၇၉ခုနှစ်တွင်၊နှစ်သစ်ကူးရက်မရှိပါ။

ကမ္ဘာ့ပြက္ခဒိန်–၁၉၈၀ခုနှစ်၊ ဇန္နဝါရီလ (၆)ရက် အင်္ဂါနေ့၌ တကြိမ်၊ ဒီဇင်ဘာ (၂၆)ရက် အင်္ဂါနေ့၌ တကြိမ်။

ကမ္ဘာ့ပြက္ခဒိန်–၁၉၈၁ ခုနှစ် ဇန္နဝါရီလ (၆)ရက် အင်္ဂါနေ့၌တကြိမ်၊ ဒီဇင်ဘာ (၂၆)ရက် အင်္ဂါနေ့၌ တကြိမ်။

ကမ္ဘာ့ပြက္ခဒိန်–၁၉၈၂ ခုနှစ်တွင် နှစ်သစ်ကူးရက် မရှိပါ။

ကမ္ဘာ့ပြက္ခဒိန်–၁၉၈၄ ခုနှစ် ၊ ဇန္နဝါရီ



အဇင်းအထက်တန်းကျောင်းသားကျောင်းသူများ၏ဒုံးယိမ်းကဟန်



တပြိုင်တည်းတွင် လူ (၃၀၀)ကျော် ပါဝင်ကပြကြသည့်၊ ဒူးပလာယာ ခရိုင် ကရင် နှစ်သစ်ကူးပွဲတော်

လ(၃)ရက် အင်္ဂါနေ့၌ တကြိမ်၊ ဒီဇဘ်ာလ(၂၂) ရက် စနေနေ့၌ တကြိမ်။ ကမ္ဘာ့ပြက္ခဒိန်–၁၉၈၅ ခုနှစ်တွင်၊ နှစ်သစ် ကူးနေ့မရှိပါ။

နှစ်သစ်ကူးပွဲတော် ကျရောက်ခြင်းများကို လေ့လာခြင်းအားဖြင့်၊ အထက်ပါ အတိုင်းထူးထူးခြားခြားဖြစ်နေသည်ကို တွေ့ရပေမည်။ ထိုအချက်သည်၊ အခြားအရှေ့တိုင်း လူမျိုးများ ဖြစ်ကြသော၊ ထိုင်း၊ တရုပ်၊ မြန်မာ၊ ဗီယက်နန်တို့နှင့် မတူဘဲ တမျိုးတဘာသာ ထူးခြားစွာဖြစ်နေလေသည်။

ဤကိစ္စနှင့် ပတ်သက်၍ တိုင်းရင်းသား ကရင်အမျိုးသားရိုးရာ ပြက္ခဒိန် ကော်မီတီ၏ ၁၉၊ ၄၊ ၈၆၊ရက်စွဲဖြင့်စာတမ်းတစောင်ထုတ်ထားကြောင်း တွေ့လိုက်ရသည်။ ထိုစာတမ်း၌ ကရင်လူမျိုးတို့တွင် ရှေးပဝေသဏီ ခေတ်ကာလမှစတင်ပြီး မိမိတို့၏ နေ့ လ ရက်နှင့် ရာသီဥတုကို ဖေါ်ပြ ထားသော ပြက္ခဒိန်ရှိခဲ့ပြီး ကမ္ဘာ့နှစ် မြန်မာ့ နှစ်များနှင့် ကိုက်ညီနေကြောင်းကို တင်ပြထားသည်။ ထိုကရင်ရိုးရာ ပြက္ခဒိန်အရဆိုလျှင်၊ပြာသိုလ်လဆန်း (၁)ရက်နေ့သည်၊ ကရင်နှစ်၏ ပဌမဦးဆုံးသောလ (သလေ၊ ထိုင်ခုတ်ဖို)လ မဟုတ်ဘဲ၊ ကရင်နှစ်၏ နောက်ဆုံးလ၊ (လားပလူ ခေါ်လားလိန့်) ဖြစ်ကြောင်း ပြည့်စုံစွာ ရှင်းလင်းထားလေသည်။

အဆိုပါ ပြက္ခဒိန်အရ ကရင်တို့၏ နှစ်ဦးဖြစ်သော ပဌမဆုံးသောလ (သလေခေါ် ထိုင်ခုတ် ဖို) လသည်၊ "ဆာဒဲမူ"ခေါ်သော ဖျောက်ဆိတ်ကြယ် (ကြတ္တိကာနက္ခတ်) ခေါင်းပေါ်တည့်တည့်မှာ တွေ့ရှိရသော အချိန်ဖြစ်သည်ဆိုထား၍ ထိုအချိန်၌ စိုက်ပျိုးစားသောက်ရေးအတွက်၊ လုပ်ခွင်များ လိုက်လံရှာဖွေ သတ်မှတ် ထားကြကာ တောင်ယာခုတ်မည့် အကွက်တွင် သစ်ပင် ခြုံနွယ်များကို ရှင်းလင်းထားပြီး ခြောက်သွေ့နေလေအောင် နေလှမ်းထားရသည်။ ထို ဖျောက်ဆိပ်ကြယ် မွန်းတိမ်းလာသည် နှင့် တောင်ယာကို မီးလျှို့ကြလေသည်ဟူ၍ ကြယ်ကို စံထားပြီး 'ထား' သီချင်းများဖြင့် ဖေါ်ပြထားလေသည်။

ရက်ကိုစံထား၍ ရွတ်ဆိုသော ထားသီချင်းတွင် စန္ဒာလမင်းကြီး၏ အထဲရှိ ညောင်ပင်ကြီးအောက်တွင် နတ်သွီးနှစ်ဖေါ်ဖြစ်သော နော်ပေါ်မူနှင့် နော်ပေါ်စေး တို့သည်၊ စပါးတစုံစီ ချထောင်းရာ၌ အမဖြစ်သူ'နော်ပေါ်မူး' သည်၊ သမီးဦးလည်းဖြစ် ခွန်အားလည်း ညီမထက်ပိုမိုရှိသည့်အတွက် စပါးတစုံကို (၂၉)ညသာ ဖွတ်ထောင်းရပြီး ညီမဖြစ်သူ'နော်ပေါ်စေး' မှုကား (၃၀)ည ဖွတ်ထောင်းရသည်ဟုဖေါ်ပြထားသည်။ အဓိပ္ပါယ်မှာ ကရင်နှစ်ဦးလသည်(၂၉) ရက်ဖြစ်ပြီး နောက်လမှာ(၃၀)ရက်ဖြင့် တရက်စီ ရေတွက်ရသည်ဟု ဖေါ်ပြထားသည်။ အစ ပဌမလကို 'လားဝယ်ကိုး' ၊ 'သားဦးလ' ဟုလည်းခေါ်သည်။

ပန်းပင်ကို'စံ' ထားသော 'ထား'သီချင်းများတွင် နှစ်ဦး 'သလေးလ' တွင်"ဖေါသလေး"ခေါ် ချယ်ရီပန်းများ လှပတင့်တယ်စွာ တပင်လုံး၊ ဝေဆာစွာ ပွင့်နေလေသည်။ဤအချိန်၌ စပါးများနှစ်စဉ် မှည့်လာသည့်နည်းတူ "ဖေါသလေး"ခေါ်ချယ်ရီပန်းများလည်း (သလေ)လသို့ရောက်ရှိချိန်တိုင် ဝေဆာ ပွင့်လန်းလေသည်။ ထိုနည်းတူ 'ဆဲဖေါ်' ခေါ် ကသစ်ပန်းများနှင့်အောင်လောင်ငှက် နှင့်တူသော ပန်းများလည်း ဖူးပွင့်ချိန်ဖြစ်သည်။ 'ဖေါ်'ဆိုသော မိန်းမပျို များလည်း လွမ်းနေရသော အချိန်အခါ ဖြစ်လေသည်။ 'သလေးလ'နှင့် 'ထေးခူးလ' ရောက်ချိန်တိုင်း၊ 'ငှက်' ကလေးများ နှင့် 'ဆဲ့ဖေါ်'ခေါ် ကသစ်ပန်းများကို စားသောက်ကြပြီး မြူးထူး ပျော်ပါးစွာ ကခုန်နေကြလေသည် ဟူ၍ တင်ပြ ထားလေသည်။

ပြာသိုလ်လဆန်း(၁)ရက်နေ့သည်၊ ကရင်နှစ်၏ နောက်ဆုံးလ (လါးပလူ လါးလိန်း)လနှင့် ကိုက်ညီပြီး နာနာဘာဝ၊ ဝိနာဘာဝတို့ မြူးထူးပျော်ပါးသော လဖြစ်၍ မိရိုးဖလာ အယူအဆရှိသော ကရင်များသည်၊ လုပ်ငန်းကိုင်ငန်း လုပ်ခွင်အတွင်း သေဆုံးသွားသော၊ မိသားစုတယောက်ယောက်ကို မပြုစုအားသေးလျှင် ထိုလတွင် သင်္ဂြိုလ်၍ အရိုးကောက်ပွဲ၊ လိပ်ပြာခေါ်ပွဲများ၊ ကျင်းပသည်။ လိပ်ပြာခေါ်ချိန်တွင် ပြာများကို အောက်သို့မချဘဲ စုပုံထားတတ်သည်။ အကြောင်းမှာ ပြာ သည် အပူမှ လာသည်ဖြစ်၍ သေဆုံးသွားသောလူ၏ လိပ်ပြာနှင့်ထိမိပါက ထပ်၍ ဒုက္ခပေးရာ ကျရောက်မည်ဖြစ်ခြင်းကြောင့် ၊နာနာဘာဝ၊ ဝိနာဘာဝ တို့ ပျော်ပါးချိန်၊ လွတ်လပ်စွာပျော်ပါးနိုင်ရန် သိုလှောင်ထားလေသည်။ ထိုလကုန်ဆုံးသောအခါမှ 'ပြာ'ကို လွင့်(လွှတ်)ပစ်ကြသည်။

ကရင်ပြက္ခဒိန်နှစ်ဦး အစပဌမလ (သလေ၊ ထိုင်ခုတ်ဖို)လနှင့် နောက်ဆုံးလဖြစ်သော(လားပလူး၊ လါးလိန်း) တို့ကို ခွဲခြားနိုင်ရန် ရှေးလူကြီးများက ထားကဗျာများဖြင့် စပ်ဆိုပေးခဲ့ပြန်လေသည်။(လားပလူး–လားလိန်း)ကုန်ခါဦး အချိန်အခါ၌ 'မါး'ခေါ် အိုင်များ စတင်ခန်းချောက်လာချိန် ဖြစ်သည်။ 'သလေး ဆိုင်ခုတ်ဖို' လဆန်း အချိန်တွင် အိမ်သစ်တက်ခြင်း လက်ထပ်မင်္ဂလာပွဲများ ပြုလုပ်ခြင်း အစရှိသည့် မင်္ဂလာပွဲများကို ကျင်းပကြလေသည် ဟူ၍ ဖေါ်ပြထားပါသည်။

ထို့နောက်အဆိုပါ တိုင်းရင်းသား ကရင်အမျိုးသားရိုးရာ ပြက္ခဒိန်ကော်မီတီက ကရင်တို့၏ ရှေးပဝေသဏီ ခေတ် ကျောက်စာ၊ ပေစာများ မပေါ်မီကတည်းက အသုံးခဲ့ပြုသည်ဟု ဆိုသော၊ကရင်သစ်သား ပြက္ခဒိန်ကို ဖေါ်ပြထားပါသည်။ ထိုပြက္ခဒိန်သည် သစ်သားပြားအပေါ်တွင် အပေါက်ငယ်များဖေါက်ထားသောအတန်းသုံးတန်းပါရှိလေသည်။ အပေါ်ဆုံးအတန်းတွင် အပေါက်(၁၃) ပေါက်ရှိသည်။ အလယ်တန်းမှာ(၁၅) ပေါက်ရှိပြီး အောက်ဆုံးတန်းမှာ (၇)ပေါက်ရှိသည်။ အပေါ်ဆုံး

အပေါက်ငယ်များမှာလစဉ်ကိုဖေါ်ပြထား ပြီး ကရင်လမှာ (၁၃)လ ရှိလေသည်။ အလယ်တန်း(၁၅)ပေါက်မှာ လဆန်းနှင့် လွှတ်ရက်များကိုဖေါ်ပြထားသည်။ နောက်ဆုံး (၇)ပေါက်မှာ ရက်ကို ဖေါ်ပြထားသည်။ ထူးခြားချက်မှာ ကရင်လသည်၊ (၁၃)လရှိခြင်း၊ လဆန်း၊ လွှတ်ရက်များကို တရက်စီ အမည်များလည်း မှည့်ခေါ်ထားလေသည်။

ကရင်(၁၃)လ၏ အမည်များမှာ (၁) သလေ၊

(၂) ထေးခု၊

(၃) သွေးကော၊

(၄) လါးခလီး၊

(၅) ဒေညား၊

(၆) လါးခု၊

(၇) လါးနွီး၊

(၈) လါးဃို့၊

(၉) လါးရူ့၊

(၁၀) ဆိမူ၊

(၁၁) ဆိဆါ၊

(၁၂) လါးနော၊

(၁၃) လါးပလူများဖြစ် ကြသည်။ (၁၃)လစလုံး၏ အဓိပ္ပါယ် များကို၊ 'ထား' သီချင်းဖြင့် ဖေါ်ပြထားလေသည်။ အလယ်တန်းအပေါက်များသည်၊ လဆန်းရက်နှင့် လွှတ်ရက်ကို ရေတွက်ရာတွင် ...

–လဆန်း(၁)ရက်ကို၊ 'ထိုမိုပွာထိထေါ်'
–လဆန်း(၂)ရက်ကို ၊'ဒွယ်ဝေါ်'၊
–လဆန်း(၃)ရက်ကို'ဒွယ်ပွာ'(ဒွယ်ယား)၊
–လဆန်း(၄)ရက်ကို၊'လီနို့'၊
–လဆန်း(၅)ရက်ကို၊ 'ထို့မဲ'၊
–လဆန်း(၆)ရက်ကို 'သီသွါးဖိုး'၊
–လဆန်း(၇)ရက်ကို 'သိသွားဒိ'၊
–လဆန်း(၈)ရက်ကို'ဒေါ်ဖ'၊
–လဆန်း(၉)ရက်ကို 'လိုဟု'(ဒေါဒို)၊
–လဆန်း(၁၀)ရက်ကို 'သာဟု'၊
–လဆန်း(၁၁)ရက်ကို'ထို့ကဖူး'၊
–လဆန်း(၁၂)ရက်ကို 'ထေါခိ'၊
–လဆန်း(၁၃)ရက်ကို 'ခေးခိ'၊
–လဆန်း(၁၄)ရက်ကို 'ပွယ်စါ'၊
–လဆန်း(၁၅)ရက်ကို'ပွယ်မူ'(ပွယ်ပွါ)၊

[square symbol with dots] မှာ 'လ'စဉ်ကိုညွှန်းပါသည်။
[triangle symbol] မှာလဆန်း၊ လွှတ်ကို ညွှန်းပါသည်။
[circle symbol] မှာ ရက် ကို ညွှန်းပါသည်။

ဟု ခေါ်ဆိုပြီး၊

❑လွှတ်ရက်များကိုရေတွက်ရာတွင်၊
– လွှတ်(၁)ရက်ကို'ပွဲစာလော'၊
– လွှတ်(၂)ရက်ကို'ခေးခိုကေ'၊
– လွှတ်(၃)ရက်ကို ' ထေါခိုဖူး'၊
– လွှတ်(၄)ရက်ကို'ထေါကဖူးသိုလေါ်'၊
– လွှတ်(၅)ရက်ကို'ညာဟုဆိုကေ'၊
– လွှတ်(၆)ရက်ကို 'ဒေါဒိုလေါ်'၊
– လွှတ်(၇)ရက်ကို 'ဒေါဖကေ'၊
– လွှတ်(၈)ရက်ကို 'သီသွားဒိုလေါ်'၊
– လွှတ်(၉)ရက်ကို ' သီသွားဖိုးပိုကွီ'၊
– လွှတ်(၁၀)ရက်ကို 'ထေါမဲဆဝေါ်'၊
– လွှတ်(၁၁)ရက်ကို 'လီနို့ကေ'၊
– လွှတ်(၁၂)ရက်နေ့ကို 'ဒွယ်ဖါလော်'၊
– လွှတ်(၁၃)ရက်နေ့ကို'ဒွယ်ဝေါမာ'၊
– လွှတ်(၁၄)ရက်နေ့ကို
'ထေါ့မိုပွါထီလေါကေ' (လါးဘဲ)၊
– လွှတ်(၁၅)ရက်ကို 'သီးတက်'၊

စသည်ဖြင့် ခေါ်ဆိုလေသည်။

လဆန်းရက်ကို စတင်ရေတွက်ရာတွင် လ၏ ပကတိအမြင်ကို သုံးနှုန်းရာတွင်၊ လဆန်း(၁)ရက်သည်၊ တိရိစ္ဆာန် မျက်စေ့ဖြင့်သာ မြင်နိုင်သည်ကို 'ဝက်မကြီးတွေ့မြင်ခြင်း'ဟူ၍၎င်း၊ ဆက်လက်ပြီး "နီကြောင်ကြောင်နဲ့ကောင် တမျိုး"ဟု၎င်း၊ 'စွန်နတ်သီး' ကဲ့သို့၎င်း၊"ဝက်စွယ်"ကဲ့သို့၎င်း၊အမျိုးသမီးများ ဆံပင်ဖီးသော"ဘီးခုံးကလေး"ဟု၎င်း "ဘီးခုံးကြီး"ကဲ့သို့၎င်း "ထက်ခြမ်း ခွဲအလင်းရောင်"ဟူ၍၎င်း၊ လူသား၏"အနည်းငယ်ဖေါင်းတက်သော ရင်ပုံ" ကဲ့သို့ဟူ၍၎င်း"ငါးဝမ်းပိုက်" ကဲ့သို့၎င်း၊"ဝက်ဝံခေါင်း"နှင့် တူသည် ဟူ၍၎င်း၊"ကျားခေါင်းနှင့် တူသည်" ဟူ၍၎င်း၊"လပြည့်ရန်နသေးသည်" ဟူ၍၎င်း၊ "ရင့်ရင့်ကျက်ကျက်" ပြည့်ဝလေပြီ ဟူ၍၎င်း၊ စသော လ၏ပုံသဏ္ဍာန်ကို၊ ကျွမ်းကျင်စွာ ပုံပမာ ခိုင်းနှိုင်းထားလေသည်။

လွှတ်ရက်များကိုမူ ဆုတ်သည်၊ ပြည့်သည်၊ ဆင်းသည်၊ ထုတ်ဖြေသည်၊ ပဲ့သွားသည်၊ နည်းသွားသည်၊ ပျောက်သွားသည်၊ ကွယ်သည်၊ အပြတ်သေသည်၊ စသည့်စကားလုံးများမှာ၊ လွှတ်၏အဓိပ္ပါယ်ကို သက်ရောက်စေသော အခေါ်အဝေါ်များဖြင့်၊ ရွေးချယ်သုံးစွဲထားကြောင်းကို တွေ့မြင်ရလေသည်။

အောက်ဆုံးအတန်း အပေါက်များမှာနေ့ရက်ကို ဖေါ်ပြခြင်းဖြစ်လေရာ

❍ တနင်္လာ နေ့ကို (တယ်သွေး)၊
❍ အင်္ဂါ နေ့ကို (တယ်ပေါ်)၊
❍ ဗုဒ္ဓဟူးနေ့ကို(မူယူး)၊
❍ ကြာသပတေး နေ့ကို (မူပလဲ)၊
❍ သောကြာ နေ့ကို (တမူလို)၊
❍ စနေ နေ့ကို (တစွာကလို)၊
❍ တနင်္ဂနွေ နေ့ကို(မူဘူး)၊

ဟု အသီးသီးခေါ်ဆိုလေသည်။

ကရင့်ရိုးရာပြက္ခဒိန်သည်၊ (၁၃)လ ထားရှိသော်လည်း၊ ကရင်လို (နီဆိ) ခေါ် နှစ်ငယ်နှစ်တွင်'လားခလီး' နှင့် 'ဒေညားကို' (၁၅)ရက်စီ (၂)လ ပေါင်း ရက်(၃၀)သတ်မှတ်လေသည်။ ကရင် နီဒိ ခေါ် နှစ်ကြီး နှစ်မှုကား 'လားခလီးနှင့် ဒေညား' တို့သည်၊ ရက်ပေါင်း(၃၀)စီသတ်မှတ်ထားလေသည်။

**<u>ကရင်(နီဆိ)ခေါ် နှစ်ငယ်နှစ်</u>**

| | |
|---|---|
| (၁) သလေ | ၂၉၊ |
| (၂) ထေးခု | ၃၀၊ |
| (၃) သွေးကော | ၂၉၊ |
| (၄) လါးခလီး | ၁၅၊ |
| (၅) ဒေညား | ၁၅၊ |
| (၆) လါးခု | ၂၉၊ |
| (၇) လါးနွီး | ၃၀၊ |
| (၈) လါးဃို့ | ၂၉၊ |
| (၉) လါးရူ့ | ၃၀၊ |
| (၁၀) ဆိမူ | ၂၉၊ |

| | |
|---|---|
| (၁၁) ဆိဆာ | ၃၀၊ |
| (၁၂) လားနော | ၂၉၊ |
| (၁၃) လားပလူ | ၃၀၊ |
| စုစုပေါင်း | ၃၅၄၊ |

## မြန်မာ့ ရိုးရာနှစ်

| | |
|---|---|
| (၁) တပို့တွဲ | ၂၉၊ |
| (၂) တပေါင်း | ၃၀၊ |
| (၃) တန်ခူး | ၂၉၊ |
| (၄) ကဆုန် | ၃၀၊ |
| (၅) နယုန် | ၂၉၊ |
| (၆) ဝါဆို | ၃၀၊ |
| (၇) ဝါခေါင် | ၂၉၊ |
| (၈) တော်သလင်း | ၃၀၊ |
| (၉) သီတင်းကျွတ် | ၂၉၊ |
| (၁၀) တန်ဆောင်မုန်း | ၃၀၊ |
| (၁၁) နတ်တော် | ၂၉၊ |
| (၁၂) ပြာသိုလ် | ၃၀၊ |
| စုစုပေါင်း | ၃၅၄။ |

## ကရင်(နိဒ္ဒိ)ခေါ် နှစ်ကြီး

| | |
|---|---|
| (၁) သလေ | ၂၉၊ |
| (၂) ထေးခု | ၃၀၊ |
| (၃) သွေးကော | ၂၉၊ |
| (၄) လါးခလီး | ၃၀၊ |
| (၅) ဒေညား | ၃၀၊ |
| (၆) လားခု | ၂၉၊ |
| (၇) လားနှီး | ၃၀၊ |
| (၈) လားယို့ | ၂၉၊ |
| (၉) လားခူ့ | ၃၀၊ |
| (၁၀) ဆိမူ | ၂၉၊ |
| (၁၁) ဆိဆာ | ၃၀၊ |
| (၁၂) လားနော | ၂၉၊ |
| (၁၃) လားပလူ | ၃၀၊ |
| စုစုပေါင်း | ၃၈၄၊ |

## မြန်မာ ဝါထပ်နှစ်

| | |
|---|---|
| (၁) တပို့တွဲ | ၂၉၊ |
| (၂) တပေါင်း | ၃၀၊ |
| (၃) တန်ခူး | ၂၉၊ |
| (၄) ကဆုန် | ၃၀၊ |
| (၅) နယုန် | ၂၉၊ |
| (၆) ပ – ဝါဆို | ၃၀၊ |
| (၇) ဒု – ဝါဆို | ၃၀၊ |
| (၈) ဝါခေါင် | ၂၉၊ |
| (၉) တော်သလင်း | ၃၀၊ |
| (၁၀) သီတင်းကျွတ် | ၂၉၊ |
| (၁၁) တန်ဆောင်မုန်း | ၃၀၊ |
| (၁၂) နတ်တော် | ၂၉၊ |
| (၁၃) ပြာသိုလ် | ၃၀၊ |
| စုစုပေါင်း | ၃၈၄။ |

## ကရင်နှစ်ကြီးထပ်

| | |
|---|---|
| (၁) သလေး | ၂၉၊ |
| (၂) ထေးခု | ၃၀၊ |
| (၃) သွေးကော | ၂၉၊ |
| (၄) လားခလီး | ၃၀၊ |
| (၅) ဒေညား | ၃၀၊ |
| (၆) လားခု | ၃၀၊ |
| (၇) လားနှီး | ၃၀၊ |
| (၈) လားယို့ | ၂၉၊ |
| (၉) လားခူ့ | ၃၀၊ |
| (၁၀) ဆိမူ | ၂၉၊ |
| (၁၁) ဆိဆာ | ၃၀၊ |
| (၁၂) လားနော | ၂၉၊ |
| (၁၃) လားပလူ | ၃၀၊ |
| စုစုပေါင်း | ၃၈၅။ |

## မြန်မာ ဝါကြီးထပ်

| | |
|---|---|
| (၁) တပို့တွဲ | ၂၉၊ |
| (၂) တပေါင်း | ၃၀၊ |
| (၃) တန်ခူး | ၂၉၊ |
| (၄) ကဆုန် | ၃၀၊ |
| (၅) နယုန် | ၂၉၊ |
| (၆) ပဌမ ဝါဆို | ၃၀၊ |
| (၇) ဒုတိယ ဝါဆို | ၃၀၊ |
| (၈) ဝါခေါင် | ၃၀၊ |
| (၉) တော်သလင်း | ၃၀၊ |
| (၁၀) သီတင်းကျွတ် | ၂၉၊ |
| (၁၁) တန်ဆောင်မုန်း | ၃၀၊ |
| (၁၂) နတ်တော် | ၂၉၊ |
| (၁၃) ပြာသိုလ် | ၃၀၊ |
| စုစုပေါင်း | ၃၈၅။ |

လူနာစံနှစ် (LUNAR) စံနှစ်အပေါ် အခြေခံထားသော ပြက္ခဒိန်လများမှ ဆိုးလာ( SOLAR) စံနှစ်အပေါ်အခြေခံသော ပြက္ခဒိန်ရှိ ရက်များနှင့် ကိုက်ညီရေးအတွက်၊ ပြန်လိုက်၍ တွက်ယူသည့် ပြက္ခဒိန်များတွင် (၁၃)လ သတ်မှတ်ထားသကဲ့သို့ ကရင် တို့က လည်း (၁၃)လသတ်မှတ် ထားသည်ကို တွေ့ရသည်။ တရုပ် ပြက္ခဒိန်(၁၃)လ ပြုလုပ်ချိန် အလယ်တည့်တည့်တွင် (၁၃)လ ထည့်သွင်းထားပြီးမြန်မာ (၁၃)လ လုပ်လျှင် ဝါဆိုလကို ပဌမဝါဆိုနှင့် ဒုတိယ ဝါဆိုဟူ၍ တွေ့ရှိရသည်။ ကရင်တို့က ယင်းသို့(၁၃)လ သတ်မှတ်ရခြင်းမှာ လူနာစံနှစ်အပေါ် အခြေခံ၍ ဆိုလာစံနှစ်အရ သတ်မှတ်သည့်ရက်ဖြင့် ကိုက်ညီရန် ကွာခြားရက် ဖြစ်သော ၃၆၅ $\frac{၁}{၄}$– ၃၅၄ = ၁၁ $\frac{၁}{၄}$ ရက်ကို၊ (၈)နှစ်အတွင်းဖြစ်ပေါ်ရမည့် ၁၁× $\frac{၁}{၄}$ =၉၀ရက်ကို (၃၀)ရက်စီတိုးလာသည့် ကရင့်နှစ်ကြီး (၃)ကြိမ်ပြုလုပ်ပေးခြင်းအားဖြင့် ကိုက်ညီသွားကြောင်းကို တွေ့ရလေသည်။ သို့ဖြစ်ပါ၍ ကရင့်ရိုးရာ ပြက္ခဒိန်နှင့် မြန်မာပြက္ခဒိန်ရှိရက်များ သတ်မှတ်ပုံကို (၈)နှစ်အတွင်း တူညီမှုရှိကြောင်းကို တွေ့ရလေသည်။ ကရင်ရိုးရာ ပြက္ခဒိန်ကို ကမ္ဘာ့ပြက္ခဒိန် များနှင့် နှိုင်းယှဉ်ကြည့်လျှင်လည်း ကိုက်ညီကြောင်း တွေ့ရလေသည်။

| စဉ် | အနောက်နိုင်ငံ (ကမ္ဘာနှစ်) | ကရင်နှစ် |
|---|---|---|
| ၁။ | ၃၆၅၊ | ၃၅၄၊ |
| ၂။ | ၃၆၅၊ | ၃၅၄၊ |
| ၃။ | ၃၆၅၊ | ၃၅၄၊[(၃၀)တိုး] |
| ၄။ | ၃၆၆၊ | ၃၅၄၊ |
| ၅။ | ၃၆၅၊ | ၃၅၄၊ |
| ၆။ | ၃၆၅၊ | ၃၈၄၊[(၃၀)တိုး] |
| ၇။ | ၃၆၅၊ | ၃၅၄၊ |
| ၈။ | ၃၆၆၊ | ၃၈၄၊[(၃၀)တိုး] |
| | ၂၉၂၂၊ | ၂၉၂၂၊[(၉၀)တိုး] |

ပှၤကလုာ်အမုၢ်နံၤ

လၢအဘၣ်တၢ်ပာ်ကဲ

အီၤလၢပဒိၣ်ပဖှၢ်အခိၣ်ထံး

တဘျီ ခ. န. ၂၁-၁၂-၃၉.

# တၢ်ကစိၣ်ဟဲလၢပခိၣ်ပနၢ်

---

KAREN NATIONAL DAY

OUR LEADERS' MESSAGE

---

ပဌမအကြိမ်အစိုးရအသိအမှတ်ပြုသော

# ငါတို့ကရင်အမျိုးသားနေ့။

ပြာသိုလဆန်းတရက်နေ့ ၁၃၀၀။

အမျိုးသားခေါင်းဆောင်တို့၏သြဝါဒ။

# ဆူမၦၤကလုာ်အဒိၣ်.

မ့ၢ်မဆၢတနံၤအံၤ, မ့ၢ်တၢ်ဆၢဂ့ၤကတၢၢ်ဘၣ်အဂ့ၢ်တနံၤလၢ ပၦၤကလုာ်အဂီၢ်လီၤ. မ့ၢ်ပၦၤကလုာ်အမုၢ်နံၤလၢဘၣ်ဘၣ် တၢ်ပာ်ကဲအီၤလၢပဒိၣ်ပမုၢ် အဒိၣ်ထံးတနံၤလီၤ. မ့ၢ်မုၢ်နံၤလၢအကလဲၤလီၤဆူ တၢ်စံၣ်စိၤတဲစိၤအပူၤလီၤ. ပၦၤကညီဖိလၢ ကိၢ်ပံၤယီၤအံၤဒိၣ်ဝဲခဲလၢာ်ကွဲၢ်လီၤ. တၢ်အိၣ်မူါလၢ ပဟဲကူၤထိၣ်လံလၢ တၢ်ပူၤဖးဝဲာ်ဘျဲဆူ ကၢ်ဖၤယုာ်အိၣ်ဃုာ်အလိၢ်အကျါလၢကိၢ်ပံၤယီၤအတၢ်မူတၢ်ဂဲၤအပူၤလီၤ. ဟၢ်လီၤဘၣ် မှၤနံၢ်နီၢ်အိၣ်ဝဲလၢကိၢ်ပံၤယီၤအကကူၤကူၤလၢတၢ်လၢတၢ်ပှဲၤအဂီၢ်နူၣ်လီၤ.

ပမ့ၢ်ပှၤလီၤဆီတကလုာ်လီၤ. ပတၢ်လီၤဆီတဖုၢ်လၢပလိၣ်ပပၤ, တၢ်ပၤတၢ်ပြၤ, ဟၢ်စဲၣ်တၢ်ကျဲၤ, ဘၢ်ကျၣ်သ့ကျၣ်ဘၣ်အဃိဘၣ်. မ့ဖုၢ်တခီမ့ၢ်လၢ ပသူၤပသ့ၣ်လီၤဆီတပဲၣ်အဃိလီၤ. လၢပတၢ်လုၢ်ဒိၣ်မှၤဒိၣ်တဖၣ်အကျါတနီၤမ့ၢ်ဝဲ တၢ်ပာ်သူၣ်ပာ်သးယိယိ, တၢ်အဲၣ်တၢ်သူၣ်ဝံၣ်သးဆၢ, တၢ်တီတၢ်လီၤ, တၢ်လဲၤတၢ်ဂၢၢ်ဂၢၢ်ဒီးသးလၢအသ့ၣ်ညါပွၤနူၣ်လီၤ. ပနာ်[illegible]ပဟံးဃာ်ဒီး မၤအါထိၣ်ပတၢ်နူၢ်သါလီၤဆီတဖၣ်အံၤသ့ထဲလၢပတၢ်ရှလိာ်ပသးဒ်ပှၤကလုာ်ဂၤသ့ၣ်တဖၣ်လၢလၢပှဲၤပှဲၤအဃိနူၣ်လီၤ.

ပအိၣ်လၢတၢ်ဂ့ၤတၢ်အၢဖးဒိၣ်အတီၤလီၤ. တၢ်အိၣ်ပာ်လီၤအသးခံမံၤလၢပမဲာ်ညါလၢ ပကဃုထၢအီၤထဲတမံၤဓိၤလီၤ. တၢ်ဃုပနီၢ်ကစၢ် အတၢ်ကဟုကယာ်လၢ တၢ်ဟူးဖးဝဲာ်ဘျဲပသးအပူၤ, မ့တမ့ၢ်ဘၣ်ဒီးမ့ၢ်တၢ်လဲၤဆူညါလၢ တၢ်မၤသကိးတၢ်ဆူၣ်ဆူၣ်လၢကိၢ်ပံၤယီၤ အတၢ်ပူၤကၢ်ဂဲၤအပူၤလီၤ. ပၦၤကလုာ်မ့ၢ်ဃုနူၣ်ပမၤကူၤကိၢ်ပံၤယီၤဒီဘ့ၣ်လၢ ပှၤတကလုာ်ဃိသ့ဝဲနူၣ်လီၤ. ဒ်ပှၤဆှၢတၢ်တဖၣ် ဒသိးနူၣ်ပအၢၣ်လီၤလၢပဘၣ်ဟ့ၣ်လီၤ ပသးလၢပထံပကိၢ်အဂီၢ်, ပှၤမုံၢဒီးတၢ်ပျဲၤတၢ်ဖုး, တၢ်ကွၢ်ထွဲနီၢ်ကစၢ်အဘျုး, ဒီးတၢ်သးဆၢ်ပှၤကလုာ်ဂၤနူၣ်လီၤ.

ပသ့ၣ်ဖိၣ်တိၣ်ပထၢဒိၣ်ထၢနၢ်လၢပျၤၤတဖၣ်, ပဝံတဖၣ်ဒီး ပတၢ်တဲပှၤတဲဃၢဘၣ်ဃးယွၤအဂ့ၢ်တဖၣ်လၢမုၢ်မဆၢတနံၤအံၤလီၤ. ပနာ်လၢပှၤတဂၤလၢ်လၢ်, တဒူၣ်လၢ်လၢ်, တသဓိလၢ်လၢ်အိၣ်ဒီးအတၢ်မၤအလိၢ်လၢတၢ်လဲၤလၢညါအဒိအံၤအပူၤလီၤ. သ့ထိၣ်ဘၣ်ထိၣ်လၢဟၢ်ဆီကမဲၣ်အပူၤ, ကဲထိၣ်ကဲထီလၢတၢ်ကျၣ်တၢ်ဖးအပူၤ, ဒူကိၢ်ဟ့ကိၢ်သွၣ်လၢတၢ်အိၣ်မူအိၣ်ဂဲၤအပူၤအဃိ ဖဝံထိၣ်ယီးထိၣ်ဃုာ်တၢ်ဒီး ပှၤဂၤတဖၣ်လၢတၢ်မၤနၢ်ကူၤကိၢ်ပံၤယီၤလၢပှၤတဖုဃိနူၣ်လီၤ.

မ့ၢ်ပအိၣ်ကတဲာ်ကတီၤလံပသးလၢ ဖဲနံၣ်ထိၣ်သီအနံၤဖဲအံၤနူၣ် ပကဟ့ၣ်လီၤပပှၤကလုာ်အတၢ်နူၢ်သါအဂ့ၤကတၢၢ်တဖၣ်လၢကိၢ်ဒီဘ့ၣ်ညါအဂီၢ်ဧါ.

ဆဲးလီၤ { စ့ၣ်စံၣ်ဖိ ၡၣ်ဘၢ လးဖ့ၣ်
စံးတနံၣ်လှၣ်နံၣ်. ပ့ၣ်သၣ်

**ကရင်အမျိုးသား ခေါင်းဆောင်ကြီးများ၏ ၁၉၃၃ ခုနှစ် သဝဏ်လွှာ**

(စာမျက်နှာ (၁၂) သို့)

# အရှေ့ပိုးကရင်များရဲ့အော်(ဩ)ပွဲ

အော်ပွဲ ဆိုတဲ့ အခေါ်အဝေါ်ဟာ ဗမာများရဲ့အခေါ်အဝေါ်ဖြစ်ပါတယ် ဟိုးရှေးအခါတုန်းက ဩပွဲလို့ ဗမာတွေက ခေါ်ပါတယ်။ အရှေ့ပိုးကရင် အပျိုလူပျိုကလေးတွေဟာ ဩသံကြီးတွေနဲ့ ကဗျာ၊လင်္ကာ တေးသီချင်းတွေကို အပြန်အလှန် ဆွဲဆွဲငင်ငင် အော်ဆိုရင့်ကျူးကြတာကြောင့် ဩပွဲလို့ ခေါ်ခဲ့ရာကနေ၊ အခုအခါမှာ အော်ပွဲလို့ ပြောင်းလဲ ခေါ်လာကြတာဖြစ်ပါတယ်။ အော်ပွဲကို အရှေ့ပိုးကရင် ဘာသာနဲ့ 'ချအိုင်လောင်' (ဆုံအါင်လင်)လို့ ခေါ်ပါတယ်။ဩသံနဲ့ လင်္ကာရွတ်ဆိုတာကို တော့ 'သာခိုးပွယ်' (သာခေါဟ်ပွဲာ်) သီချင်း သီကျူးဆိုရင့် ခြင်းလို့ အဓိပ္ပါယ် ရပါတယ်။ဆအိုင်လောင်ကတော့လက်ဖွဲ့ရေးပြပွဲလို့ တိုက်ရိုက်အဓိပ္ပါယ်ရပါတယ်။



အော်ပွဲမစခင် အပျို လူပျို များက ဒုံးယိမ်းအကဖြင့် ကပြကြသည်။

အော်ပွဲဆိုတာ၊ လူပျို ကာလသားတွေရဲ့ ကာယ ဗလပြပွဲ ဖြစ်ပါတယ်။ လူပျိုကာလသားတွေဟာ ခါးတောင်းမြှောင်အောင်ကျိုက်၊ အင်္ကျီကို ချွတ်ပြီးတော့ သူတို့ရဲ့ကျမ္မာတောင့်တင်းတဲ့ ကိုယ်ခန္ဓာကိုဘဲဖြစ်ဖြစ်၊ သန့်ရှင်းတဲ့ ကိုယ်ရေပြားကို အမျိုးသမီး ပရိသတ်ရှေ့မှာ ထုတ်ဖော်ဝင့်ကြွားပြသတဲ့ပွဲ ဖြစ်ပါတယ် အော်ပွဲကျင်းပရာနေရာကို ယောကျ်ားမပီသတဲ့သူတွေ ကိုယ်ရေပြား ရောဂါရှိသူတွေ ၊ မမာမကျန်း၊ မသန်မစွမ်းဖြစ်တဲ့ လူတွေတော့ မလာဝံ့ကြပါဘူး။ အော်ပွဲမှာ အတန်းအစားမရွေးဘဲ အနယ်နယ်အရပ်ရပ်ကရောက်ရှိလာကြတဲ့ မောင်မယ်များတွေ့ဆုံကြ၊ မိတ်ဖွဲ့ကြ၊ မိတ်ဆွေအပေါင်းအသင်းဖြစ်ကြပြီး မိမိတို့ရဲ့ ဖူးစာဖက် ရာသက်ပန် ပေါင်းဖော်သွားရမဲ့၊ ကြင်ဖော်ကို ရှာဖွေရွေးချယ်ကြတဲ့ မောင်မယ်တူစုံမေတ္တာပြိုင်ရာ ဖြစ်တဲ့ပွဲလို့ ဒါမှမဟုတ်ရင် အပျိုလူပျိုလူပျိုများရဲ့ ပွဲလို့လည်း ခေါ်ဆိုနိုင်ပါတယ်။ တဖက်ကလည်း အပျိုနဲ့ လူပျိုဉာဏဗလ ပြိုင်ပွဲလည်းဖြစ်ပါတယ်။ အပျိုနဲ့လူပျိုတွေဟာ စာပေ ဗဟုသုတနဲ့စပ်မှု၊ကဗျာလင်္ကာ ဉာဏ်စွမ်းထက်မြက်မှုတွေ ဇဝနဉာဏ်၊ ထိုးထွင်းဉာဏ်၊ ပင်ကိုယ်ဉာဏ်စွမ်းတွေကို၊ အကြိတ်အနယ် ပြိုင်ဆိုင်ကြတဲ့ ပွဲဖြစ်ပါတယ်။ သီချင်းကြီး၊ သီချင်းခန့်တွေ၊ ဇာတ် နိပါတ်တွေ၊ ရာဇဝင်တွေ၊ စကားထာ၊ ပဟေဠိတွေကို ကဗျာ လင်္ကာ သီကုံးပြီးတော့ အပြန်အလှန် အမေးအဖြေ ပြုလုပ်ကြပါတယ်။

အော်ပွဲကို ကရင်အမျိုးသားများဟာ စပါးပုံပွဲ (ကောက်သိမ်းပွဲ) တွေကို ပြာသိုလမှာစတင်ပြုလုပ် ကျင်းပတဲ့ အတွက်၊ အဲဒီအချိန်ကစပြီး အော်ပွဲတွေကို စတင်ပြုလုပ် ကျင်းပလေ့ရှိတယ်လို့ ဆိုရပါမယ်။ တန်ခူးလမှာ လယ်ယာ၊ တောင်ယာ၊ လုပ်ခင်းကိုင်ခင်း တွေကို လက်စသတ်ပြီး ဖြစ်တဲ့အတွက်၊ကရင်အမျိုးသားတွေဟာ တန်ခိုးကြီးစေတီပုထိုး ၊ ဘုရား၊ ဂူ၊ ကျောင်းတွေဆီကို အပေါင်းအသင်းများနဲ့လှည့်လည်ဖူးမျှော်လေ့ရှိ ကြပါတယ်။လွန်းညဆဒ္ဒန်ဂူ၊ ရေတံခွန်၊ ကော့လွန်းဂူ ဘုရားပွဲ တွေကို သင်္ကြန်အခါတွင်းနဲ့ နှစ်ဆန်းတရက် နေ့များမှာ ကျင်းပကြပါတယ်။ အဲဒီပွဲတော်တွေ ဆီကို အရပ် လေးမျက်နှာက အရှေ့ပိုးကရင်အမျိုးသားတွေဟာ ရွာလုံးကျွတ်သွားရောက်ကြပါတယ်။ အဲဒီအခါမှာ ရွာခံတွေက အစား အသောက်တွေနဲ့ စတုဒိသာ တည်ခင်းကျွေးမွေးကြပါတယ်။ အပျို၊ လူပျို ဧည့်သည်တွေအတွက် အော်ပွဲကို ကျင်းပ ပေးရစမြဲဖြစ်ပါတယ်။ အော်ပွဲကျင်းပတော့မယ်ဆိုရင်၊ မကျင်းပခင်ကတည်းက အနီးအနားရွာတွေမှာရှိတဲ့ အပျိုလူပျိုကာလသားတွေကို ဆက်သားလွှတ်ပြီးတော့ ဖိတ်ကြားရပါတယ်။ ဖိတ်ကြားတဲ့နေရာမှာ အထိမ်းအမှတ် အမှတ်အသားအမျိုးမျိုးတွေနဲ့၊

ပေးပို့ကြပါတယ်။

၁။ မီးသွေးခဲ တခဲကိုထုတ်ပြီးဖိတ်ကြားရင် အော်ပွဲသို့မပျက်မကွက်ရောက်အောင် လာပါလို့ ဆိုလိုပါတယ်။
၂။ ဆေးရွက်ထုတ်ပြီး ဖိတ်ကြားရင်တော့ အော်ပွဲသို့ အုတ်အုတ်ကြွက်ကြွက်လာပါလို့ ဆိုလိုပါတယ်။
၃။ ထုံးကိုထုတ်ပြီး ဖိတ်ကြားရင်တော့ 'လက်ဖော့ပွဲ' ပါတယ်လို့ဆိုလိုပါတယ်။
၄။ ငြုပ်သီးထုတ်ပြီး ဖိတ်ကြားရင်တော့ အော်ပွဲဆီသို့ အမြန်လာပါလို့ ဆိုလိုပါတယ်။
၅။ မရမ်းရွက်ကိုထုတ်ပြီး ဖိတ်ကြားရင်တော့ အပျိုတွေ လူပျိုတွေ ညီညီညွတ်ညွတ် လာကြပါလို့ ဆိုလိုပါတယ်။
၆။ ဖွဲနုထုတ်ကိုထုတ်ပြီး ဖိတ်ကြားရင်တော့ အပေါင်းအဖော်များတွေနဲ့ စုံစုံလင်လင်လာကြပါလို့ ဆိုလိုပါတယ်။
၇။ ပေါက်ရွက်ကိုထုတ်ပြီး ဖိတ်ကြားရင်တော့ အပေါင်းအဖော်များနှင့် စုံစုံလင်လင် လာကြပါလို့ဆိုလိုတာဖြစ်ပါတယ်။

အော်ပွဲကို များသောအားဖြင့် ရွာဦး ဘုန်းကြီးကျောင်းဝင်းအတွင်းမှာမဟုတ်ရင် အလှူမဏ္ဍပ်တို့၏ ရှေ့တွင်ကျင်း ပလေ့ရှိပါသည်။ ရှေးအခါတုန်းကတော့ ဝါးမီးတွေ ထင်းမီးတွေကို ပုံလျှို့ပြီး ကျင်းပခဲ့ကြပေမဲ့ အခုအချိန်မှာတော့ ဝါးဆစ်ထဲမှာ ရေနံထည့်ပြီး ထွန်းညှိထားတဲ့ မီးတိုင်အောက်မှာ ကျင်းပ ပြုလုပ်ကြပါတယ်။ အော်ပွဲ မစတင်ခင်မှာ အပျိုလူပျိုများဟာ ဒုံးယိမ်းအကနဲ့ ပါဝင် ကပြကြပါတယ်။ ည(၇)နာရီလောက်မှာ ဒုံးယိမ်း အကစပြီး၊ည(၁၀)နာရီလောက်မှာ ယိမ်းကတာ ပြီးဆုံးပါတယ်။ဒုံးယိမ်းကပြလို့ပြီးရင်တော့ အော်ပွဲ ဆက်သွားတာပါဘဲ။ အော်ပွဲမစရသေးခင်မှာ ကောက်ရိုး တွေကို ပြန့်ပြူးအောင် ခင်းထားကြပါတယ်။ ကောက်ရိုးအခင်းပေါ်မှာ လုံမပျိုလေးတွေဟာ တဖက်တတန်း မျက်နှာချင်းဆိုင် နှစ်တန်းထိုင်နေရပါတယ်။ တတန်းနဲ့ တတန်း (၁၅)ပေလောက် ခြားပြီးတော့ အလယ်မှာ ကွတ်လပ် ထားပေးရပါတယ်။ စောင်ဖြစ်ဖြစ် မျက်နှာသုတ်ပုဝါ ဖြစ်ဖြစ် ကိုယ်စီ ပါလာရပါမယ်။

အော်ပွဲစပြီဆိုတာနဲ့ မျက်နှာချင်းဆိုင် စီတန်းထိုင်နေတဲ့ လုံမပျိုလေးတွေရဲ့ အလယ်ကွတ်လပ်ထဲကို၊ ဝါသနာရှင်လူကြီး တယောက်က ခေါင်းဆောင်ပြီး အင်္ကျီချွတ်၊ခါးတောင်းကို မြှောင်အောင်ကျိုက်၊ လက်ခမောင်းကို တဖြောင်းဖြောင်းခတ်ပြီးတော့ လက်ဖော့ရေးပြရင်းနဲ့ အတန်းဆုံးတဲ့ အထိ လျှောက်သွားရပါတယ်။ သူ့ရဲ့နောက်မှာတော့ လူပျိုကာလသားတွေဟာ သူလုပ်တဲ့အတိုင်း အင်္ကျီကိုချွတ်၊ ခါးတောင်းကို မြှောင်အောင်ကျိုက်၊ လက်ခမောင်း တဖြောင်းဖြောင်း မြည်အောင်ခတ်ရင်းဖြင့် လက်ဖော့ရေးပြ လျှောက်ရပါတယ်။ ရှေးတုန်းကဆိုရင် အရှေ့ပိုးကရင် လူပျိုကာလသားတိုင်းရဲ့ ခါးအောက်ပိုင်းမှာ ထိုးကွင်းထိုးထားပြီးတော့ အပေါ်ပိုင်းမှာ မှင်ကြောင်ဆေးနီ ထိုးကြပါတယ်။ အော်ပွဲတွင် အင်္ကျီချွတ်ပြီး ခါးတောင်းမြှောင်အောင်ကျိုက်သောအခါ၌ လုံမပျိုကလေးများ၏ မျက်စေ့ပသာဒတွင်၊ လှပအောင် ရည်ရွယ်၍ မှင်ကြောင်တွေ၊ ဆေးနီတွေ၊ထိုးကွင်းတွေ ထိုးထားခြင်းဖြစ်ပါတယ်။ ထိုးကွင်းထိုးထားမှလည်း ယောကျ်ားပီသတယ်လို့ အယူရှိကြတယ်။ လုံမေပျိုလေးများကလည်း ယောကျ်ားပီသတဲ့သူကိုမှ ရွေးချယ်လိုကြပါတယ်။ သတ္တိကြောင်တဲ့ သူကို ရှောင်ရှား လိုကြပါတယ်။ ထိုးကွင်း မရှိတဲ့ သူဟာ ခါးတောင်းမြှောင်အောင် မကျိုက်ရဲဘူး။ သတ္တိကြောင်တဲ့သူလို့ သတ်မှတ်ခံရပြီးတော့ လက်ဖော့ရေးလည်း မပြရဲဘူး။ ဒီလူတွေကို လှောင်ပြောင် သရော်တဲ့အနေနဲ့ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး လက်ဖော့ရေးပြသူရဲ့ နောက်ကို အင်္ကျီ၊လုံချည်၊ ဝတ်ထားတဲ့ လူငယ်တယောက်ယောက်က သူများချွတ်ထားတဲ့ အင်္ကျီတွေကို၊ ထမ်းပိုးပြီးတော့ ခပ်နွဲ့နွဲ့ မိန်းမလျှာလို လျှောက်ပြရတယ်။ အဲဒီအခါ အော်ပွဲလာ ဧည့်ပရိတ်သတ်တွေက ဝိုင်းပြီးဟားကြပါတယ်။ ခေတ်လူငယ်တွေမှာတော့ မှင်နီတွေထိုးထားတာ မတွေ့ရတော့ပါဘူး။ ခါးအောက်ပိုင်း ထိုးကွင်းထိုးတဲ့ သူတွေကတော့ နည်းနည်းပါးပါး ကျန်သေးတယ်။ အပျိုလေးတွေကလည်း လူပျိုကာလသားများရဲ့ ကိုယ်ကာယ ကြီးထွားသန်စွမ်းတာကို ပကတိ အနေနဲ့ဘဲသဘောကျတယ်။ ဆေးနီတွေ ဘာတွေနဲ့ အလှချယ်သနေစရာ မလိုတော့ဘူးပေါ့။ လက်ဖော့ရေးကို နှစ်ကြိမ် သုံးကြိမ် လှည့်ပါတ်ပြပြီးရင်တော့ 'ဆအိုင်လောင်' ခေါ်တဲ့ လက်ဖော့ရေးပြပွဲ ပြီးဆုံးသွားပါတယ်။

လက်ဖော့ရေး ပြပွဲပြီးရင်၊ 'ခလိုင်ကွေ' ( ခွာင်ကို )ခေါ် အသိမိတ်ဆွေ ဖွဲ့ခြင်း အစီအစဉ်ကို စပါတယ်။ လူပျိုကာလသားများဟာ အပျိုလေးတွေ စီတန်းထိုင်နေတဲ့ အတန်းနှစ်တန်းရဲ့ အလယ် ကွက်လပ်မှာ ဖြေးဖြေး လျှောက်ပြီးတော့ သီချင်းဆိုပြီးထိုင်နေတဲ့ ပျိုမေတွေထဲက ကိုယ့်စိတ်ကြိုက် ကိုယ်သဘောကျတဲ့သူတွေကို ရှာကြပါတယ်။ တကယ်လို့ ဒုံးယိမ်းကနေကတည်းက မျက်စိကျထားတဲ့ သူရှိထားရင်၊ အဲသည်လူကိုဘဲ ပြန်ရှာပါတယ်။ တွေ့တာနဲ့ အဲသည်အပျိုမရှေ့မှာဝင်ထိုင်ပြီး မိတ်ဖွဲ့စကား ပြောတော့တာပါဘဲ။တချို့လူပျိုလေးများဟာ မိန်းကလေး သုံး လေးယောက်လောက်ပြောင်းပြီး မိတ်ဖွဲ့စကားပြောတတ်ကြပါတယ်။ တချို့ကတော့ စွဲစွဲမြဲမြဲ တယောက်ဆို တယောက်ဘဲ ကပ်ပြီးပြောတာလည်းရှိတတ်တယ်။ ပျိုမလေးတွေမှာလည်း မျက်စေ့ကျထားတဲ့သူရှိတယ်။ အဲသည်အခါမှာ အလိုက်သိတဲ့ လူပျိုကာလသားများက နောက်ပြောင်ပြီး ရှောင်ဖယ်ပေးတတ်ပါတယ်။ အသိမိတ်ဆွေဖွဲ့တဲ့ ကဏ္ဍကို နှစ်နာရီလောက် အချိန်ပေးပြီးရင်တော့ တော်လောက်ပြီ၊ အစီအစဉ်နောက်တဆင့်ပြောင်းဘို့ အပျိုလူပျိုများအချင်းချင်း

နိုးဆော်ကြပါတယ်။ ဒီလို နိုးဆော်တာကို 'ယန်လင်ထာခေါဟ်' နိုးဆော်တယ်လို့ခေါ်ပါတယ်။ လူပျိုနှစ်ယောက် ဒါမှမဟုတ် အပျိုနှစ်ယောက်က မျက်နှာသုတ်ပုဝါဖြစ်ဖြစ် ဂျပ်ခုတ်စောင်နဲ့ဖြစ်ဖြစ်ကာပြီး အော်ပွဲလာတဲ့အဖော်တွေကို အော်ပွဲစတင်ရန် အချိန်သင့်ပါပြီ၊ မိတ်ဖွဲ့ခြင်းကို ရပ်ဆိုင်းကြပါစို့' လို့ ကဗျာ၊ လင်္ကာ ဖွဲ့ပြီး ဆွဲဆွဲငင်ငင် သီဆိုရင့်ကျူး သတိပေး နိုးဆော် ရပါတယ်။ အဲသည်လို ဆက်ပြီး နိုးဆော်လို့ပြီးတဲ့အခါမှာ အစုံစုံ မိတ်ဖြစ်ကာ ရွှင်ပျော်နေကြသော သူတို့သည်၊ အော်ပွဲကို စတင်ရန် ပြင်ဆင်ကြပါသည်။အော်ပွဲကို "ခွီးလောင်ဖေ့ခလို့"(ယှုံးလင်ဖဝ်ခွီ့) ခေါ် ဗမာလို ပန်းမျိုးစေ့ကြဲခြင်းနဲ့ စပါတယ်။ပညာပြိုင်ဘို့အစပြိုးတဲ့ပွဲလို့လည်း ခေါ်ဆိုနိုင်ပါတယ်။ ကဗျာ လင်္ကာ ဉာဏ်စွမ်း၊ စာပေအစွမ်းပြိုင်ရာမှာ၊ လူပျိုနှစ်ယောက် အပျိုနှစ်ယောက်တို့က တဘက်စီနေထိုင်ပြီး ပြိုင်ဆိုင်ကြပါတယ်။ ပြိုင်ဆိုင်တဲ့ သူတွေဟာ မျက်နှာချင်းဆိုင်ထိုင်ပြီးတော့ ကဗျာ လင်္ကာသီကုံးလို့ အမေးအဖြေပြုလုပ်ကြပါတယ်။ ပြိုင်ဆိုင်တဲ့ အခါမှာလည်း လူအများ ကြားရအောင် ဟစ်အော် သီကျူးရပါတယ်။ကိုယ့်အလှည့်ရောက်တိုင်းဘဲ မျက်နှာသုတ်ပုဝါကာပြီး သီဆိုရပါတယ်။ လူပျိုနဲ့ အပျိုလေးတို့ ပညာစမ်းဘို့အတွက် အစပျိုးကမ်းလှမ်း သီဆိုပုံကတော့...

လူပျို...လိက်သိင့်ဖေါဟ်ထိုင်လ့်ဆ့်ယာင်
အေမွဲ်မိက်ကောဝ်.ထါင်.

ဗမာလိုအဓိပ္ပါယ်ကတော့...ရွှေစွန်ညိုသည် ရစ်ဝဲနေပါပြီ၊ နှမ၏ဖူးစာဖက်ဟု ယူဆပါလျှင် အပါးကို ဖိတ်ခေါ်ပါတော့။

အပျို...လိက်သိင့်ဖေါဟ့်ထိုင်ဆ့်ဖိုဝ်ဖင့်
အေမွဲ်မိက်ဟုယ့်ဆံင်.လင်.

ဗမာလို အဓိပ္ပါယ်ကတော့...အာကာကောင်းကင်တွင် ရစ်ဝဲနေသော မောင်ကြီးရွှေစွန်ညိုရယ်။ နှမသယ်အားသင့်ရဲ့ ဖူးစာဖက်လို ယူဆလျှင် သင့်ဖါသာ နှမအပါး လာတော့။

လူပျို...ဆီ့ဏာင်ဝးယုဂ်ဏာင်ဟော့ဝ်
ထံင်မာယုက်ဟုံလ့်ယော့ဝ်.

ဗမာလိုအဓိပ္ပါယ်ကတော့... ရပ်ရည်လှပတဲ့ ပျိုမေတို့ရွှေ့မှာ လာရောက်ထိုင်မိပါပြီ၊ မောင်ကြီးကိုအရှက်တကွဲတော့ မလုပ်လိုက်ပါနဲ့။

ရှင်းလင်းချက်။ ။ အချို့မိန်းမပျိုတွေဟာ ယောကျ်ားလေးတွေကို ဖိတ်ခေါ်ပြီးတော့ ယောကျ်ားကလေးတွေ ဝင်ထိုင်တဲ့အခါ ထပြေးတတ်ကြတယ်။ တချို့ကတော့ ယောကျ်ားလေးများထက်ကို ကဗျာလင်္ကာ ဉာဏ်စွမ်း စာပေ ဗဟုသုတကြွယ်ဝတဲ့အတွက်၊ယှဉ်ပြိုင်တဲ့ လူပျိုကို မညှာမတာ အနိုင်ယူတတ်ကြပါတယ်။ အဲသည်လိုအခါမျိုးတွေမှာ လူပျိုကာလသားများမှာ အရှက်တကွဲ ဖြစ်ရတတ်ပါတယ်။

အပျို... ဆီ့ဏာင်အ့်ဏူးလ့်
မိုဝ်မာယုက်ဏ့်အေ်ဟုတ်.

ဗမာလိုအဓိပ္ပါယ်ကတော့ ...ထိုင်သာ ထိုင်ပါမောင်ကြီးရယ် ညီမတို့က အရှက် မခွဲ တတ်ပါဘူး။

လူပျို...ဆီဏာင်ဝင်းလ့်ဏာင့်မေ်ယော့
လဝ်လှာ.ဏာင်မိင်ဏာင့်ယွှာ.

ဗမာလိုအဓိပ္ပါယ်ကတော့... နှမရှေ့မှာ၊ လာရောက်ထိုင်နေပါပြီ။ နှမရဲ့နာမည်နဲ့ နေရပ်ကို မပြောတော့ဖူးလား။

အပျို...ခိုဝ်ဏ့်ဏာ၊စ့်အ့်လာ.ခဝ်.

ဗမာလိုအဓိပ္ပါယ်ကတော့...နှမပြောပြပါမည်။ အာရုံပြု၍နားဆင်ပါ။

လူပျို...ခိုဝ်ယ့်ဏာ.ယ့်စ့်ယိက်ဖဝ်.
လ့်ဟှုင့်ဝးဏာင့်လဝ်အေ်ဟုဝ်.

ဗမာလိုအဓိပ္ပါယ်ကတော့...ဂရုတစိုက်နားထောင်နေပါတယ်။ သို့သော်လည်းနှမရဲ့ မိန့်ဆိုသံကို မကြားရသေးပါ။

အပျို...ကောဝ်ပွာင်ခေါဟ်ခွာဆ့်လ့်ခဝ့်
ခိုဝ်ဆံင့်ဏားဏ့်ဖူ့မ့်လဝ်
ဏာင်.စိင်ထူ့မအုံးလခဝ့်
မိင်လ့်မှက်ဏ့်ဖူ့.ဝလဝ်.

ဗမာလိုအဓိပ္ပါယ်ကတော့...နှမတို့ပြောပြပါမည် နားဆင်ပါ။ကော့ပတိုင်ရွာသူ နန်းစိန်ကူးနှင့် နန်းအုန်းလှတို့ဖြစ်ပါသည်။ မလှသောနှမတို့၏အမည်များကို မောင်ကြီးအား ထုတ်ဖေါ်ပြောလိုက်ရပါပြီ။

လူပျို...ခါ့ဝးယုဂ်ဖူ့.မိင်ဖူ့.ယွှာ
ဆ့်လေဝ်အ့်လေဝ်ခွိက်သာ့

ဗမာလိုအဓိပ္ပါယ်ကတော့...လူအမည်နှင့် နေရပ်ကိုသိရပါပြီ၊ အချိန်တန်ပြီဖြစ်လို့ သွားစရာရှိတာ သွားကြစို့ရဲ့။

အပျို...ဖိုင်သာလီ.ဝံင်လီသေ့ဝ်
ဝံင်ဝံင်လယ့်ဏ့်မ့်လေဝဲ။

ဗမာလိုအဓိပ္ပါယ်ကတော့...လမ်းလေးသွယ်ဆိပ်ကမ်း လေးဆိပ်ရှိသည့် အနက် လယ်လမ်းကိုလိုက်ပြီးတော့ ဘယ် ဆိပ်ကမ်းကို ဆိုက်ပါသလဲ?။ (အော်ပွဲ သီချင်း လေးမျိုး၊ လေးစားရှိသည့် အနက် ဘယ်သီချင်းမျိုးကို ပြိုင်လိုသလဲလို့ ဆိုလိုခြင်းဖြစ်ပါတယ်။)

ရှင်းလင်းချက်။ ။ကဗျာ လင်္ကာ ဉာဏ်စွမ်း စာပေ ဗဟုသုတ ပြိုင်ဆိုင် ရာမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေထက်ကို သာတယ်လို့သိရပါတယ်။

အော်ပွဲ ကဗျာလင်္ကာ တေးသီချင်း တွေကိုအပြန်အလှန်သီဆိုကြတဲ့အခါမှာလေးဆင့် လေးမျိုး ရှိတယ်၊ တဒေသနဲ့ တဒေသ မတူကြဘူး။ ကွဲပြားပါတယ်။ကော့ကရိတ်နယ်အရှေ့ပိုးကရင်တွေက အော်ပွဲသီချင်းကို အရှေ့ပိုးကရင်ဘာသာနဲ့ အဆင့်လေးဆင့် အမျိုးလေးမျိုးခွဲထားပါတယ်။

(၁)ပဝ်လ့်ဏာင့် (ပေါ်လနောင့်) အပျော်တမ်းအနေနဲ့ ဖွဲ့ဆိုတဲ့သီချင်းမှာ...

လူပျို...ဝးသာဖူထာင်ဖေါဟ်ယ့်ခါင့်

ချောဝ်လုံယးခိုဝ်ယိုဝ်ခေါဟ်ခါင့်
ဇမာလိုအမိပွါယ်ကတော့...ချစ်နှမကို မောင်ကြီးနောက်သို့ လိုက်ပါလိုတဲ့ ဆန္ဒနဲ့ ရှေ့နောက် ထမ်းပိုး ဖို့ အတွက် အဆင်သင့်ပြုလုပ် ထားပါရ စေ။

အပျို... ဖူ့မေ်ယာ့လဝ်ဆုံလုံမိင်
လင်ခါင့်ခဝ့်ကဲမေဝ်ခေါဟ်သိင့်.
ဇမာလိုအမိပွါယ်ကတော့...နှမရဲ့ရှေ့မှာ တော့တမျိုး နားဝင်ချိုအောင် ပြောပြပေမဲ့ နောက်ကွယ်ရာမှာတော့မနပ်မနူး တဲ့ ဆန်ထမင်းလို ဖြစ်မှာ စိုးရိမ် လှပါ တယ်။
ရှင်းလင်းချက်။ ။'ပေါ်လာနောင်' သီချင်းမှာနှစ်ကြော့သီချင်းသာ ဖြစ်ပါတယ်။

(၂) ယွဲဝ်ဖာဒ္ဓောဝ်–ယွဲဖာဒိုး– လွမ်းခြင်း၊ တမ်းခြင်း။

လူပျို...မူ့မေ်ဟုးလင်ဏင်းဃာင်းကျာင်
ဒုးလင်ဓါတ်သုတ်၊ဒ္ဓေကျာ်သာင့်
ခဝ့်လယ်ဖူ့ပါလင်ယုးယါင်
ယူ့သာဒ္ဓေကျာဇျတ်ထဝ်မါင်.
ဇမာလိုအမိပွါယ်ကတော့... နေမင်းဟာ အင်းရဲ့တဖက်အစွန်သို့ ရောက်နေပြီဖြစ်လို့ နေဝင်ခါနီးမှာ အလွန်သာယာ ကြည်နူး စရာကောင်းတဲ့ ဓါတ်သုတ်စေတီတော်နဲ့ ရှမ်းစေတီကိုမြင်ရတယ်။ ဒီလိုသာမောဘွယ် ရှုခင်းကို မြင်နေရတဲ့ ကာလလေးမှာ အဝေးတနေရာကို ရောက်နေတဲ့ မောင်ကြီးရဲ့ ချစ်နှမ သက်လျှာလေးဟာ ဘယ်နေရာမှာများ ရှိနေမလဲနော်။ တခါတည်း ကရဝိတ်၊ ကြိုးကြာငှက်ကလေးတွေရဲ့ စိုးစီသီကျူးတဲ့ အသံကို ကြားရပြန်တော့ ချစ်သဲလျှာနှမလေးကို လွမ်းလွန်းလို့ နေပါတယ်။

အပျို... လုံယုံယေါဝ်.သိင်းလးဖျဝ်.
သိင်းထဝ့်ဏုံအုံလးလုံအုံ
ယေါဝ်.ဝါဏုံဆေဝ်သီးထိုဝဝ်
သာအုံဒ္ဓေဏုံအးကျုးဖဝ်.

ဇမာလိုအမိပွါယ်ကတော့...ဒီအချိန် ဒီရာသီမှာ ရော်ရွက်ဝါလေးတွေ ကြွေကျကာ မြေခတဲ့ကာလမို့ မြင့်မားပင်စည် အချို့မှာ ရွက်ဝါလေးများ ကင်းမဲ့နေတာကို လှမ်းမြင်ရပါတယ်။ လွမ်းမောစရာရှုခင်းကို ရှုစားရင်းက တပြိုင်တည်း ယောက်ျားပီသ၊ ကြည်မြ ရုပ်သွင်၊ ဆေးမှင်နီနဲ့တင့်တယ်လှတဲ့ မောင်ကြီးကို သတိရလျှက်နဲ့ ဘဝ... ဘဝတိုင်းမှာ ပေါင်းရပါစေကြောင်းကို စက္ကန့် မလပ် စိတ်စောလျှက် ရှိနေပါတယ် ရှင်။
ရှင်းလင်းချက်။ ။ယွဲ ဖာဒိုးသီချင်း ဟာ လေးကျော့သီချင်းဖြစ်ပါတယ်။

(၃) ယုံး (ယုင်း) ပြဿနာအမေးအဖြေ စကားထာ အမေးအဖြေ ပညာစွမ်းပြတဲ့ သီချင်း။

အပျို... လာလုံဝိင်းဖင်မူသိုင့်ဆို
လုံကဝ်ဏုံမူ့ဖင်ဃွေ့ဏီ.
ဇမာလိုအမိပွါယ်ကတော့... တလမှာ နေမင်းရဲ့ အလင်းရောင်ဟာနေ့သုံးဆယ် ဖြာသည်ဆို အံ့ ။တကပ် တကမ္ဘာမှာ ဆိုရင် နေ့များဘယ်လောက် အလင်းရမလဲ မောင်ကြီးရယ်?။

လူပျို... လာလုံဝိင်းဖင်မူ့သိုင့်ဆို
လုံကဝ်ဏုံမူ့ထသါန္တဲဝ်ဏီ.
ဇမာလိုအမိပွါယ်ကတော့... တလမှာ နေ့ပေါင်းသုံးဆယ်ရဲ့ အလင်းရောင်ကို ရခဲ့သည်ဖြစ်ပေမဲ့လည်းတကပ်တကမ္ဘာ လုံးမှာတော့ နေ့ပေါင်းခုနစ်နေ့သာ အလင်းရောင်ရပါတယ် နှမငယ်ရယ်။ (နေ့ပေါင်းခုနစ်နေ့မှာ တနင်္ဂနွေနေ့မှ စနေနေ့အထိကို ဆိုလိုရည်ညွှန်းခြင်း ဖြစ်ပါသည်။)
ရှင်းလင်းချက်။ ။ယုံးသီချင်း ပျိုမေလေးတွေ အရင်မေးရတဲ့ သီချင်းဖြစ်ပါတယ်။

(၄) တာခူးဖာဒိုး(သာခေါဟ်ဖာဒ္ဓောဟ်) သီချင်းကြီးဇာတ်နိပါတ်များ။

အပျို...ကျာ်ထာင်ဖဝ်.ကျာ်လုံဟုယ့်လုံ
ယူ့လင်ထေံထာင်ဍုံလုက်ဖိုင်.
ဇမာလိုအမိပွါယ်ကတော့...ပရိတ်နိဗ္ဗာန် စံတော်မူသွားပြီဖြစ်တဲ့ ဗုဒ္ဓမြတ်စွာ ဘုရားဟာ နောက်တဖန် လောကကြီးဆီသို့ ဘယ်တော့မျှ ပြန်လာတော့မှာ မဟုတ်တဲ့အတွက် လောကတခွင် ဗုဒ္ဓရောင်ခြည်ကွယ်ပျောက်၊ ဆိတ်သုဉ်း သွားတဲ့အတွက် လွမ်းဆွတ်တမ်းတ နေရပါတယ် မောင်ကြီးရယ်။

လူပျို...ထံင့်ဒ္ဓောဟ်ကျာ်ဂေါတ္တာ
ပှာ်သုတ်မွဲဝ်.ကျာ်အရိယာ.
ဇမာလိုအမိပွါယ်ကတော့ ...မစိုးရွံ့ပါနဲ့ နှမရယ်။ သတ္တဝါအပေါင်းကို သံသရာ ဝဋ်ဆင်းရဲမှ၊ ထွက်မြောက် စွမ်းဆောင် ခေမာဘောင်သို့ ခေါ်ဆောင်ပြီး ကျေးဇူး ပြုသွားတဲ့ ဂေါတမမြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုသွားပြီဖြစ်ပေမဲ့ လည်း တို့တတွေအပါအဝင်၊ ဝေနေယျသတ္တဝါ အပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရန် ကယ်တင်နိုင်ဘို့ အရိမေတ္တေ ယျမြတ်စွာဘုရားပွင့်ရန် ရှိပါသေးတယ်။ အရိမေတ္တေယျဘုရား အရှင်ကို စောင့်မျှော်ကြပါစို့။
ရှင်းလင်းချက်။ ။ လာခိုးဖာဒိုးမှာ နှစ်ကျော့သီချင်းဖြစ်ပါတယ်။ ခေတ်လူငယ်တွေဟာ အော်ပွဲသီချင်းကို စတုဋ္ဌ အဆင့်အထိအောင်တက်ပြီး ပြိုင်ကြသူ တွေ အလွန်ရှားပါးပါတယ်။ပဋ္ဌမဖြစ်တဲ့ 'ပေါ်လာနောင်'မဟုတ်ရင် 'ယွဲဖာဒိုး' တွေကို ဘဲ သီဆိုလေ့ရှိကြပါတယ်။
သံလွင်မြစ်ရဲ့ အနောက်ဖက်ကမ်းက အရှေ့ပိုးကရင်တွေကတော့ အော်ပွဲ သီချင်းတွေကို တမျိုးလျှင်လေးဆင့် ခွဲထားပါတယ်။

(၁) ယွဲဖာဒိုး (ယွဲဝ်ဖာဒ္ဓောဟ်) ရိုးရိုး သီချင်း၊ ကာလပေါ် သီချင်း။
(၂) လုံခိုက်မေး (လံ.ခါမဲ) သီချင်းကြီး။
(၃)ထာခိုးဖာဒိုး (သာခေါဟ်ဖာ.ဒ္ဓောဟ်) ဇာတ်နိပါတ် နှင့်
(၄)မှ ဆမိတ်(မဲ့ဆွာ်)ပင်လယ်ကူး

ဇာတ်နိပါတ် ရာဇဝင် သမိုင်း ဖြစ်ပါ တယ်။

အော်ပွဲရဲ့အစဉ်အလာ အရ အပျိုလူပျို တယောက်နဲ့ တယောက် ချစ်ခင်ရင်းနှီးလာကြတဲ့အခါမှာ (အင်းလယ်ယုဝ်.) အောင်းလယ်ရှော ခေါ် အမှတ်တရ ပစ္စည်းတွေလဲလှယ်ထား တတ်ကြတယ်။ လူပျိုတွေဟာ လဲလှယ် တဲ့ပစ္စည်းကိုယူပြီး အပျိုအိမ်အထိ လိုက် သွားကာ ဆက်လက်ချစ်ရေးဆိုကြ တယ်။ ရှေးကတော့ အော်ပွဲကို ထူးထူး ချွန်ချွန်ပြိုင်ကြတဲ့အခါလူတွေအများကြီး လာရောက် နားထောင်ကြပါတယ်။ ကြိုက်နှစ်သက်ရာဘက် ရွေးပြီးအားပေး ကြ ဆုငွေတွေပေးကြနဲ့ပေါ့။ ပြိုင်တဲ့သူ ကလည်း အလျှော့မပေးဘူး။ အကြိုတ် အနယ်ကို ပြိုင်ကြတာ အားပေးတဲ့ လူကြီးတွေကလည်း ပေစာထုတ်တွေ ယူလာကျမ်းဂန်ထဲကအကိုးအကားတွေ ဖတ်ပြနဲ့ နည်းပေးလမ်းပြ ကူညီကြ တယ်။မနက်မိုးသောက်ချိန်ရောက်မှ အော်ပွဲ ပြီးဆုံးပါတယ်။ အော်ပွဲကို မိဘတွေက လာရောက်ကြည့်ရှု နားထောင်ကြတယ်။ သမက်လောင်း၊ ချွေးမ လောင်းတွေကို ကြိုတင် ကြည့်ရှု ရွေးချယ်ကြတယ်ပေါ့။သားသမီးတွေ ကို လည်း ကြင်ဖက်အရွေးမမှားစေဘို့ သွန်သင်ကြပါတယ်။ အတန်းအစား မရွေး မျိုးရိုးစဉ်ဆက်မရွေးပါဝင်နိုင်တဲ့ ကာယ၊ ဉာဏ စွမ်းရည်ကို အဓိကထား ပြီး ချစ်သူရွေးတဲ့၊ အရှေ့ပိုးကရင်တို့ရဲ့ ဓလေ့ထုံးစံ အော်ပွဲ (သြပွဲ)ဟာ အလေး အမြတ်ထားရမဲ့ ကိစ္စပင် ဖြစ်ပါတယ်။ အခုဒီစာကိုရေးပြီး သမိုင်းပြုစုတဲ့ အခု ကာလမှာအော်ပွဲကျင်းပတာ တိမ်မြုပ် ပျောက်ကွယ်သလောက် ရှိနေပါပြီ။

နန်းကြာကြာထွေး
သင်းပျံ့မွှေး

စာမျက်နှာ( ၇ )မှအဆက်၊

၁၉၆၄ ခုနှစ် ပြာသိုလ်လဆန်း (၁) ရက်နေ့ ကရင်နှစ်သစ်ကူး အခါ သမယ တွင် "ဆရာကြီးစောမြသိန်း" (၁၉၃၈၊ အောက်လွှတ်တော် အမတ်ဟောင်း)၊ သည်"ဒေါင်းမင်း"အလွတ်ပညာသင် ကျောင်းဖွင့်လှစ် နေစဉ်၊ ဆရာကြီး အား မေးမြန်းကြည့်ရာ ထိုစဉ်က ကရင် ခေါင်းဆောင်များ၏ အဓိက တောင်းဆို နေသည်မှာ၊ "အမျိုးသားနေ့"ပင်ဖြစ် ကြောင်း၊သို့သော်အမျိုးသားနေ့ကိုသတ် မှတ်ခြင်းဖြင့် ရှုတ်ထွေးလာနိုင်သော နိုင်ငံရေးကိစ္စများကို ရှောင်ရှားလို သဖြင့်၊"အစိုးရအဖွဲ့က" "နှစ်သစ်ကူး" နေ့ကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်ဟု ပြောပြခဲ့ ဖူးပါသည်။သို့သော် "နှစ်သစ်ကူး" ရက်ကိုလည်း သတ်မှတ်ပေးရန်၊ ဒေါက်လူအသင်းနှင့်တကွ ကရင် ပါလီမာန်အမတ်များက၊ ကြိုတင် ပြင်ဆင်မှုများ ရှိခဲ့သည်ကို ကရင့်ရိုးရာ ပြက္ခဒိန်ဖော်ထုတ်ရေး ကော်မီတီ ၏ စာတမ်းအရသိရှိပါသည်။ ဒေါက်လူ အသင်းကြီးသည်"ကရင်နှစ်သစ်ကူးနေ့ ကို ရွေးချယ်ရန်၊အရှေ့တောင်တန်း ဒေသနှင့် မြစ်ဝကျွန်းပေါ်မှ ကရင် လူကြီးများကို ခေါ်ယူညှိနှိုင်းခဲ့ကြောင်း အရှေ့တောင်တန်းဒေသမှ ကရင်များက ကရင်ရိုးရာပြက္ခဒိန်ကိုတင်ပြကြသည်။ ကိုယ်စားလှယ်များအတွင်း၌လည်း နှစ်သစ်ကူးရက်သတ်မှတ်ရေးကို အမျိုးမျိုးတင်ပြကြသည်။ သို့သော် ပြာသိုလ်လဆန်းတရက်ကို ရွေးချယ် သော အုပ်စုက၊ မဲအများစုရသဖြင့် ထိုရက်ကို အတည်ပြုခဲ့ ကြလေသည်။ သို့သော်စာတမ်းက တိကျစွာ မဖော်ပြ သော အချက်မှာပြာသိုလ်လဆန်း(၁) ရက် သတ်မှတ်ရာတွင်၊ကရင် ပြက္ခ ဒိန်ကို အခြေခံသော ရက်လား?၊မြန်မာ ပြက္ခဒိန်ကို အခြေခံသောရက်လား? တို့ပင် ဖြစ်သည်။

စာတမ်း၏ တနေရာတွင် အဆိုပါ နှစ်သစ်ရက်သတ်မှတ်ရန်၊ အခြေခံသောပြက္ခဒိန်မှာ နယ်ချဲ့ အင်္ဂလိပ်တို့က အသိအမှတ်ပြုသော ကြောင့် ဟု ဆိုထားသည်။

သို့သော် ဖိုးလေးတေး၏ ပြက္ခဒိန်များ ဖြစ်လေမလားဟူ၍ ထင်စရာရှိသည်။ အကယ်၍ ဖိုးလေး တေး ရေးဆွဲသော ပြက္ခဒိန်မှန်လျှင်၊ ထိုကိစ္စသည် နယ်ချဲ့အင်္ဂလိပ်တို့ကို အပစ်မဆိုသာပါ။ မိမိတို့အမျိုးသား အတွင်း အမှားအယွင်းသာ ဖြစ်သည်ဟု မှတ်ချက် ချရပေမည်။

မျက်မှောက်ခေတ် ကာလတွင် ကရင်နှစ်သစ်ကူးနေ့ကို နှစ်မျိုး နှစ်စား ကျင်းပနေရာ ၁၉၆၄ခုနှစ် ကတည်းက ဖြစ်၍ နှစ်ပေါင်း(၃၀)ပင် ရှိချေပြီ ဖြစ်သည်။ တပို့တွဲလ နှစ်သစ်ကူးနေ့ကို "စောဟန်တာသာမွေး"မှဆိုးကော်ကဆာ က ယူဆောင်လာပြီး၊ အခြေခံထားသော ပြက္ခဒိန်ကိုလည်းအနှံ့အပြား ဖြန့်ဝေ ခဲ့ပါသည်။ထိုကာလက'ဟံတာသာမွေး' ၏ အညွှဲခံရေး နိုင်ငံရေး ရပ်တည်ချက် ကိုကရင်လူထုက လက်ခံစရာ မရှိသည့် အတွက် သူ၏ တပို့တွဲလဆောင်ရွက် ချက် သည်လည်း ထိရောက်မှု မရှိခဲ့ပေ။ ထို့ကြောင့် နှစ်သစ်ကူးပွဲတော်သည်၊ အမျိုးသားထုအတွင်း နှစ်ခြမ်းကွဲသွား စေတော့သည်။ဤကိစ္စသည်၊ ကရင် အမျိုးသားများအတွင်း ဖြေရှင်းရန် ရှိသော ပြဿနာအရပ်ရပ်အနက်၊ တခု ဖြစ်လေသည်။

ကရင်အမျိုးသား ရိုးရာ ပြက္ခဒိန် ကော်မီတီက တင်ပြထားသော ကရင့်ရိုးရာပြက္ခဒိန်သည်၊ အဖက်ဖက်မှ ပြည့်စုံသည်ဟု ယူဆပါသည်။ မိမိတို့ ရိုးရာဖြစ်၍လည်း ဂုဏ်ယူအပ်သလို ထိန်းသိမ်း စောင့်ရှောက်အပ် လှပေ သည်။ ထိုပြက္ခဒိန်ကို အခါသင့်လျှင် ဖော် ပြပေးမည်ဖြစ်ပြီး အများလေ့လာရန် လည်း လိုအပ်ပါသည်။ကရင်အမျိုးသား များအတွင်း ရှေးပဝေဏာသီကစ၍ တည်ရှိခဲ့သော အတတ်ပညာများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် အမျိုးသား လက္ခဏာကို ခိုင်မြဲစေရန် ကြိုးစားသင့် လှကြောင်း တင်ပြအပ်ပါသည်။

# အရှေ့ပိုးကရင်(ဖျံ)
# ဗုဒ္ဓဘာသာပြန့်ပွါးခြင်းနှင့်ရဟန်းစာဆိုတော်များ

အရှေ့ပိုးကရင် ဗုဒ္ဓဘာသာ အပေါင်းတို့၏ ကြည်ညိုကိုးကွယ်ခြင်း ခံရပြီး၊ ဂုဏ်ကျေးဇူးတော် အရှင်အဖြစ် နှလုံးသည်းပွတ်ထဲ၌ အစဉ်အသိအမှတ် ပြုထားသော၊ ပဌမရဟန်းတော်မှာ၊ (ဖူ့ကျော်တာမိတ်) ဖူ့ကျိုက်တာမိုက် ဖြစ်သည်။ ဖူ့ကျိုက်တာမိုက်သည်၊ အရှေ့ပိုးကရင် ဗုဒ္ဓဘာသာဝင်တို့ အတွက် ကြီးမြတ်သော၊ ဂုဏ်အင်နှစ်ရပ်ကို၊ စွမ်းဆောင်ပေးခဲ့သော၊ ရဟန်းအကျော် အမော်ဖြစ်သည်။

ပဌမကြီးမားသော ဂုဏ်ကျေးဇူးတော်မှာ၊ ကရင်လူမျိုးတို့အား ရဟန်းဘောင်သို့ဝင်ခွင့်ပြုပြီး၊ ဗုဒ္ဓဘာသာ၊သာသနာ့တာဝန်များ ထမ်းဆောင်ခွင့်ရှိခြင်းနှင့် ဒုတိယကြီးမြတ်သည့် ဂုဏ်ကျေးဇူးတော်မှာ ဖူ့ကျိုက်တာမိုက်သည် မှေးမှန်နေပြီး တိမ်မြုပ် ပျောက်ကွယ်လုနီးဖြစ်နေသော၊ ရှေးဟောင်း အရှေ့ပိုး ကရင် စာပေကို၊ ဒုတိယခေတ်အဖြစ် ပြန်လည်ထုတ် ဖေါ်တည်ဆောက်ယူနိုင်ခြင်း ဖြစ်နိုင်လေသည်။

ဖူ့ကျိုက်တာမိုက်သည်၊ "အရှေ့ပိုးကရင်(ဖျံ)ဗုဒ္ဓဘာသာ စာဆိုအကျော်၊ရဟန်းတော်များနှင့် စာပေအကြောင်းကျွမ်းကျင်သူ ကရင်လူမျိုးတို့ထဲ တွင်၊ ပဌမဦးဆုံး မြင့်မြတ်သည့် ရဟန်း ဘောင်သို့ ဝင်ခွင့်ရရှိသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ဂျိုင်းမြစ်၊ ဟောင်သရောမြစ်၊ လှိုင်းဘွဲ့မြစ်၊ ဘားအံမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်တို့ ဆုံရာအရပ်တွင်"ဂျိုင်း" ဟု အမည်တွင်သော ရွာတရွာရှိပါသည်။ "ဂျိုင်း" ရွာသည်၊ တခေတ်တခါက ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ရည်သန်၍၊ ဖူ့ကျိုက်တာမိုက်သည် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားစေရန်၊ သာသနာပြုအောင်မြေချခဲ့သည့် နေရာ ဖြစ်ပါသည်။ "ဂျိုင်း" ရွာကလေး၏ တည်နေပုံမှာ၊ဒုံရင်းနယ်မှ ဒါယိကာများ ဒေါနတောင်တန်း တောင်ကြောတလျှောက်တွင် နေထိုင်ကြသော၊ ဒါယိကာ၊ ဒါယိကာမများ၊ လာရောက်ရ လွယ်ကူစေပြီး၊ စခန်းဆုံရာ ဗဟိုအချက်အခြာကျပါသည်။ သာသနာပြုရန် အသင့်လျော်ဆုံးသော၊ အရပ်အဖြစ်တည်ရှိနေ၍၊ ဖူ့ကျိုက် တာမိုက်က သာသနာ့အောင်မြေအဖြစ် ရွေးချယ်သည့်၊ သစ်ပင်ကြီးများ မှိုင်းမှိုင်းညို့ညို့ အုပ်ဆိုင်းလျက်ရှိကာ၊ မြစ်ကမ်းနဖူးပေါ်တွင် မေးတင်၍ ဉာဏ်တော်(၁၂)တောင် အမြင့်ရှိသည့်၊ စေတီတော် (၃)ဆူကို ဖူးတွေ့နိုင်ပါသည်။ စေတီတော် (၃)ဆူမှာ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ရည်ညွှန်း၍ တည်ထားခြင်းဖြစ်သည်ဟု ဆိုကြသည်။ ရှေးက စေတီတော်(၃)ဆူ၏ ပရဝုဏ်မျက်နှာစာရှေ့တွင်၊ ဆင်ရုပ်တု (၃)ခု ရှိခဲ့ဘူးပါသည်။ သဘာဝပယောဂဖြစ်သည့် မြစ်ကမ်းပါးရေတိုက်စားသည်တွင်၊ ကမ်းပြို၍ ဆင်ရုပ် (၃)ရုပ် စလုံး ရေထဲသို့ပါသွားသဖြင့်၊ ယနေ့ထို ဆင်ရုပ်များကို မတွေ့မြင်နိုင်တော့ပါ။ "ဂျိုင်း"အရပ်သို့ ဖူ့ကျိုက်တာမိုက်ကို၊ ဆင်ဖြင့်ပင့်ဆောင်လာခဲ့သည့်၊ အထိမ်းအမှတ်အဖြစ် ဆင်ရုပ်ထားရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ နှစ်ဧကခွဲခန့် ကျယ်ဝန်းသည့် မြေနေရာအပေါ်တွင်၊ ဖူးကျိုက်တာမိုက် သီတင်းသုံးခဲ့သော၊ တိုက်ကျောင်းတဆောင်နှင့် (ဘာလီပင်)ခေါ် နိဗ္ဗာန်ကျောင်းရှိသည်။ ကျောင်းဝင်းအတွင်း သာသနိက အဆောက်အဦ များ စွာရှိသည်။အတောင် (၈၀) ပတ်လည်ရှိပြီး တိုင်ပေါင်း (၆၄)တိုင်နှင့် ခေါင်(၃)ဆင့်ရှိသော တိုက်ကျောင်းပေါ်တွင်၊ ရှေးကဖူ့ကျိုက်တာမိုက်ရေးသားခဲ့သည့် ပေစာများ၊ ဖူ့ကျိုက်တာမိုက်၏ အသုံးအဆောင် ပစ္စည်းများနှင့် ရှေးဟောင်းပစ္စည်းများကို၊ စံနစ်တကျ သိမ်းဆည်းထားရှိသည်။ ထူးခြားသည့်အချက်တခုမှာ "သက္ကရာဇ် ၁၂၆၀ပြည့်နှစ်၊ ဝါဆိုလဆန်း (၁၄)ရက်၊ အင်္ဂါနေ့တွင်၊ ထုလုပ်လှူဒါန်းသည်ဟု မွန်ဘာသာဖြင့် ကဗ္ဗည်းထိုးထားသော အဆင့်(၇)ဆင့်ပါ အမြင့်ဆယ်ပေခန့် ရှိသော တံခွန်တိုင်ပင်ဖြစ်ပေသည်။ သရက်တောရွာနေ ဗိန္ဒောဆရာကြီး ဦးမုန်၏ အလှူဟု သိရှိရသည်။ တံခွန်တိုင်၏ တဆင့်စီတွင်၊ စရွေးကိုက် ပွတ်လုံးတို့ဖြင့် အရစ်ဖေါ်ထားကာ အဆင့်တိုင်းအရစ်တိုင်းတွင်၊ ဆင်ရုပ် မြင်းရုပ်၊ နတ်ရုပ်အမျိုးမျိုးနှင့် ပန်းနွယ် ပန်းခက်များကို အနုစိတ်လက်ယာဖြင့် ထွင်းထုထားသည်။ တဆင့်စီစွတ်၍ ဆင့်ထားသောတံခွန်တိုင်မှာ သာမာန် တံခွန်တိုင်နှင့်မတူဘဲ ခြားနားနေပါသည်။ ကျောင်းဝင်းထဲတွင် အခြား သာသနိက အဆောက်အဦများနှင့် ဉာဏ်တော် (၁၇)တောင်ရှိသော စေတီတော်တဆူလည်းရှိသေးသည်။ ကျောင်းဝင်းတောင်ဘက် အရှေ့တွင် အုဋ်ဖိနပ်ခုံလေးတောင်၊ ကျောက်တိုင် (၆)တောင်နှင့် (၅)တောင်တမိုက်အရပ်တော်ရှိသည့် ဖူ့ကျိုက်တာမိုက် ရုပ်တုရှိပါသည်။ ဖူးကျိုက်တာမိုက်အထိမ်းအမှတ် အဖြစ် ကျောက်တိုင် စိုက်ထူထားခြင်း ဖြစ်ပေသည်။ အင်းဝ ဘုရင်မှ ချီး မြှင့် ဆက်ကပ်ခဲ့သည် ဆိုသော "ရာဇဂုရု" တံဆိပ်တော် ရွှေပြားမှာမူ ဖူ့ကျိုက်တာမိုက်၏ အသုံးအဆောင် ပစ္စည်းများထဲတွင် မတွေ့နိုင်တော့ပါ။ ၎င်းရွှေပြားလိပ်ကို အရည်ကျိုပြီး ဓမ္မဓရယ် ပုဂ္ဂိုလ်တဦးက ဖျက်ဆီးသွားသောကြောင့် ဖြစ်သည်။

## သံဃာ့မကိုဋ်ဖူ့တာမိုက် အကြောင်း

ကောဇာသက္ကရာဇ်(၁၀ဂ၀) ပြည့်နှစ် လောက်၌ ဖွဲကပင် တောင် ရိပ်တွင် ကွန်းခိုသည့် ဒုံရင်းနယ်၌ မထင်မရှားသော (နောင်တွင် ကော့သန်ခါ)

ရွာကလေးတရွာတွင် အရှေ့ပိုးကရင် ဖနီးမောင်နံ(အမည်များ ခြေရာကောက်၍ မရသေးပါ) တွင် သားယောက်ျား လေးတဦး ဖွါးမြင်သည်။ စနေသားဖြစ်သဖြင့် (စဝ်တာမိတ်) စောတာမိုက်ဟု အမည်ပေး၏။ စောတာမိုက်တနှစ်သား ခန့်တွင် စစ်မက်ဖြစ်ပွါးသည်နှင့် ကြုံရသည်။ စောတာမိုက်ရွာရှိ ကရင်လူမျိုးများမှာလည်း စစ်ဘေးစစ်ဒါဏ် သင့်၍ စစ်ပြေးဒုက္ခသည် များဖြစ်ကာ စစ်ရှောင်ကြရလေသည်။ စစ်၏ လက်တံများ ရှည်လျားကျယ်ပြန့်လာရာ စစ်ပြေးဒုက္ခသည် ကရင်လူမျိုးများနှင့်အတူ ဖခင်၏နောက်ကျောတွင် စောင်ဖြင့် ပိုးထားသော စောတာမိုက်သည် ယိုးဒယားနယ်စ "ဌာန်ဝ"ဟုခေါ်သည့် အရပ်သို့ရောက်ရှိသွားလေသည်။ သမိုင်းအရ စောတာမိုက် အပါအဝင် ယိုးဒယား သို့ ရောက်ရှိသွားသော၊ ကရင်အုပ်စုမှာ ဒုတိယကြိမ် ရောက်ရှိသည့် အုပ်စုပင်ဖြစ်သည်။ ပဌမရောက်ရှိသော အုပ်စုမှာ ခရစ်သက္ကရာဇ် (၁၀၅၇) ခုနှစ်တွင် ပုဂံပြည့်ရှင်အနော်ရထာက သုဝဏ္ဏ ပြည့်ရှင် မနူဟာမင်းကို လာရောက်တိုက် သည့် အချိန်၌ကရင်ပညာ ရှိအမတ်ကြီး ဖူ့ဒိုက်ကော်နှင့် နောက်လိုက် (၄၀) တို့သည် ထိုအချိန်က အရှေ့ပိုးကရင် စာပေဖြင့် ရေးသားထားသော ပိဋကသုံးပုံနှင့် ကျမ်းပေါင်းမြောက် များစွာကို ဆင်ဖြင့် သယ်ဆောင်ကာ၊ ယိုးဒယားသို့ တိမ်းရှောင်သွားသည့် အုပ်စုပင်ဖြစ်သည်။ ယိုးဒယား (ရှမ်း) သို့ရောက်ရှိသွားကြသော၊ကရင်တို့သည် မိမိတို့နေရပ်ဒေသနှင့် ဖွဲကပင်တောင်၊ ဖွဲကပင်ဘုရားတို့အား လွမ်းဆွတ်ကြောင်း၊ ရေးသား စပ်ဆိုခဲ့သည့် လင်္ကာတပုဒ်တွင် ...

❑ကိုလာလေ့ယောဝ်ဖေါဟ်ပုင်ကင့်.
ဟုးထင်း လေသာင့်ခါန်လ့ိဏင်.
မီ့ကဲ့မူ့. ဏာမေ်ထိ့လင်.
ဏင်းထင်းထာင်ကျွံင်ခွိါက္ခဝ်.
ဗမာလိုအဓိပ္ပါယ်ကတော့...မွန်–ကရင် တွေ၊ အုပ်စိုးတဲ့တခေတ် တခါကပေါ့။ ခါးသီးတဲ့ စစ်ဒါဏ်ကြောင့် အမျိုးသား အချို့မှာ၊ ၎င်းတို့၏ဆန္ဒမပါဘဲ ယိုးဒယားပြည်သို့ ရောက်ခဲ့ရသည်။ ရေခြား၊ မြေခြား ဒေသမှာ ရောက်နေရပေမဲ့ ဇာတိချက်ကြွေမွေးရပ်မြေနဲ့၊ ဖွဲကပင်ဘုရားစေတီကို လွမ်းဆွတ်သတိယလျှက် ညစဉ် ညတိုင်းမျက်ရည်ဝဲ ခဲ့ရပါတယ်။

ယိုးဒယားနယ်စ "ဌာန်ဝ" တွင်၊ အခြေချနေကြသော ကရင်များနှင့်အတူ စောတာမိုက်အသက်(၁၀)နှစ် ပြည့်ချိန်တွင် မိဘများက နောင်တော်ဝမ်းကွဲ တော်စပ်သော သူတစ်ဦးနှင့် အတူ၊ ထိုစဉ်က လေါကုတ္တရာ ဘာသာရေး စာပေသင်ကြားရာ၌ ကျော်ဇော၊ ထင်ရှားသော "သန်ကပိုင်"ကျောင်းဆရာတော်ထံတွင် စတင်သင်ကြားစေသည်။ ဉာဏ်ထက်သော စောတာမိုက်သည်၊ (၃)နှစ်အတွင်း၊ မွန်စာပေသင်ရိုးအားလုံးကိုတတ်မြောက်သည်။ နောင်တွင် ရှင်သာမဏေပြုကာ ရှင်ဘွဲ့မှာ (ရှင်နန္ဒမာလာ) ဖြစ်သည်။ ရှင်သုံးဝါမြောက်ချိန်တွင် ပိဋကပ်စာပေ သင်ရိုးများကို ကောင်းစွာတတ်မြောက်သည်။ အသက်(၁၉)နှစ်မြောက်တွင် ရဟန်းဘောင်သို့ ဝင်ခွင့်ပြုရန် ဆရာတော်ထံ ခွင့်ပန်၏။ ရဟန်းဘဝဖြင့် ဗုဒ္ဓမြတ်စွာ၏သာသနာ့ဝန်ကို ထမ်းဆောင်လိုသည်ဟု ဆရာတော်အား ထပ်မံ လျှောက်ထားပါသည်။ သို့သော် သန်ကပိုင်ဆရာတော်သည်၊ ရှင်နန္ဒမာလာအား ကရင်တစ်ဦးဖြစ်နေ၍ ရဟန်းအဖြစ် ချီးမြှင့်ရန် မရဲဘဲရှိချေသည်။ ထိုစဉ်က ကရင်လူမျိုးထဲတွင် ရဟန်းပြုခြင်းကို မည်သည့် ကရင်တဦး တယောက် ကမှ အခွင့်မရရှိသေးပါ။ ထိုခေတ် နိုင်ငံရေး အခြေ အနေအရ အောက်ပိုင်းတွင်၊ မွန်တို့ဒေသ ဖြစ်ပြီး အထက် အင်းဝ တွင်၊ ဗမာဘုရင်အုပ်စိုးသည့် ကာလဖြစ်လေသည်။ အဖေရော အမေပါ ကရင်လူမျိုးဖြစ်သည့် ရှင်နန္ဒမာလာသည်၊ ရဟန်းဘောင်သို့ဝင်ခွင့်မရ၊ သို့သော်လည်း၊ သူနဲ့အတူပညာသင်နေသော နောင်တော်ဝမ်းကွဲ (ကနိုင်အောက်) မှာ ရဟန်းတက်ခွင့်ရသည်။ ကနိုင်အောက်၏ အဖေမှာ ကရင်လူမျိုးဖြစ်ပြီး၊ အမေမှာ မွန် အမျိုးသမီး ဖြစ်သည်။ မွန်သွေးပါသည့်အတွက် ရဟန်းဘောင်သို့ ဝင်ခွင့်ရှိသည်ဟု ဆို၏။ မန်းသင့်နောင်(ကော့ကရိတ်)ရေးသားသော "ကရင်ပြည်နယ်အလှ" စာအုပ်တွင် "ဖူ့ကျိုက်တာမိုက်" ရဟန်းဘောင်သို့ ဝင်ခွင့်မရခြင်းမှာ ကရင်လူမျိုးများထဲတွင် ရဟန်းပြုခဲ့ဘူးသည့် အစဉ်အလာ မရှိ ခဲ့သောကြောင့် ဆရာတော်များက ခွင့် မပြုပံ့ခြင်း ဖြစ်သည်။ ရဟန်းအဖြစ်ခွင့်ပြုချီးမြှင့်လိုက်ပါက၊ ပြုရိုးပြုစဉ် မရှိသည်ကိုသတိပြုမိ၍၊ အပြစ်တင်ခြင်းခံရမည်ကို စိုးရိမ်ဟန်တူလေသည်တဲ့။ စဉ်းစားကြစို့။ ပုဂံပြည်နှင့်ခေတ်ပြိုင်ဖြစ်သော သုဝဏ္ဏဘုံမိ သုဓမ် (သထုံ) ပြည်သည် ဗုဒ္ဓသာသနာ နေလို လလို ထွန်းပသည့် ခေတ်ဖြစ်သည်။ ကရင်ပညာရှိ အမတ်များသည်၊ ပိဋက သုံးပုံကို ပင် အရှေ့ပိုးကရင် ဘာသာဖြင့် ပြန်ဆို ကျမ်းပြုထားပြီးဖြစ်သည်။ ပိဋက သုံးပုံအပါအဝင် ဗုဒ္ဓဝါဒ ကျမ်းများသည်၊ သရဏဂုဏ်ဟု ခေါ်ဆိုသော ဘုရား၊တရား၊ သံဃာဟူသည့် ရတနာ သုံးပါးကို အခြေခံပါသည်၊ သရဏဂုံ သုံးပါးတွင် တပါးဖြစ်သည့် သံဃာမှာ ရဟန်းပင်ဖြစ်၏။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု တိုးတက်သည့် အခြေခံ သဘောကို၊ တွေးကြည့်လျှင် ပုဂံသို့ ဗုဒ္ဓဒေသနာ မရောက်ရှိသေးခင် ကပင် ကရင်လူမျိုး ရဟန်းသံဃာတော်များ ရှိနေပြီဟု ယူဆရသည်။ ရှေးခေတ် စာပေ သင်ကြားခြင်းသည်၊ ရွာဦးဘုန်းတော်ကြီးကျောင်းမှ စတင်ခဲ့သည်ချည်းဖြစ်ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်ကျော်များသည် အများအားဖြင့် ရဟန်းတော်များဖြစ်ပါသည်၊ ဗုဒ္ဓဂေါတမ၏ ဒေသနာတော်သည် ပါဠိဘာသာမှ အခြေခံသည်။ ပါဠိဘာသာမှ မွန်ဘာသာသို့ ပါဠိနှင့် မွန် ဘာသာမှ အရှေ့

ပိုးကရင်ဘာသာသို့ အဆင့်ဆင့် ပြန်ဆိုရသော ခက်ခဲနက်နဲသည့် ပိဋကပ်ကျမ်းများအား ပြန်ဆိုနိုင်ခြင်းကို ထောက်လျှင် သုဝဏ္ဏဘုံမိခေတ် မရောက် ခင်ကတည်းက ကရင်အမျိုးသားများ ရဟန်းတော်များ ရှိခဲ့ကြပေမည်။လူမျိုးရေး ဖိနှိပ်မှုအရသော်၎င်း၊ နိုင်ငံရေးအရဖိနှိပ်ထား၍သော်၎င်း၊ထိုအချိန်ကရှင်နန္ဒမာလာ ရဟန်းဘောင်ဝင်ခွင့် ပြုခြင်းမှ တားမြစ်ထားခြင်းသာဖြစ်မည်။ ကရင်လူမျိုး ရဟန်းဆက်သည် ထိုကာလတွင် ပြတ်သွားဟန် တူပါသည်။ သမိုင်းဖြစ်ရပ်မှန်သည်၊ ကျမ်းပြုသူ၏ဆန္ဒအတိုင်း ဖြစ်ပေါ်စေသည်မဟုတ်။ သမိုင်းရေစီးကြောင်းသည် မည်သည့် ပယောဂမှ မပါဘဲ၊ အစဉ်စီးဆင်းမည်သာဖြစ်သည်။ ကျမ်းပြုသူ၏ဆန္ဒစွဲဖြင့် ရေးသည့်သမိုင်းပါ အချက်အလက်ကြောင့်ကျမ်းပြုသူ သမိုင်းတရားခံဖြစ်ရပါမည်။သမိုင်းဆိုင်ရာ အချက်အလက်များကို သွေဖီ ဖုံးကွယ်ခြင်းသည် အပြစ်ကြီး၏။//

ရှင်နန္ဒမာလာသည် စာပေကျမ်းဂန်များ တတ်မြောက်ပြီဖြစ်သည်။ ကရင်လူမျိုးများ ရဟန်းဘောင်သို့ ဝင်ခွင့်မရှိဆိုခြင်းကို မည်သည့် ကျမ်းဂန်ထဲမှာမှ မတွေ့ရှိရပါ။ မည်သည့် လူမျိုးမဆိုအတန်းအစားမရွေး သိက္ခာပုဒ်နှင့်အညီ၊ ရဟန်းပြုခွင့်ရှိကြောင်း သာသနာစည်ပင်အောင် ဆောင်ရွက်ခွင့်ရှိကြောင်း များသာတွေ့ရသည်။ ရဟန်းပြုရန် ဆုံးဖြတ်ထား ပြီဖြစ်သော ရှင်နန္ဒမာလာသည်။ ဤဒေသမျိုးတွင် ရဟန်းပြုခွင့်မရနိုင်၊ ရဟန်းပြု၍ရသည့် ဒေသို့သွားပြီးရဟန်းပြုအံ့ ဟူသော ဆုံးဖြတ်ချက်ဖြင့် သင်္ဃန်း ပရိက္ခရာကို လွယ်ပြီး မော်လမြိုင်မှတဆင့်ရေကြောင်း ခရီးဖြင့်၊ ဒဂုံသို့၊ ဒဂုံမှအင်းဝသို့ လှေဖြင့်ဆန်တက်လေသည်။ အင်းဝရှိ သာသနာပိုင် သံဃာ့ရာဇာထံ ဝင်ရောက် ဖူးမျှော်၍ ရဟန်းဘောင်သို့ ဝင်ချင်ကြောင်း၊ လျှောက်ထားသဖြင့် အင်းဝဘုရင် မိဖုရားတပါး (အမည်မသိရ)က ပစ္စည်းလေးပါး ဒါယိကာခံသဖြင့် ရဟန်းဘောင်သို့ဝင်ခွင့်ရသည်။ ရဟန်းဘွဲ့တော်မှာ အရှင်နန္ဒမာလာပင်ဖြစ်ပါသည်။

အရှင်နန္ဒမာလာသည်၊ အင်းဝနေပြည်တော်တွင်၊ စာပေများကို ဆက်လက်၍သင်ကြားဆည်းပူးသည်။ရဟန်းငါးဝါအရတွင် စာပြန်ပွဲ၌ နိကာယ်ကျမ်းများကို ထူးချွန်စွာဖြေဆို အောင်မြင်သည်။စာပေဖက်တွင်ထူးချွန်သော အရှင်နန္ဒမာလာအား အင်းဝဘုရင်က “နန္ဒမာလာ သမိဒ္ဓ ကောဝိဒ ရာဇဂုရု” ဘွဲ့တော် ချီးမြှင့်ဆက်ကပ်လေသည်။ မြန်မာစာပေကို သင်ရိုးကျတ် တတ်မြောက်ပြီး ပိဋကပ်စာပေကိုလည်း ထူးချွန်စွာ တတ်မြောက်သောကြောင့် အင်းဝ နေပြည်တော်တွင် အရှင်နန္ဒမာလာသည် ထင်ရှားကျော် ကြားသော ကရင်အမျိုးသား ရဟန်းတပါးအဖြစ် ဂုဏ်ရှိန်မြင့်ခဲ့လေသည်။ ထိုမှအရှင်နန္ဒမာလာသည်၊ မိမိတို့ကရင်အမျိုးသားများ အရပ်ဒေသတွင် သာသနာပြုရန် ရည်ရွယ်ပြီး အင်းဝနေပြည်တော်မှ ပြန်လာခဲ့ပါသည်။ တတ်ကျွမ်းခဲ့သော စာပေများကို “သန်ကပိုင်” ကျောင်းတွင် သုံးဝါခန့် စာပေသင်ကြားပို့ချခဲ့သည်ဟု အချို့သော ကျမ်းများက ဆိုထားပါသည်။ ထို့နောက်ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ဖွဲ့ကပင်တောင်ရိပ်ခိုသည့် ဒုံရင်းနယ်ရှိ ရွာကလေးတွင် ပြန်လည်သီတင်းသုံးကာ ဗုဒ္ဓဘာသာ၊သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်သည်။ ကရင်အမျိုးသားအပေါင်း တို့သည် ငါတို့အမျိုးသားထဲမှ ရဟန်းပုဂ္ဂိုလ်ရှိပြီ တို့တစ်တွေ ကိုးကွယ်ဆည်းကပ်ကြရပြီဟု ဝမ်းသာပီတိဖြစ်လျှက် ကျောင်းတဆောင်ဆောက်လုပ်လှူဒါန်းကာ၊ အရှင် နန္ဒမာလာအား သီတင်းသုံးစေပြီး ကိုးကွယ်ကြလေသည်။ပါတ်ဝန်းကျင်ကျေး ရွာများလည်း ရှင်လန်းဝမ်းမြောက်စွာဖြင့် ကုသိုလ်ကောင်းမှုများ လာရောက်ပြုကြသည်။ အရှင်နန္ဒမာလာမှ ရဟန်းဘောင်သို့ ဝင်လိုသော ပုဂ္ဂိုလ်များအား ရဟန်းပြုပေးလေရာ၊ သူ သီတင်းသုံးသော ကျောင်းတွင်၊ ရဟန်း၊သာမဏေများဖြင့် စည်ပင် ဝေဆာနေလေသည်။အရှင်နန္ဒမာလာ သီတင်းသုံးကျောင်းထိုင်သည့် ရွာသည်လည်း “ကော့သန်ခါ” ရွာဟု အမည်တွင်လေသည်။ကော့သန်ခါ ရွာကို ဆီလျော်အောင်အဓိပ္ပါယ်ဖွင့်ဆိုရပါလျှင် ရဟန်းသံဃာများ သီတင်းသုံးရာတောတန်းဟု အဓိပ္ပါယ်ရပါသည်။ ကရင်အမျိုးသားအပေါင်းတို့သည် အရှင်နန္ဒမာလာအား ရဟန်းဘွဲ့အမည်ဖြင့် ခေါ်ဝေါ်ခြင်းမရှိလှပေ၊ ကြီးမြတ်သော ဂုဏ်ကျေးဇူးရှင်အဖြစ် ဖူ့ကျိုက်တာမိုက်၊ ဖူ့တာမိုက် ဟူ၍သာ တလေးတစား ခေါ်ဝေါ်ကြသည်။ ထိုအချိန်မှစတင်ပြီး ဖွဲ့ကပင်တောင်ရိပ်ခို ဒုံရင်းနယ်တစ်ဝိုက်ရှိ ကရင်အမျိုးသား အပေါင်းတို့သည် ကရင်လူမျိုးများထဲမှ အဦးဆုံးသော ကျေးဇူးရှင်သံဃာ့မကိုဋ်အဖြစ် ဖူ့ကျိုက်တာမိုက်အား အသိအမှတ်ပြုကြကုန်သည်။

ဖူ့ကျိုက်တာမိုက်၏ ကျေးဇူးတော်ကြောင့် ကရင်အမျိုးသားတို့သည်၊ ရဟန်းဘောင်ဝင်ခွင့်၊ သာသနာပြုခွင့်၊ ပရိယတ္တိ စာပေသင်ကြားခွင့် ရရှိသွားသောသတင်းသည် ကရင်အမျိုးသားများ နေထိုင်ရာဒေသတလျှောက် ပျံ့နှံ့သွားတော့သည်။ ကရင်အမျိုးသားထု တရပ်လုံး၏ ရင်တွင်း၌ပီတိသော မနသဖြစ်ခြင်းကား ပြောဖွယ်မရှိပြီ။ ကရင်လူမျိုးများရဟန်းဘောင်ဝင်ခွင့်စာပေ ပရိယတ္တိသင်ကြားခွင့်ရရှိပြီး ဖူ့ကျိုက်တာမိုက် ဦးဆောင်၍ ဗုဒ္ဓဘာသာ သာသနာ့တာဝန်ကို ထမ်းရွက်နေသည့် သတင်းသည်၊ ဖူ့ကျိုက်တာမိုက်၏ ဆွေမျိုးရင်းခြာများနေထိုင်သည့် ယိုးဒယားနယ်အတွင်းသို့ လည်းကောင်း သတင်းရောက်ရှိ သွားလေသည်။ ထိုသတင်း

ကိုကြားသိရသော ဖူ့ကျိုက်တာမိုက်၏ ဆွေမျိုးများသည် ဖူ့ကျိုက်တာမိုက်ကို ပင့်ဆောင်ရန် ကော့သန်ခါရွာသို့ ဆင်းလာလေသည်။ ကော့သန်ခါရွာသို့ရောက် ပြီး၊ ဖူ့ကျိုက်တာမိုက်အား ဝင်ရောက်ဖူးတွေ့ရာတွင်၊ မိဘ၊ဆွေမျိုးရင်းခြာများရှိရာ ယိုးဒယားနယ်စပ် "ဌာန်ဝ"သို့ပြန်၍ သာသနာပြုပါရန် တင်လျှောက်ကြလေသည်။ ကော့သန်ခါရွာမှ ဒါယိကာများ ကလည်း ဖူ့ကျိုက်တာမိုက်စတင် ပြုစုပျိုးထောင်ပေးသည့် သာသနာပြုလုပ်ငန်းသည်၊ နုနု နယ်နယ်ဖြင့် မရင့်သန်သေးပါ၊ ဗုဒ္ဓဘာသာ အခြေခိုင်ပါမှ သွားပါရန် ယခုအချိန် ဖူ့ကျိုက်သွားပါက သာသနာ ညှိုးနွမ်းသွားမည့် အရေးကို စိုးရိမ်ရပါကြောင်း လျှောက်ထားကြလေသည်။ ထိုကဲ့သို့ရှိသည်တွင်၊ မိဘ ဆွေမျိုးရင်းခြာရှိသော ဒါယိကာနှင့် ကော့သန်ခါရွာရှိ ဒါယိကာတို့ စကားအခြေအတင် ရှိချေ၏။နောက်ဆုံးတွင် ဌာန်ဝမှ ဒါယိကာများ လက်လျှော့၍ပြန်သွားကြလေသည်။ "ဌာန်ဝ"မှဒါယိကာများ၊ ဌာနေသို့ပြန်ရောက်၍ ဖူ့တာမိုက် ကြွမလာကြောင်း ကြားသိရသောအခါ ဝမ်းနည်းခြင်းကြီးစွာဖြစ်၍၊ ငိုကြွေးကြလေသည်။ နောက်ထပ်တဖန် ဖူ့ကျိုက်တာမိုက်အား မရရအောင်ပင့်ဆောင်မည် ဟူသော၊အစီအစဉ်ဖြင့် လူသူများကို စုရုံးပြီး၊ ဆင်သုံးကောင်နှင့်အတူ ကော့သန်ခါရွာသို့ နောက်တကြိမ်ထွက်လာပြန်သည်။ ဆွေမျိုးရင်းခြာဒါယိကာများသည်၊ ယခုအခေါက် ဖူ့ကျိုက်တာမိုက်အား၊ ရသည့်နည်းဖြင့် ခိုး၍ ပင့်ဆောင်ရန်၊ ဆင်းလာကြခြင်းဖြစ်လေသည်။ ကော့သန်ခါရွာအနီးသို့ရောက်သောအခါ တောတန်းကြီးတခုတွင်ခိုနားနေကြသည်။ ၎င်းတို့ဝင်ရောက်လာသောအရပ်၊ဆင်များနားနေ ခဲ့သည့် ကုန်း နေရာကို "ကောဝ်ကဲ့ဆင့်"ဆင်ကုန်းဟူ၍ ယနေ့တိုင် ခေါ်ဝေါ်လျှက်ရှိသည်။ ဖူးကျိုက်တာမိုက်၏ "ဌာန်ဝ"မှ ဆွေမျိုးများသည်၊ ညအချိန် လူခြေတိတ်ချိန်တွင်မှ ဖူးကျိုက်တာမိုက်အား ဝင်ရောက်ဖူးတွေ့၍ ဆွေမျိုးအပေါင်းတို့ရှိရာ "ဌာန်ဝ"သို့ ပြန်ကြွပါရန်၊ "ဌာန်ဝ"နေ ဆွေမျိုးရင်းခြာဒါယိကာများမှာ ဖူးကျိုက်တာမိုက်ကြွမလာ၍၊ စိတ်နှလုံး ပင်ပန်းခြင်းကြီးစွာ နှင့် ငိုယိုနေကြပါကြောင်း၊ အထပ်ထပ် လျှောက်ထားကြသောအခါ၊ ဖူးကျိုက်တာမိုက်သည်ဆွေမျိုးရင်းခြာများ၏၊ ဆန္ဒကို မလွန်ဆန်နိုင် တော့ဘဲ၊ လိုက်ပါသွားရလေသည်။ ထိုအကြောင်းကိုကျောင်းတွင်ရှိနေသော၊ ရဟန်းများကကျောင်းဒါယိကာများကိုချက်ခြင်းအကြောင်းကြားပြီး ရှင်းပြပြောဆိုကြသည်။ ကော့သန်ခါမှ ဒါယိကာတို့ တခဏအတွင်းမှာပင် လူသူစုစည်း၍ လသာသာ အလင်းရောင်အောက်တွင်၊ ထင်ကျန်နေသော ဆင်ခြေရာများကိုကြည့်၍ ဖူ့ကျိုက်နောက်သို့လိုက်ကြလေသည်။ "ဌာန်ဝ" ဒါယိကာများသည်၊ ညတွင်းချင်းခရီးပြင်းနှင်ခဲ့ရာ၊ နောက်တနေ့နံနက်တွင်၊ ဂျိုင်းမြစ်၊ ဟောင်းသရောမြစ်၊ လှိုင်းဘွဲမြစ်တို့ဆုံရာ အရပ်သို့ရောက်ရှိပြီး၊ စခန်းချနေလေသည်။ဖူ့ကျိုက်အတွက် နံနက်ဆွမ်းကိုကပ်သည်။ ထိုစဉ်က မုတ္တမ(၃၂)မြို့ အပါအဝင်၊ ဂျိုင်းမြို့ဟောင်း နေရာ၊ ကမ်းနား တလင်းပြင်၊ (ခွာင်ႉ)ဟုခေါ်ဆိုသောအရပ်တွင်ဖြစ်သည်။ ဖူ့ကျိုက်တာမိုက် ဆွမ်းဘုန်းပေးနေချိန်တွင် နောက်မှလိုက်လာသော၊ကော့သန်ခါရွာမှ ဒါယိကာများမှီလာလေသည်။ ထိုအခါ နှစ်ဘက်သော ဒါယိကာများသည်၊ သူ့သံဃာ၊ ကိုယ့်သံဃာ၊ အငြင်းအခုန်၊ အခြေတင်ဖြစ်လျှက် တုတ်၊ ဓါး ဆွဲကာ၊တိုက်ခိုက်ကြမည့် အခြေသို့ပင်ဆိုက်ရောက်လာလေသည်။

ဖူ့ကျိုက်တာမိုက်သည်၊ ဒါယိကာတို့၏ ဖြစ်ပျက်နေသည့် အခြေအနေအရပ်ရပ်ကို မြင်တွေ့ရသောအခါ၊ ကြီးစွာသော စိတ်နှလုံးဆင်းရဲခြင်းဖြစ်ခဲ့ရသည်။ ဒါယိကာများကိုင်ဆောင်ထားသော တုတ်၊ ဓါးများအားချရန် မိန့်တော်မူလေသည်။ ဖူ့ကျိုက်၏ အဆိုအမိန့်ကို နာခံသော ဒါယိကာတို့သည်၊တုတ်၊ ဓါး များကို ချကာ၊ ဖူ့ကျိုက်၏ အဆိုအမိန့်ကို ငံ့လင့်နေကြသည်။ ဖူ့ကျိုက်က ငါသည်၊ "ကော့သန်ခါ၊ဒါယိကာများ ပင့်ဆောင်ရာသို့ မလိုက်လိုတော့ပါ။ ထို့အတူ ဒေါနတောင်တန်း"ဌာန်ဝ" ဒါယိကာများ ပင့်ဆောင်ရာသို့လည်း ပြန်လိုက်မည်မဟုတ်၊ ဤမြစ်သုံးသွယ်ဆုံရာ အရပ်မြေတလင်းတွင်သာ သာသနာ့အောင်မြေအဖြစ်လောကီ၊ လောကုတ္တရာ၊ အကျိုးသည်ပိုးရာဌာနအဖြစ် သတ်မှတ်လိုက်သည်။ ဤအရပ်ဒေသမှနေ၍ သာသနာစည်ပင်ပြန့်ပွါးရန်၊ သာသနာပြုသီတင်းသုံးလျှင် ဒုံရင်းနယ်မှဒါယိကာများအတွက်၎င်း၊ ဒေါနတောင်တန်းပေါ်မှဒါယိကာများအတွက်၎င်း၊ မြစ်ရိုးတလျှောက်ရှိ ဒါယိကာအပေါင်းတို့အတွက်၎င်း၊ လာရောက်ရလွယ်ကူသည်။ သို့ကြောင့် ဤအရပ်ဒေသတွင်ပင်၊သာသနိက အဆောက်အဦများတည်ဆောက်၍၊ သာသနာပြုသီတင်းသုံးတော်မူမည်ဟု မိန့်ဆိုလေသည်။ထိုသို့မိန့်ဆိုသည်ကို၊နှစ်ဘက်သော ဒါယိကာတို့ သဘောတူ၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြသည်။ ဖူ့ကျိုက်သီတင်းသုံးနိုင်စေရန်၊ ကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းသည်။ "ဂျိုင်း" ကျောင်းတော်ကြီးကို ကောဇာသက္ကရာဇ် (၁၁၁၁)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၇၄၉)ခုနှစ်တွင် ဆောက်လုပ်ပြီးဆီးသည်ဟု အဆိုရှိသည်။ "ဂျိုင်း" ကျောင်းတော်ကြီး၌ ဖူ့ကျိုက်တာမိုက်သည်၊ (၄၇)နှစ်တိုင်တိုင် သီတင်း သုံးတော်မူသည်။ ကောဇာသက္ကရာဇ် (၁၁၅၈)ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ဖူးကျိုက်တာမိုက်၏ အလောင်းတော်ကို၊ စံကျောင်းတော်ဆောက်လုပ်ပြီး မျက်မှောက်ခေတ်တိုင်၊ (ဘာႉလီဘင်ႉ) ခေါ် နိဗ္ဗာန်ကျောင်းအဖြစ် ထင်ရှားစွာ

ရှိလေသည်။

"ဂျိုင်း"အရပ်ဒေသသည်၊ ဖူ့ကျိုက်တာမိုက်၏ စွမ်းဆောင်မှုကြောင့် သာသနာထွန်းကားရာ အောင်မြေအဖြစ် ကျော်ကြားလာပေသည်။ ဖူ့ကျိုက်သည်၊ သာသနာစည်ပင်ပြန့်ပွါးအောင် ဆောင်ရွက်ရင်း မှေးမှိန်နေသော အရှေ့ပိုးကရင်စာပေများကို၊ ပြန်လည်ရေးသား ဖေါ်ထုတ်ခဲ့သည်။ သက္ကရာဇ် (၁၀၄၆)ခုနှစ်က၊ ကရင်အမျိုးသား လင်္ကာဆရာကြီး "ဖူ့ပိုက်ပေါက်" စီရင်ရေးသားခဲ့သော၊ "လိုက်အင်းသံင်မွီ" နှင့် "လိုက်သန့်စဝ်" ကျမ်းများကို ဆက်လက်ဖေါ်ထုတ်ထိမ်းသိမ်းပြီး တပည့်များကို သင်ကြားပို့ချ ဩဝါဒ ပေးခဲ့သည်။ ဖူ့ကျိုက်တာမိုက်သည်၊ အရှေ့ပိုးကရင်စာပေ ဒုတိယခေတ်ကို ပြန်လည်ဖေါ်ထုတ်ပေးခဲ့သော ရဟန်းပုဂ္ဂိုလ်ကျော်အဖြစ် ထင်ရှားရစ်လေသည်။ ဖူ့ကျိုက်တာမိုက် လွန်ပြီးနောက်ပိုင်း "ဖူ့ပိန္နန်း"၊"ဖူ့ထရဲနုံ"စသည့် အဆက်ဆက်သော၊ ကျောင်းထိုင်ဆရာတော်များသည်၊ အရှေ့ပိုးကရင် စာပေစည်ပင်ပြန့်ပွါးရေး တာဝန်ကို ဆက်လက်တာဝန်ယူ ထမ်းဆောင်ခဲ့ကြပါသည်။

ဖူ့ကျိုက်တာမိုက် အကြောင်းကိုရေးသားထားသော 'မူ' နောက် တမူ ရှိနေသေးသည်။ ၎င်းကျမ်းမှာ ကော့လိုင်း ဆရာတော် ပြုစုရေးသားသော "သံဃာ့"ရှင်းတမ်း ကျမ်းဖြစ်သည်။ ဖူ့ကျိုက်တာမိုက်၏ခေတ်ကိုအင်းဝခေတ် မဟုတ်မှုဘဲ၊ ကုန်းဘောင်မင်းဆက် ဘိုးတော်ဘုရားခေတ်ဟု ဖေါ်ပြထားလေသည်။ အမရပူရမင်းနေပြည် တော်သာသနာပိုင် မောင်းထောင်ဆရာတော်၏ တပည့်ရဟန်းဟုဆိုသည်။ နှစ်မျိုးသော ဖူ့ကျိုက်တာမိုက်အကြောင်း၊ ဖေါ်ပြသောကျမ်းတို့သည်၊ နှစ်ပေါင်း (၃၀)ကျော်မျှ ကွာဟမှု ရှိနေပါသည်။ သမိုင်းတည်သရွေ့ မှတ်တမ်း တင်ခံရမည့် ဖူ့ကျိုက်တာမိုက်ခေါ် အရှင်ဦးနန္ဒမာလာ အရှင်သူမြတ်အကြောင်းသည်၊ သမိုင်းအထောက်အထား ခိုင်ခိုင်မာမာဖြင့် တိတိကျကျ မှတ်တမ်းတင်အပ် ပါပေသည်။

ဖူ့ကျိုက်တာမိုက်လွန်သော် အရှေ့ပိုးကရင်စာပေကို လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်သော ရဟန်းစာဆို အကျော်အမော်များစွာပေါ်ထွန်းခဲ့သည်။ များသောအားဖြင့် ဖွဲ့ကပင်တောင်၏ ခါးဖောင်းတွင်တည်ရှိသော အထက်ရေတံခွန် (ဍာ်ဏ္ဍိုဝ်) ကျောင်းနှင့် ယှက်နွယ်နေသည်ကများသည်။အထက်ရေတံခွန် ဘုန်းတော်ကြီးကျောင်းသည်၊ ပရိယတ္တိစာပေနှင့် အရှေ့ပိုးကရင်စာပေ၊ကျမ်းဂန်များပေါ်ထွန်းရာ ဌာနအဖြစ်၊ နှောင်းခေတ်တွင်သမိုင်းတွင်ရစ်လေသည်။ အထက်ရေတံခွန်စခန်းသည်၊ အရှေ့ပိုးကရင်စာပေ အထွဋ်အမွန် ထွန်းကားရာ ဘုမ္မိမြေဖြစ်သည်။ အထက်ရေတံခွန်ကျောင်းတွင် ခေတ်အဆက်ဆက် ကျောင်းထိုင်ခဲ့သောဆရာတော်များသည် ၎င်း၊စာပေစည်းပူးသင်ယူခဲ့သော ပုဂ္ဂိုလ်များသည်၎င်းကရင်စာပေသမိုင်း၌ နောင်တချိန်တွင်၊ကျမ်းပြုပုဂ္ဂိုလ်ကရင်စာဆိုများဖြစ်လာကြသည်။ အထက်ရေတံခွန်ကျောင်းတော်ကြီး၏ ခေတ်အဆက်ဆက် ကျောင်းထိုင်ဆရာတော်များမှာ၊ ပဌမ"အယန်တာပိုင်" ဆရာတော်၊ဒုတိယဖူ့ကျိုက်အွာ (ခေါ်) ဦးသံဓမ္မဝံသဆရာတော်၊ တတိယ ဆရာတော် (နဲ့ာစာဖဝ့်) ဦးဆန္ဒာဝရ၊ စတုတ္ထဆရာတော် ဖူ့နဲ့ာ်သုံးစုံ၊ ပဥ္စမ ဆရာတော် ဖူ့နဲ့ာ်ဖြူ၊ ဆဋ္ဌမ ကျောက်တောင်ဆရာတော်၊ သတ္တမဆရာတော် ဖူ့နဲ့ာ်ကူး (ဦးသုခ)၊ အဋ္ဌမဆရာတော် ဖူ့နဲ့ာ်ရွှေသိုင့်(ခေါ်) ဦးဒီပ၊ နဝမဆရာတော် ဖူ့နဲ့ာ်လူ(ခေါ်) ဦးဆန္ဒာဝရ၊ ဒသမ ဆရာတော် ဦးနန္ဒိယတို့ဖြစ်လေသည်။ ပဌမဆရာတော် "အယန်တာ ပိုင်ဖူ့ကျိုက်အွာ" လက်ထက်မှအစပြုပြီး ရဟန်း သာမဏေများကို စာပေများသင်ကြား ပို့ချ ခဲ့သည်။ ကျောင်းထိုင်ဆရာတော်မဟုတ်ဘဲ၊ အထက်ရေတံခွန်ကျောင်းတွင် ပညာဆည်းပူးခဲ့၍နောင်တွင် ကျမ်းပြုစာဆိုအဖြစ် အမြောက်အများ ပေါ်ထွန်းခဲ့သည်။ အရှေ့ပိုးကရင်စာပေ၊ ကျမ်း စာများပြုစုရေးသားရာ ဘုမ္မိနတ်သန်မြေသည်၊ အထက်ရေတံခွန် ကျောင်းတော်ကြီးပင်ဖြစ်လေသည်။

## "ဖူ့ကျိုက်အွာ"

ဖူ့ကျိုက်အွာသည်၊ အထက်ရေတံခွန်ကျောင်း၏ ကျောင်းထိုင်ဆရာတော်တပါးဖြစ်လေသည်။ ကရင်အမျိုးသားများ၊ ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကို ဖတ်ရှုနားလည်စေနိုင်ရေးအတွက်၊ အရှေ့ပိုးကရင် ဘာသာဖြင့် လင်္ကာပုံစံ စီကုံးရေးသားခဲ့သည်။နောင်အစဉ်အဆက် ကရင်လူမျိုးတို့ ဗုဒ္ဓဝင် ကျမ်းများကို၊ လေ့လာနိုင်စေရန် အကျိုးကိုမျှော်ကိုး၍ အရှေ့ပိုးကရင်ဘာသာဖြင့် ကျမ်းကြီး (၅)ကျမ်းကို ပြုစုခဲ့သည်။ ၎င်းတို့မှာ၊

(၁) လိမ်သို့ဓဝ်.တာ. (သိဒ္ဓတ္ထ)၊ ၁၂၁၃ (၁၈၅၂)၊
(၂) လိမ်အင်း သံင်း (ဆုံးမစာ) ၁၂၂၀ (၁၈၅၂)၊
(၃) လိက်သုင်.ရာခ်
(၄) လိက်သုဝဏ္ဏသင့် (သုဝဏ္ဏလျှံ)၊
(၅) လိမ်မှာဇနက် (မစဇနက္က)၊

၁၂၃၂မှ ၁၂၃၈ ဖြစ်သည်။ ခရစ်သက္ကရာဇ်အားဖြင့် ၁၈၇၀ မှ ၁၈၇၆ခုနှစ် အထိ ကျမ်းပြုခဲ့သည်။

## "ဖူ့ယောင်တာပန်"

ဖွဲ့ကပင်တောင်ခြေရှိ တော်ပုံရွာသားဇာတိဖြစ်သည်။ သက္ကရာဇ် ၁၁၈၈တွင် မွေးဖွါးသည်။ အထက်ရေတံခွန်ကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး၊ သာမဏေရဟန်းပါဝတ်ခဲ့သည်။ ရဟန်းလူထွက် ကရင်စာဆိုတဦးအဖြစ် လူသိများလာပါသည်။ ၁၂၅၆ခုနှစ်တွင်၊ ကွယ်လွန်သည်။ အရှေ့ပိုးကရင် ဘာသာဖြင့် ကျမ်း(၃)ကျမ်းပြုစုရေးသားခဲ့သည်။ ၎င်းတို့မှာ

(၁)ဏင်.ခါခယ် (မာလာဒေဝီ) ၁၂၂၈

(၁၈၆၆)၊
(၂) ခွါထးမျူ့လာမျူ့လီ ၁၂၃၂ (၁၈၇၀)၊
(၃) လိက်အင်းသံင်း (ဆုံးမစာ) ၁၂၃၈ (၁၈၇၆ )တို့ဖြစ်ကြသည်။

## “ဖူ့ကျိုက်စာသန့်”

သက္ကရာဇ် ၁၂၀၀တွင် ဖွါးမြင်ပြီး နောင်လုံအိန္ဒြွာသားဖြစ်သည်။ အထက် ရေတံခွန် ကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး ရှင်သာမဏေဝတ်သည်။ ရဟန်းဘောင်သို့ မြပြည်ရွာ ဘုန်းတော်ကြီး ကျောင်းတွင်ဌင်း၊ အိန္ဒြလေသာ ဘုန်းတော်ကြီးကျောင်းတွင်ဌင်း၊ သီတင်းသုံးခဲ့သည်။ အရှေ့ပိုးကရင်ဘာသာဖြင့် ကျမ်းပေါင်း မြောက်များစွာကို ရေးသား ပြုစုခဲ့သည်။ ရဟန်းဘွဲ့မှာ အရှင် စန္ဒာကဝိဖြစ်လေသည်။ ရဟန်းအမည်ရော လူအမည်ပါ ထင်ရှားပါပေသည်။ သက္ကရာဇ် ၁၂၇၀ပြည့်နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ကျမ်းပေါင်း (၁၄)ကျမ်းကို ရေးသားပြုစုခဲ့သည်။ ဖူ့ကျိုက်ဆန္ဒကဝိပြုစုသည့် “လိက်မဒ္ဒီပဝ်”ကျမ်း၏ နိဒါန်း တနေရာတွင်၊ “ငါတို့သည်၊ ကရင်ဖြစ်သည်။ စာပေမရှိလျှင် စကားပြုန်းမည်”ဟုရေးသားခဲ့သည်။ အမျိုးသားရေး စိတ်ဓါတ်ရှိသောပုဂ္ဂိုလ်ကြီးအဖြစ်နှောင်းလူတို့ ဂုဏ်ပြုခဲ့ကြသည်။ ဖူ့ကျိုက်စာသန့် (အရှင်စန္ဒာကဝိ)ရေးသားပြုစုခဲ့သော ကျမ်းများမှာ၊

၁။ ရာမလက္ခဏာဖါတ်
သက္ကရာဇ်–၁၂၃၂ခုနှစ်၊
၂။ ပါရမီခန်း
သက္ကရာဇ်–၁၂၃၅ခုနှစ်၊
၃။ ကာလုဒါယီလျှောက်ခဏ်း
သက္ကရာဇ်–၁၂၃၇ခုနှစ်၊
၄။ မဒ္ဒီဆုတောင်းခဏ်း (မဒ္ဒီပဝ်)
သက္ကရာဇ်–၁၂၃၉ခုနှစ်၊
၅။ သံသယာနှောင်ကြိုး (တြီသံင်သာ့)
သက္ကရာဇ်–၁၂၄၀ခုနှစ်၊
၆။ ဆန္ဒာန်ဆင်မင်းဝတ္ထု
သက္ကရာဇ်–၁၂၄၀ခုနှစ်၊
၇။ သင်္ဂဟကျမ်း (စဝ်.သင်္ဂဟ)
သက္ကရာဇ်–၁၂၄၁ခုနှစ်၊
၈။ မုလာမုလီ
သက္ကရာဇ်–၁၂၄၂ခုနှစ်၊
၉။သန္နိကလေငံ်(တဖန်ပဋိသန္ဓေနေခြင်း)
သက္ကရာဇ်–၁၂၄၃ခုနှစ်၊
၁၀။ နေမိဇာတ်
သက္ကရာဇ်–၁၂၄၄ခုနှစ်၊
၁၁။ ရာဟုလာအမွေတောင်းခန်း
သက္ကရာဇ်–၁၂၄၅ခုနှစ်၊
၁၂။ ဝဏ္ဏကမ္မာ
သက္ကရာဇ်–၁၂၄၆ခုနှစ်၊
၁၃။ စန္ဒကုမ္မာ
သက္ကရာဇ်–၁၂၅၀ခုနှစ်၊
၁၄။ တေမိဇာတ်
သက္ကရာဇ်–၁၂၆၉ခုနှစ်၊
စသည့်ကျမ်းတို့ဖြစ်ပါသည်။

## “ဖူ့ကျိုက်စာဖော့”

အရှေ့ပိုးကရင်စာပေတွင် ဇာတ်တော်များကိုလင်္ကာဖြင့် သီကုံးစပ်ဆိုရာ၌ ဆရာတော် ဦးစန္ဒာဝရ (ဖူ့ကျိုက်စာဖော့) သည်၊ ကာရံ၊သံစဉ်ညီမျှလှပစွာ ဖွဲ့ဆိုနိုင်စွမ်းရှိရာ၊ ကရင့်ရှင်မဟာရဋ္ဌသာရဟုပင် တင်စားကြလေသည်။ ဘားအံမြို့နယ် ကော့နန်းသာရွာတွင် သက္ကရာဇ် ၁၂၀၃ ခုနှစ်၌ ဖွါးမြင်သည်။အသက်(၁၀)နှစ် အရွယ်မှစတင်၍ အထက်ရေတံခွန်ကျောင်းတွင် ပညာကို စတင် ဆည်းပူးလေ့လာသည်။ အရွယ်ရောက် လျှင်ရဟန်းဘောင်သို့ ဝင်သည်။ ဖူ့ကျိုက်အွာ လွန်သော် ကျောင်းထိုင်ဆရာတော် ဖြစ်လာ၏။ ကရင့်စာပေသမိုင်းတွင် ကျမ်းအများဆုံး ပြုစုသော ပုဂ္ဂိုလ်စါရင်းထဲ၌ပါဝင်သည်။

သက္ကရာဇ်(၁၂၈၄) ခုနှစ်တွင် ပျံလွန်တော်မူသည်။ ပြုစုခဲ့သော ကျမ်းများမှာ...

(၁) တေမိဖါတ် – ၁၂၃၂ (၁၈၇၀)၊
(၂) ဝဏ္ဏကုမ္မာ – ၁၂၃၈ (၁၈၇၆)၊
(၃) မရဝံသ – ၁၂၄၀ (၁၈၇၈)၊
(၄) တြီသံသာ – ၁၂၄၁ (၁၈၇၉)၊
(၅) ပါရမီကံ – ၁၂၄၁ (၁၈၇၉)၊
(၆) ကာကွယ်ဖောတ် –၁၂၄၁ (၁၈၇၉)၊
(၇) ဆာရပန် – ၁၂၄၁ (၁၈၇၀)၊
(၈) နန္ဒကုမ္မာ – ၁၂၄၂ (၁၈၈၁)၊
(၉) သိုင်ရမ် – ၁၂၄၅ (၁၈၈၃)၊
(၁၀) ဖိမ္မာကုံလိုဝ်ကျာ်–၁၂၄၆ (၁၈၈၄)၊
(၁၁) လိက်မဒ္ဒီပဝ် –၁၂၄၈ (၁၈၈၆)၊
(၁၂) ဝိဓူရ – ၁၂၆၀ (၁၈၉၉)၊
(၁၃) မဟောသဓာဇာတ် – ၁၂၆၁ (၁၈၉၉)၊
(၁၄) နာရဒဖါတ် –၁၂၆၃ (၁၉၀၁)၊
(၁၅) ဘူရိဒတ်ဖါတ်–၁၂၆၄ (၁၉၀၂)၊
(၁၆) စန္ဒကုမ္မာ – ၁၂၆၄ (၁၉၀၂)၊
(၁၇) ဝေသန္တရာဇာတ် –၁၂၆၄ (၁၉၀၂)၊
(၁၈) လိက်ဍုံဆို့ယှူး –၁၂၆၅ (၁၉၀၃)၊
(၁၉) သုဝဏ္ဏသာမဖါတ် – ၁၂၆၅ (၁၉၀၄) တို့ဖြစ်သည်။

## ဖူ့နဲ့ဝ်စဗို( နဲ့ဝ်လာဘာကဝိ)

ဖူ့နဲ့ဝ်စဗို(ခေါ်) နဲ့ဝ်လာဘာကဝိမှာ လှိုင်းဘွဲမြို့နယ်ကော့မြတ်ကြီးရွာ၌ သက္ကရာဇ် (၁၂၂၇)ခုနှစ်တွင် ဖွါးမြင်သည်။ မွေးခြင်းသုံးယောက်တွင် အငယ်ဆုံးဖြစ်သောကြောင့်–စဒါးဗို (စဗို) ဟု အမည်တွင်သည်၊အကို နှစ်ယောက်၏ အမည်မှာ ဦးပေါက်တာ နှင့် ဦးလဖြစ်သည်။ဖူးနဲ့ဝ်စဗိုအသက် (၈) နှစ်သားတွင် မိဘနှစ်ပါးကွယ်လွန်သည်။ (ကြာသန့်ဖိုးပေမူထဲတွင်) ထို့ကြောင့် ဆွေမျိုးနီးစပ်ရာ ဦးလေး၊ အဒေါ်များထံတွင် ခိုကပ်နေရသည်။ ကော့မြတ်ကြီးရွာ မှာဦးလေး၊အဒေါ်များ နှင့် ကျွဲကျောင်း၊ နွားကျောင်း၊ ဝိုင်းလုပ်ဝိုင်းစား နှင့် နေသော စဗိုလေးသည် တနေ့တွင် ကရိုင်းချောင်းကို လက်ပစ်ကူး၍ ဖွဲကပင်တောင် အထက်ရေတံခွန်ကျောင်းသို့ ရောက်သွားခဲ့သည်။ အိမ်မှထွက်ပြေးလာသော စဗိုလေးသည် ကျောင်းတွင် ကရင်စာကို ၊ ကျေညက်အောင် သင်ယူပြီးနောက်၊ ကဗျာလင်္ကာ အရေးအသား ပြောင်မြောက် ထူးချွန်သည့် ဆရာတော်ဦးစန္ဒာကဝိ ရှိ ရာအိန္ဒြွာ၊လေသာကျောင်းသို့ (၁၂၄၀)ခုနှစ်မှာ ပြောင်းရွှေ့ပညာဆည်းပူးခဲ့ပါသည်။ (၁၂၃၅) ခုနှစ်တွင် အ

ထက်ရေတံခွန်ကျောင်းသို့ ရောက်ရှိ ပညာဆည်းပူးချိန်၌ အထက်ရေတံခွန် ကျောင်းထိုင်ဆရာတော်မှာ ဖူ့ ကျိုက် အွာဖြစ်ပြီးကျမ်းပြုဆရာ ကရင် စာဆို များဖြစ်ကြသည့် မန်းနဲ်ပညာ၊ ဦးစန္ဒာ ဝရ၊ဦးသုခတို့လည်း သီတင်းသုံး နေကြ သောအချိန်ဖြစ်သည်။ ထိုအချိန်သည် မင်းတုန်းမင်း နတ်ရွာလား ပြီး သီပေါ ဘုရင် နန်းတက်စ ဖြစ်သည်။၁၂၄၀ခုနှစ် မှ ၁၂၅၀ ခုနှစ်အထိ (၁၀)နှစ် တိုင်တိုင် ဦးစန္ဒာကဝိ၏“လိက်ပိုင်ဘာ.”ခေါ်ကျောင်း ထိုင် အင်္ဂါကျမ်းပေကို ကူးပေးရသည်။ ဖူ့နဲ်စဖိုဟာ အိန္ဒဲကျောင်းတွင် ပရိယတ္တိ စာပေနှင့် အရှေ့-ပိုးကရင်စာပေများကို ဆည်းပူးလေ့လာရင်းက၊ အသက်ပြည့် သောအခါ ရဟန်းဘောင်သို့ ဝင်ခဲ့သည်။ ရဟန်း (၂)ဝါအရ သက်တော် (၂၂)တွင် လူဝတ်လဲခဲ့သည်။ မုက္ကဒိသူ နန်းအိမ် ပေါင်းနှင့် အိမ်ထောင်ပြုသည်။ သား သမီး(၅)ဦးထွန်းကားခဲ့သည်။ပဌမဦးဆုံး ပြုစုခဲ့သော ကျမ်းမှာ“မဟာပရိနိဗ္ဗာန် သုတ်” (ဘာသာပြန်)ဖြစ်ပြီး ၁၂၆၈ ခုနှစ်တွင်ရေးသည်။ ဒုတိယ ပင်ကိုယ် ရေးသားသည့် ကျမ်းမှာ၊ ခန္ဒာပူရ ကျမ်းဖြစ်သည်။ ကျမ်းပြီးသက္ကရာဇ် ၁၂၆၉ခုနှစ် ဝါခေါင်လဆန်း (၁၄)ရက် ကြာသပတေးနေ့ဖြစ်သည်။ တတိယ ပြုစုသည့် “ဖူ့လျှောင်ဟယ့်”ကျမ်းမှာ ရွှေတိဂုံစေတီတော်နှင့်စပ်လျဉ်းသည့် သမိုင်းဖြစ်သည်။ ရေးပြီးသက္ကရာဇ် ၁၂၇၆ခုနှစ် ဖြစ်သည်။နောက်ဆုံး ကျမ်းဟု ယူဆရသည့် “ကြာသန့်ဖိုး” ခေါ်ဒွေးမယ်နော်၏ အတိတ်ဇာတ် ဖြစ်သည်။ ၁၂၇၆ခုနှစ်တွင်၊ ဖူ့လျှောင့် ဟယ့်ရေးပြီး “ကြာသန့်ဖိုး”ကို ၁၂၇၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၆)ရက်၊ ဗုဒ္ဓဟူးနေ့ညပိုင်းတွင် ပြုစုပြီးစီးသည်။ မြန်စာပေသမိုင်းတွင် ခန္ဒာပူရကျမ်း နှစ်စောင်သာ ပေါ်ထွန်းခဲ့ဘူးသည်။ အရှေ့ပိုးကရင်ဘာသာဖြင့် ဖူ့နဲ်စဖို ပြုစုသော ခန္ဒာပူရ ကျမ်းပါဆိုလျှင် သုံးစောင်သာရှိပါသည်။ ဆတိုင်မွတ် ဦးကူးရေးသားသည့်(အင်းဝမူ-ရာမတွေ့ ကိုမှီး)သည်။ ခန္ဒာပူရကျမ်းရေး နှစ်မှာ (၁၂၅၄) ဖြစ်ပြီး နောက်တခြမ်းက၊ ရုပ်စုံ ဆရာကြီးဦးဖူးခေါင်ရေးသည့် ကွက်စိပ် သဘောပြောစသည့် ခန္ဒာပူရ ကျမ်း ဖြစ်သည်။ ကျမ်းဖြစ်ပြီး သက္ကရာဇ် (၁၂၉၉) ခုနှစ် ဖြစ်မည်ဟု ခန့်မှန်း ရသည်။

ဗမာစာဆိုနှစ်ဦးနှင့် ကရင် စာဆိုတဦးရေးသားခဲ့သည့် ခန္ဒာပူရ ကျမ်းကို နှိုင်းချိန်ကြည့်ရာတွင်၊ လက်ာသံစဉ်ညီညာပြေပြစ်၍ ပဟေဠိ ဉာဏ်စမ်းပုဒ်စာ များကိုပါ ထည့်သွင်း ဖွဲ့နွဲ့ထားသော ဖူ့နဲ်စဖို၏ ခန္ဒာပူရ ကျမ်းသည်သာလျှင် အချက်အလက် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပေသည်။

လာဘကဝိခေါ်ဖူ့နဲ်စဖို၏ အရေးအသားက... လျှို့ဝှက် ဖုံးကွယ် တဲ့ စကားများကို သူ့နေရာနှင့်သူ အံဝင် ဂွင်ကျ ဖြစ်အောင်ပြန်လည်၊ သရုပ်ဖော် ပေးခြင်းဖြစ်ကာ (ပဟေဠိဆန်ဆန်) တရား ဓမ္မကိုလက်ကိုင်ထားပြီး ဆို- ဆုံးမ သည့်အတွက် (နီတိဆန်တယ်)လို့ ကောက်ချက်ချကြပါသည်။ ဖူ့နဲ်စဖို သည်ခလောက်နို့ အုန်းတပင် ရွာတွင် နေထိုင်ပြီး၊ ဇျိုင်းတောင်တွင် တောင် ယာလုပ်ရင်း ကျမ်းများကို ပြုစု ရေး သားခဲ့ပါသည်။ အသက်(၆၁) နှစ်အရွယ် သက္ကရာဇ် (၁၈၆၆) ခုနှစ်တွင် ကွယ်လွန် အနိစ္စ ရောက်ခဲ့ပါသည် ။ ဖူ့နဲ်စဖို၏ အရိုးစုအား ဈေးမသွယ်တောင် အရိုး သုသာန်သို့ ပို့ဆောင်ပေးခဲ့ကြသည်။

## “မန်းနဲ်ဖုံး”

သက္ကရာဇ် (၁၂၄၈)နှစ်တွင် ဖါးအံမြို့နယ် “မူ့ယာ့”ရွာ၌ ဖွါးမြင် သည်။ ငယ်စဉ်က အထက်ရေတံခွန် ကျောင်းဆရာတော် ဦးစန္ဒဝရထံတွင် ပညာဆည်းပူး သင်ကြားခဲ့သည်။ လက်ရေးအလွန်လှသူ တဦးအဖြစ် ကျော်ကြားသည်။ အရှေ့ပိုးကရင် ဘာသာစာပေနှင့် ကိုယ်တိုင် ကျမ်း လေးကျမ်းကို ရေးသားပြုစုခဲ့သည်။
(၁)လိက်ပုံတုက်ခယ့်၁၂၇၀(၁၉၀၈)ခုနှစ်၊
(၂)ဏင်းဒွောင်ကုံကဝ်. ၁၂၉၀
(၁၉၂၈)ခုနှစ်၊
(၃)ဆိုယှင်းဖေါဟ် ၁၂၉၁ (၁၉၂၉) ခုနှစ်
နှင့်
(၄)မဌကုံထွာလီ ၁၃၀၂ (၁၉၄၀) ခုနှစ် တို့ ဖြစ်ပါသည်။

## “ဦးဝိသုခ”

အထက်ရေတံခွန်ကျောင်း ထိုင် ဆရာတော်များထဲမှ အရှေ့ ပိုးကရင်စာပေကို ရေးသားပြုစုရာ၌ တပါးအပါအဝင်ဖြစ်သည်။ လက်ာ ကဗျာများ ဖွဲ့နွဲ့စပ်ဆိုရာတွင် ဥပမာ၊ ဥပ မေယျ နှင့်ဖွဲ့တင်စားမှု အလွန် ကောင်း သူအဖြစ် ထင်ရှားကျော်ကြားလှ ပေ သည်။ ၎င်းပြုစုခဲ့သော ကျမ်းများမှာ-
(၁)ဘုရားရှိခိုးလက်ာ-၁၂၇၂(၁၉၁၀)ခုနှစ်
(၂)တရားပဒေသာ ၁၂၇၅(၁၉၁၃) ခုနှစ် စသည်တို့ဖြစ်ပြီး အရှေ့ပိုးကရင် ဗုဒ္ဓဘာသာစာပေများတွင် စံတင်ခြင်း ခံရသည့် ကျမ်းများပင် ဖြစ်ပေသည်။

## “ဖူ့နဲ်သီလ”

ဆရာတော်ဖူ့နဲ်သီလသည် ဖါးအံမြို့နယ်နှစ်ခြားရွာ၌ သက္ကရာဇ် ၁၂၆၂ ခုနှစ်တွင် ဖွါးမြင်သည်။“ဖူ့ကျိုက် သနေ့ချိုက်”ဟု လူသိများသည်။ ငယ်စဉ်ကအထက်ရေတံခွန်ကျောင်းတွင် ပညာဆည်းပူးခဲ့ ပြီး ရှင်သာမဏေ ဘောင်ရော၊ ရဟန်းဘောင်ကိုပါ ထို ကျောင်း၌ပင် တက်ခဲ့သည်။ ထို့ကြောင့် နှစ်ခြားရွာသို့ ပြန်၍ကျောင်းထိုင်ပြီး ရှေးဟောင်းကရင်စာပေ ဖေါ်ထုတ်ရေး အတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ခဲ့သောစာပေကျေးဇူးရှင်ကြီး တပါးပင် ဖြစ်သည်။ မော်လမြိုင်မြို့ “သီလရာဇ” ကျောင်းတွင် သီတင်းသုံးရင်း သက္ကရာဇ် ၁၃၃၀ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန် တော်မူသည်။ ၎င်းရေးသားပြုစုခဲ့သော ကျမ်းများမှာ
(၁)ဏင်. သင့် မူး (ထေရီ) ၁၂၉၆
(၁၉၃၄)ခုနှစ် ၊

(၂)ကုမာရကဿပ ၁၂၉၆ (၁၉၃၅)ခုနှစ် တို့ဖြစ်သည်။

## "ဖူးကျိုက်ပရမ (နံ့ဒ်ဒီး ဓွာ)"

သက္ကရာဇ် (၁၂၃၈)နှစ်တွင် ခလောက်နို့ရွာ၌ မွေးဖွါးသန့်စင်သည်။ နံ့ဒ်ဒီးအွာသည် အထက်ရေတံခွန်ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး၊ ဖူ့ကျိုက်တာမိုက် "ဂျိုင်း"ကျောင်းတွင် ရဟန်းပြုခဲ့သည်။စကားပြောဆိုရာတွင် တန်တုပ္ပဥာဏ် ကြွယ်ဝသူဖြစ်သည်။ ဓမ္မ တရားတော်များကို ဟောကြားလျှင် အရှေ့ပိုးကရင်ဘာသာလင်္ကာများကို ညှပ်ဆိုပြီး ဟောကြားလေ့ရှိသဖြင့် လူကြိုက်များလှပေသည်။ ဖူ့ကျိုက် ပရမသည် ရွှေကျင်သာသနာဂိုဏ်းမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လွန်စွာလိုက်နာသူဖြစ်ပြီး၊ ကရင်ပြည်နယ်တွင် ရွှေကျင်ဂိုဏ်းကို ပြုစုပျိုးထောင်သူအဖြစ် သတ်မှတ်ကြသည်။ ၁၃၀၆ ခုနှစ်တွင် ဘားအံ မြို့တောရကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ပျံလွန်မူပြီး နောက်ပိုင်းတွင် တပည့်များက ဆရာတော်ပြုစုခဲ့သော ကဗျာလင်္ကာ စာများကို "သုဖတ် သုတ လင်္ကာ"ကျမ်းကို ပေါင်းပြီး ပုံနှိပ်ထုတ်ဝေခဲ့သည်။ လူကြိုက် အလွန်များခဲ့၍ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရလေသည်။

အရှေ့ပိုးကရင်စာပေတွင် ကျမ်းပြုပုဂ္ဂိုလ် ရဟန်းအကျော် အမော်များ၊ များစွာရှိပါသေးသည်။ မကြာသေးမီကမှ ဘဝနတ်ထံပျံလွန်တော်မူသွားခဲ့သော ဆရာတော် ဦးစန္ဒန (မာန်နဲ့ဒ်စံဘားအံ) ကမော့ကဆင်ရွာသစ်ကျောင်းတိုက်ဆရာတော်၊ မုတ္တတိကျောင်းဆရာတော်ဦးဥတ္တမ (စစ်အဲဆိုဒ်ဝိုးတ္တိုက်)(ဘဝနတ်ထံပျံလွန်) တို့သည်လည်း စါပေနှင့် အမျိုးသားယဉ်ကျေးမှုတို့ကို စွမ်းစွမ်း တမံဆောင်ရွက်ခဲ့ကြသော စာပေ သူရဲကောင်း များ ဖြစ်ကြလေသည်။ ရှေးနှစ်ပေါင်း ထောင်ကျော်ကတည်းကတည်ရှိခဲ့ပြီးရှေးက ပင်ရင်းစာအဖြစ် ရေးသားခဲ့သော အရှေ့ ပိုးကရင်စာပေသည်။ မြန်မာစာ၊ မွန်စာ တို့တွင် အသုံးပြုနေကြသည့် ပလ္လဝ အက္ခရာ အရေးအသားမျိုးပင်ဖြစ်သည်။ သမိုင်းတခေတ်တွင် သထုံမုတ္တမမြို့များသည် သဘော်ဆိပ်မြို့များ ဖြစ်ခဲ့ကြပြီး ကရင်နှင့် မွန် များ ဒွေးရောယှက်တင် နေထိုင်ခဲ့ကြသည်။ ၇–ရာစုခန့်တွင် အိန္ဒိယကုန်သည်များ သထုံ၊ မုတ္တမ တို့သို့ အဝင်၊ အထွက်ရှိခဲ့ရာမှ ပလ္လဝ အက္ခရာများ ပါလာဟန်ရှိပြီး ပလ္လဝ အရေးအသားဟန်ကို မွန်နှင့် ကရင်တို့က မိမိတို့၏ အသံထွက်အတိုင်း ပေါ်လွင်အောင် ရေးသားနိုင်ခဲ့သည့် စာရေးသားသော နည်းစနစ်ကို ရရှိခဲ့ကြသည်ဟု သမိုင်းသုတေသီတို့က ဆိုပါသည်။ ဗြဟ္မီ အက္ခရာမှ ဆင်းသက်လာသည့် ပလ္လဝအက္ခရာသည် ဂုတ္တမင်းဆက်တွင်၊ ဂုတ္တအက္ခရာ ကဒမ္ဗအက္ခရာ၊ပလ္လဝမင်းဆက်တွင် ပလ္လဝအက္ခရာအဖြစ် မူလဗြဟ္မီ အက္ခရာမှ အဆင့်ဆင့်ပြောင်းလဲလာခဲ့ပါသည်။ ဗမာစာပေတွင်အသုံးပြုနေသည့် အက္ခရာသည်လည်း ပလ္လဝအက္ခရာ ပင်ဖြစ်ပေသည်။ ရခိုင်ဘက်တွင်အသုံး ပြုသည့် ဗုဒ္ဓအက္ခရာနှင့် ကျောက်စာများ ဟန်လင်းဘက်တွင်မြင်တွေ့ရသော ဂုတ္တအက္ခရာနှင့် ကျောက်စာများအရ ဂုတ္တအက္ခရာဝင်ရောက်လာသည်မှာ ခရစ်နှစ်လေးရာထက်မစောဖြောက်ရာထက်နောက်မကျနိုင်ဟုဆိုကြသည်။ ခရစ်နှစ်(၇၀၀)ခန့် သထုံ၊မုတ္တမ၊ ဘက်တွင် မွန် နှင့်အတူရှိနေခဲ့သည့်၊ ကရင်တို့သည်လည်း ပလ္လဝအက္ခရာဖြင့် ကရင်အသံထွက်အတိုင်း ဆင့်ပွါးယူပြီး စာပေထွန်းကားနေပြီဖြစ်သည်။ ကျောက်စာမှတ်တမ်းအရ ...

(၁)အနိရုဒ္ဓါ(အနော်ရထာ) သည်၊ ခရစ်နှစ် (၁၀၄၇) –၇၇ တွင်ဘုရင့် မှတ်တမ်းကို သက္ကဋ ပါဠိ ဘာသာဖြင့်၊ ရေးသား မှတ်တမ်းတင်ခဲ့သည်။

(၂)ကျန်စစ်သား (ထီးလှိုင်ရှင်) သည် ခရစ်သက္ကရာဇ် ၁၀၄၄–၁၁၁၃ ခုနှစ်တွင် မွန် ဘာသာဖြင့် မှတ်တမ်းတင်ခဲ့သည်။

(၃)အလောင်းစည်သူ (၁) သည်၊ ခရစ်နှစ် (၁၁၁၃)– (၆၃) တွင် ပါဠိ ဘာသာဖြင့်မှတ်တမ်းတင်ခဲ့သည်။

(၄) ရာဇကုမာရ်(ကျန်စစ်၏သား)သည် ခရစ်နှစ် ၁၁၁၃ တွင် ပါဠိ၊ မွန်၊ ပျူ၊ မြန်မာ၊ လေးမျိုးပါဝင်သည့် မြတ်စေတီကျောက်စာကို ရေးထိုး မှတ်တမ်းတင်ခဲ့သည်။

(၅)နရပတိစည်သူသည်။ခရစ်သက္ကရာဇ် ၁၁၇၄– ၁၂၁၉ တွင် မြန်ဘာသာဖြင့်မှတ်တမ်း တင်ခဲ့ပါသည်။၎င်းအထောက်အထားများအရ မွန်စာပေနှင့်ခေတ်ပြိုင် အရှေ့ပိုးကရင်စာပေသည်။ ခရစ်နှစ် (၇၀၀)မတိုင်မီကရှိနေပြီး ခရစ်နှစ် (၇၀၀)တွင် စည်ပင်ဝေဆာနေပြီ ဖြစ်ပေသည်။ မြန်မာများသည် (၁၁)ရာစုလောက်တွင်မှ ကရင်များ အသုံးပြုနေပြီဖြစ်သော အက္ခရာနှင့်ပင် မြန်မာစာပေကိုရေးသားအသုံးပြုလာကြောင်း တွေ့ရပါသည်။ရှေးကျသည့် ကရင် စာပေများကို လေ့လာရာ၌ ကဗျာလင်္ကာနှင့် ချည်း ရေးသားထားသည်ကို တွေ့ရလေသည်။ စာကားပြေ ဖြင့် တစောင်မျှ မတွေ့ရပါ။စာပေ အရေးအသားကို လေ့လာကြည့်သောအခါ ကြိုကြားကြိုကြား မွန်ဝေါဟာရ စကားများထည့်သုံးထားကြောင်းကို လည်းတွေ့ရှိရပေသည်။နောက်ပိုင်းတွင် စာပေများ၌ ဗမာဝေါဟာရများ ကြိုကြားကြိုကြား သုံးထားသည်ကို တွေ့ရပေသည်။ မွန်ဝေါဟာရတွင်ကျယ်ချိန်၌ မြန်မာဝေါဟာရ ယူသုံးသည့် သဘောပင်ဖြစ်သည်။ ထို့အတူပါဠိဝေါဟာရများ၊ ပါဠိပျက်ဝေါဟာရများ၊ သက္ကဋဝေါဟာရများယူသုံးထားကြောင်းကို လည်း တွေ့ရှိရပါသည်။ ထို့ကြောင့် အရှေ့ ပိုးကရင်စာပေသည်၊ နှစ်ပေါင်း တထောင်ကျော် ကာလကတည်းက၊ ပေါ်ထွန်းခဲ့သော စာပေဖြစ်ကြောင်း၊ လက်ခံ မှတ်ယူရပါမည်။ ခေတ်အဆက်ဆက် လူမျိုးနှင့်စာပေသည် ပဒေသ

ရာဇာများ၏ ဖိနှိပ်မှုအောက်၌ မြုပ်ချည်တခါ ပေါ်ချည်တလှည့်ဖြင့် ရှိခဲ့ပါသည်။ အင်္ဂလိပ်များ မြန်မာပြည်ကို မသိမ်းပိုက်မှီ အချိန်ကာလများစွာ ကတည်းက အရှေ့ပိုးကရင်စာပေသည်၊ ကရင်တို့အရပ်ဒေသတွင်၊ အလွန်မြင့်မားသည့် အရှိန်အဟုန်ဖြင့် ဂုဏ်တက်ခဲ့လျှက်ရှိပါသည်။ ကဗျာလင်္ကာ အရေးအသားများသည်၊ စာပေသမိုင်းကဏ္ဍ၏ အထွဋ်အထိပ်သို့ ရောက်ရှိနေပါသည်။ လောကီရေးရာ၊ လောကုတ္တရာရေးရာအကြောင်း ရေးသားပြုစုသည့် ကျမ်းကြီးကျမ်းခိုင်များ၏ ဦးရေမနည်းလှပါ။ ဒါတောင်မှ အင်္ဂလိပ်များ ဝင်လာသောအခါ၊ "ကရင်တွေမှာစာမရှိဘူးဆိုပြီး၊ ရှိပြီးသားကရင်စာတွေကို မမြင်ချင်ယောင်ဆောင်၊ မြင့်မားလှတဲ့ အရှေ့ပိုးကရင်စာပေတွေကို မမြင်အောင်၊ မျက်စေ့မှိတ်ထားပြီး ကရင်လူမျိုးအချို့ အပေါ်လှည့်စားကာသွေးခွဲသည့်၊ သဘောဖြင့် စာပေများထွင်၍ ပေးခဲ့ပါသည်။ နယ်ချဲ့ မျက်နှာဖြူများသည်၊ ကရင်အချင်းချင်းသွေးကွဲအောင် စေတနာ ဆိုးဖြင့် စာပေမှအစ ဓလေ့ထုံးစံ ရိုးရာ ယဉ်ကျေးမှုများအထိ ချေထိုး ဖျက်ဆီးခဲ့ကြသည်။ ယခုကဲ့သို့ ရေးပြခြင်းသည်၊ အထောက်အထားအကိုးအကားခိုင်ခိုင်မာမာနှင့် အင်္ဂလိပ်နယ်ချဲ့များ မရောက်ခင်ကတည်းက အရှေ့ပိုးကရင်စာပေသည်၊ ပွင့်လန်းဝေဆာနေပြီ ဖြစ်သည်ကို ပြဆိုချင်၍ ဖြစ်သည်။ကရင်အမျိုးသားထုတရပ်လုံး သိရှိနိုင်စေရန်၊ အရှေ့ပိုး ကရင် ဘာသာဖြင့် ရေးသားထားသည့် စာပေအချို့ကို ဖေါ်ပြပါသည်။

(၁) ကပ္ပဗိန္ဒုကျမ်း...ဖူ့ကျိုက်တာမိုက် (ဦးနန္ဒမာလာ) ၁၁၉၆၊
(၂) ရာမလင်္ကာဇာတ်... ဦးစန္ဒာကဝိ ၁၂၃၂၊
(၃) ပါရမီခဏ်း... ဦးစန္ဒာကဝိ ၁၂၃၅၊
(၄) ကာဠုဒါယီလျှောက်ခန်း... ဦးစန္ဒာကဝိ ၁၂၃၇၊
(၅) မဒ္ဒီဆုတောင်းခဏ်း...ဦးစန္ဒာကဝိ ၁၂၃၉၊
(၆) သံသရာနှောင်ကြိုး (တြီးသံင်.သာ့) ဦးစန္ဒာကဝိ ၁၂၄၀၊
(၇) ဆဒ္ဒန်ဆင်မင်းဝတ္ထု ဦးစန္ဒာကဝိ ၁၂၄၀၊
(၈) သင်္ဂဟကျမ်း ဦးစန္ဒာကဝိ ၁၂၄၁၊
(၉) မူ့လာမူ့လီ ဦးစန္ဒာကဝိ ၁၂၄၂၊
(၁၀) တဖန်ပဋိသန္ဓေနေခြင်း... (သန္ဓိကလေင်)ဦးစန္ဒာကဝိ ၁၂၄၃၊
(၁၁) နေမိဇါတ်... ဦးစန္ဒာကဝိ ၁၂၄၄၊
(၁၂) ရာဟုလာအမွေတောင်းခဏ်း ... ဦးစန္ဒာကဝိ ၁၂၄၅၊
(၁၃) ဝဏ္ဏကုမ္မာ... ဦးစန္ဒာကဝိ ၁၂၄၆၊
(၁၄) စန္ဒကုမ္မာ... ဦးစန္ဒာကဝိ ၁၂၅၀၊
(၁၅) တေမိဇါတ်...ဦးစန္ဒကဝိ(တပ်ကူး) ၁၂၆၉၊
(၁၆) ယသော်ဓယာကန်တော့ခဏ်း ... ဦးစန္ဒာကဝိ သက္ကရာဇ်မသိ၊
(၁၇) ဝိဓူရဇါတ်... ဦးစန္ဒာဝရ သက္ကရာဇ်မသိ၊
(၁၈) နာရဒဇါတ်... ဦးစန္ဒာဝရ သက္ကရာဇ်မသိ၊
(၁၉) ဝေဿန္တရာဇါတ်... ဦးစန္ဒာဝရ ၁၂၆၄၊
(၂၀) ဘူရိဒဇါတ်... ဦးစန္ဒာဝရ ၁၂၆၄၊
(၂၁) မဟော်သဓါ... ဦးစန္ဒာဝရ သက္ကရာဇ်မသိ၊
(၂၂) သုဝဏ္ဏသျှံ... ဦးစန္ဒာဝရ သက္ကရာဇ်မသိ၊
(၂၃) ဒုံဆိုဏ့ူ... ဦးစန္ဒာဝရ သက္ကရာဇ်မသိ၊
(၂၄) မိုက်ဒုံကေတော့်ပုံပြင်...(လူထုတိုက်ကရင်ပုံပြင်တတိယတွဲတွင်ကြည့်)
(၂၅) မဋ္ဌကုဏ္ဍလီ... ဦးသီဟတေဇ သက္ကရာဇ်မသိ၊
(၂၆) ယတြာကိန်း... ရေးသူမသိ သက္ကရာဇ်မသိ၊
(၂၇) သုဓနု... ရေးသူမသိ၊ သက္ကရာဇ်မသိ၊
(၂၈) ပဒကုသလ... ရေးသူမသိ သက္ကရာဇ်မသိ၊
(၂၉) တော်ခဲပုံပြင်... (မွန်မှပြန်သည်။) ဦးသီဟတေဇ ၁၂၇၇၊
(၃၀)ဆာရဝန်ပုံပြင်... ဦးစန္ဒာဝရ သက္ကရာဇ်မသိ၊
(၃၁) ဝိသာခါ... ဦးဇာဝရ သက္ကရာဇ်မသိ၊
(၃၂) ကထိန်အမေးအဖြေ... ဦးသုခ သက္ကရာဇ်မသိ၊
(၃၃) သာသနာ့ရောင်ခြည်... ဦးသုခ သက္ကရာဇ်မသိ၊
(၃၄) နန္ဒကုမ္မာ... ဦးစန္ဒာဝရ သက္ကရာဇ်မသိ၊
(၃၅) အရိယာတရား... ရေးသူမသိ သက္ကရာဇ်မသိ၊
(၃၆) မြလာဝုံးသာ၊ဝုံးတူရိယာ... ဦးစန္ဒာဝရ(လူထုတိုက်ထုတ်ကရင်ပုံပြင်)
(၃၇) နန်းသောက်ပီး... ရေးသူမသိ၊ (လူထုတိုက်ကရင်ပုံပြင်)၊
(၃၈) သိဒ္ဓတ္ထ... (မူလရေးသူမသိ ၁၂၁၃ မှမူကိုဦးသီဟကေဇပြင်၍ရေးသည်။)
(၃၉) နန်းရွှေကျင်ပုံပြင်... မလောက်ဆရာတော် (လူထုတိုက်ကရင်ပုံပြင်)၊
(၄၀) ထေရိအပါဒါန်... ဦးသီလစာရ၊ သက္ကရာဇ်မသိ၊
(၄၁) ဤတာလီဇါတ်... မောင်ယောင့်၊ သက္ကရာဇ်မသိ၊
(၄၂) ခနာ့ထော်မူ့လာမူ့လီ... မောင်ယောင့် သက္ကရာဇ်မသိ၊
(၄၃) မဟာပရိနိဗ္ဗာန်သုတ်နဲ်ာစဖိုလ်... သက္ကရာဇ်မသိ၊
(၄၄) ခန္ဒာပူရ... နဲ်ာစဖိုလ် ၁၂၆၉၊
(၄၅) ဖူ့လျောင်ဟယ့်... နဲ်ာစဖိုလ် ၁၂၇၆၊
(၄၆)နန်းမောင့်ဖလယ်ဝေါ်...မောင်ယောင့် (လူထုတိုက်ကရင်ပုံပြင်–တတိယ)၊
(၄၇) ဇနက္ကဇါတ်...နဲ်ာစံပွါး ၁၂၇၉၊
(၄၈) ဇိနတ္တ... မန်းနဲ်ာအောင်ပွင့်၊

(၄၉) သူရိယကုမ္မာ စန္ဒကုမ္မာ
နဲ၁်ရွှေဝေါ် ဦးကုသလ ၁၂၉၇၊
(၅၀) နီးဆယ်နီးကွယ်...
(ရာမလက္ခဏာအဆက်)၊
(၅၁) ခရမင်းသား... ရေးသူမသိ၊
(လူထုတိုက်ကရင်ပုံပြင်)၊
(၅၂) ဆုံးမစာပေါင်းချုပ်...
(လိက်အင်းသံင်း) ရေးသူမသိ၊
သက္ကရာဇ်မသိ၊
(၅၃) ကပ္ပအဆုံးအဖြတ်...
မန်းနဲ၁်အောင်ပွင့်၊ ၁၂၈၄၊
(၅၄)ကုမာရမသဖဇာတ်...ဦးသီလစာရ
၁၂၉၆၊
(၅၅)ပိဋကွောလဇာတ်...ဆဒ္ဒန်ဂူဆရာတော်၊
၁၂၈၉၊
(၅၆) ဒဂုံပိုင်... ကိုရင်ပန်းသာ၊
၁၂၃၃၊
(၅၇) သိဒ္ဓတ္ထမှုသစ်... ဦးသီဟတေ၊
၁၂၆၉၊
(၅၈) ကျောင်းထိုင်အင်္ဂါ...
ဦးစန္ဒာကဝိရေး(ပေးကူးနဲ၁်စဗိ)၊
၁၂၄၀၊
(၅၉) ဓမ္မစကြာ... ဦးဇာဂရ၊
ပုံနှိပ် မှုသစ်၊
(၆၀) မင်္ဂလသုတ်... ဦးဇာဂရ၊
ပုံနှိပ်မှုသစ်၊
(၆၁) ရှင်မဟာကဿဖ၊
(၆၂) ဥပသိတကောလိတာ၊
(၆၃) သောဏနန္ဒ၊
(၆၄) မဟာတဏှာနှင့် သင်္ဂါယနာ၊

(၆၅) သုတသောမ၊
(၆၆) ခေမာထေရီ၊
(၆၇) အနာထပိဏ်၊
(၆၈) ဥတ္တရာ၊
(၆၉) အာဠွာဝက၊
(၇၀)သီဝိမင်းကြီး၊
(၇၁) မဏိက္ခ၊
(၇၂) ဂရဟာဒိန္န၊
(၇၃) ယပ်လှဲတရားစာ၊
(၇၄) လောကနီတိ (ပုံနှိပ်မှုစကားပြေ)၊
(၇၅)ကရင်ရာဇဝင်စကားပြေလက်ရေးမူ၊
(၇၆) ကရင်ပုံပြင် (၅)တွဲ၊
(၇၇) မဟာဒါန၊
(၇၈) တိသရဟန်းလူထွက်၊
(၇၉) သုမဏသာမဏေ၊
(၈၀) သုရိယကုမ္မာစန္ဒကုမ္မာ၊
(၈၁) သစ္စကပုရိပိုက်၊
(၈၂) ကာကဝလ္လိယ၊
(၈၃) သုတ်သီလွှဒ္ဒ (စကားပြေ)၊
(၈၄) စူတ်မဟာဝါ၊
(၈၅) စူတ်ကါထေယျ၊
(၈၆) ဗုဒ္ဓသြဝါဒသုံးတွဲ... ဦးစန္ဒန၊
(၈၇) ကရင်အမျိုးသားသမိုင်း...
ကျမ်းအမှတ်(၆၁)မှ (၈၆)မပါဝင်ဘဲ
(၈၇)အထိမှာ၊မုက္ကဒိ ကျောင်းထိုင်
ဆရာတော် ဦးဥတ္တမ၏ လက်ရေးမူဖြင့်
ပြုစုသော ကျမ်းပေါင်းဖြစ်လေသည်။
ဆက်လက်ပြီး၊
(၈၈) ဝိနည်းငယ်လေးစောင်၊
(၈၉) လောကနီတိ(လင်္ကာ)၊

(၉၀) ကရင်ရာဇဝင်၊
(၉၁) ဝိပ္ပလိဘဒ္ဒကာပီလာနီ၊
(၉၂) ဒူဝေစေတီ၊
(၉၃) ဥတေန၊
(၉၄) ဒေဝဒတ်နှင့် အဇာတသတ်၊
(၉၅) အင်္ဂုလိမာလ၊
(၉၆) တေလပတ္တ၊
(၉၇) အနာထပိဏ်၊
(၉၈) ဥပက္ကဆာဝါ၊
(၉၉) ကောသလအိပ်မက်၊
(၁၀၀) မစ္ဆရိယသူကြွယ်၊
ကျမ်းတို့သည် ဦးဇာဂရပြုစုရေးသား
ခဲ့သော ကျမ်းများပင် ဖြစ်သည်။
(၁၀၁) ဦးစန္ဒ နှင့် ဦးဥတ္တမ တို့ပေါင်း၍
ပြုစုရေးသားသော၊ ပိုးကရင်
–မြန်မာ အဘိဓါန်နှင့်၊
(၁၀၂) ဦးပညာ၏ ဂါထာတထောင်၊
(ဝေသန္တရာဇတ်တော်) ကျမ်းများဖြစ်
ကြသည်။ ဆရာတော် ဦးဥတ္တမ၏
ရှင်မဟာကဿဖ ကျမ်းမှ သုတ်ပါထေ
ယျကျမ်းအထိကို သက္ကရာဇ်၁၃၂၄ခုနှစ်
မှ သက္ကရာဇ်၁၃၃၁ခုနှစ်အတွင်း ရေး
သားပြုစုခဲ့ပါသည်။ နောင်းခေတ် ဗုဒ္ဓ
ဘာသာဝင် အရှေ့ပိုးကရင်များ
လေ့လာသိရှိကြပါကုန်သော်... ... ...

**ဖါးလီးကလိုး**

*(အတ္တုပ္ပတ္တိစာအုပ်နှင့် ကရင်
ပြည်နယ်အလှ စာအုပ်မှ အချက်
အလက်အချို့ကို မှီးပါသည်။)*

စာဖတ်သူသို့

လွတ်လပ်သောကရင့်သမိုင်းသုတေသနအသင်းမှထုတ်ဝေဖြန့်ချီသော နိုင်ငံသစ်စာစောင်များနှင့်ပတ်သက်၍ ပကတိအခြေအနေ အဖြစ်မှန်များနှင့် ကိုက်ညီမှုမရှိဘဲလွဲချော်နေပါက အမှားများကို ဝိုင်းဝန်းပြုပြင်ပေးပါရန်အပြင် ကရင့်သမိုင်းဆိုင်ရာ အချက်အလက်အထောက်အထားများ၊ စာရွက်စာတမ်းများ၊ ဓါတ်ပုံမှတ်တမ်းများကို အမျိုးသား အကျိုးအတွက်ပေးပို့နိုင်ပါသည်။

အယ်ဒီတာ
လွတ်လပ်သောကရင့်သမိုင်းသုတေသနအသင်း။

**လွတ်လပ်သောကရင့်သမိုင်း သုတေသနအသင်း**
**No. 533. INTERAKEEREE ROAD,**
**MAE SOT. TAK. 63110.**
**Telephone- 055 532304, 055 542161, 055 544356, 055 533095.**

# သမိုင်းသက်သေ

**ဤမှတ္တမ်းတွင်မည်သူမဆိုပါဝင်ဆွေးနွေးနိုင်ပါသည်၊**

(၁)

“လူသည်မိမိသမိုင်းကြောင်းကို မိမိ၏လုပ်ဆောင်ချက်ဖြင့် ရေးလေသည်။ မိမိလုပ်သမျှ ကောင်းမှု၊ မကောင်းမှုတို့သည်၊ မည်သည့်အခါတွင်မှ ပျောက်ပျက်မသွားပေ။ အနည်းဆုံး မိမိ၏မိသားစုထဲတွင် ပြောစမှတ်ပြုစရာအဖြစ် ကျန်ရစ်ခဲ့မည်သာ ဖြစ်သည်။ ”

ကျနော်ရေးခဲ့သော ‘လုပ်ဘို့သင့်ပြီထင်သည်’ အမည်ရှိသော ဆောင်းပါးမှ စာကြောင်းအချို့ ဖြစ်သည်။ ထို ဆောင်းပါးကို ၁၉၉၀ –ပြည့်နှစ် ၊ ဩဂုတ် လတွင် ဒူးပလာယာခရိုင်မှ ထုတ်ဝေ သော၊ ကရင့် အာဇာနည်နေ့အထိမ်း အမှတ် စာစောင်၌ ဖော်ပြခဲ့သည်။

“ထင်သည်” ဟူသော အသုံးအနှုန်းကိုသုံးရခြင်းမှာ လုပ်သင့်ပြီလား မလုပ်သင့်သေးဘူးလားဟူသည့် မရေမရာဝေခွဲမရဖြစ်နေသော သဘောမျိုးဖြင့်မဟုတ်ဘဲ လုပ်ဆောင်ရန်သင့်ပြီဖြစ်ကြောင်းကျနော်၏ ယူဆချက်ကို တင်ပြသည့်သဘောမျိုးသာဖြစ်သည်။ အမှန်ပင်လုပ်ဆောင်သင့်သော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် မလုပ်ဖြစ်ဘဲ လစ်ဟာနေခဲ့သည့် အလုပ်များကို (မည်သည့်အခြေအနေ မည်သည့်အကြောင်းများကြောင့် လစ်ဟာနေရကြောင်း တိကျစွာမသိရဘဲနှင့်) လုပ်ဘို့သင့်ပြီဟု ယတိပြတ် တိုက်တွန်း သည့်လေသံမျိုးကို ကျနော်မသုံးစွဲ လို၍လည်း ဖြစ်သည်။ ဆောင်းပါး၏ အကြောင်း အရာ အချုပ်မှာ အနှစ် (၄၀)ကျော် ကရင့်လက်နက်ကိုင် တော်လှန် ရေးကြီး၏ သမိုင်းကြောင်းတလျှောက် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသော၊ ဆက်လက်၍လည်း ကြိုးပမ်းတိုက်ပွဲဝင်နေဆဲ



**ဆောင်းပါးရှင် *ဆရာထက်ခေါင်၊***

ဖြစ်သော၊ အမျိုးသား ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိစာပေများကို ပြုစုရေးသားရန် နိုးဆော်ခြင်းပင် ဖြစ်သည်။ ထိုအတ္ထုပ္ပတ္တိ စာပေများသည် ကရင့်တော်လှန်ရေးသမိုင်းကြောင်းကို ရေးသားသည့်အခါတွင်၊ အမည် နာမ ကာလ ဒေသ၊ ခုနှစ် သက္ကရာဇ်များ အပါအဝင်၊ လုပ်ဆောင်ချက်နှင့် သဘောထားများအဆုံး၊ အသေးစိတ် အချက်အလက်များဖြင့် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းလည်း၊ တင်ပြခဲ့သည်။ အဂတိတရားလိုက်စားပြီး ကိုယ်ကျိုးငဲ့ကာ ရေးသားသည့် ဘုန်းတော်ဘွဲ့စာပေမျိုး မဖြစ်စေဘဲ နောင်လာနောက်သားများအတွက် အတုယူဘွယ်၊ သင်္ခန်းစာ ယူဘွယ်၊ လုပ်ဆောင်ချက် အမှန်၊ အမှားများကို၊ သမာသမတ်ကျစွာနှင့် အကြောင်းအကျိုးခိုင်လုံစွာ၊ တင်ပြနိုင်သော စာပေမျိုး ဖြစ်ရန်လည်း အရိပ်အမြွက်မျှ တိုက်တွန်းခဲ့သည်။

အမှန်စင်စစ် ထိုဆောင်းပါးကို၊ ၁၉၈၉ ခုနှစ်လယ်ပိုင်းကတည်းက ရေးသားခဲ့ခြင်းဖြစ်ပြီး ထိုနှစ်ကုန်ပိုင်း ဝေါ်လေတွင်ကျင်းပသော ကရင့် နှစ်သစ်ကူး ပွဲတော်၌ နံရံကပ် စာစောင် အဖြစ် ပဌမဦးစွာ ဖော်ပြခဲ့ဘူးသည်။ ၎င်းစာစောင်နှင့်အတူ “မေတ္တာ စေတနာ သံယောဇဉ်” ဟူသော ဝတ္ထုတို ကလေးကိုလည်းဖော်ပြခဲ့ပါသည်။ ကရင်ပြည်နယ်အတွင်း မစွမ်းမသန် ကိုယ်အင်္ဂါ ချို့ယွင်းလျက် မွေးဖွါးလာကြရှာသော ကလေးအချို့နှင့် စပ် လျဉ်းပြီး ရေးဖွဲ့ထားသော ဝတ္ထုတိုကလေးပင်ဖြစ်သည်။ ထို ဝတ္ထုတို နှင့် ပတ်သက်၍ အကျိုးသင့် အကြောင်းသင့် ဆွေးနွေးဝေဘန်မှုများ အနည်းငယ်ရရှိခဲ့သော်လည်း ဆောင်းပါးနှင့်ပတ်သက်၍မူ မည်သည့်ပုံတင်သံကိုမျှ မကြားခဲ့ရပေ။

ဆရာ မန်းအောင်မြသိန်း တဦးတည်းကသာ သမိုင်း၊ ရာဇဝင်၊ မော်ကွန်း၊ အတ္ထုပ္ပတ္တိတို့နှင့် ပတ်သက်သည့်၊ ရှင်းလင်း ဖွင့်ဆိုချက် များကို၊ စူးစမ်းမှုပြုသည်။ ကရင့်အမျိုးသားတော်လှန်ရေး ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိစာပေများ ရှိသင့်ကြောင်း ရှင်းလင်း တင်ပြချက်များနှင့် ပတ်သက်၍ မည်သို့မျှ ထင်မြင်ချက် မပေး ဒူးပလာယာခရိုင်၏ ၁၉၉၀ ပြည့်နှစ် အာဇာနည်နေ့ အထိမ်းအမှတ် စာစောင်၌ ဖော်ပြပြီးသည့်တိုင် မည်သူ တဦး တယောက်၏ သဘောထား တုန့်ပြန်မှုကိုမျှ မကြားခဲ့ရချေ။

...❖...

(၂)

**နှစ်ကာလကြာမြင့်ခဲ့ လေသည်၊**

၁၉၉၃ခုနှစ်၌ မန်းဘဇန်နှင့် ကရင့် တော်လှန်ရေးဟူသော အတ္ထုပ္ပတ္တိစာအုပ် တအုပ် ထွက်ပေါ်လာသည်ကို အံ့သြ ဝမ်းမြောက်စွာ တွေ့မြင်ဖတ်ရှုလိုက်ရသည်။ စာအုပ်ပြုစုသူမှာ ဖူးကီးဒို ဖြစ်သည်။ မန်းဘဇန် ၏ သားတဦးဖြစ်သည်။ ဘခင်၏အကြောင်းကို၊ သားကရေးသည်မှာ သဘာဝကျသော လုပ်ရပ်ဖြစ်သည်။ မိမိ၏ ဘခင်တဦးအဖြစ်သာမက ကရင့်တော်လှန်ရေးအတွင်း ပါဝင်ဦးဆောင်ဦးရွက် ပြုခဲ့သည့် ခေါင်းဆောင်ကြီးတဦး အဖြစ်ပါ၊ အလေးတယူ လုပ်သင့် လုပ်ထိုက်သော လုပ်ရပ်ပင်ဖြစ်သည်။

ဘခင်၏ ဘဝတစိတ်တပိုင်းနှင့် ကရင့်တော်လှန်ရေးအတွင်း ဘခင်၏ဆောင်ရွက်မှု အတွေ့အကြုံများအကြောင်းကို မှတ်တမ်း ပြုစု ရေးသားထားခြင်းဖြစ်သော်လည်း ၊ပုံကြီးချဲ့အမွှန်းတင်မှုမျိုး မပါရှိဘဲ၊ မှီငြမ်းကိုးကားသော စာအုပ် စာတမ်းများဖြင့် ရိုးစင်းစွာ တင်ပြထားသည်ကို၊ ဖတ်ရှုရသည်။ အချို့ နေရာများတွင်၊ အသံဖမ်းတိတ်ခွေအတွင်း သွင်းယူထားသော၊ ဘခင်၏ စကားများအတိုင်း ဖေါ်ပြထားသည်ကို တွေ့ရသည်။ မန်းဘဇန်၏ ဘဝနှင့် ကရင့်တော်လှန်ရေး သမိုင်းကြောင်း တစိတ်တဒေသကို ဖေါ်ပြရာ၌ လုံးဝ ပြီးပြည့်စုံသော စာအုပ်တအုပ်ဟု မဆိုနိုင်သော်လည်း၊ တတ်အားသမျှ ကြိုးစားထားကြောင်းကို တွေ့ရ လေသည်။

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ၎င်းတို့ ခေါင်းဆောင်အသီးသီး၏ အတ္ထုပ္ပတ္တိများ၊ စစ်ဗိုလ်ချုပ်၊ အနုပညာရှင်၊ အတတ်ပညာရှင်၊ အားကစားသမား စသူတို့၏ အတ္ထုပ္ပတ္တိများနှင့် အချို့သော၊ စာရေးဆရာများ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများအပြင် အမည်မထင်ရှားသော်လည်း မိမိ၏ အတွေ့အကြုံ၊ တွေးခေါ် ခံယူချက်နှင့် လုပ်ဆောင်မှုများအကြောင်းကို စိတ်ဝင်စားဘွယ် ကောင်းအောင် ရေးသားနိုင်ကြသော သာမာန်လူတို့၏၊ ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်လျှက်ရှိရာ မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ရရှိရန်ကြိုးပမ်းနေခဲ့ကြသော ကရင့်အမျိုးသားအစည်းအရုံးတွင်မူ စောဘဦးကြီး၏အတ္ထုပ္ပတ္တိကိုပင် ဆောင်းပါးအတိုအထွာလေး တပုဒ်၊ နှစ်ပုဒ်မှ လွဲ၍ စာတစောင် ပေတဖွဲ့ အဖြစ်၊ သီးခြားထုတ်ဝေမှု မရှိခဲ့သည့် အနေအထား၌ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေးစာအုပ်သည် ပဌမဦးဆုံးသော၊ (ကရင့်ခေါင်းဆောင် တဦး၏ အတ္ထုပ္ပတ္တိ) စာအုပ်ပင် ဖြစ်သည်ဟု ဆိုရပေမည်။

မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး စာအုပ်ကို ထုတ်ဝေသူမှာ ၁၉၉၂ ခုနှစ်တွင်၊ ဖွဲ့စည်းလိုက်သည့် "လွတ်လပ်သော ကရင့်သမိုင်း သုတေသန အသင်း" မှ ဆရာမန်းအောင်ငွေး ပင်ဖြစ်သည်။ မန်းအောင်ငွေး အနေဖြင့် ကရင့်တော်လှန်ရေး အတွင်း အထူးပင် လိုအပ်လျှက်ရှိနေသော ကွက်လပ်ကြီးတခုကို၊ ဖြည့်ဆည်းနိုင်ဘို့ရန် ကြိုးပမ်းလိုက်ခြင်းပင် ဖြစ်ပေသည်။

(၃)

**လူမျိုးတိုင်းမှာသမိုင်းရှိသည်၊**

ကရင် လူမျိုးတွင်လည်း၊ သမိုင်း ရှိလေသည်။ သို့ရာတွင် ကရင်အမျိုးသားတို့၏ သမိုင်းကို တိကျစွာ ဖေါ်ထုတ်၊ မှတ်တမ်း ပြုစုနိုင်ရေး အတွက်၊ ကြိုးပမ်းမှုများသည် လွယ်ကူသော ကိစ္စတရပ်မဟုတ်ပေ။ ကရင်လူမျိုးနှင့်ပတ်သက်၍ မန်းသင့်နောင်နှင့် မောင်စင်ကြယ် တို့ ရေးသားခဲ့ကြသောစာအုပ်များကိုချည်း အားကိုး၍ မရနိုင်။ အချို့သောစာအုပ်များ၌ ကရင်လူမျိုးအဖြစ် ဆင်းသက်လာပုံ သမိုင်းကြောင်းတွင်ပင် ခုနှစ်သက္ကရာဇ် ကွဲလွဲမှုများ၊ ခန့်မှန်းရေးသားမှုများ၊ များစွာရှိနေသည်ကို တွေ့ရ ပေရာ၊ ကရင့် ယဉ်ကျေးမှုသမိုင်း ကရင့်ဘာသာ စကားများနှင့်ကရင့်စာပေများသမိုင်း စသည်တို့မှာ တိကျခိုင်လုံသော၊ အကိုးအကား အထောက်အထားများ ရရှိရန်၊ အထူးတလည် လေ့လာစူးစမ်းမှုပြုရမည့် သမိုင်းကြောင်းများပင် ဖြစ်ပေသည်။

ကရင်အမျိုးအနွယ် လူကြီးသူမတို့၏ အစဉ်အဆက် ပြောစမှတ်ပြုလာခဲ့သော၊ ပါးစပ်ရာဇဝင်များနှင့် ထားတဘောင်များကိုလည်း မျက်စေ့မှိတ်ယုံ စား၍မရ။ ကာလရွေ့လျော လာသည်နှင့်အမျှ ပါးစပ် ရာဇဝင်များမှာ တဒေသနှင့် တဒေသ ကွဲပြားခြားနားမှုများ ရှိနိုင်သည်။ ကရင့်အကြောင်း တစွန်းတစ ရေးသား ထားသော စာအုပ်များကို ဟို စာအုပ်လှန်၊ သည်စာအုပ်လှန်၊ ကူးယူပြီး၊ '... ... ဟု ဆို၏' ဟူသော မှတ်တမ်းဆောင်းပါးမျိုး ကိုလည်းရေး၍ မရ။ အကျိုးအကြောင်း မခိုင်လုံပါဘဲ နှင့်မိမိ၏ ထင်မြင်ယူဆချက် များကို လည်း၊ ပေး၍မဖြစ်ပေ။

ကရင့်သမိုင်းနှင့် စပ်လျဉ်းသည့် ပြည်တွင်းပြည်ပ စာအုပ်၊စာတမ်းများကို ပြန်လည်ဖတ်ရှုလျှက်၊ အချက်အလက်များ ထုတ်ယူရခြင်း၊အဖြစ်အပျက် ကိစ္စရပ်တခုအပေါ်တွင်၊ ခုနှစ်သက္ကရာဇ်မှအစ အကြောင်းအရာ အချို့ပါ၊ ကွဲလွဲမှုရှိနေသည့် စာအုပ်များကို အခြားသော စာအုပ်များမှ နီးစပ်ရာအကြောင်းအချက်များနှင့်ပါ တိုက်ဆိုင်ကိုက်ညှိလျှက်၊ အမှန်ကန်ဆုံးသော၊ (အဖြစ် နိုင်ဆုံးသော) ယူဆချက်များကို ပေးရခြင်း၊ ကောက်ချက်ဆွဲရခြင်း၊ "ထိုသို့ပင်ဖြစ်ရမည်" ဟု တိကျစွာ ဆုံးဖြတ်ချက် ချရခြင်း။ အထောက်အထားများ ပိုမိုခိုင်လုံမှု ရှိစေရန်အတွက် စာအုပ်များကိုချည်း အားကိုး လုပ်ဆောင်နေ၍မရဘဲ မိမိသိရှိလိုသော၊ အချက် အလက်များအပေါ် ခရီးလမ်းပန်း ကြမ်းတမ်း နီးဝေး မရှောင်၊ သွားရောက်လျှက် လေ့လာမေးမြန်း မှတ်

သားရခြင်း သမိုင်းကြောင်းဆိုင်ရာ အချက်အလက် ကွင်းဆက်ပြတ်မှုများနှင့် ကြုံတွေ့ရသည့်အခါတွင် စိတ်ရှည်လက်ရှည်စွာဖြင့် ပိုမိုအာရုံစူးစိုက်လျက် မနေမနားလေ့လာရခြင်းစသည်တို့မှာသုတေသီများအဘို့ မည်သို့မျှ ရှောင်လွဲ ၍ မရနိုင်သည့် ကိစ္စရပ်များပင်ဖြစ် သည်။

ထိုအခက်အခဲများကြားမှပင်၊ ၁၉၉၃ခုနှစ်မှစ၍ ကရင့်သမိုင်း လေ့လာရေး "နိုင်ငံသစ်" သုတေသန စာစောင် ပေါ်ထွက်လာခဲ့သည်မှာ ယခုဤစာအုပ်နှင့်ပါဆိုလျှင် (၄)အုပ်မြောက်ခဲ့ပြီဖြစ်ပေသည်။ အတ္ထုပ္ပတ္တိ စာအုပ်များသည်၊ နောင်လာ နောင်သား သုတေသီများအတွက် ဆက်လက်လေ့လာ ဖေါ်ထုတ်ရမည့် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များအတွက် မရှိမဖြစ်၊ လိုအပ်လှပြီး၊ ပို၍အသေးစိတ်ကျလှသော၊ အချက် အလက်များဖြင့် အဓိကနေရာမှ ပါဝင်နေကြောင်းကို သဘောပေါက်နားလည်ထားသော မန်းအောင်ငွေးအဖို့ ကရင့် တော်လှန်ရေး ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ထုတ်ဝေရန်ကြိုးစားခဲ့ရာမှ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေးစာအုပ်ကို ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်သည်။ ကရင့်တော်လှန်ရေး၏ သမိုင်းကြောင်းကို ပြုစုရာတွင် များစွာအထောက်အကူ ပြုနိုင်မည် ဖြစ်သော ထိုအတ္ထုပ္ပတ္တိစာပေများကို ဆက်လက်ထုတ်ဝေသွားနိုင်ရန်လည်း ကြိုးပမ်းလျက် ရှိသည်။

(၄)

၁၉၉၃ခုနှစ်၊ ဒီဇင်ဘာလတွင်၊ ဒူးပလာယာခရိုင်၏ ကရင့်နှစ်သစ်ကူးပွဲတော်အတွင်း ဆရာမန်းအောင်ငွေးနှင့် ကျနော် ပြန်လည်ဆုံတွေ့ခဲ့သည်။ ၎င်းနှင့် ပဌမအကြိမ်တွေ့ဆုံခဲ့ခြင်းမှာ ၁၉၉၁ ခုနှစ်က ဖြစ်ပြီး၊ ၎င်းတို့ထုတ်ဝေသော စာမျက်နှာ (၁၂) မျက်နှာရှိ လက်ကမ်းစာစောင် ငယ်ကလေးတွင်၊ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ရာမှ သိကျွမ်းခဲ့ရခြင်းဖြစ်သည်။

ဆရာ မန်းအောင်ငွေးနှင့် ပြန်လည် မတွေ့ဆုံမှီကပင် ၎င်းထုတ်ဝေသော ကရင့်သမိုင်းလေ့လာရေး "နိုင်ငံသစ်" သုတေသနစာစောင် နှင့် 'မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး စာအုပ်'ကို ကျနော်ဖတ်ရှုခဲ့ရပြီး ဖြစ်သည်။ သုတေသနပြု အချက်အလက် ရှာဖွေ စုဆောင်းလေ့လာမှုပြုရာ၌ စိတ်အားထက်သန်သူချင်း အတူလက်တွဲ လုပ်ကိုင်ကြရန် ဆရာမန်းအောင်ငွေး မှ ဖိတ်ခေါ်ခဲ့သော်လည်း အကြောင်းကိစ္စ အမျိုးမျိုးတို့ကြောင့် ကျနော်မလိုက်နိုင်ခဲ့ချေ။

အခါအားလျော်စွာ စာစောင် စာတမ်းများ ထုတ်ဝေရခြင်း၊ ကရင့်တော်လှန်ရေး အထိမ်းအမှတ် နေ့ကြီးရက်ကြီးများနှင့် ရာသီမရွေးပြုလုပ်တတ်သော သင်တန်းဖွင့်ပွဲ၊ သင်တန်းဆင်းပွဲများ၌ အခမ်းအနားများပြင်ဆင်ရခြင်း၊ ဘီဘီစီ၊ ဗွီအိုအေ နှင့် နဝတအသံတို့ကို နေ့စဉ်နှင့်အမျှ ဖမ်းယူနားထောင်လျက်၊ သတင်းကောက်နှုတ်ချက်များရေးရခြင်း၊ မှတ်တမ်းတင် ရုပ်ရှင်နှင့် ရုပ်ငြိမ်ဓါတ်ပုံများလိုက်လံရိုက်ကူးရခြင်း၊ စသည့် အလုပ်များဖြင့် ကျနော်မအားလပ်အောင် ရှိနေပါသည်။ ဒူးပလာယာခရိုင်၏ စည်းရုံးရေးဌာန၌ လုပ်ငန်းများစွာရှိသည်။ ရုံးလုပ်ငန်းမှအစအဆုံးတွင်ပါဝင်ပူးပေါင်းလုပ်ဆောင်လျက် ဘုံရန်သူ စစ်အုပ်စုအား မိမိတို့ကျွမ်းကျင်ရာ ကဏ္ဍအသီးသီးမှ ထိုးနှက်တိုက်ခိုက် နိုင်ဘို့ရန်ကြိုးပမ်း ဆောင်ရွက်နေကြ လေသည်။

(၅)

ဒူးပလာယာ၏ မှတ်တမ်းတင် သတင်းစဉ်–၁/၉၄၊ ဗွီဒီအို တိတ်ခွေ ထုတ်ဝေဖြန့်ချိရန်အတွက်၊ ထိုင်းနိုင်ငံသို့ သွားရောက် ကူးယူစဉ်၊ ရဲဘော်ဝမ်းသာထံမှ အကူအညီတောင်းသည့် စာတစောင် ကျနော်တည်းခိုရာ နေရာသို့ ရောက်ရှိလာသည်။

ရဲဘော်ဝမ်းသာမှာ ဒူးပလာယာခရိုင် စည်းရုံးရေးဌာနမှပင် ဖြစ်ပြီး၊ ခရိုင်ခွင့်ပြုချက်ကို ရယူလျက်၊ ဆရာမန်းအောင်ငွေး၏ အစီအစဉ်ဖြင့် ကွန်ပြူတာ သင်တန်းကို သင်ကြားလေ့ကျင့်ရင်း လက်တွေ့လုပ်ကိုင်နေသူဖြစ်သည်။ အသစ် ထုတ်ဝေမည့် "နိုင်ငံသစ်" စာစောင် အတွက်၊ ပန်းချီဒီဇိုင်းနှင့် အပြင်အဆင်များ ပြုလုပ်ပေးရန်အပြင်၊ သတ်ပုံ၊ သတ်ညွှန်းနှင့် ဝါကျတည်ဆောက်မှုများကိုပါ၊ တည်းဖြတ်ပေးရန် အကူအညီတောင်းခံသည့် စာပင်ဖြစ်သည်။ စာမှာတည်းခိုရာနေရာမှ တဆင့် ခရိုင်ရှိ ကျနော့ထံပို့ရန် လိပ်မူတပ်ထားသော်လည်းကျနော်ရောက်နေချိန်နှင့် ကြုံကြိုက်သည့်အတွက်၊ အချိန်မဆိုင်းဘဲ၊ ကျနော်သွားရောက် တွေ့ဆုံခဲ့သည်။ ဗွီဒီအို အခွေကူးယူမည့် ကျနော့်၏လုပ်ငန်း၌လည်း၊ အဆင်မပြေမှု အနည်းငယ်ရှိသောကြောင့် အပြန်အလှန် ကူညီဆောင်ရွက်မှုပြုပါရန်၊ ကျနော်ပြောခဲ့သည်။ ကျနော်တို့ လုပ်ကြသည်။

ညနေပိုင်းတွင် ဆရာမန်းအောင်ငွေးနှင့်တွေ့သည်။ မန်းအောင်ငွေးက ထော့မဲပါကို ပြန်လည် ထုတ်ဝေဘို့ရန်အတွက် ၎င်းတာဝန်ယူထားကြောင်း၊ ဒူးပလာယာခရိုင်ခေါင်းဆောင်ကြီးများ အပါအဝင်၊ ကရင့်တော်လှန်ရေးမှ ခေါင်းဆောင်ကြီးများ၏အတ္ထုပ္ပတ္တိများကိုလည်း ထုတ်ဝေလိုကြောင်း၊ ထိုကိစ္စများအတွက် ကျနော့်၏အကူအညီ လိုအပ်ကြောင်းကို ပြောလေသည်။

(၆)

**လူ့အောင်လောက ဆက်လက်ရှင်သန်တိုးတက်ရေးအတွက်သမိုင်းသည် မရှိ မဖြစ်သော လိုအပ်ချက်ဖြစ်သည်။**

သမိုင်းဖြစ်စဉ်များကို လေ့လာလျက်၊ဆောင်ရန်ရှောင်ရန်ကိစ္စရပ်များကို ဝေဘန်ချင့်ချိန်နိုင်သည်။ သမိုင်းတွင်ရစ်ခဲ့သည့် မှားယွင်းသော လုပ်ရပ်များကို သင်္ခန်းစာယူနိုင်သည်။

□စာမျက်နှာ( ၂၉ ) သို့

# ကရင်လူမျိုးများနှင့်ဘားစည်

ကရင်အမျိုးသား အပေါင်းတို့သည်၊ ဘားစည်ကိုအမျိုးသား ယဉ်ကျေးမှုအထိမ်း အမှတ်အနေဖြင့် အထွဋ်အမြတ်ထားပြီး လေးစားကြပါတယ်။ ဗမာလို ဘားစည်လို့ ခေါ်ပြီး အရှေ့ပိုးကရင်ဘာသာနဲ့ "ကလူး" လို့ ခေါ်ဆိုကြပါတယ်။ ကရင်ဝေါဟာရ "ကလူး" ဟာ၊ ဗမာလိုဆီလျော်အောင် အဓိပ္ပါယ်ဖွင့်ဆို ရပါလျှင် အလေးထား ဦးညွတ်ခြင်း၊ မြတ်နိုး ကြည်ညိုခြင်းနှင့် အတူ လေးလေးနက်နက် လေးစားလိုက်နာခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ စည်ရဲ့မျက်နှာပြင်ပေါ်မှာ ဘားရုပ် တွေရှိတဲ့ အတွက်၊ဗမာတွေက ဘားစည် လို့ ခေါ်ဆိုကြ ခြင်းဖြစ်ပါတယ်။ ရှေးတုန်းကဆိုရင် တောတောင်အတွင်းမှာ ရွာတည်ပြီးနေကြတဲ့ ကရင် လူမျိုးတွေဟာ တအိမ်နဲ့ တအိမ်၊ တရွာနဲ့ တရွာ ဟာ အလှမ်းဝေးကွာလှပါတယ်။ ရွာသူ.ရွာသားတွေ စုဝေးစေချင်တဲ့အခါ ဘားစည်ကို ရိုးရိုးတီးခတ် အသံပေးပြီး စုရုံးကြတယ်။ အရေးတကြီး ကိစ္စပေါ်လာလို့ဘဲဖြစ်ဖြစ်၊ ရန်သူ့ဘေးနဲ့ကြုံရလို့ဘဲဖြစ်ဖြစ်၊ ဘားစည်ကို အမှတ်အသားနဲ့တီးခတ်ပြီး လူစုကြသည်။ ရွာသူ ရွာသားတွေဟာ အချက်ပေးအမှတ်အသားနဲ့ တီးခတ်တဲ့ဘားစည်သံကို နားထောင်ပြီး ကိစ္စရဲ့ အကြောင်းအရင်းကို နားလည် သဘောပေါက်ကြတယ်။ ကရင်လူမျိုး တို့သည် ရွာ၌ ရောဂါဘယ ထူပြောသည့်အခါမျိုးတွင် ရွာကိုပတ်၍ အဝိဋ္ဌာန်ဖြင့် ဘားစည်ကို တီးခတ်ပြီး မကောင်းဆိုးဝါးများအား နှင်ထုတ် တတ်ကြပါတယ်။ ဘားစည်၏ ရှူးရှူးရှရှမြည်ဟီးသောအသံသည် ရောဂါဘယတို့ကို ပျောက်ကင်းစေနိုင်ပြီး မကောင်းဆိုးရွားများ ကြောက် လန့်ကာ ရှောင်ပြေးကြရတယ်လို့ ယုံကြည်ခဲ့ ကြပါတယ်။ ဘားစည်ဟာ အထွဋ်အမြတ်ထားတဲ့ ပစ္စည်းဖြစ်တဲ့အတွက် အတိတ်နမိတ် များလည်း ပြတတ် ပါတယ်။ ဘားစည်က ထွက်ပေါ်လာတဲ့ အတိတ်၊ နမိတ်တွေကို နားလည်တဲ့သူတွေက



*ကရင်အမျိုးသားတို့၏ နှစ်သစ်ကူးပွဲတော်တွင် မင်္ဂလာရှေ့ဘားစည်တီးခတ်နေပုံ*

ပြောပြကြသည့်အခါ၊ ကရင်လူမျိုးများသည် လုပ်ဆောင်စရာရှိသည်များကို ချက်ချင်းပင် လုပ်ဆောင်ကြခြင်း ပူဇော်ပသခြင်းတို့ကို ပြုလုပ် ကြပါတယ်။

ကရင်လူမျိုးများသည် ဘားပြုပ်ကို နှစ်လိုဘွယ်ရာ သတ္တဝါအဖြစ် အသိအမှတ်ပြုကြပါသည်။ သူတပါးကို ရန်မူလေ့မရှိ ရန်ငြိမ်းသည့် သတ္တဝါဖြစ်ပြီး ရန်မူလာသော သတ္တဝါများအား ၎င်း၏အရေခွံထဲမှ ထွက်လာသည့်အစေးများကို ညှစ်ထုတ်လိုက်သောအချိန်တွင် ၎င်းအားရန်မူလာသည့် သတ္တဝါများကို သေစေသော သတ္တိထူးများ သူ့မှာရှိပါတယ်။ ဘားပြုပ်တို့သည် ရန်မူခြင်းမရှိဘဲ သဘာဝစိတ်နေ စိတ်ထားအရ ရှောင့်ရဲတင်းတိမ်နိုင်ခြင်း၊ ရိုးသားပြီး အရေး အကြောင်းနှင့် ကြုံလာခဲ့လျှင်လည်း ရဲရင့်သော သတ္တိထူးများရှိခြင်းနှင့် ခံနိုင်ရည် ကောင်းခြင်းတို့ကိုပမာပြုကာ ကရင်လူမျိုးတို့၏ ရိုးသား ဖြူစင်ပြီး အေးချမ်းစွာ နေထိုင်လိုသော စရိုက်ရှိခြင်းများကို နှိုင်းယှဉ်ထားခြင်းဖြစ်ကြောင်းတွေ့ကြရပါတယ်။ ဘားတွေထဲမှာ ဘားပြုပ်ဟာ တန်ခိုး ထက်ပြီး သစ္စာတည်တယ်။ ဘားပြုပ်အော်လျှင် မလွဲမသွေ မိုးရွာမယ်။ ဥနဲ့ကလေးတွေကို ပြန် မစားဘူး။ ဘားပြုပ်ရဲ့ ဥနဲ့အရေခွံကိုစားမိရင်၊ မူးဝေအော့အန်ပြီး သေဆုံးနိုင်တယ်။ ဒါပေမဲ့ ဘားပြုပ်ရဲ့အရေခွံဟာ ဆေးဘက်ဝင်တယ်။ ယားနာတွေ၊ပွေးနာတွေ၊ မီးလောင်တဲ့ အနာတွေ ဖြစ်လာခဲ့လို့ရှိရင်တော့ ဘားပြုပ်ရဲ့ အရည်ခွံနဲ့ အုပ်ပေးလိုက်ပါက တခဏတာသော အချိန်ကာလ ကလေးအတွင်းမှာ ပျောက်ကင်း စေနိုင်ပါသည်။ ဒါကြောင့် ကရင်လူမျိုးများရဲ့ ကြပ်ခိုးစဉ်များ အပေါ်တွင်၊ ဘားပြုပ်အရေခွံကို ကြပ်တင်ပြီး သိမ်းဆည်းထားကြသည်ကို တွေ့ရှိ ကြရပေမည်။

ဘားစည်ကို ဘယ်အချိန် ကာလကစတင်ပြီး၊ သွန်းလုပ် အသုံးပြုခဲ့သနည်း ဆိုခြင်းကို ယနေ့တိုင် မည်သူမျှ မသိရှိကြသေးပါ။ ဘားစည်နှင့် ပတ်သက်၍ အယူအဆအမျိုးမျိုး ရှိခဲ့ကြသော်လည်း၊ ဘားစည်ကို ကြည်ညိုကာ ယဉ်ကျေးမှုအမွေတခုအဖြစ်သတ်မှတ်၍ ကရင်လူမျိုးတို့၏ မူလအစ ပိုင်ဆိုင်ခဲ့သော၊တူရိယာပစ္စည်းတခုအနေဖြင့် အားလုံးက တညီတညွတ်တည်း ခံယူ

ထားကြပါသည်။ ရှေးခေတ် ကရင်လူမျိုးများသည်၊ ဟိုး...မြောက်ဘက်မှာ တချိန်က "ဝ"လူမျိုးခေါ်၊"ကဝ" လူမျိုးများနှင့်အတူတကွ နေထိုင်ခဲ့စဉ်က ဘားစည်သွန်းလောင်းသော အတတ် ပညာကို တတ်ခဲ့ ကြသည်ဟု ဆို ကြပါသည်။မျက် မှောက် ခေတ် ကာလတွင် ကရင်လူမျိုး၊ ကယား လူမျိုးများ အသုံးပြုနေကြသည့်အပြင်၊ တရုပ်၊ ထိုင်း၊ မွန် ဂိုလီးယား၊ လော၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား တို့မှာပါ၊ ဘားစည်ကို အသုံးပြုနေကြသေးသည့် အကြောင်းကို၊ လေ့လာသိရှိ ရပါသည်။ ဘားစည်ကို သွန်းလုပ်သော နေရာ အစ သည်၊ ကမ္ဘောဒီးယား ပင်ဖြစ်သည်ဟု သုတေသီ အချို့က ပြောကြပါသည်။ ကရင်လူမျိုးများ၏ တေး၊ လင်္ကာ၊ သီချင်းများအရ လွန်ခဲ့သော နှစ်ပေါင်း တထောင်ကျော်ကတည်းက ဘားစည် ကို သွန်းလုပ်ခဲ့သည့် အကြောင်းကို လေ့လာသိရှိရပြန်ပါသည်။ ဘားစည်ကို "ကဝ"များက အများအပြား သွန်းလုပ် ခဲ့ကြသည်။ ယနေ့ ကာလတွင်၊ "ကဝ" လူမျိုးများ နှင့် ကရင် လူမျိုးတို့ သွန်း လုပ်ထားခဲ့သော၊ ဘားစည် (၇) မျိုးကို၊ တွေ့ရှိရပါသည်။

(၁) ကလိုးယူမူး...မဲခေါင် မြစ်ဖျားတွင် နေထိုင်သည့် အမျိုးသမီးများသွန်း လုပ် ခဲ့သော ဘားစည်။

(၂) ကလိုးယူခွါ့...မဲခေါင် မြစ်ဖျားတွင် နေထိုင်သည့် အမျိုးသား များ၊ သွန်းလုပ်ခဲ့သော ဘားစည်။

(၃) ကလိုးကဝါမူး...'ဝ' အမျိုးသမီးများ သွန်းလုပ်ခဲ့သော ဘားစည်။

(၄) ကလူးကဝါခွါ့...'ဝ'အမျိုးသားများ သွန်းလုပ်ခဲ့သော ဘားစည်။

(၅)ကလူးရှိုးဝေမူး...ပိုးကရင်အမျိုးသမီး များသွန်းလုပ်ခဲ့သော ဘားစည်။

(၆)ကလူးရှိုးဝေခွါ့...ပိုးကရင်အမျိုးသား များသွန်းလုပ်ခဲ့သော ဘားစည်။

(၇) ကလူးယူကော်တယ်... လွမ်းအောင် ဖန် သည့် ဖါးစည်။

ရှေးက ဘားစည် သွန်းလုပ်သော အတတ်ပညာမှာ အမျိုးသမီး များရော၊ အမျိုးသားများပါ သွန်းလုပ် နိုင်ကြောင်းကို၊ ဘားစည် အားခေါ်သည့် အခေါ်အဝေါ်များမှ ပင်လေ့ လာ သိရှိနိုင်ပါသည်။ ကရင်လူမျိုးတို့သည်၊ မဲခေါင် မြစ်ဖျားတွင်၊ နေထိုင်ခဲ့သော အချိန်ကတည်းက ဘားစည်ကို သွန်း လောင်း အသုံးပြုနေပြီဟု မှတ်ယူ နိုင်ပါသည်။

ဘားစည်ကိုပဥ္စလောဟာ ဟု ခေါ်သော ပစ္စည်းငါးမျိုးတို့ဖြင့်၊ သွန်းလုပ်လေ့ရှိပါသည်။ ရွှေ၊ ငွေ၊ ကြေးနီ၊ ခဲနှင့် သတ္တုတို့ကို အချိုးကျန မှန်ကန်စွာရောစပ်သွန်းလုပ်ပါမှ ဘားစည်သံမှာ သာယာ စူးရှမည် ဖြစ်ပါသည်။ ပဥ္စလောဟာကို မှန်မှန်ကန်ကန်ရောစပ်ပြီး သွန်းလုပ်ထားတဲ့ ဘားစည်သံဟာ အဝေးကြီး အထိပြေးလွင့်တယ်လို့ အဆိုရှိပါတယ်။ လျှို မြောင်တွေကြားမှာ တီးခတ်လျှင် ထို အသံလှိုင်းမှာ ပို၍ ပြေးကြောင်း၊ တောတောင် မရှိသည့် နေရာမျိုးတွင် တီးခတ်လိုက်ပါက အသံသည်ဟိန်း၍ရှည်လျားလှပါသည်။ ရှေး စာဆိုများအရဆိုလျှင် ဘားစည်၏ အသံမှာ...သုံးယူဇနာအထိပြေးသည်ဟု ဆို ထားပါသည်။ ဘားစည်များမှာ မျက်နှာပြင်ပိတ်ပြီး ဖင်ပိုင်းတို့တွင် ဖွင့်၍ ထားပါသည်။ ကိုယ်ထည် မှာ ခပ်သွယ် သွယ်လေးသိမ်ပြီး၊ ဖင်ပိုင်းတွင် နည်းနည်းလေး စွင့်ကား သွားပါသည်။ ဘားစည် ၏ မျက်နှာပြင် အလယ်တွင် နေမင်း၏ အလင်း ရောင်သဏ္ဍာန် ဖျာထွက်နေသော အသံလှိုင်းတို့ အား တုန်ခါစေသော အမှတ်အသားများ ပါရှိပါသည်။ ရောင်ခြည်မှာ (၆)သွယ်မှ(၁၂)သွယ်အထိ၊ တချို့မှာ တော့ (၁၈)သွယ်အထိရှိ ကြပါတယ်။ ရောင်ခြည်ဖြာသန်းနေတဲ့ အပေါ် ဘက်နားမှာတော့ စက်ဝိုင်းအရစ်တွေ ပါရှိ ပါတယ်။ စက်ဝိုင်းအရစ်များမှာ (၆)ခုမှ (၉)ခု အထိ ရှိကြပါတယ်။ စက်ဝိုင်းတခုနဲ့တခုတို့ရဲ့ ကြားတွေမှာ တော့၊ ငါး ရုပ်၊ ငှက်ရုပ်၊ပန်းပွင့် အရုပ် တွေနဲ့ ပုံဖော် ထားကြပါတယ်။ ဘားစည်ရဲ့ မျက်နှာပြင်ဒေါင့်စွန်းတွေမှာတော့ ဘားရုပ် ကလေးတွေကို "လေးနေရာ" ၌ အချိုးကျနစွာ စီထားခြင်းကို တွေ့ရှိ ရပါမယ်။ ဘားရုပ်များကို လက်ယာ ရစ်အနေအထားဖြင့် တကောင်၏ နောက်သို့ တကောင်လိုက်နေသော ပုံသဏ္ဍာန် ကို သရုပ်ဖော်ထားကြောင်း တွေ့ရမည် ဖြစ်သည်။ ဘားတကောင် ထပ်၊ နှစ်ကောင်ထပ်၊ သုံးကောင်ထပ် ဟူ၍ ဘားစည်အမျိုးမျိုး ရှိပါသည်။ ဘားစည်၏ကိုယ်ထည်အောက်ပိုင်းတွင် ဆင်ရုပ်နှင့် ခရုရုပ်များကို ရုပ်လုံးကြွ အောင်ဖော်ထားသည်ကို၊တွေ့မြင်ကြ ရပါသည်။ ဘားစည်၏မျက်နှာပြင် ပေါ်နှင့် ကိုယ်ထည်ပေါ် တို့တွင် အရုပ်များကို ဖော်ထားခြင်းမှာ သူ့အဓိပ္ပါယ်နှင့်သူ ရှိကြပါသည်။ ဘားစည် အပေါ်ရှိအရုပ်များကို ကြည့်ခြင်းဖြင့်ပင် ဘားစည်၏ ကြန်အင် လက္ခဏာ ပြည့်စုံခြင်း ရှိ၊မရှိ ကို သတ်မှတ်နိုင်ပါသည်။ ဘားစည်ကို ပိုင်ဆိုင်သည့်ပုဂ္ဂိုလ်သည်၊ ကြီးမြတ် သောသူ၊လေးစားထိုက်သည့် ပုဂ္ဂိုလ် အဖြစ်ဖြင့် ကရင် လူမျိုးတို့က အသိ အမှတ် ပြုကြပါသည်။

ကရင့်စကားပုံ တခုမှာ... "လေဝ်လုံထို့၊ထို့ထွာ၊ လေဝ်လုံခံင့်၊ ခံင့်ထွာ"လို့ဆိုထားပါတယ်။အဓိပ္ပါယ် ကတော့ကုန်းလမ်းခရီးသွားခြင်း ဘဲ ဖြစ်ဖြစ်၊ရေတွင်ခရီးသွားခြင်းဘဲဖြစ်ဖြစ်၊ ထာဝရ ကယ်တင်စောင်မခြင်း ခံရပါစေ ဆိုသည့် အဓိပ္ပါယ်ပင် ဖြစ်သည်။ ဘားဟာ ရေမှာဖြစ်ဖြစ်၊ ကုန်းမှာဘဲ ဖြစ်ဖြစ်၊ ကျင်လည် ကျက်စားသည့် သတ္တဝါ ဖြစ်ပြီး ကောင်းမြတ်သော မင်္ဂလာကို၊ ဆောင်ကျဉ်းပေးနိုင်တယ်လို့ အသိ အမှတ် ပြုထားကြပါတယ်။ ဆင်ရုပ်ရဲ့ အဓိပ္ပါယ်ကလည်း လောကတွင် အင်အား အကြီးမားဆုံးသောလူသားများ၏ အကျိုးကို အစွမ်း ဆောင် နိုင်ဆုံးသော နိမိတ်ပုံ ကို ဆောင်ထားပေသည်။ ဘားစည် ကိုယ်ထည်တွင် ခရုပုံ များ

ထည့်သွင်းထားခြင်း၏ အဓိပ္ပါယ်မှာ ခရုသည် လည်း ရေရောကုန်းရောပါ နှစ်ဌာနနေသည့် သတ္တဝါပင်ဖြစ်သည်။ သူတပါးအားရန်မမူ မင်္ဂလာယူသည့် အခါများတွင်လည်း၊ခရုသင်းကို မှုတ်ရပါသည်။ ခရုပါသောဘားစည်ကို ပိုင်ဆိုင် သူသည် မင်္ဂလာရှိသည်ဟု ဆိုကြပါသည်။ခရုကို ဟင်းလျာအဖြစ် ကရင်တို့က၊ ခုန်ခုန် မင်မင်စားသုံးကြပါသည်။ကရင် လူမျိုးတို့ ကျင်းပကြသည့် ကောက်ဦးစားပွဲ နှစ်သစ်ကူးပွဲများတွင် ပိန်းဥနှင့်ခရုကို ရောချက် ထားသည့်ဟင်းအား ကောက်ဦးဟင်းလျှာဟု သတ်မှတ်ပြီး မြတ်နိုးခုံမင်စွာစားသုံးကြသည်။

ရှေးက ကရင်တေးသီချင်း တပုဒ်တွင်"ယှူးထိ. ခွေခွေါဟ် အင်းဖ်င့် ခိုင်.ဖွံ့၊အင်းစူးသင့်မုက်ယူ.ယိင်။" အဓိပ္ပါယ်မှာ"ပိန်းဥခရုဟင်းလျာမြိန် ကောက်ဦး စားပွဲတော် ပျော်မွေ့ချိန်။" ဟူ၍ ဖြစ်ပါတယ်။

ဘားစည်၏ ဘားအကောင် အရေ အတွက်ကိုကြည့်ပြီး အဆင့်ခွဲခြားထားခြင်းရှိသည်။ ဘားစည်၏ တန်ဘိုးကို "ကေါဟ်လ် ဖွံ့းစေ၀်သိုင်.ဖင်." ဘားစည်တလုံး ၏ တန်ဘိုးကို ငွေ သုံးပိဿာဟု ရှေးကသတ်မှတ်ခဲ့သည်။ သို့သော်လည်း ဘားစည်၏ ကြန်အင်လက္ခဏာ မှာ အသံသာယာစူးရှမှု၊ မြည်ဟီးတုန်ခါမှုများ အပေါ်တွင်ကြည့်ပြီး ငွေသား တရာကျပ်သားမှ တထောင်ကျပ်သားအထိ တန်ဘိုးရှိပါသည်။ စံချိန်မှီသည့် ဘားစည်၏ မျက်နှာပြင်သည် လက်သီးဆုပ်(၆)ဆုပ် ရှိရမည်ဟု အဆိုရှိပါသည်။အချို့ဒေသများတွင် ဘားစည်အား လျော်ကြေးပေးသည့် နေရာများ၌ ဘားစည်ဖြင့် ပေးချေကြပါသည်။ မင်္ဂလာကြေး တင်တောင်းရာတွင်လည်း ဘားစည်ဖြင့်ပင် တင်တောင်းကြပါသည်။ ပဌမတန်းစား ဘားစည်ကို၊ အချက် (ရ)ချက်ဖြင့် စံထားကြပါသည်။

(၁) မျက်နှာပြင်တွင် ဘားရုပ်သုံးကောင် ထပ်ပြီးဘားဆယ့်နှစ်ကောင်ရှိရမည်။

(၂) ဘားရုပ် များသည် လက်ျာ ရစ်ပြီး တကောင်နှင့်တကောင်သည် ရှေ့သို့မျက်နှာမူပြီး နောက်မှလိုက်နေရမည်။

(၃) မျက်နှာပြင်၏အကျယ်သည်လက်သီးဆုပ် (၆) ဆုပ်ရှိရမည်။

(၄) မျက်နှာပြင်ရှိ အသံလှိုင်းများတွင် (၁၂)သွယ်သော ရောင်ခြည်ဖြာနေရမည်။

(၅) မျက်နှာပြင်ဝိုင်းမှာ အစိတ်အကျဲ မှန်ကန်ပြီးအနဲဆုံးစက်ဝိုင်း(၆)ခု ရှိရပါမည်။

(၆) ဘားစည် ကိုယ်ထည်၏ အပေါ်နဂါးပေါက်ကိုယ်ထည်တွင်ဆင်သုံးကောင် ခရု သုံး ကောင် အရုပ်များ ပါရှိရပါမည်။

(ရ) ဘားစည်၏ အသံသည် ဧမြမြနှင့် တလွင်လွင် စူးရှရပါမည်ဟုလည်း ဆိုထားပါသည်။

ဤအချက်(ရ)ချက်ဖြင့်ပြည့်စုံမှသာ၊ ပဌမတန်းစား ဘားစည် ဖြစ်ပေမည်။

ဘားစည်တို့တွင် အဖိုနှင့် အမ ဟူ၍လည်း ခွဲခြားထားပါသေးသည်။ ဘားစည်အဖိုမှာ အထက်တွင် ဖေါ်ပြထားသည့် အချက် (ရ)ချက်ဖြင့် ပြည့်စုံသည့် ဘားစည် ပင်ဖြစ်ပါသည်။ ဘားစည်မမှာ ကိုယ်ထည်တပိုင်း ပြတ်နေသည်။ မျက်နှာပြင်တွင် ဘားရုပ် တကောင်တည်းသာ ရှိတတ်ပေသည်။ ခါးပိုင်းနှင့်ကိုယ်ထည် ဆင်ရုပ်ဆိုလျှင်လည်း တကောင်တည်း ခရုဆိုလျှင်လည်း တကောင်တည်း ရှိတတ်ပါသည်။ ၎င်းနောက် အသံလွင်လွင်နှင့် စူးရှမှုလည်း မရှိဟု ဆိုထားပါသည်။ ဘားစည်အဖိုကို ရှိးရိုး တီးခတ်သည့်အပြင် စစ်ထွက်ရာ၌လည်း တီး ခတ်ကြပေသည်။ စစ်ထွက်ရာ၌ တီးသည့် စစ်ထွက်ဘားစည်ကို "ကျေါဟ်သ်လွဲာ်ခံင့်" ကလူးသလွဲထွန့်၊ ဇေယျာ ဘားစည်လို့ခေါ်ပြီး မြို့စားနယ်စားများထံတွင် ထားရှိ ကြပါသည်။ ဘားစည်တွင် မင်္ဂလာဘားစည်နှင့် အမင်္ဂလာဘားစည် ဟူ၍ ခွဲခြားထားပါသေးသည်။ မင်္ဂလာဘားစည်သည် ဘားစည်၏ ကြန်အင်လက္ခဏာများဖြင့် ပြည့်စုံသည့်ဘားစည် ဖြစ်ပြီး မင်္ဂလာရှိသော နေ့ထူး နေ့မြတ်များ ဖြစ်သည့်ကောက်ဦးစားပွဲ၊ အိမ်သစ်တက် မင်္ဂလာ၊ နှစ်သစ်ကူးပွဲတော်၊ ထိမ်းမြားလက်ထပ်မင်္ဂလာပွဲ၊ စစ်အောင်နိုင်ပွဲများတွင်၊အထိမ်း အမှတ်အဖြစ် တီးခတ်ကြပါသည်။ အမင်္ဂလာဘားစည်၏ ဘားရုပ်များသည် မျက်နှာချင်း ဆိုင်ရန် ထောင်နေပြီး၊ သွေးကွဲနေသည့်ပုံသဏ္ဍာန်ကို ဆောင်ထားပါသည်။ အသုဘကိစ္စ၊အရိုးကောက်ပွဲရှာနှင်ဒါဏ်ပေးသည့် အခါများတွင် တီးခတ်ကြပါသည်။ (ကရင် လူမျိုးများသည် လူမှုရေး အကျင့်သီလ ဖေါက်ပြန်ခဲ့ပါက ရွာကို ကြီးမားစွာ ထိခိုက်သည်ဟု အဆိုရှိ၍ လူမှုရေး ကျူးလွန် ဖေါက်ဖျက် သူများအား ရွာနှင်ဒါဏ်ပေးကြ ပါသည်။) လွယ်လွယ်နှင့် ဆိုရလျှင် မင်္ဂလာ ဘားစည်ကို'ဘားစည်အေး'ဟု ခေါ်ဆိုပြီး အမင်္ဂလာ ဘားစည် ကို 'ဘားစည်ပူ' လို့ ခေါ်ကြပါသည်။ရွှေဘားစည်၊ ငွေဘားစည်ဆိုသည်များလည်း ရှိပါသေးသည်။ ရွှေချည်း သက်သက်၊ ငွေချည်း သက်သက် သွန်းလုပ်ထားခြင်းမျိုး မဟုတ်ပါ။ အသံလှိုင်း အတွက် အရစ် ဖေါ်ရာတွင် အရစ်စက်ဝိုင်းကို ရွှေဖြင့် ဖေါ်ထားပါက ရွှေဘားစည်၊ ငွေဖြင့်ဖေါ်ထားပါက၊ ငွေဘားစည် စသည်ဖြင့် ခေါ်ဝေါ်ကြပါသည်။ ယခုခေတ်တွင် ရွှေဘားစည်၊ငွေဘားစည်များကို သိပ်မတွေ့ရတော့ပါ။

ဘားစည်ကိုတီးခတ်တော့မည်ဆိုလျှင်၊ လက်နှစ်ဖက် စလုံးကို အသုံးပြု တီးခတ် ရပါသည်။ ညာဘက်လက်ဖြင့် ဘားစည်၏မျက်နှာပြင်ကို ထုပြီး ဘယ်ဘက် လက်က ဒုတ် ပါးပါးလေး တချောင်း သို့မဟုတ် ပါကနီးစည်းဖြင့် ဖြစ်စေ ဘားစည်ထဲသို့ လျှိုသွင်း၍ တီးခတ်ရပါသည်။ ဤသို့သော ပုံစံဖြင့် တီးခတ်ပါမှ တီးခတ်နည်းမှန်ကန်ပါသည်။ ဘားစည်ကို တီးခတ်

သည့်အခါ၊ နည်းမှန် လမ်းမှန် မတီးခတ်ပါက လူကို ထိခိုက်သည် ဟူသော ‘အယူအဆ’လည်းရှိပါသည်။ ဘားစည်ကိုအကြောင်းမဲ့ မည်သူမျှ မတီးကြရန်၊ တားမြစ်ထားလေသည်။ ဘားစည်ကို အဓိကထားပြီး လင်းကွင်း၊ နှဲ၊ မောင်း၊ အိုးစည် တို့ဖြင့် တွဲဖက် ၍ တီးခတ်ခြင်းလည်းရှိပါသည်။ တခါတရံ ဘားစည်မှ အရည်များ ယိုထွက်လေ့ ရှိတတ်ပေသည်။ ထိုသို့ဖြစ်ခြင်းကို ဘားစည်‘ငို’သည်၊ ဘားစည် မျက်ရည်ကျသည်ဟု အယူအဆရှိသဖြင့်ငင်းဘားစည်အား ပူဇော်ပသခြင်း ပြုကြရပါ သည်။

ဘားစည်ကိုမည်သူမှ မတီးရဘဲ အလိုနေရင်း၊ အသံမြည်လာလျှင် မကောင်းသော အတိတ်နမိတ်ပင် ဖြစ်ပေသည်။ ရွာအတွင်း ဒုက္ခရောက်တော့မည့်နမိတ်ဟု အယူရှိကြပြန်သည်။ ထိုကဲ့သို့ မည်သူမှ မတီးခတ်ရဘဲ ဘားစည်သည် သူ့ဖါသာသူ အသံမြည်လာပါက ဘားစည်ကို ပူဇော်ပသကြရပေသည်။ ရွာထဲတွင်ရှိသော မကောင်း ဆိုးဝါး မိစ္ဆာများကို နှင်ထုတ်ကြခြင်း၊ ရွာတွင်းရှိ လူမှုရေး ဖေါက်ပြန်သောလုပ်ရပ်များ၊ လုပ် ဆောင်စရာရှိသည့် မိရိုးဖလာရိုးရာယဉ်ကျေးမှုကိစ္စများ၌ ပျက်ကွက်ခြင်းရှိ၊မရှိစသည်တို့အား လိုက်လံစစ်ဆေးကြရပါသည်။ စစ်ဆေးတွေ့ရှိ သည်နှင့် တပြိုင်နက်လုပ်စရာကိစ္စများအား၊ ချက်ချင်းပင် လုပ်ဆောင်ကြပါသည်။ လူမှုရေး ဖေါက်ပြန်မှု တကြိမ်တခါမက ကျူးလွန်ခဲ့သည့် သူများအား ‘ရွာနှင်ဒါဏ်’ပေးသည်အထိ အပြစ်ပေးတတ်ကြပါသည်။‘အမင်္ဂလာ’ဘားစည်အား တကြိမ်တီးလျှင် ရွာသားတဦး ချက်ချင်းသေဆုံးလေ့ရှိသည်ဟုလည်း အဆိုရှိပါသည်။ အမင်္ဂလာ ဘားစည်ကို ရွာထဲတွင် မထားကြဘဲ ဘုန်းတော်ကြီးကျောင်းများတွင် လှူဒါန်းကြပါသည်။ ဘုန်းတော်ကြီးများမှ ပရိတ်တရားတော်များဖြင့်၊ အစွဲများချွတ်လိုက်၍ ပြန်ကောင်းလာသော ဘားစည်များလည်း ရှိ ကြောင်း အဆိုရှိပါသည်။

မျက်မှောက် ကာလတွင် ဘားစည် သည်၊ အလွန်ရှားပါးနေပြီဖြစ်သော၊ ကရင် အမျိုးသားများ၏ ယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းအဖြစ်တည်ရှိနေပါသည်။ ဘားစည် သွန်းလုပ်သည့်အတတ်ပညာကို တတ်ကျွမ်းသည့် ပုဂ္ဂိုလ်၊ မရှိတော့သလောက် အလွန်ပင်ရှားပါးနေပါပြီ။ ရှေးခေတ်အခါက မင်္ဂလာ ကြေးတင်တောင်းခြင်း၊ တရားစီရင်ခြင်းတို့တွင် လျှော်ကြေးအဖြစ်ဖြင့် ဘားစည်တို့ကို တန်ဘိုးများ သတ်မှတ်ကာ အသုံးပြုခဲ့ကြသော်လည်း ယခုအခါ ကရင်ရွာများ၌ ဘားစည်အားရှာ၍ပင် မတွေ့နိုင်တော့ပါ။နောင်အနာဂါတ်ကာလတွင် ဘားစည်သည်၊ ကရင့်လူ့အဖွဲ့အစည်းအတွင်း၌ ရှိခဲ့ဘူးသည်ဆိုခြင်းကိုသာ ကြားသိရပါတော့မည်။ ကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ အသုံးပြုခဲ့သည်ဆိုခြင်းကို နောင်လာမည့် ကရင်မျိုးဆက်သစ်များ အတွင်း၌ ရှိနိုင်တော့မည်မဟုတ်ပေ။ထို့နောက် ကရင်အမျိုးသားများသည် မိမိတို့၏ လူမျိုး၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ဘားစည်ကို ထိမ်းသိမ်းစောင့်ရှောက်ခြင်း နှင့် အတူ ဘားစည် သွန်းလုပ်ခြင်း အတတ်ပညာဖြင့် ဆက်လက်၍ ဘားစည်သစ်များ သွန်းလုပ်သင့်လှပါသည်။ကရင်တို့၏ အမျိုးသားယဉ်ကျေးမှုဆိုင်ရာ ရိုးရာယဉ်ကျေးမှုများကို လေ့လာမည်ဆိုလျှင် ဦးစွာပဌမ ကရင့် ဘားစည်ကို လေ့လာရမည်ဟု ‘ဖူးကျိုက်ဥတ္တမ’(စဝ်အဲဆိုဒ်.ခ့ံးကုံတိက်) နှင့်‘ဖူးကျိုက် ဆန္ဒ’တို့ မိန့်တော် မူခဲ့ကြပါသည်။ ကရင်တို့နှင့် တသားတည်းတည်ရှိနေခဲ့သော ကရင့်ဘားစည်သည်၊ ကရင်အမျိုးသားထု တရပ်လုံးအား အစဉ်ကိုယ်စားပြုနေမည့် တူရိယာပစ္စည်းဖြစ်သည်ဆိုခြင်းကို နှောင်းခေတ်ကရင်လူငယ်တိုင်း ခံယူကြရမည်သာ ဖြစ်ပေသည်။

နန်း **K.**သာထွေး၊
ကော့မြိတ်ကြီး။

□စာမျက်နှာ( ၂၅ )မှအဆက်၊

ဖြောင့်မှန်သောလုပ်ရပ်များကို အတုယူနိုင်သည်။ သမိုင်း ကို လိမ်၍မရချေ။ မှားယွင်းစွာ ဆောင်ရွက်ခဲ့ချက်များကိုလည်း ဖုံးပိတ်၍မရနိုင်။ အမှားကိုသိ၍ အမှန်ကို ပြန်ပြင်သည့်တိုင် ထိုအမှန်ကိုသာလျှင် တင်ပြခြင်းခံရမည်မဟုတ်။ ပြန်လည်ပြင်ဆင်လိုက်သော အမှန်နှင့်အတူ၊ တချိန်က မှားယွင်းခဲ့သည့် အမှားများကိုပါ၊ ဖေါ်ပြခြင်း ခံရမည်သာဖြစ်သည်။

ကမ္ဘာပေါ်ရှိသက်ရှိသက်မဲ့ အရာအားလုံးသည်၊ အပြစ်အနာအဆာနှင့် မကင်းကြချေ။ မည်သည့်အရာမျှ လုံးဝ ခြောက်ပစ်ကင်း သဲလဲစင် ရှိလိမ့်မည်မဟုတ်။ အပြစ်အနည်းနှင့် အများ သာကွာခြားသည်။ အမှားနည်းနိုင် သမျှ နည်းအောင်စောင့်ထိမ်းသူကို လူကောင်းဟုခေါ်သည်။ သူတော်စင်ဆိုသည်မှာ အမှားအနည်းဆုံးလူကိုခေါ်ခြင်းပင်ဖြစ်သည်။ လုံးဝ အပြစ်ကင်းစင်သူဟူ၍မရှိ။ မိမိ၏ သမိုင်းကြောင်းအတွင်း အပြစ် အနာအဆာနည်းနိုင်သမျှနည်းရန် အတွက်၊ မိမိထက်ပိုမို ရင့်ကျက်သော ပုဂ္ဂိုလ်များ၏ အတွေ့အကြုံများမှ သင်္ခန်းစာ ယူကြရမည်ဖြစ်သည်။ မိမိ၏လုပ်ဆောင်ချက်တိုင်းသည် မည်သည့်အခါမျိုးတွင်မျှ ပျောက်ကွယ်သွား လိမ့်မည်မဟုတ်။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ၊ သမိုင်းကြောင်းအတွက် သက်သေခံအဖြစ် ထင်ကျန်ရစ်မည်သာဖြစ် လေသည်။

လူတိုင်း၌ထို သူသည် လူကောင်း ဖြစ်သည်ဟူ၍ငင်း၊ လူဆိုး ဖြစ်သည်ဟူ၍ငင်း သက်သေပြစရာ အချက် အလက်ပေါင်း များစွာ ရှိနေသည်။

(ထက်ခေါင်)
စည်းရုံးရေးဌာန၊
ကေအဲန်ယူ–အစည်းအရုံး၊
ဒူးပလာယာခရိုင်။

# THE HISTORY OF THE PWO KAREN CHURCHES

By Rev. Mec. Donald

Early beginning the two largest Karen group in Burma are the Pwo Karen and Sgaw Karen. Baptist Mission among the Pwo Karens began with the coming of Miss Eleanor Maconber to Dohnyou Village near moulmein in 1833, and with the conversion and baptisn of Pu Sung Pon January 12, 1837. After a few years a church was formed in Dohnyou village, the first Pow Karen church in Burma, one of the first to become self supporting, under the guidance of Rev. Edwin Bullard. Miss Maconber started a school for Pwo Karen children in Dohnyou and also carried on extensive evangelitic work through out the district into; her untimely death in 1840. The 125th anniversary of the Pwo Karen baptism was celebrated in 1962.

A boarding school for both Pwo and Sgaw Karens was established in Moulmein in 1848, using both and Sgaw dialects. This is one of the first schools for the general education of Karens, as the only other Karen schools at that time were those in Buddhist monasteries. In the early days the Pwo Karenswere animists, though later many became Buddhist. Early Pwo Karen Christians had a passion for schools so that their children could read thr "Book of life" the Bible, and sing humns.

One of the most outstanding Pwo Karens leaders of those early days inthe Moulmein area was Sra Kou Luht, early Pastor of Dohnyou church, the first Pwo Karen to be ordained, the first to travel to America (1848), a language teacher and Bible translation assistant, and one of the early principals of the Karen Boarding school in Moulmein.

Rev. and Mrs. Durlin Brayton came to Mergui in 1839 to serve as missionaries to the Pwo Karens of the district. there they opened a school during the rainy season only, so the Braytons could do evangelistic work in the village during the dry seasons. Moulmein and districts were then under British rule following the first Anglo-Burmese war.

The Pwo Karen chnrches in the Moulmein, Mergui and Tavoy districts have always been part of the Sgaw Karen Associations as was the practice in other parts of Burma.Mission policy in this area assumedthat work among the Pwo Karens could be satisfactortily accomplished using the Sgaw Karen language and its literature. At present there are only two Pwo Karen churches in the Tenasserim Division while there are many thousands of Pwo Karen in the Tenasserim Divsion while there are many thousands of Pwo Karen in that area who have either rejected Christianity or have heard the gospel. This truly is a needy mission field, and is a special concern of the Pwo Karen conference today.

After Durlin Brayton left Mergui in 1854, there were no other American missionaries specifically assidned to Pwo Karen work in the Tenassarim Division until Rev.and Mrs. Paul Hasel 1946-1949.

The Pwo Karens were led step by step to shoulder more of the educational and evanglistic responsibilities, consequently when the Japanese occpied Burma. Missionaries had to leave the country from 1941 to 1945, he work of Christ continued in a vital way, throughthese years and the difficult times following independet Pwo Karen Christion akong with their brethern of other group have witnessed effectivly for Christ by their courage and faith in dangers and adversity. Pwo Karen exemplified their Christian concern for other by sharing food and shelter with refugees, often at great sacrifice. Unsettled eondition in the district fighting, suspicious burning and relocation of villages put many thousand to flight. Many of thesewere like the early Christians we read of in the book of Acts who witnessed boldly for Christ as they were scattered abroad by persevution.

Pwo Karen who have served Pwo Karen Christian school and churches have taught the principles of democracy, service and integrity that contribute to make Burma strong. It would be impossible to even list all the PwoKaren who have made significant contributions in many fields to their local communities and to the nations. Two examples are Dr. Daw Sein Shin, an outstanding lady physician, and Mahn Ba Saing, speaker of the lower chamber of Burm's Parliament. Hundreds of pastors, teachers, nurses, government officials and women in many walks of life made Chirstianity meaningful to those around them.

The Bassein field-when Rev. Elisha Abbott went to British held Sandoway on the west coast in 1840 to open work among the Sgaw Karen, he also took a keen interest in the Pwo karen ofthat area. TheKaren trekked over the Arakan Yomas from their villages a hundred miles away to study the bible and the Chritian faith under Rev. Abbott. Many of the Pwo Karen converts in the Bassein district were won to Christ through their Sgaw Karen neighbours. When the Pwos saw that theSgaws had a Missionary, they too, begged

1 All footnotes have been placed during the retyping. We have tried to keep it as accurat as possible, and when an obvious error was found it was corrected, but occasionally this could not be done.

to have their own missionary, but it was not till 1849 that the first missionary to the Pwo Karens, Rev.H.L.Van Moter, came to Sandoway to take up work among the sea coast villages. A year later MahnShwe Bo became the first PwoKaren of the Bassein District to be ordained.

For the first 26 years the Pwo Karen churches were in the same Association with the Sgaw Karen. However, in 1863, the Pwo Karens formed their own Association with 584 baptized Christians in 13 churches.Thenext 80 years saw a tremendous growth in churches and membership for by 1949, there were 8,344 baptized believers in 92 churches with 21 ordained and 52 unordained pastor.

Many missionaries have served the Bassein Pwo Karens through thr year, but none as Rev. Leonard W.Cronkhite story.

The bassein Pwo Karen would not be complete with out some mention of this remarkable man. Arriving in bassein in January 2, 1884 with Mrs. Cronkhite, he taugh in the Pwo Karen school and also toured the villages in evangelistic work to preach and to strengthen the churches. At his retirement in 1922, Mr Cronkhite wrote not without sadness do I sit down to with this last report of my missionaries career. I am no longer physically able to carry on the work.Forty year ago Mrs. Cronkhite and I sailed for Burma. Then in 1884 we found 1250 members in 22 churches.

"The school have grown proprotionately and now have 80 village schools to 3churches and more than 4000 churches members." Dr. Cronkhite's successor was Rev. Conrad who with Mrs. Conrad, served for the next 27 years. After the Conrads left Burma in 1949, the Bassein PwoKarens were without a missionary for the next ten years.

The Pwo Karen Normal School was started in Bassein in 1865 and has been the source of a strong educated leadership amongthe Pwo Karen churchesfor nearly a hundred years. A new school building was erected to replace the old one in 1885,

The school was destroyed by bombs in world war 2 and again partly destroyed in the civil strife in 1944.

The Pwo Karen Christians were scattered and carried on therr separate center, which resulted in dividing the Associations into three. The Kyaunggon-Kyoupyow Associations with it high school at Pyawgon in the northern section, the Myaungmya Association in the south, with its in Dobigone in the suburbs of Myaungmya controlled and managed by Daw Kyi kyi and the central part which retained the old name of Bassein-Myaungmya Association in Byantgyi until it was possible to Bassein town in 1959.

The leadership of the Kyaunggon- Kyonpyaw Association has been varried by Sra Shwe Ba ex-member of the legislative council. The full time ofthe myaungmya Association is Sra Po Li. The executive secertary of the Bassein-Myaungmya Association is Rev. Mahn Knight. These men are the first full time secretariesof these Association and this marks a significant step in the self direction of the churches.

After the civil war broke out in Bassein and the Christian fled, squatters occupied the compound for ten years. In 1959 the caretaker-government cleared the compound of squatters and the Pwo karen Christians returned and began repairing and rebuilding. Rev. and Mrs. Edwin T. Fletcher moved into the mission house in 1960 and helped with various phases of the work. By the help of such leaders as Sramu Christine, Sramu Amy, and others, the school grew in numbers, influence and standards, and became a high school agin.

In October 1962 the Bassein Pwo Karen Baptist community entertained the Pwo Karen Baptist Conferece and celebrated the 100th anniversary of the Bassein Pwo Karen Baptist church. Sra Johnnie was pastor of this church for 48 years and was present for the celebration.

Henzada-Danubyu field- In 1854, Rev. Durlin L.Brayton was transferred from Mergui to Henzada to open up a new work among the Pwo Karens. During his one year stay in Henzada, he preached the gospel in many villages of that district, baptizing 75 new converts, with another 50 baptized by a Pwo Karen pastor. A new church at Myin'kdaung village was formed.

From 1855 to 1850, a period of year², the records, reports and statistics are for the combined Sgaw and Pwo Karen fields, Bassein and Rangoon, to stir up one another in their evangelistic responsilities.

The following year a similar meeting was held in Kalon village. These meetings, along with the Thanksgiving meeting in Thayagon village in 1884 to celebarte the completion of the entire Pwo Karen Bible were Forerunners of the PwoKaren Baptist Conference of 1908.

In 1899 there were eight churches with 411members being led by three ordained and six unordained pastors in the Henzada Danubyu field. At that time these churches were part of the larger Sgaw Karen Association.

In 1938 the youth of the Christian Endeavor societies held their own meeting apart from their Sgaw Karen brethern, the initial step in this final separation of the Pwo Karen churches from the Association of both Pwo and Sgaw Karen churches. This meeting was held in Kyontanaw village; at this time, seven of the fourteen Pwo Karen churches decided to carry on their work and meeting apart from the Sgaw Karen churches in order to concentrate their efforts in imporving Pwo Karen churches and making special evangelistic efforts among the many non-Christian PwoKaren village in the district. One of the leading figures in the new Mahn Kyalun who died in 1955 at the age of 92. Another person who encouraged thr Pwo to go forward on their owin was Mahn Ba Khaing who later assassinated in 1947 with other Burma govern-

ment cabinet members.

In 1939 two more churches joined thePwo Karen Association making nine churches. In 1953 Sra Thein Lwin became their first full time secretary to carry out the work of thr Association. He was succeeded by Mahn Ba Kyaw and then Sra Shwe Dwe, a recent graduate of the Pwo Karen bible Training school. At this writing Sra Aung Nyunt Tin is serving as full-time secretary of this Association.

Rangoon-Maubin Field- After spending one year in Henzada, Rev. D. L. Brayton moved to Rangoon in 1855 where he worked till his death in1900. While in Rangoon, Mr. Brayton his Pwo Karen assistants carried on extensive evengelistic work in the Hanthawaddy District to the west and southwest of Rangoon.

One of the outstanding Pwo Karen pastors at that time was Sar Myat Tha, the first pastor of the Pwo Karen Kemmendine church and also assistant to Mr. Brayton in the translation and revision of the Bible. Many Pwo Karen pastors down through the years of mission effort, although limited in education have been men of great faith, loyalty and courage who would bear credit to any church any where in the word.

By the year 1861, the Rangoon-Maubin Pow Karen Baptist Association was formed by eight churches in the village of Poppa, actually the first Association of Pow Karen Baptist churches as the Bassein Association was not formed until 1863. The Pow Karen church in Kemmendine came into being about that time and was probably one of the first eigth in the Association .

In 1879, Rev. and Mrs. Walter Busshell arrived in Maubin as the first missionaries to be located in that town Mr.Bushell carried on the evengelistic touring of the districts. They established the Nomal School where thousands of Pwo Karen, as well as Sgaw Karens and Burmese, have received their education and Bible training for Christian faith and living.

One of the missionaries who labored long and effectively in the Maubin School and thtough hte district was Miss Carrie Putnam who came to Maubin in 1887 and continuet do serve there until she died in 1927. She left an endowment fund in her interest of which has been used to help support the educational and evangelistic work of the Association.Other missionaries who have served for many years in Maubin among the Pow Karens were Miss Minnie Pound and Miss Rebecca Anderson. Since the Fletchers evacuated Maubin in 1941, there have been no American Missionarise living in that place or even directly in charge of the work of this Assocition.

The Pow Karen compound in Maubin was completely in the troublous days of 1949, and a number of Christian villages were burned, making hundereds of homeless refugees in a time of general insecurity. Squatters occupied most of the compound, but as soon as a part of it was regained, the Pow Karen Christans led by Sra Pan Hla Byu begin to revive their church and school. Temporay buildings of bamboo and thatch were replaced by more substantial structures as more refugees came back to their homes, and more resources became available.

The Pow Karen Bible-The Karens were a people without a written language prior to the coming of Americam Baptist missionaries. The frist attempt to reduce the Pow Karen language to writing was made by Rev. Jonathan Wade. Rev Edwin Bullard and Rev. Durlin L. Brayton also were pioneers in this important task. A peculiar orthography found among the Lehkeh Pwo Karens near the Thai-Burma border, called "hen scratching" proved to be too difficult for popular usage. An adaptation of Burmese letters was used after trying various other orthographies during the ten year from 1840 to 1850.

Mr.Wade, with the help of Pwo Karen assistant set to work translating theBible into Sgaw Karen. Mr.Bullard also began the translation of the Gospels of Matthew and John and New Testansment books, but his early death in 1847 cut short his work. Mr. Mason, in addition to his work with the Sgaw Karen translation, also did some translation of the Bible into Pwo Karen.

Afirst edition of 500 copies of Acts,translated from the Greek by Rev.Bullard by the Mission press in Moulmein in 1847. The first eidition of the whole Pwo Karen New Testament was printed in Tavoy in 1852.

With the death of Mr. Bullard, the major task of translation and revision of the Pwo Karen Bible fell on Rev. Brayton who was also assigned to general evangeliatic work. Pioneering in village preaching and on organizing new churches, he could thus spare little for translation work. When Brayton reached the age of retirement in 1847, and was not physically able to tour as before, he concentrated on completing the entire Pwo Karen Bible, with the help of his daughter, Mrs Braytom Rose, and Pwo Karen assistants such as Sra Kon Luht and Sra Myat Tha. The final translation and revision of the entire Bible was completed on September17, 1878, approximately forty years after the work of Translation had begun and twenty-six years after the first edition of the New Testament had come off the press. The printing of the first adition of the whole Pwo Karen Bible was completed by the American Baptist Mission press in Rangoon in 1883. In celebration, a Thanksgiving meeting was held at Thayagon village nearWakema on January 10-11,1884. Missionaries and and Pwo Karen leaders from all the Pwo Karen field gathered for two days to praise God for the Bible, now at long last translated and printed in their own tongue. They also took the opportunity to make definite plans for the distribution and sale of these new Bibles.

Since 1883 the Pwo Karen Bible has had three editions by the American Baptist Mission press and two editions by the British and Foreign Bible Society. The Pwo Karen people owe an everlasting

2 Unable to determine correct dates and time

debt of gratitude to all those who translated the word of God into their mother tongue, and to those who have made possible the printing and distribution of the Pwo Karen Bible.

The Pwo Karen Bible Training School-The account of the history of this school can be found on pages 223-226 of Part I.[3] Both as the Women's Bible School for both Pwo and Sgaw Karen women from 1897 to 1934 and also as the co-educational Pwo Karen Bible Training School from 1934 to present, this institution has played an invaluble role in the growth and strength of Christianity among the Pwo Karens.

The Pwo Karen Baptist Conference- In 1908 Pwo Karen Baptist Conference was formed in Bassein. Prior to that time the to Pwo Karen Associations had very little contact with one another. At that time there were 26 churches and over one thousand baptized believersin the Rangoon-maubin Association, and 47 churches with over 2600 baptized believers in the Bassein-Myaungmya Association. The newly formed Pwo Karen Baptist Conference gave these two association a united organization through which they became one of the Burma Baptist Convention. It gave the wide-scattered Pwo Karen churches opportunity to learn of each other's work in annual meetings and to encourage one another in faith.

For many years the Pwo Karens gathered for their annual Pwo Karen Baptist Conferfnce meetings with very little activity between meetings. In 1935 Sra byu became the Honorary Secretary and Mahn Willington Nei Hla acted as his assistant. It was not until 1947 that Sra Kwa was elected full-time secretary of the Conference with resonsiblity to visit the Association and try to co-ordanate their work. However, due to lack of funds, Sra Kwa served Honorary Secretary with Sra Aye Myat Kyaw (S'Aye) as his assistant. Both men served only part time as they had other work.

A definite step forward was taken in 1955 with the election of Sra Aye Myat Kyaw as full-time secretary of the conference, to oversee all the Pwo Karen work and to carry out the responsibilities designated to him by the Conference Board of Management.

From 1950 to the present time the Pwo Karen baptist Conference has been greatly helped through the Pwo Karen Program. Through Mr. Burchard Shepherd, one time Mission Builder and Treasurer in Burma, in conjunction with the American Baptist Foreign Mission Society, a sum of K28,000 per year has been made available for student training evangelism in needy areas, and general social uplift among the Pwo Karen villages. This plan has recently merged with the total program of the Pwo Karen Baptiat Conference. With the financial help of this program some of our present ourstanding leaders have been able to get training and suppont in their work, such as Mahn Knight, Mahn Thawry, and Mahn Cameron in publications and Mahn Ba Yin, Director of Evangelism of the Conference.

Mahn Ba Yin is seeking to mark the Conference more aware of Its evangelistic opportunities in new frontiers in the Tenasserim Division and in the Irrawaddy Delta. Women's work has strong leadership in Sramu Eleanor San Tay and Sramu Luella San Gyaw. Publications and youth work also are going forword. Pwo Karens have reason to be proud of their accomplishments in all fields of Christian witness.

In 1961 Sra Aye Myat Kyaw (S'Aye \) was elected General Secretary of the Burma Baptist Convention, and Sra Ba Yin was elected as general secretary of the Pwo Karen Conference.

This brief sketch of the growth of the Christian religion among thePwo Karen during the past 125 years shows that the way of Jesus Christ is firmly established among this people. Even so, it is estimated that only about one Pwo karen in ten is a Christian. Greater things shall we and our descendants see because God has been woring and will continue to work in the years that lie ahead.

**THE PWO KAYIN CONFERENCE**

1. The Pwo Kayin Conference had (75) executive committee members.
2. Seven sub-committee under the following department.
   (1) Evangelism Departmen
   16 committee members
   (2) Christian Education Department
   15 committee members
   (3) The Pwo Kayin Press
   15 committee members
   (4) Finance Committee
   18 committee members
   (5) Leadership Committee
   18 committee members
   (6) Wind Committee
   16 committee members
   (Pwo Kayin Compound)
   (7) Seminary Trustee
   15 members
3. Women Society and Christian Education Department
4. Youth Department

The Pwo Kayin Baptist Conference, Evangelist, Planning for A.D. 2000

.

MOTTO-Came Holy Spirit Renew Thy Church

AIM-Pwo Kayin for Christ, A.D 2000 to win soul 20,000 - members to win soul 2,000,000

PURPOSE- (1) Renew the Churches

(2) Every Christian must be witnessing for Christ

(3) Every Christian must do the Wholistic mission work

(4) Every believers must be the good Stewardship

In Pow Kayin Baptist Conference we have only on band group, these materials long time ago, some of them supported by Rev. W. D.Hackhtte and Mrs. Louis Paw.

**(STAMPED)**
**REV MEC DONALD**
**DIRECTOR**
Evengelism Mission Department
Pow Kayin Baptist Conference

## TABLE OF STATISTICS FOR 1992 OF PWO KAREN BAPTIST CONFERENCE

## ASSOCIATIONS WITHIN THE PWO KAREN BAPTIST CONFERENCE IN MYANMAR

NO. ASSOCIATIONS CHURCHES MEMBER ORDAINED UNORDAINED EVANGELIST BIBLE SCHOOLS
PASTORS PASTORS WORKERS

1. BASSEIN MYAUNGMYA 55 7717 27 28 42 PHU MYAT SAN BIBLE SCHOOL
2. KYON PYAW KYAUNG GONE 43 6926 15 30 11 PYAWGONE BIBLE SCHOOL
3. DONYIN 6 883 3 3 13 PHU SAN PHAW BIBLE SCHOOL
4. MERGUE 5 560 2 3 - ONE BIBLE SCHOOL
5. YANGON HEADQUARTER -- -- -- -- -- BRAYTON SEMINARY
6. MYAUNGMYA 31 4300 7 20 9 ---
7. YANGON MAUBIN 46 5365 18 46 10 ---
8. HENZADA DANUBYU 13 1650 6 8 2 ---
9. KYONPYAW 10 1250 5 6 14 ---

TOTLE = 209 28654 83 138 101
* 7- ASSOCIATIONS
* 5- BIBLE SCHOOLS WITH 103 STUDENTS

Independent Karen Historical Research Association ( I. K. H. R. A.) invites all members, journal readers and scholars to contribute articles dealing with the history of the Karen community to:

**New State Journal.**

Address : Independent Karen Historical Research Association.
No. 533 Intrakeere Road,
Mae Sot, Tak, 63110.
Phone : 055 532304, 055 542161, 055 544356, 055 533095.

# မန်းဘဇန်နှင့်ကရင့်တော်လှန်ရေး

## အခန်း (၃)
## အပိုဒ် (၁)

### ဥက္ကဋ္ဌကြီးမန်းဘဇန်နှင့် ကောအဲန်ယူ

ဂျပန်ခေတ် ကရင်အမျိုးသားများ ကိုစုစည်းထားသည့် ကရင်အမျိုးသားအဖွဲ့တဖွဲ့ကို မအူပင်ခရိုင်တွင်ဖွဲ့စည်းထားသည်။ မအူပင်ခရိုင် စက်ရှင်မင်းကြီး စောစိန်ဦးသည် အဖွဲ့၏ဥက္ကဋ္ဌဖြစ်ပြီး၊ ကျုံရစ်ရွာသား စောမောင်တိုး သည် ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယခရိုင်ဝန် စောရွှေစိန်သည် အတွင်းရေးမှူး ဖြစ်သည်။

စောစိန်ဦးနှင့် စောရွှေစိန် တို့နှစ်ဦး အင်္ဂလိပ်ပြန်ဝင်လာသည့်အတွက် အင်္ဂလိပ်အစိုးရအလုပ်ပြန်လုပ်ရန် ဖြစ်လာသဖြင့် အစည်းဝေးတရပ်ခေါ်ကျင်းပပြီးထို အဖွဲ့အစည်းကိုဆက်လက်ရပ် တည်နိုင်ရေး အတွက် အမှု ဆောင်သစ်ရွေးကောက်ကြရန်ဖြစ်သည်။ စောစိန်ဦးနှင့် စောရွှေစိန် တို့နှစ်ဦး အင်္ဂလိပ် အစိုးရအလုပ်ပြန်လုပ်နိုင်လျှင် ဤအမျိုးသားရေး အဖွဲ့အစည်းတွင် မလုပ်နိုင်တော့ သော ကြောင့်ဖြစ်သည်။

ဤကရင်အမျိုးသား အဖွဲ့အစည်းသည် တနယ်လုံးရှိ ကရင်အမျိုးသားထုတရပ်လုံးကို ကာကွယ် သော၊ အလုပ်အကြွေးပြုသောအဖွဲ့ဖြစ်သောကြောင့် ကရင်လူထုတရပ်လုံးမှ ထိုအဖွဲ့ဖျက်သိမ်းရန် သဘောမတူပေ။ ထို အချိန်၌ ဥက္ကဋ္ဌကြီးမန်းဘဇန်တို့ အစည်းအဝေးသို့တက်ရောက်သည့် ကာလနှင့် တိုက်ဆိုင်နေသည်။

ဂျပန်ခေတ်တလျှောက်လုံး ကရင်အမျိုးသားများ၏ အကျိုးစီးပွား၊ အသက်အိုးအိမ်၊ စည်း စိမ်များကို ကာကွယ်ခဲ့သဖြင့် ကရင်အမျိုးသားအားလုံးက ဥက္ကဋ္ဌကြီးမန်းဘဇန် ၏ ခေါင်းဆောင်မှုကိုယုံကြည်ကြ



သည်။ ထို့ကြောင့် ထိုအစည်းအဝေး၌ပင် စောစိန်ဦးနှင့် စောစိန်ရွှေတို့မှ စောဘဇန်ခင်ဗျား ဥက္ကဋ္ဌ တာဝန် ယူပါဟု အဆိုပြုမှုကို လူထုမှထောက်ခံကြ သဖြင့် တာဝန်ယူသင့်၊ မယူသင့်စဉ်းစားသည်။ ဥက္ကဋ္ဌကြီးမန်းဘဇန်၏ အတွေးအခေါ်နယ်ပယ်တွင် –

"ကျွန်တော်အစိုးရအလုပ်ပြန်ဝင်ချင်တယ်၊ အင်္ဂလိပ်တွေဆုတ်သွားတုံးက အင်္ဂလိပ်စစ် တပ်မှာ ကျွန်တော်ဒုတိယဗိုလ်ပြန်တမ်းဝင်အရာရှိဖြစ်တယ်။ အင်္ဂလိပ်တွေ က ပြန်သတင်းပို့ ခိုင်း တယ်၊ စစ်ထဲပြန်ဝင်ရင် (Back Pay)(စစ်အတွင်းရရှိရန်ကျန်သော လစာ) တသောင်းကျော်ရမယ်။ ကျွန် တော့် အိမ် ထောင် ရေးအ တွက် စားဝတ်နေရေးအဆင်ပြေမယ်။ ဒါပေမဲ့ အမျိုးသားရေးလုပ် ငန်း ကိုစွန့်လို့မရဘူး။ ဒီတော့ စောစိန်ဦးတို့ အဆိုပြုချက်ကို ကျွန်တော့်ဇနီးသည်နဲ့ ပြန်တိုင်ပင်ရမယ်။ ဒီတာဝန်ယူရင် လခစားလုပ် လို့မရဘူး။ ဒါကြောင့် ကျွန်တော့်ကို ခွင့် တရက်ပေးဘို့ အစည်းအဝေးမှာ ခွင့်တောင်းပြီး ကျွန် တော့် ဇနီးသည် နဲ့ တိုင်ပင်တယ်"

ဥက္ကဋ္ဌကြီးမန်းဘဇန်မှ ၎င်း၏ ဇနီးသည်နှင့် ပြန်တိုင်ပင်သည်ကိုဤသို့ပြောကြား ခဲ့သည်။

"ငါတော့ အမျိုးသားအတွက် လုပ် တော့မယ်။ ဒီနေ့ ကရင်အမျိုးသားတွေ အုံကြွနေတယ်။ တဘက်က ကရင့်ဘဝကိုပြန် ကြည့်ရင် တကယ် အောက် တန်းကျပြီး ဆင်းရဲမွဲပြာကျတဲ့ ဘဝရောက်နေတယ်။ ဒီဘဝကို လွတ်မြောက်အောင်လုပ်ဘို့ ကရင်တိုင်းမှာ တာဝန်ရှိတယ်။ ငါလည်း ကရင်တယောက်၊ မင်းလဲကရင် တယောက်ဖြစ်ကြလို့ အမျိုးသားအတွက်လုပ်ဘို့ မင်းနဲ့ ငါ့မှာ တာဝန် ရှိတယ်"

"အမျိုးသားရေးလုပ်ငန်းဟာ လွယ်ကူတဲ့ လုပ်ငန်းတော့မဟုတ်ဘူး၊ အခက် အခဲတွေ ရှိတယ်။ ငတ်မယ်၊ အဖမ်းခံရမယ်၊ ထောင်ကျမယ်၊ နောက်ဆုံးသေရင်သေမယ်။ အဲဒါတွေကြုံတွေ့ရမယ်။ ဘယ်လိုပဲ ကြုံတွေ့ရပါစေ၊ အမျိုးသားလွတ်မြောက် ရေးအတွက် ဆောင်

ရွက်ခြင်းဟာ လူ့လောကမှာ အမွန်မြတ်ဆုံးလုပ်ငန်းလို့ ငါယူဆ တယ်။ ဒါကြောင့် ငါလုပ်ဘို့ဆုံးဖြတ်လိုက်တယ်။ ဒီလိုဆုံးဖြတ်လိုက်ပေမဲ့ မင်းသဘော တူလက်ခံဘို့ လိုတယ်"လို့ပြောသံကြား တော့၄င်း၏ ဇနီးသည်မှာအံ့ သြသွားသည်။

အမျိုးသားလွတ်မြောက်ရေး လုပ်ငန်းလုပ်ပါက အခက်အခဲတွေ့မည်၊ ငတ်မည်၊ ထောင်ကျမည်၊ သေမည်၊ ဤအရာ များကိုသိသဖြင့် ဘဝင်မကျပေ။ မင်းလုပ် ရင်လုပ်ပေါ့၊ လုပ်ရင်ဒို့အခက်အခဲတွေနဲ့ရင် ဆိုင်ရမယ်ဟု ပြောလာ သည်ကို အခက်အခဲ ကတော့ရှိမှာပဲ။ ဒါပေမဲ့ ဒို့အမျိုးသားလွတ်မြောက်ရေးအတွက်လုပ်တာ။တဦးတယောက်၊တအိုးတအိမ် ထောင်ကောင်းစား ဘို့မဟုတ်ဘူး။ တမျိုးသားလုံးကကျွန်တွေ ဖြစ်နေကြပြီ။ ဒို့ကရာထူးတွေဘာတွေနဲ့ ကောင်းစားနေရင်လည်း ဘယ်သူကလေး စားကြမှာလဲ၊ တမျိုးသားလုံးကောင်းစားမှ ဒို့လည်းကောင်းစားမယ်ဟု ရှင်းပြသည်ကို ဘဝင်မကျသေးပေ။ ထို့ကြောင့်ဇနီးသည် ဘဝင်ကျလက်ခံနိုင်စေရန် သုံးရက်စဉ်းစား ခွင့်ပေးလိုက်သည်။သုံးရက်ပြည့်သဖြင့်၄င်း ၏ ဇနီးသည်မှ...

"ကဲမင်းလုပ်ချင်ရင်လုပ်တော့၊ ငါလက်ခံတယ်။ မင်းနဲ့အတူငါအဆင်းရဲခံမယ်။ဘဝတူပေါ့ဖြစ်လေရာဘဝအကောင်းချည်းပဲလို့ငါခံယူတယ်"ဟုလက်ခံလိုက်သဖြင့် ဇနီးသည်၏ခွင့်ပြုချက်ရသဖြင့် ကျွန်တော်ဥက္ကဋ္ဌလုပ်ရန်ဆုံးဖြတ်ပြီး နောက်တနေ့အစည်းအဝေးတွင် ကရင်လူထုကရွေးကောက်သဖြင့် ကျွန်တော်မအူပင်ခရိုင်၊ ကရင်အမျိုးသားအဖွဲ့ဥက္ကဋ္ဌဖြစ်လာပါတယ်ဟုပြောကြားခဲ့သည်။ တဆက်တည်း ဥက္ကဋ္ဌကြီးမန်းဘဇန်မှ...

အမျိုးသားအတွက်တိတိကျကျလုပ်မယ်ဆိုရင် ကိုယ့်အတွက်ဟာ လက်အောက်ခံဖြစ်လို့ စားဝတ်နေရေးဆင်းရဲမှာပဲ၊ အင်္ဂလိပ်အစိုးရပေးလာတဲ့ဝန်ထောက်လုပ်ငန်းကိုလက်မခံပဲ ကရင်အဖွဲ့အစည်းရဲ့ဥက္ကဋ္ဌလုပ်တော့ အလုပ်လက်မဲ့ဖြစ်သွားတယ်။ အလုပ်မရှိတော့ အိမ်ထောင်ရေးအတွက်ပြဿနာတက်လာတယ်။ စားဝတ်နေရေးအတွက် အဖေ့ကိုပဲမှီခိုနေရသေးတယ်။ အဖေက ပင်စင်စားတယောက်၊ ဒါပေမယ့် ဒီပင်စင်လစာနဲ့လည်းကျွေးနိုင်တယ်။အဖေ့ထံကပ်စားရတဲ့ဘဝမျိုးရောက်သွားတယ်ဟု ထပ်မံပြောကြားသည်။

အစိုးရအလုပ်မလုပ်ပဲ ရရှိလာသည့်အခွင့်အရေးကိုငြင်းဆိုပြီး အမျိုးသားရေးတာဝန်ယူလိုက်သဖြင့် ဥက္ကဋ္ဌကြီးမန်းဘဇန်၏ဖခင်မန်းစိန်ပွင့်မှ... ဟေ့ကောင်လာအုံး၊ မင်းကိုငါပညာသင်ပေးတာလူဖြစ်အောင်ပညာသင်ပေးတာ၊အခုတော့မင်းဒီပညာတွေရပြီး လူဖြစ်အောင်မလုပ်ပဲ၊ ခွေးဖြစ်အောင်လုပ်တယ်။ မင်းဘာကောင်လဲ၊ ဝန်ထောက်ရာထူးရဘို့ရှိတာ လက်မခံဘူး ဆိုဟု ဂရုဏာဒေါသနဲ့ ပြောလာသည်။ တဖန် ဥက္ကဋ္ဌကြီးမန်းဘဇန်မှ...

အမျိုးသားရေးလုပ်ငန်းဟာ အင်မတန်အရေးကြီးပြီဖြစ်လို့မအူပင်ခရိုင်၊ ကရင်အမျိုးသားအဖွဲ့ရဲ့ဥက္ကဋ္ဌတာဝန်ယူလိုက်တာဖြစ်တယ်ဟုဖေါ်ပြခဲ့သည်။ခေတ်ပညာတတ်၊ မအူပင်ခရိုင် ဥက္ကဋ္ဌကြီးအလုပ်လက်မဲ့တဦးအတွက် အိမ်ထောင့်တာဝန်စားဝတ်နေရေးအခက်အခဲနှင့် ရင်ဆိုင်နေရပါသည်။ အဖေ့ထံ ဆက်လက်မှီခိုနေရဆဲဖြစ်သည်။ ကြပ်တည်းမှု၊ ဆင်းရဲမှုများနှင့် ရင်ဆိုင်နေရသည်။ သို့သော် အမျိုးသားရေး စိတ်ဓါတ်သည် အခက်အခဲ၊ အကြပ်တည်းပေါင်းများစွာကိုကျော်လွှားအနိုင်ယူနိုင်သည်။

ထိုအချိန်အခါသမယ၌ မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲနှင့် အတူ ကရင်မျိုးချစ်ပုဂ္ဂိုလ်ကြီးများမှ ကရင်အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်ရန် စည်းလုံးမှုတည်ဆောက်နေချိန်ဖြစ်သည်။ ကရင်ဗဟိုအဖွဲ့(K.C.O)မှ ကမကထပြုလုပ်ပြီး ညီလာခံတရပ်ခေါ်ယူဖိတ်ကြားသည်။ တပြည်လုံးရှိ ကရင်အမျိုးသားများကို ဖိတ်ကြားသည်။ မအူပင်ခရိုင်မှ ရွေးချယ်သဖြင့်ခရိုင်ကိုယ်စားလှယ်တဦးအနေနှင့် ဥက္ကဋ္ဌကြီးမန်းဘဇန် အစည်းအဝေးသို့တက်ရောက်သည်။

ဒုတိယကမ္ဘာစစ်ပြီးကာလ မအူပင်ရန်ကုန်သွားလာရေးစနစ်မှာ မီးသင်္ဘောများ မရှိတော့သဖြင့် လှေသမ္ဗာန်ဖြင့် သွားရသောကာလဖြစ်သည်။ ရန်ကုန်မြို့၌ ကျင်းပမည့် ညီလာခံသို့တက်ရောက်မည့် နေ့မှာ ပင်အခက်အခဲတခုနှင့် ကြုံတွေ့ရသည်။ ယင်း အခက်အခဲကို ဥက္ကဋ္ဌကြီးမန်းဘဇန်မှ...

ကျွန်တော်ညီလာခံတက်မယ့် နေ့မှာ ကျွန်တော့်ဇနီးသည်ဟာ ကျွန်တော့်သားဘော်ဒွင်ကို မွေးဖွါးဘို့ဗိုက်နာနေတယ်။ ဒီတော့ ကျွန်တော်ဘာလုပ်ရမလဲ၊ ဇနီးသည်အနားမှာနေမလား၊ ဇနီးသည်ကိုထားခဲ့ပြီး ညီလာခံတက်မလား၊ မိန်းမသားတိုင်း မီးဖွါးရင် မိမိလင်ယောကျ်ားအားအနားမှာ ရှိနေစေချင်ကြတယ်။ ဇနီးသည်ကိုမွေးဖွါးပေးမယ့် လူတွေကလည်း ကျွန်တော့်အစ်မကြီးနှစ်ဦးဖြစ်တယ်။ သူတို့ဟာအတွေ့အကြုံရင့်ကျက်တဲ့ သားဖွါးဆရာမကြီးတွေဖြစ်ကြတယ်။ ကျွန်တော်ကလည်း ညီလာခံ တက်ဘို့ဆန္ဒသိပ်ပြင်းပြနေလို့ အစ်မကြီးနှစ်ဦးစလုံးက သွားဘို့သဘောတူတယ်။ ကျွန်တော့်ဇနီး သည်ကလည်းခွင့်ပြုလို့ ညီလာခံသို့တက်ရောက်ခဲ့တယ်ဟု ဖေါ်ပြခဲ့သည်။

ညီလာခံသို့ တက်ရောက်လာသည့် ကရင်ကိုယ်စားလှယ်များကိုတွေ့လျှင် ဥက္ကဋ္ဌကြီးမန်းဘဇန်မှ...

ကရင်တွေ စိတ်ဓါတ်တက်ကြွနေကြတယ်။ သိပ်ညီညွှတ်နေတယ်။ ကရင်အများစုမှ ကရင့်အကြောင်းတေးကဗျာ(ထား)တွေရွတ်ဖတ်ကြတယ်။ တချို့ကရင်အမျိုးသားလွတ်မြောက်ရေး၊ ကရင်ပြည်အရေးတွေပြောဆိုကြတယ်။ ချုပ်လိုက်ရင် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ကရင်ပြည်ထူထောင်ရေးအတွက် ပြောကြတာဖြစ်တယ်ဟုဖေါ်ပြခဲ့သည်။ ဆက်လက်၍...

ကျွန်တော်လေးစားတဲ့ ခေါင်းဆောင်ကြီး ဆာစံစီဖိုးနဲ့တွေ့ရရုံမက အမျိုးသားရေးပြဿနာတွေဆွေးနွေးခွင့်ရခဲ့တယ်။ ကျွန်တော့်ဆွေးနွေးချက်တွေကို ဆာစံစီဖိုးများစွာသဘောကျပြီး ကျွန်တော့်အားဟေ့–ဘဇန် တို့ကတော့အသက်ကြီးသွားပြီဖြစ်တယ်၊ အမျိုးသားရေးကိုဆက်လုပ်ဘို့ ခေါင်းဆောင်တွေ လိုအပ်တယ်။ အနာဂတ်ကရင့်အရေးဟာ မင်းတို့လူငယ်တွေလက်ထဲမှာရှိတယ်။ မင်းရဲ့အမျိုးသား ရေးစိတ်ဓါတ်နဲ့

အယူအဆတွေဟာ ကရင်အမျိုးသားတွေအတွက်အကျိုးပြုနိုင်တယ်။ မင်းကိုအမျိုးသားရေးအတွက် တာဝန်ထမ်းဆောင်ပါလို့ အန်ကယ်လ်အကြံပေးတောင်းဆိုပါတယ်ဟု ဖေါ်ပြသည်။ ဆက်လက်၍–

ဒီလိုခေါင်းဆောင်ကြီးကအားပေး ပြောကြားလာတဲ့အတွက် အမျိုးသားရေး တာဝန်ထမ်းဆောင်ဘို့ ကျွန်တော်များစွာ အားတက်လာပါတယ်။ အမျိုးသားရေးတာဝန်ကို ကိုယ်ကျိုးမဖက်ပဲ ထိရောက်စွာတိုက်ပွဲဝင်ဘို့ တွန်းအားတခုဖြစ်တယ်ဟု ဖေါ်ပြ သည်။

ကရင်ပြည်အရယူရေး၊ ကရင်အမျိုးသားလွတ်မြောက်ရေးအတွက် လှည်းနေလှေအောင်း၊ မြင်းဖောင်းမကျန်သော ကရင် မျိုးချစ်များသည် ၁၉၄၇ခုနှစ်၊ ဖေဖေါ်ဝါရီလ (၅)ရက်နေ့မှ (၇)ရက်နေ့အထိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဗင်တန်အထိမ်းအမှတ်(Vinton memorial hall)အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ကရင်အမျိုးသား အဖွဲ့အစည်း(၄)ဖွဲ့ဖြင့် ညီလာခံတရပ် ခေါ်ယူ ကျင်းပသည်။ ဤညီလာခံ၌...

(၁) ဒေါကလူ **(K.N.A)Karen National Association**

၁၈၈၁ခုနှစ်တွင် ဤအဖွဲ့ကို စတင်ဖွဲ့စည်းသည်။ အဖွဲ့ဝင်များမှာအောက်ပါအတိုင်းဖြစ်သည်။

(၁) ဒေါက်တာ တီသံပြာ (M.A)
(၂) ဒေါက်တာ ရောဘတ်ဖိုးကေ
(၃) ဆာစံစီဖိုး (Kt. C. B. E, M.D)
(၄) စောဒူးမေဖိုးမင်း
(၅) စောဘမောင် (ဝတ်လုံ)
(၆) စောပါဒွဲ
(၇)သရာစံဘော် (O.E.K.I.H) စသည့်ပုဂ္ဂိုလ်များပါဝင်သည်။

**(၂)BKNA (Buddhist Karen National Association)**

ဗုဒ္ဓဘာသာကရင်အမျိုးသားအဖွဲ့ချုပ်

၄င်းအဖွဲ့အား ၁၉၄၀ ခုနှစ်တွင် အမှတ်(၂၅၃)မောင်ဂို မာရီလမ်း၊ ရန်ကုန်မြို့တွင် သရက်တော ကျောင်းတိုက်ဆရာတော်နှင့် အလယ်တိုက် ကျောင်းဆရာတော် ဦးအဂ္ဂနှင့် မန်းရွှေဘတို့နှစ်ဦး နာယကအဖြစ်ဆောင် ရွက်ပြီး

(၁) ဆရာတော် ဦးပဏ္ဍဝံသ (ဥက္ကဋ္ဌ)
(၂) စောမြသိန်း (ဒုတိယ ဥက္ကဋ္ဌ)
(၃) ဦးကြီးစော (အထွေထွေအတွင်းရေးမှူး)
(၄) ဦးကန်အေး (ငွေထိမ်း)
(၅) ဦးနရိန္ဒ (အဖွဲ့ဝင်)
(၆) ဦးကုမာရ (အဖွဲ့ဝင်)
(၇) စောဘသန်းရွှေ (အဖွဲ့ဝင်)
(၈) စောဘလုံ (အဖွဲ့ဝင်)
စသည့်ပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ဖြစ် သည်။

**(၃)K.C.O (Karen Central Organization)**

ကရင်ဗဟိုအဖွဲ့

၁၉၄၃ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့ အမှတ်(၅၂၈) အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့တွင်ဖွဲ့စည်းသည့်(K.C.A.B) Karen Central Advisory Board. ကရင်ဗဟို အကြံပေးအဖွဲ့ကို ဖွဲ့သည်။ ထို့နောက်၁၉၄၅အောက်တိုဘာလ(၁)ရက်နေ့မှ (၃)ရက်နေ့အထိ အမှတ်(၂) ဦးလူနီလမ်း အောက်ကြည့်မြင်တိုင် ရန်ကုန်မြို့တွင်ကျင်းပသောအစည်းအဝေးမှ(K.C.O) ဟုအမည်ပြောင်းလဲဖွဲ့စည်းလိုက်သည်။

(K.C.O) ဗဟိုအမှုဆောင်များမှာ –
၁။စောသာဒင် (ဥက္ကဋ္ဌ၊ ငွေထိမ်း)
၂။မန်းဘခင် (အတွင်းရေးမှူး)
၃။သရာသာထို (တွဲဘက်အတွင်းရေးမှူး)
၄။စောဘဦးကြီး (အမှုဆောင်)
၅။စောစံဖိုးသင် (အမှုဆောင်)
၆။စောမြသိန်း (အမှုဆောင်)
၇။မန်းဂျိမ်း(စ်)ထွန်းအောင် (အမှုဆောင်)
၈။မန်းရွှေထွန်းကြာ (အမှုဆောင်)
၉။စောဘမောင် (အမှုဆောင်)
၁၀။ဂျိမ်း(စ်)တာပ (အမှုဆောင်)
၁၁။စစ်ဒနီလူနီ (အမှုဆောင်)
စသည့်ပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့. •••

**(၄)(K.Y.O) Karen Youth Organization**

ကရင်လူငယ်အဖွဲ့

၁၉၄၅ခုနှစ်၊ဒီဇင်ဘာလ(၁၄)ရက်နေ့တွင်ဖွဲ့စည်းသည်။
၁။မန်းဘခိုင် (ဥက္ကဋ္ဌ)
၂။မန်းဝင်းမောင် (ဒုဥက္ကဋ္ဌ)
၃။စောကျော်စိန်(အထွေထွေအတွင်းရေးမှူး)
၄။စောမြင့်သိန်း(တွဲဘက်အထွေထွေအတွင်းရေးမှူး)
၅။စောစိန်တင် (အဖွဲ့ဝင်)
၆။စောထွန်းစိန်(ပြားကြီး) (အဖွဲ့ဝင်)
၇။နော်မာစီကြီး (ငွေထိန်း)
စသည့်ပုဂ္ဂိုလ်များပါဝင်သောအဖွဲ့.

အထက်ပါအဖွဲ့(၄)ဖွဲ့ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်နေ့တွင်**(K.N.U) Karen National Union** ကရင် အမျိုးသားအဖွဲ့ချုပ်ကို ဖွဲ့စည်းလိုက် သည်။

ပထမဆုံး ကေအဲန်ယူ အမှုဆောင်များမှာ –
၁။စောစံဖိုးသင် (ဥက္ကဋ္ဌ)
၂။ဦးလှဖေ (ပအိုဝ်း) (ဒုဥက္ကဋ္ဌ)
၃။သရာသာထို (အတွင်းရေးမှူး)
၄။မန်းဂျိမ်း(စ်)ထွန်းအောင် (တွဲဘက်အတွင်းရေးမှူး)
၅။မန်းဘခင် (ငွေထိန်း)
၆။စောဘဦးကြီး (အဖွဲ့ဝင်)
၇။စောသာဒင် (အဖွဲ့ဝင်)
၈။မန်းဘခိုင် (အဖွဲ့ဝင်)
၉။မန်းဝင်းမောင် (အဖွဲ့ဝင်)
၁၀။မန်းဘဇန် (အဖွဲ့ဝင်)
၁၁။မန်းပေါလ်အေးငြိမ်း (အဖွဲ့ဝင်)
၁၂။စောဟံတာသာမွှေး (အဖွဲ့ဝင်)
၁၃။စောစိုင်းကေ (အဖွဲ့ဝင်)
၁၄။စောစိန်တင် (အဖွဲ့ဝင်)
၁၅။စောကျော်စိန် (အဖွဲ့ဝင်)
၁၆။စောအောင်ဝင်း (အဖွဲ့ဝင်)
၁၇။မစွစ်လူနီ (အဖွဲ့ဝင်)
စသည့် ပုဂ္ဂိုလ်များဖြင့် စတင်ဖွဲ့စည်းလိုက်သည်။

ပထမဆုံးဖွဲ့စည်းလိုက်သော'ကေအဲန်ယူ'ကရင်အမျိုးသားအစည်းအရုံးသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့၌

ဗြိတိသျှနန်းရင်းဝန်ထံသို့ကြေးနန်းတစောင် ပို့လိုက်သည်။ အဆိုပါကြေးနန်းတွင်

– ကရင်အမျိုးသားများအစည်းအရုံးသည် မြန်မာ့လွတ်လပ်ရေးသို့ရှေ့ရှုသော လုပ်ငန်းများကိုအနှောက်အယှက်ပြုရန်လုံးဝဆန္ဒမရှိကြောင်း၊ လန်ဒန်၊ စည်းဝေးပွဲကြီးတွင် ကရင်အမျိုးသားတို့၏ ဆန္ဒကိုဖော်ထုတ်ပြောဆိုနိုင်သည့်ကရင်ကိုယ်စားလှယ်တဦးတယောက်မျှမပါဝင်သဖြင့် လွန်စွာစိတ်မချမ်းမသာ ဖြစ်ရကြောင်း။

– ဘုရင်ခံ၏အမှုဆောင်(ဝန်ကြီး)အဖွဲ့တွင် ကရင်ကိုယ်စားလှယ်နှစ်ဦးပါရှိပါလျက်တဦးတယောက်ကိုမျှမပါဝင်စေခဲ့ခြင်းသည်မြန်မာနိုင်ငံတွင်ဒုတိယအရေးပါအရာရောက်ဆုံး၊ လူဦးရေဒုတိယအများဆုံး ဖြစ်သော ကရင်အမျိုးသားတို့ကို ပစ်ပယ်ရာရောက်ကြောင်း။

– ၁၉၃၁ ခုနှစ်လောက်က ကောက်ယူသည့် သန်းခေါင်စာရင်းအရ ကရင်လူဦးရေ တသန်းခွဲမျှ ရှိသည်ဟုဆိုသော်လည်း စစ်အတွင်း ဂျပန်တို့ကောက်ယူသည့် သန်းခေါင်စာရင်းအရ လေးသန်းကျော်ခန့်ရှိသည်ဟု သိရကြောင်း။

– ဗြိတိသျှအစိုးရနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ချုပ်ဆိုသောစာချုပ်ကို လက်မခံနိုင်ကြောင်း။

– ကရင်တို့၏ လိုလားချက်များနှင့် လျော်ညီအောင် ၁၉၄၇ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ကို နောက် ဆုံးထားပြီး ထိုစာချုပ်ကို ပြင်ဆင်ခြင်းမပြုလျှင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းများကို သပိတ်မှောက်မည်ဖြစ်ကြောင်း။

– တိုင်းပြည်ပြုလွှတ်တော်တွင် အမတ်(၂၁၀)ရှိသည့်အနက်ကရင်အမတ်(၂၄)နေရာပေးခြင်းသည် လူဦးရေအချိုးအစားနှင့် မညီကြောင်း။

– ကရင်အမတ်(၂၄)ဦးသည် ကရင်တို့၏ လိုလားချက်များကိုရရှိအောင် တိုင်းပြည်ပြုလွှတ်တော် တွင် စွမ်းဆောင်နိုင်မည် မဟုတ်ကြောင်း။

– ကရင်အများစုနေထိုင်သော ဟံသာဝတီ၊ အင်းစိန်၊ ပဲခူး၊ ဖျာပုံ၊ သာယာဝတီ၊ ထားဝယ်နှင့် ဘိတ်ခရိုင်တို့တွင်လည်း သီးသန့်ကရင်မဲဆန္ဒနယ်များသတ်မှတ်ပေးစေလိုကြောင်း။

– ဥပဒေပြုလွှတ်တော်တွင် ကိုယ်စားလှယ် (၁၀၀)ရှိသည့်အနက် ကရင်အမျိုးသားတို့၏ သဘောထားကိုဖေါ်ထုတ်ပြဌာန်းနိုင်ခွင့်ရှိစေရန်၊ ကရင်ကိုယ်စားလှယ် (၂၀)အောက်မလျော့နည်းပဲ စဉ်းစားစေလိုကြောင်း။

– သီးသန့်ကရင်စစ်တပ်များကို ဆက် လက်ထားရှိစေလိုကြောင်း။

– တနင်္သာရီတိုင်း၊ညောင်လေးပင်ခရိုင်ခွဲ၊သံလွင်ခရိုင်တို့ပါဝင်သော သီးခြားကရင်ပြည်နယ်ထူထောင်ခွင့်ပြုစေလိုကြောင်း၊

– လာမည့် တိုင်းပြည် အုပ် ချုပ်ရေးယန္တယား၏ ဝန်ထမ်းဦးရေသုံးပုံ၊ တစ်ပုံကို ကရင်များအားခန့် ထားစေလိုကြောင်း၊

– ကရင်အမျိုးသားတို့၏ လိုလားချက်များရရှိရေး သေချာစေရန်။ ဗြိတိသျှပါလီမန် ကိုယ်စားလှယ် အဖွဲ့။ မြန်မာနိုင်ငံသို့ စေလျှင် စွာစေလွှတ်စေလိုကြောင်း၊ ကြေး နန်း ရိုက် အကြောင်းကြား ပေးလိုက်သည်။

၁၉၄၆ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့တွင် ဖွဲ့စည်းသော ဘုရင်ခံ၏ အမှုဆောင်(ဝန်ကြီး)အဖွဲ့တွင် ကရင်ကိုယ်စားလှယ်နှစ်ဦးဖြစ်သော –

... မန်းဘခိုင် (အလုပ်သမားနှင့်စက်မှုလက်မှု ဝန်ကြီး)

... စောဘဦးကြီး (ပြန်ကြားရေး ဝန်ကြီး)

တို့ပါရှိလျက်၊ လန်ဒန်ဆွေးနွေးပွဲ တွင် ကရင်ကိုယ် စားလှယ်တဦးမှ မပါဝင်ခြင်းနှင့် အောင်ဆန်းအက်တလီသဘောတူညီချက်တွင်

၁။ တိုင်းပြည်ပြုလွှတ်တော်အတွက် ခွင့်ပြု ထားသော ကရင်ကိုယ်စားလှယ်ဦးရေ နည်းလွန်းခြင်း၊

၂။ကြားဖြတ်အစိုးရ ဥပဒေပြုလွှတ်တော်တွင်ကရင်ကိုယ်စားလှယ် မည်မျှပါဝင်မည်ကိုဖေါ်ပြ မထားခြင်း၊

၃။သီးသန့်လျာထားသော ကရင်အမျိုးသားစစ်တပ်များ ဆက်လက် ထားရှိနိုင်မည်မဟုတ်ခြင်း၊

၄။သီးခြားကရင်ပြည်နယ် တည်ထောင်ရေး ကိစ္စကို ဖေါ်ပြမထားခြင်း၊

၅။ဆွေးနွေးစာချုပ်မည့်ကိစ္စတွင် ကရင်အမျိုးသားများအား မေးမြန်းမှုလုံးဝ မပြုခြင်းတို့ကြောင့် အောင်ဆန်း–အက်တလီစာချုပ်ကို ကန့်ကွက်သည်။

ကရင်တမျိုးသားလုံး နိုင်ငံရေးအသိ တိုးတက်မြင့်မားလာသည်နှင့်အမျှ ကရင်ပြည်ရယူရေး ကရင်အမျိုးသားလွတ်မြောက်ရေး စိတ်ဓါတ်များ အထွဋ်အထိပ်သို့ရောက်ရှိနေသည်။ တိုက်ပွဲများ တဆင့်ပြီးတဆင့် ဝင်လျှက်ရှိသည်။ အောင် ဆန်း–အက်တလီစာချုပ်ကို ကန့်ကွက် သည်နှင့် တဆက်တည်း ၁၉၄၇ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံး ၏ တောင်း ဆိုမှု ကို လိုက်လျောခြင်း မပြုခဲ့သော် –

–ကရင်များက ရွေးကောက်ပွဲကို သပိတ်မှောက်မည်။

–ဝန်ကြီးစောဘဦးကြီးမှ ကန့်ကွက်သည့်အနေနှင့် ပြန်ကြားရေးဝန်ကြီးရာထူးမှ နှုတ်ထွက်မည်။

–ကရင်အတွက် သီးသန့်မင်းတိုင်ပင်အမတ် မရှိသေးသော အင်းစိန်၊ ပဲခူး၊ သာယာဝတီ၊ ဖျာပုံ၊ ထားဝယ်နှင့် မြိတ်ခရိုင်များအတွက် တိုင်းပြည်ပြုလွှတ်တော်အမတ် (၁၇)ဦး ပိုမိုထားရှိပေးရန်။

–လာမည့်ဥပဒေပြုလွှတ်တော်၌ ကရင်ဝန်ကြီး(၂၅)ရာခိုင်နှုန်း ပါဝင်စေရန်။

–သီးသန့်ထားရှိသော ကရင်စစ်တပ်များကို ဆက်လက်ထားရှိရန်။

–ကရင်နယ်ထူထောင်ရေးကိုမူအားဖြင့် လက်ခံရန်။

–လာမည့်တိုင်းပြည်အုပ်ချုပ်မှုများတွင် ကရင်အမျိုးသားများအား ဌာနတိုင်းတွင် လူဦးရေအမျိုး အစားအလိုက်ခန့်ထားရန်။

တိုင်းပြည်ပြုလွှတ်တော်ဖွဲ့စည်းပြီးလျှင်ပြီးချင်း၊ လူဦးရေစာရင်း (ဝါ) သန်းကောင်စာရင်းမှန်ကို ကောက်ခံပေးရန်၊ဗြိတိသျှဝန်ကြီးချုပ်ထံ တောင်းဆိုလိုက်သည်။ (ဘုရားဖြစ်မယ်ကြုံ၊ ဒေဝ

ဒတ်က ကိုးယို့ကားယား) ဆိုသလို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်နေ့ ကရင်အမျိုးသားညီလာခံမှ ဆုံးဖြတ်ချက် များအရ မတ်လ(၃၁)ရက်နေ့ နောက်ဆုံးကေအဲန်ယူတောင်းဆိုမှုကို လိုက်လျောခြင်းမပြုခဲ့သော်၊ ကရင်များမှ ရွေးကောက်ပွဲကို သပိတ်မှောက် ရန်ဆိုသည့် ဆုံးဖြတ်ချက်အရ၊ ဥက္ကဋ္ဌကြီး မန်းဘဇန် အပါအဝင် ကရင်အမျိုးသားခေါင်းဆောင်ကြီးများဖြစ်သော –

၁။ စောဘဦးကြီး
၂။ မန်းဂျိန်းစ်ထွန်းအောင်
၃။ စောဟံတာသာမွေး
၄။ မန်းကျော်ဗလ
၅။ ဘုရင်ဂျီဘုန်းတော်ကြီး ဖါသာမိုးရမ်း
၆။ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဆရာတော်ဦးဥတ္တမ ၊ စသည့်ပုဂ္ဂိုလ်များသည်

မြစ်ဝကျွန်းပေါ်ဒေသသို့ စည်းရုံးရေး၊ ရွေးကောက်ပွဲ သပိတ်မှောက်ရေး၊ လူထုလှုံ့ဆော်တရားပွဲများ ခြိမ့်ခြိမ့်သဲသဲကျင်းပကြလေသည်။ ကရင်တမျိုးသားလုံး ကျွန်ဘဝမှလွတ် မြောက်ပြီး ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ပြဋ္ဌာန်းနှင့် နေထိုင်နိုင်သောလွတ်လပ်သည့်လူမျိုးအဖြစ်၊နေထိုင်နိုင်ရေးအတွက် တက်ကြွစည်းလုံးညီညွတ်လျှက်ရှိသည်။

သတ်မှတ်ထားသည့် ၁၉၄၇ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရောက် သည့်တိုင် ပြန်ကြားချက်မရ သဖြင့် ညီလာခံဆုံး ဖြတ်ချက်အရ ဝန်ကြီး စောဘဦးကြီး ရာထူးမှ နှုတ်ထွက်လိုက် သည်။စောဘဦးကြီး ရာထူးမှ နှုတ် ထွက်လိုက်လျှင် ကေအဲန်ယူ ကရင် အမျိုးသားအစည်းအရုံးတွင် ပါဝင်နေသော (K.Y.O) ကရင်လူငယ်များ ဖြစ်ကြသည့် စောစံဖိုးသင်၊ မန်းဘခိုင်၊ မန်းဝင်းမောင်၊ မန်းကျော်စိန်၊ စောစိန် တင်တို့၊ကေအဲန်ယူမှ နှုတ်ထွက်သွား ကြသည်။ ဘုရားမဖြစ်သေးခင် ဒေဝဒတ်မှ ကိုးယို့ကားယားလုပ်လာသ ဖြင့် ကရင်ပြည် ရရှိရေးတိုက်ပွဲမှာ အရှိန် အဟုန်ယုတ် လျော့သွားလင့်ကစား ရပ်တန့်သွားခြင်းမရှိပဲ ၁၉၄၇ခုနှစ်၊ ဧပြီ လ(၁၀)ရက်နေ့တွင် ကေအဲန်ယူ အရေးပေါ်ညီလာခံတရပ်ခေါ်ယူ ကျင်းပသည်။ ဤညီလာခံမှ အောက်ပါ ကေအဲန်ယူအမှုဆောင်ကော်မတီကို ရွေးကောက်တင်မြှောက်လိုက်သည်။

၁။ စောဘဦးကြီး ဥက္ကဋ္ဌ၊
၂။ မန်းစောဘူ ဒုတိယ–ဥက္ကဋ္ဌ၊
၃။ သရာသာထို အတွင်းရေးမှူး၊
၄။ မန်းဂျိန်းစ်ထွန်းအောင် တွဲဘက်–အတွင်းရေးမှူး၊
၅။ မန်းဘခင် ငွေထိန်း၊
၆။ စောသာဒင် ဘဏ္ဍာရေး၊
၇။ စောဟံတာသာမွေး ပညာရေး၊
၈။ စောမောင်ဝင်း ပြန်ကြားရေး၊
၉။ မန်းဘဇန် ကာကွယ်ရေး၊
၁၀။စောစန်းကေး သုဝဏ္ဏတိုင်း သတင်းစာအယ်ဒီတာချုပ်၊
၁၁။ စကောမောလေး လူငယ်၊
၁၂။ ဦးဇန် အုပ်ချုပ်ရေး၊
၁၃။ မစ္စလူနီ အမျိုးသမီး၊

စသည်တို့ကိုရွေးကောက်တင်မြှောက်သည်။

အထက်ပါပုဂ္ဂိုလ်ကြီးများကို ရွေးကောက်တင်မြှောက်ပြီး ထိုညီလာခံမှ အောက်ပါအချက်များကို ဆုံးဖြတ်အတည်ပြုကြသည်။

၁။ကရင်ပြည်ကို ကြိုးစားတည်ဆောက်ချိန်၊ ကရင်တယောက်စော်ကားခံရလျှင် ကရင် တမျိုးသားလုံး၊စော်ကားခံရသည်ဟု ခံယူ သည်။

၂။(က)လွှတ်တော်တွင် ဝင်ရောက် အရွေးခံ ရသောကရင်ကိုယ်စားလှယ်များ သည် အစစ် အမှန်မဟုတ်။

(ခ)ကိုယ်ကျိုးမကြည့်ပဲ ဝန်ကြီးရာထူးမှ နှုတ်ထွက်လိုက်သော ဝန်ကြီးစောဘဦးကြီးအား၊ဤညီလာခံမှ ချီးကျူးဂုဏ်ပြုသည်။

(ဂ)ရွေးကောင်ပွဲမဝင်သော ကရင်များအားငှင်း၊ မဲမထည့်သော ကရင်အမျိုးသားအားလုံး အားလည်းကောင်း၊ ဤညီလာခံမှ ချီးကျူးဂုဏ်ပြုသည်။

(ဃ)ကေအဲန်ယူ အလုပ်အမှုဆောင်ကော်မတီမှ လုပ်ငန်းလမ်းစဉ်များရေးဆွဲရန် ဤညီလာခံမှ အာဏာကုန်အပ်နှင်းသည်၊ စသည်တို့ကို၊ ဆုံးဖြတ်ချမှတ်လိုက်သည်။

ကေအဲန်ယူညီလာခံဆုံးဖြတ်ချက် အမှတ်(၄)အရ ကေအဲန်ယူ၊ အာဘော်ဂျာနယ်အယ်ဒီတာချုပ်အဖြစ် ဗိုလ်ချုပ် စိုင်းကော၊ တွဲဘက်အယ်ဒီတာ ချုပ်အဖြစ်၊စောအောင်ညွှန့်(ဖိုးစော်ကဲ)တို့အားတာဝန်ပေးသည်။ ထိုဂျာနယ်မှာ (သုဝဏ္ဏတိုင်း)ဂျာနယ်ဖြစ်သည်။ အပတ်စဉ်ဂျာနယ်ဖြစ်ပြီး၊ တပတ်လျှင်စောင်ရေ (၂၀၀၀)ထုတ်ဝေဖြန့်ချီသည်။ ဂျာနယ်တစောင် (၄)ပဲဖြင့် ရောင်းချသည်။

ဘာသာရေးလုံးဝမပါပဲ နိုင်ငံရေးနှင့် အမျိုးသားရေးကိုသာ ရေးသားသည်။ ယင်းဂျာနယ်ထုတ် ဝေခြင်း၏ ဦးတည်ချက်မှာကရင်တမျိုးသားလုံးဘာသာမရွေး၊ မျိုးနွယ်စုမရွေး၊ ဒေသမရွေးစုစည်းပေးပြီး ကရင့်လွတ် လပ်ရေးအတွက် တိုက်ပွဲဝင်လာရန် ဖြစ်သည်။ယင်းဂျာနယ်တွင် ရေးသားသော၊ဆောင်းပါးများမှာ နယ်မှပေးပို့သော ဆောင်းပါးများဖြစ်သည်။ ကရင်လူထုဂျာနယ်ပင်ဖြစ်သည်။

ဆောင်းပါးတိုင်းလိုလိုပင် အမျိုးသားရေးလှုံ့ဆော်ရေးသားသော ဆောင်းပါးများဖြစ်သည်။

ဥပမာ။ ။ ၅၊၇၊၄၈ ရက်နေ့ထုတ် သုဝဏ္ဏတိုင်းဂျာနယ်တွင် ပြည်ရွာပိုင်မရှယ် ပဲနှင့်စော်ကဲနော်မင်းဖြစ်ကိန်းမှာကျိန်းသေ တဲ့လေး။

၂၀၊၉၊၄၈ ရက်နေ့တွင် (တောင်ပေါ်ကမင်းကလေး၊ လမ်းမသာလို့မလာသေး၊ ပင်လယ်ပြင်မှာကြေးနန်းသွယ်၊ ကရင်မင်းလာလိမ့်မယ်) စသည်ဖြင့်တဘောင်များဖြင့်ရေးသား၍ အမျိုးသား အသိစိတ်ဓါတ်များ သွတ်သွင်းပေးခဲ့သည်။ မဟာလူမျိုးကြီးဝါဒကို ဦးတည်တိုက်ခိုက် သောဆောင်းပါးများ ရေးသားကြသည်။ ကရင်အမျိုးသားလုံးကို လှုံ့ဆော်စည်းရုံး ပေးနိုင်ခဲ့သည်။ ယင်းဂျာနယ်နှင့် ပတ် သက်၍ ဥက္ကဋ္ဌကြီးမန်းဘဇန်မှ...

ကျွန်ုပ်သည် ဆောင်းပါးများရေးသားရန် အလွန်စိတ်ဝင်စားသည်။ ဂျပန်ခေတ် ဝန်ကြီးဦးလှဖေရုံးတွင်အထက် တန်းစာရေးအဖြစ် လုပ်ကိုင်နေစဉ် အမျိုး

သားရေးနှင့် ပတ်သက်၍ဗမာ့၊ သတင်းစာ၊ ဂျာနယ်များသို့ဆောင်းပါးများရေးသား ပေးပို့ခဲ့ရာမှ အတွေ့အကြုံအတော်ရခဲ့ သည်။ သုဝဏ္ဏတိုင်းဂျာ နယ်တွင်ကျွန်ုပ်၏ ကလောင်အမည်များမှာ (တယူသန်)နှင့် (နိုင်ငံရေးသတင်းထောက်) ဟူသော ကလောင်အမည်ဖြင့် ရေးသားပါသည် ဟု ပြော ကြားထားသည်။

ကရင်လူထုဆန္ဒပြပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း၊ ကရင့်တော်လှန်ရေးဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာရခြင်းတို့တွင် သုဝဏ္ဏတိုင်းဂျာနယ်သည် တတတ်တအားဖြင့် လှုံ့ဆော်ပေးခဲ့သည်။ ယင်းဂျာနယ်ကို ဖဆပလအစိုးရမှ အထူးဂရုစိုက်ခဲ့သည်။ ဂျာနယ်တွင်ပါဝင်သော ဆောင်းပါးများမှာ ဥပဒေနှင့်ညီစွန်းသော ဆောင်းပါးများဖြစ်သဖြင့် ဖဆပလအစိုးရ ပြည်ထဲရေးဌာနမှ မကြာခဏ သတိပေးခြင်းခံခဲ့ရသည်။ သို့သော် ကရင်လူထုသည် တားမရသည့်ဒီရေအလားအုံကြွနေသဖြင့် အရေးယူခြင်း မပြုခဲ့ပေ။

ယင်းဂျာနယ်သည် ကရင့်သမိုင်းတွင် ဂုဏ်ပြုရမည့် မှတ်တမ်းဝင် ဂျာနယ်တခုဖြစ်သည်။ ၁၉၄၇ ခုနှစ်မှ ကရင့်တော်လှန်ရေးဖြစ်ပေါ်လာသည့် ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့အထိ ထုတ်ဝေနိုင်ခဲ့သည်။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လုပ်ကြံခံရပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်တွင် ၁၉၄၇ခုနှစ်(၂၆) ရက်နေ့နှင့် (၂၇)ရက်နေ့၊ အမှတ်(၂)ဦးလူနီလမ်း၊ ကြည့်မြင်တိုင် ရန်ကုန်မြို့တွင် အနယ်နယ်အရပ်ရပ်မှကရင်အမျိုးသားခေါင်းဆောင်(၃၅)ဦး တွေ့ဆုံပြီး ဥက္ကဋ္ဌကြီးစောဘဦးကြီးမှ သဘာပတိအဖြစ်ဆောင်ရွက်သည့် အစည်း အဝေးတရပ်ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် ဥက္ကဋ္ဌကြီးစောဘဦးကြီးမှ...

နယ်ခေါင်းဆောင်များသည် မိမိနယ်ရှိ ကရင်အမျိုးသားတို့အား လူမျိုးရေးပဋိပက္ခဖြစ်စေမည့် အခြေအနေများကို ရှောင်ရှား၍ အေးအေးဆေးဆေးနေကြရေးအတွက်ပန်ကြားရန်...

မြန်မာခေါင်းဆောင်များ မကျဆုံးမီနှင့် ကျဆုံးပြီးနောက်ဖြစ်ပေါ်လာသော အခြေအနေများအရဗမာအမျိုးသား တို့၏ အာဏာရရှိ ရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိစေရန်နှင့် ကရင်ပြည်နယ်ရရှိရေးအတွက် ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက်...

၁။ ကရင်လူဦးရေသန်းကောင်စာရင်း အမြန်ကောက်ယူရန်၊

၂။ မော်လမြိုင်မြို့တွင် စက်တင်ဘာလ (၄)ရက်နေ့၌ကျင်းပသည့် ကရင့်ခေါင်းဆောင်များအစည်းအဝေးသို့ မိမိတို့နှင့် သဘော ထားခြင်းတိုင်ဆိုင်သော မွန်ခေါင်းဆောင်များကို ဖိတ်ကြားရန်။

၃။ ကရင်(၁၂)ဦးထက်မနည်း သတ်ဖြတ်ခံရမှုတွင် ပါဝင်ပတ်သက်သော ဗိုလ်ထွန်းလှအားလွှတ်ငြိမ်းခွင့်ပြုခြင်းကို ဖါပွန်လူထုက မကြေမနပ်ဖြစ်နေကြသဖြင့် ဗိုလ်ထွန်းလှအမှုကို တရားနည်း လမ်းတကျစစ်ဆေးရေးအတွက် အာဏာပိုင်များထံတင်ပြနိုင်ရန် ဆရာသာထို၊ စောဝေရီကျော်၊ စောတီဖိုးကူးတို့အား ဤအစည်းအဝေးမှတာဝန်ပေးရန်။

၄။ သထုံတွင် အငတ်ဘေးနှင့် ရင်ဆိုင်နေကြရသူများအားထောက်ပံ့ရန်၊ ကောက်ခံရရှိသောငွေကျပ်(၄၃၆၀)ကိုသထုံမြို့နေ ဦးဖေတိုးနှင့် စောဘလုံးတို့အား ပေးအပ် ရန်။

၅။ကရင်အမျိုးသားအလံပုံစံ ရွေးချယ်အတည်ပြုရေးအတွက် မန်းဘခင်၊ ဆရာသာထို၊ မန်းဂျိမ်းစ်ထွန်းအောင်တို့ပါဝင်သော ကော်မတီတရပ်ဖွဲ့စည်းရန်။

၆။ ဗြိတိသျှအစိုးရပါလီမန်ကော်မရှင်ရောက်ရှိလာလျှင် ကေအဲန်ယူအဖွဲ့ချုပ်အနေဖြင့် တိတိကျကျတင်ပြ၍ သီးခြားကရင်ပြည်နယ်၏ နယ်နမိတ်ကို ကရင်လူထု (အထူးသဖြင့် ဧရာဝတီတိုင်းနေကရင်လူထု) က အပြီးအပိုင်သတ်မှတ်ပေးရန်။

၇။ အဖွဲ့အတွင်းပါဝင်မည့် ကရင်ပြည်နယ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို ပါကစ္စတန်၏ပုံစံအားမှီငြမ်း၍ ရေးဆွဲရန်အတွက်စောဘဦးကြီး၊ ဦးလှဖေ၊ မန်းဘခင်၊ ဆရာသာထို၊ စောစံကော၊ စောဘိုးချစ်၊ စောသာဒင်၊ စောဗစ်တာဖိုး၊ စောဟံတာသာမွှေး၊ မန်းဂျိမ်းစ်ထွန်းအောင်၊ စောဘဲလေ တို့ပါဝင်သည့် ဆပ်ကော်မတီဖွဲ့စည်းရန်ဟူသောဆုံးဖြတ်ချက်ကို ချမှတ်ကြသည်။

ထိုအစည်းအဝေးမှာပင် ကေအဲန်ယူအဖွဲ့ချုပ်မှ ဧရာဝတီတိုင်း ကိုယ်စားလှယ်တို့အား တိုင်းအတွင်း လူထုအစည်းအဝေးကြီးတရပ်ကျင်းပ၍ မိမိတို့နေထိုင်သည့်နယ်ပယ်များ ကရင်ပြည်နယ်အတွင်း ပါဝင်သင့်၊ မသင့်ကို ဆုံးဖြတ်ရန် ညွှန်ကြားကြလေသည်။

တဖန်၁၉၄၇ခုနှစ်၊ အောက်တိုဘာလ (၃၄)ရက်နေ့များတွင် မော်လမြိုင်မြို့၌ ခရိုင် ကေအဲန်ယူ ကိုယ်စားလှယ်(၇၀၀) ကျော်တက်ရောက်သော ကွန်ဖရင့်ကြီးမှ အောက်ပါအရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်လိုက်လေသည်။

၁။ ကရင်ကိုယ်စားလှယ်အစစ်အမှန် မပါဝင်သော မြန်မာတိုင်းပြည်ပြုလွှတ်တော်က အတည်ပြုလိုက်သော စည်းမျဉ်းဥပဒေများကို ကရင်လူထုကလက်မခံ။

၂။ သီးသန့်သော ကရင်ပြည်ထူထောင်ရေးကိစ္စ ကို ကမ္ဘာ့ကုလသမဂ္ဂသို့ တိုင်ကြားရန်။

၃။ သီးသန့်သောကရင်ပြည်အတွက်စည်းမျဉ်း ဥပဒေများကို ရေးဆွဲရန်အတွက် ဗဟိုအမှုဆောင်များ အားတာဝန်လွှဲအပ်ကြောင်း။

၄။ဗဟိုအမှုဆောင်အဖွဲ့ဝင်အားလုံးတို့အား လူထုက လုံးဝအယုံအကြည်ရှိကြောင်း။

၅။(က)တောင်ငူခရိုင်ပါဝင်သော တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ အင်းစိန်ခရိုင်၊ ဟံသာဝတီခရိုင်၊ ညောင်လေးပင်တိုင်းခွဲစသည်တို့ကို သီးသန့်ကရင်ပြည်အဖြစ် အသိအမှတ် ပြုရန်။

(ခ) မြန်မာပြည်ကြီး လွတ်လပ်သောအခါ သီးသန့်သောကရင်ပြည်နယ်အရေးကိုဗမာအစိုးရနှင့် အရေးဆိုရန်။

၆။ လက်နက်ပုန်းရှိသောသူများကို သေဒဏ်ပေးမည်ဟူသောဥပဒေကြမ်းကို ရုပ်သိမ်း ရန်။

၇။ ယခုလက်ရှိကရင်အမျိုးသားအလံတော်ကိုကရင်အမျိုးသားအားလုံး၏အလံဟု

အသိအမှတ်ပြုရန်စသည်တို့ကို ဆုံးဖြတ်ချမှတ် လိုက်သည်။

တဖန် ၁၉၄၈ခုနှစ်မတ်လ(၃)ရက်မှ (၅)ရက်အထိ ကျင်းပသော ကေအဲန်ယူ အဖွဲ့ချုပ် နှစ်ပတ်လည်ညီလာခံမှ အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်သည်။

၁။ သီးသန့်သောကရင်စစ်တပ်များကိုမူလကကဲ့သို့ပင်ထားရှိရန်။

၂။ ယခုအတောအတွင်း ကိုယ်ပိုင်လိုင်စင်သေနတ်များနှင့် ကာကွယ်ရေးသေနတ်များကိုသိမ်းဆည်းခြင်းမပြုရန်။

၃။ ကရင်နီနယ်မြေတို့၏ ဦးစီးအဖွဲ့ကမိမိတို့၏နယ်မြေများကိုမြန်မာနိုင်ငံနှင့်မပူးပေါင်းရန်ဆုံးဖြတ်အတည်ပြုရန်ကို လုံး၀ ထောက်ခံကြောင်း ဆုံးဖြတ်ချက်ချမှတ်လိုက်ပေသည်။

ကရင်အမျိုးသားလုံး၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသည် အရှိန်အဟုန်အဆင့်ဆင့်မြင့် တက်လာသည်နှင့် အမျှတိုက်ပွဲနည်းဗျူဟာတခုပြီးတခုပြောင်းလဲဖြစ်ပေါ်လာသည်။ ၁၉၄၈ ခုနှစ်၊ မတ်လ (၅)ရက်နေ့ကရင်အမျိုးသားများ၏ လွတ်လပ်ရေးတိုက်ပွဲကြောင့် ကချင်၊ ကရင်နီ၊ ရှမ်းနှင့် ချင်းလူမျိုးများ၏ ပြည်နယ်များကို သတ်မှတ်ပေးလာ၇သည်။ ထို့အပြင် ကရင်ပြည်၊ မွန်ပြည်နှင့် ရခိုင်ပြည် သတ်မှတ်ပေးရေးနှင့် ပတ်သက်၍ ဖဆပလအစိုးရ တရားရေး၀န်ကြီး ဆာဘဦးအထူးပြု သော ပြည်နယ်စုံစမ်းရေးကော်မရှင်တရပ်ဖွဲ့စည်းပေးလာရသည်။ အဆိုပါပြည်နယ်စုံစမ်းရေး ကော်မ ရှင်တွင်–

၁။ ရှမ်းပြည်ရေးရာကောင် စီကိုယ်စားလှယ်(၁)ဦး

၂။ ချင်းပြည်ရေးရာကောင်စီကိုယ်စားလှယ် (၁)ဦး

၃။ ကချင်ပြည်ရေးရာကောင်စီကိုယ်စားလှယ် (၁)ဦး

၄။ ကရင်နီပြည်ရေးရာကောင်စီကိုယ်စားလှယ် (၁)ဦး

၅။ ကရင်အမျိုးသားကိုယ်စားလှယ် (၆)ဦး

၆။ မွန်အမျိုးသားကိုယ်စားလှယ် (၆)ဦး

၇။ ရခိုင်အမျိုးသားကိုယ်စားလှယ် (၆)ဦး

၈။ ဗမာအမျိုးသားကိုယ်စားလှယ် (၆)ဦး

တို့ဖြင့်ဖွဲ့စည်းသည်။

ပြည်နယ်စုံစမ်းရေးကော်မရှင်သည်...

၁။ ကရင်၊ မွန်၊ ရခိုင် တိုင်းရင်းသားတို့၏ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ရေး ရလိုသောဆန္ဒကို စုံစမ်းရန်။

၂။ အကယ်၍ ထိုဆန္ဒများသည် အခြေခံဥပဒေ၏သဘောများနှင့် အကြုံး၀င်ပြီး ဖြစ်လျှင် ထိုဆန္ဒများကိုအမြန်ဆုံးဖြည့်စွမ်းနိုင်မည့် လုပ်ငန်းစဉ်များကို ရေးဆွဲတင်ပြရန်။

၃။ အကယ်၍ ထိုဆန္ဒများသည် အခြေခံဥပဒေ၏သဘောများနှင့် အကြုံးမ၀င်ခဲ့သော် ထိုသို့သော အခက်အခဲများကို ကျော်လွှားအောင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုရှာဖွေရန်။

၄။ အထက်ပါ ဖွေရှာ၍တွေ့ရှိလာသော နည်းလမ်းများကို ဒီမိုကရေစီနည်းအရ အမြန်ဆုံးအထမြောက်အောင် ဖန်တီးနိုင်မည့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲတင်ပြရန် ဟူ၍ လုပ်ငန်းများ ချမှတ်ထားသည်။

အဆိုပါပြည်နယ် စုံစမ်းရေးကော်မရှင်သို့ အစစ်ဆေးခံရန် သံလွင်ခရိုင်ကရင်ကိုယ်စားလှယ် အဖွဲ့နှစ်ဖွဲ့၊ ကရင်လူငယ်အစည်းအရုံးနှင့်၊ ကေအဲန်ယူအဖွဲ့ချုပ်တို့မှတက်ရောက်၍ အသီးသီး အစစ် ဆေးခံကြလေသည်။

<u>ကေအဲန်ယူ အဖွဲ့ချုပ်မှ...</u>

၁။ သရာသာထို

၂။ မန်းဂျိမ်း(စ်)ထွန်းအောင်

၃။ စောမောင်ဒေါက်

၄။ မန်းဘဖန်တို့ တက်ရောက်အစစ်ဆေးခံကြသည်။

ကေအဲန်ယူအဖွဲ့ချုပ်၏ ကရင်ပြည်ရရှိရေးတောင်းဆိုမှုကို လေးနက်စေရန်အတွက် ၁၉၄၈ ခုစ်၊ ဖေဖော်၀ါရီလ (၁၁)ရက်နေ့တွင် ကရင်လူထုဆန္ဒပြပွဲ ကြီး တရပ် ကျင်းပလေသည်။ အဆိုပါ ကရင်လူထုဆန္ဒပြပွဲကြီးတွင် –

၁။ ကရင်ပြည်ချက်ချင်းပေး။

၂။ ကရင်တကျပ်ဗမာတကျပ်ချက်ချင်းပြ။

၃။ လူမျိုးရေးအဓိကရုဏ်း အလိုမရှိ။

၄။ ပြည်တွင်းစစ် အလိုမရှိ။

ဟူသော ကြွေးကြော်သံပိုစတာများကို ကိုင်ဆောင်၍ အသံတိတ်စည်းကမ်းတကျ လှည့်လည် ဆန္ဒပြခဲ့ကြသည်။ ကရင်တမျိုးသားလုံးသည်ကျွန်ဘ၀မှလွတ်မြောက်ရေးအတွက်စိတ်ဓါတ်တက်ကြွလျက် စည်းလုံး ညီညွတ်နေကြသည်။ ကရင်ပြည်သည် ပထမ၊ ကရင်ပြည်သည် ဒုတိယနှင့် ကရင်ပြည်သည် တတိယဟူ၍ ကရင်ပြည်မှလွဲ၍ ကရင်တမျိုးသားလုံး၏ နှလုံးအိမ်တွင် အခြားအရာ ဘာတခုမှ မရှိပေ။ ကရင်ပြည်အရေးကို အကြမ်းမဖက် ငြိမ်းချမ်းသောနည်းဖြင့် မိမိတို့၏ဆန္ဒကို ဖော်ပြခဲ့ပြီးဖြစ်သည်။ တဖက်မှ လူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အသိအမှတ်မပြုလိုသော (မဟာလူမျိုးကြီး၀ါဒီ)များသည် လူမျိုးရေးမုန်းတီးမှု၊ လူမျိုးရေးအဓိကရုဏ်းများကို တစတစ တိုးချဲ့လုပ်ကိုင်လာသည်။ အခြေအနေ တစထက်တစ တိုးတက်တင်းမာလာချိန်တွင် ၁၉၄၈ခုနှစ်၊ စက်တင်ဘာလ(၁၇၊၁၈) ရက်နေ့ ပုသိမ်မြို့တွင် ကေအဲန်ယူ အရေးပေါ်ညီလာခံတရပ်ခေါ်ယူ၍ ဆုံးဖြတ်ချက်များ ချမှတ်လိုက်သည်။

၁။ ပါကစ္စတန်နိုင်ငံကြီးကို ဖန်တီးပေးသူ ထင်ရှားကျော်စောသော မွတ်စလင်ခေါင်းဆောင်ကြီး မစ္စတာမိုဟာမက်အလီဂျင်းနားကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် ၀မ်းနည်းကြောင်းပါကစ္စတန် ဘုရင်ခံချုပ် ထံမှတဆင့် အခြားမွတ်စလင်နိုင်ငံများသို့ အကြောင်းကြားပေးပါရန် ဤညီလာခံမှ ဆုံးဖြတ်ကြောင်းနှင့် (ထ၍တမိနစ်ငြိမ်သက်စွာနေရန်)၊

၂။ မွန်၊ ကရင်သည် ဘ၀ကံတူအကျိုးပေးခြင်းတူညီသည့်အတွက် မကြာမီက ကေအဲန်ယူခေါင်းဆောင်များနှင့် မွန်လူထုခေါင်းဆောင်များ အေးအတူပူအမျှ တဦးနှင့်တဦး အခွင့်အရေးဆောင်ရွက်ရာ၌ ကူညီကြရန်(သစ္စာအဓိဌာန်ပြု)ကြေညာခဲ့သည်ကို ဤညီလာခံမှ ချွင်းချက်မရှိ ထောက်ခံအတည်ပြုပါကြောင်း။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အခြေအနေသည် ဆိုးရွား၍လာသည့်အားလျော်စွာ ကရင် တမျိုးသားလုံး၏ အသက်နှင့်စည်းစိမ်ကိုသာမက ကရင်အများအပြား

နေထိုင်သော မြို့နယ်ရပ်ရွာများ၌ နေထိုင်ကြကုန်သော တခြားအမျိုးသားများ၏ အသက်နှင့် စည်းစိမ်ကိုပါ ကာကွယ်ရန် အထူးလိုအပ်သဖြင့် ကရင်အမျိုးသားများက ကိုယ့်မြို့ကိုယ့်ရွာကို ကာကွယ်သည်သာ မက အခြားအကူအညီလိုသော နေရာများသို့ ကာကွယ်ရန်လိုပါက အလျင်အမြန် အကူအညီပေးပါရန်ဤညီလာခံမှ ဆုံးဖြတ်ပါကြောင်း။

၄။ ကရင်သီးခြားနယ်ရရှိရေးသည် ကရင်တမျိုးသားလုံး မည်သည့်ပါတီဝင် မဆို စည်းလုံးရေးအပေါ်တွင် အဓိကတည်ရှိနေပါ၍ ကရင် တမျိုးသားလုံး မကွဲမပြား စည်းလုံးရေးရရန် တဦးနှင့် တဦးအေးအတူပူအမျှလက်ချင်း တွဲ၍ဆောင်ရွက်သွားမည်ဟု ဤညီလာခံမှ ဆုံးဖြတ်ပါကြောင်း။

၅။ ကရင်ဗမာအဓိကရုဏ်းသည် ကရင်နယ်ရရှိရေးနှင့် ဗမာပြည်လွတ်လပ်ရေး ဆုံးရှုံးမှုဖြစ်စေသည့် အရာတခုဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်သည်သာမက လုံးဝအပိုမရှိကြောင်း၊ လူမျိုးရေးအဓိကရုဏ်းကိုလှုံ့ဆော်သည့် ပါတီတခုခုကဖြစ်စေ၊ သတင်းစာတစောင်စောင်ကဖြစ်စေ၊ လူတဦးတယောက်ကဖြစ်စေ ပြုလုပ်ခဲ့သော် ဤညီလာခံမှ အပြင်းအထန်ရှုံ့ချပါကြောင်း။

၆။ ကရင်အမျိုးသားများ၏ လိုလားချက်ကို ပြည့်စုံအောင်ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့ ကေအဲင်ယူအဖွဲ့ချုပ်က ဒီမိုကရေစီဝါဒနှင့် ဆန့်ကျင်၍ ဆောင်ရွက်သောနည်းလမ်းများကို မလိုလားပါကြောင်း။

၇။ ယခုအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၌ ဆူပူသောင်းကျန်းသူများရှိရာ တိုင်းပြည်ရှိ လူထုမှာ များစွာနေရေးထိုင်ရေး တွင် ချမ်းမြေ့ခြင်းမရှိကြောင်းကို ကျွန်ုပ်တို့ ကေအဲန်ယူအဖွဲ့ချုပ်မှ သိရှိရပါကြောင်း၊ အ ကယ်၍ တိုင်းပြည်၏ ငြိမ်းချမ်းသာယာမှုကို လို လားသောလူထုအဖွဲ့အစည်းများက ငြိမ်း ချမ်းမှုကိုဖန်တီးပေးရန် ကေအဲန်ယူ အဖွဲ့ချုပ် အားလိုလားပါက ကေအဲန်ယူအဖွဲ့ချုပ်မှ အင်တိုက်အားတိုက်၊ ကူညီစောင့်ရှောက် မည်ဖြစ်ကြောင်း။

၈။ ကေအဲန်ဒီအို တံဆိပ်များကိုတပ်ဆင်၍ ကေအဲန်ယူအဖွဲ့ချုပ်၏အမည်ကို အလွဲသုံးစားပြုလုပ်ကာ ရာဇဝတ်မှုများကို ကျူးလွန်သူ အရေခြုံတစုအား ထိရောက်စွာအရေးယူရန် ဤညီလာခံမှဆုံးဖြတ်ပါကြောင်း။

၉။ မြစ်ဝကျွန်းပေါ်ဒေသများထက် သထုံ၊ မော်လမြိုင်နယ်များတွင်အခြေအနေမှာပိုမိုငြိမ် သက်လျက်ရှိကြောင်း ကြားသိရသဖြင့်မကြာမီရက်အတွင်းက ထိုနယ်များတွင်ထုတ်ပြန်ထားသော စစ်အုပ်ချုပ်ရေးဥပဒေကို ကရင်နီတွင် ပြန်လည်ရုပ်သိမ်းသကဲ့သို့ပင် ထိုနယ်များမှ အမြန်ဆုံးနည်းနှင့် ရုပ်သိမ်းရန် ဤညီလာခံမှတောင်း ဆိုပါကြောင်း။

၁၀။ ဗမာပြည်အရပ်ရပ်တွင် နေထိုင်လျက်ရှိကြသော ကေအဲန်ယူအဖွဲ့ဝင် ကရင်အမျိုးသားတို့နှင့် စပ်လျဉ်းသော ကိစ္စအဝဝတို့ကို နိုင်ငံတော်အစိုးရသည် ကေအဲန်ယူခေါင်းဆောင်များနှင့် တိုင်ပင်ပြီးမှသာလျှင် အရေးယူဆောင်ရွက်ပါရန် ဤညီလာခံမှတောင်း ဆိုပါကြောင်း။

၁၁။ ကရင်အမျိုးသားကာကွယ်ရေးတပ်များ၏ အကျင့်စာရိတ္တမြှင့်တင်ရန်နှင့် ဘာသာရေးတွင် ပြန်လည်လိုက်စားစေခြင်း အလို့ငှါ ဤညီလာခံမှ ခရစ်ယာန်တရားဟောဆရာများနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ ဟောပြောဆုံးမဩဝါဒပေးခြင်းကို လိုအပ်သည်ဟု ယူဆပါကြောင်း။

၁၂။ သီးခြားနယ်ကော်မရှင်အဖွဲ့တွင် ကေအဲန်ယူမှ ကိုယ်စားလှယ်ဦးရေ မည်ရွေ့မည်မျှပါဝင်သင့်ကြောင်းနှင့် ပါဝင်မည့်ကိုယ်စားလှယ်များကို ရွေးချယ်ရန် ဤညီလာခံမှ ကေအဲန်ယူ ဗဟိုအမှုဆောင်အဖွဲ့လက်သို့ အပ်နှင်းပါကြောင်း။

၁၃။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၃)ရက်နေ့စွဲဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီးနှင့် ဝန်ကြီးချုပ်ထံ တောင်းဆိုထားသော ကရင်နယ်၏အကျယ်အဝန်းနှင့် အချုပ်အချာအာဏာပိုင် ကရင်နယ်အတိုင်း သီးခြားနယ်ကော်မရှင်အဖွဲ့တွင် ဆောင်ရွက်သွားရန်ကိုယ်စားလှယ်များအားဆောင်ရွက်စေလိုပါကြောင်း၊သို့သော်အခြားသော ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆောင်ရွက်သွားရာ၌ကိုယ်စားလှယ်တော်များသည် မိမိတို့အခြေအနေနှင့် သင့်တော်သလို မိမိတို့၏ ဉာဏ်ကိုအသုံးပြု၍ ဆောင်ရွက်သွား နိုင်ကြောင်းကိုညီလာခံမှဆုံးဖြတ်ပါကြောင်း ဟူ၍ အညီအညွတ်တခဲနက် ဆုံးဖြတ်ကြပါသည်။

ကရင်အမျိုးသားအားလုံးသည် လွတ်လပ်သောလူမျိုးအဖြစ်နှင့် ကိုယ့်ပြည်၊ ကိုယ့်အစိုးရနှင့် နေထိုင်လို သောဆန္ဒများ အလွန်ပြင်းပြနေသည်။ တက်ကြွနေသည်။ တဖက်မှ ပြည်နယ်ပေးရေးကိုမလိုလားသော မဟာလူမျိုးကြီးဝါဒီများ၏ အာဘော်ဖြစ်သော (ရန်ကုန်၊ ဟံသာဝတီ၊ မြန်မာ့အလင်း) စသည့်သတင်းစာများမှ လူမျိုးရေးမုန်းတီးမှုများ ဖန်တီးရေးသားနေကြသည်။

တဖက်နှင့်တဖက် အထူးသဖြင့် (အင်းစိန်)ဖက်တွင် တင်းမာနေကြသဖြင့် ဖြစ်ပေါ်နေသော အရပ်ရပ်အခြေအနေကို ထိန်းသိမ်းရန် မြန်မာနိုင်ငံအစိုးရမှ ရှစ်ဦးကော်မတီကို ဖွဲ့စည်းပေးလိုက်သည်။ အဆိုပါရှစ်ဦးကော်မတီတွင် –

<u>မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ –</u>

| | |
|---|---|
| ၁။ ဦးကာစီ | အတွင်းဝန်ချုပ် |
| ၂။ ဦးဘမောင် | ရဲမင်းကြီး |
| ၃။ ဦးကျော်မြင့် | ရန်ကုန်နေပြည်တော် ရဲဗိုလ်ချုပ် |
| ၄။ ဗိုလ်ချုပ်နေဝင်း | တပ်မင်းကြီး |

<u>ကေအဲန်ယူ ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ ...</u>

| | |
|---|---|
| ၅။ စောဘဦးကြီး | ဥက္ကဋ္ဌ |
| ၆။ မန်းဘဇန် | ကေအဲန်ဒီအို ဗိုလ်ချုပ် |
| ၇။ သရာသာထို | အတွင်းရေးမှူး |
| ၈။ စောဘဲလေ | အမှုဆောင် |

စသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်။

ထို(၈)ဦးကော်မတီမှ ဖြစ်ရှိနေသော အခြေအနေအရပ်ရပ်ကို ကြိုးစားထိန်းသိမ်းနေသည့်ကြားမှ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ(၂၄)ရက်နေ့တွင် တနင်္သာရီတိုင်း မြိတ်နှင့်ထားဝယ်မြို့များအကြား ပုလောမြို့အနီး ကရင်ခရစ်ယာန်ရွာကြီးတွင် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်တခုပေါ်ပေါက်လာပေသည်။ ခရစ်စမတ်ည အကြိုဘုရားဝတ်ပြုပွဲကျင်းပနေစဉ် စစ်ရဲ၊စစ်ဝန်

ထမ်း (Levy) များ ဘုရားကျောင်းတွင်းသို့ လက်ပစ်ဗုံးများ၊ စက်သေနတ်များဖြင့် တရစပ်ပစ်ခတ်ကြသည်။ အသက်ရှင်ထွက်ပြေးကြသူများအားလည်း လိုက်လံပစ်ခတ်ကြသည်။ ဘုရားကျောင်း၊ စာသင်ကျောင်းနှင့် အိမ်များအားလုံး မီးရှို့ဖျက်ဆီးလိုက်ကြသည်။ တရွာလုံးပြာပုံဘဝကျရောက်သွားပြီး ဘုရားကျောင်းကြီးမှ ဓမ္မတေးကျူးသံများ၊ ခရစ်စမတ်တေးသံများသည် ဗုံးသံ၊ စက်သေနတ်သံများဖြင့် ဖုံးလွှမ်းသွားတော့သည်။ ခလေး၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီး၊ စုစုပေါင်း(၃၀၀)ကျော် ရက်ရက်စက်စက်လူမဆန်စွာသတ်ဖြတ်ခြင်းခံလိုက်ရသည်။

တဖန်– ၁၉၄၉ခုနှစ်၊ဇန်နဝါရီလ (၃၁)ရက်နေ့၌ ရန်ကုန်မြို့အလုံရှိ ကရင်ရပ်ကွက်အား မြန်မာ အစိုးရတပ်များမှ ဝိုင်းဝန်းပိတ်ဆို့ထားပြီး၊ သန်းကောင်ယံတွင် စိန်ပြောင်းများ၊ စက်သေနတ်များ၊ မောင်းပြန်ရိုင်ဖယ်များဖြင့် တရစပ်ပစ်ခတ်တိုက်ခိုက်ကြသည်။ အိမ်များကိုမီးဝင်ရှို့ကြသည်။ လက်နက်မဲ့ ကလေးနှင့် အမျိုးသမီးများအား နှစ်နာရီကြာပစ်သတ်ကြသည်။ အလုံရပ်ကွက်တခုလုံး မီးလောင်ပြာ ကျသွားပြီး လွတ်မြောက်လာသူဒုက္ခသည်များအား သံဆူးကြိုးဝိုင်းရံပိတ်ဆို့ထားသောနေရာတွင် ထားလိုက်ကြသည်။

တဆက်တည်း ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့၊ နံနက် (၇)နာရီတွင် သမိုင်းရပ်ကွက်အား မြန်မာ့တပ်မတော်မှ စိန်ပြောင်း၊ စက်သေနတ်၊ မောင်းပြန်လက်နက်တို့ဖြင့် စတင်တိုက်ခိုက်လာ မှုကြောင့် (မလိုလားအပ်သော၊ မဖြစ်သင့်သော၊ လူမျိုးစုံသွေးစည်းချစ်ကြည်ရေး ပြိုကွဲစေသော၊ တိုင်းပြည်မွဲပြာကျစေသော) ပြည်တွင်းစစ်မီးကြီး စတင်လောင်ကျွမ်းလေတော့သည်။

❏အတ္တကြီးမားသော မဟာလူမျိုးကြီး ဝါဒီများကြောင့်ဘာသာရေးနှင့် လူမျိုးရေးအဓိကရုဏ်းများမှာ သမိုင်းအဆက်ဆက် ပေါ်ပေါက်ခဲ့ဘူးလေပြီ။

## အပိုင်း (၂)

## ဥက္ကဋ္ဌကြီးမန်းဘဇန်နှင့် လက်နက်ကိုင်တော်လှန်ရေး

ဂုဏ်ရောင်ပြောင်သောအမျိုးသားလွတ်မြောက်ရေး လက်နက်ကိုင်တိုက်ပွဲကို ၁၉၄၉ခုနှစ်၊ဇန်နဝါရီလ (၃၁)ရက်နေ့မှ မေလ(၂၂)ရက်နေ့အထိ၊ရက်ပေါင်း (၁၁၁)ရက်တိုင်တိုင်အင်းစိန်၌တိုက်ခဲ့ကြသည်။ (အင်းစိန်တိုက်ပွဲ) အပိုဒ်ကိုကြည့်ပါ။ (ခံစစ်သေစစ်ရေးသည်၊ သေတွင်းဖြစ်သည်)၊ အင်းစိန်စစ်မျက်နှာတခုတည်း၌ရန်သူအားခံစစ်သေစစ်ရေးနှင့် ရေရှည်ဆွဲတိုက်ခိုက်နေသဖြင့် အင်းစိန်မှ ဆုတ်ခွါ လာရခြင်းသည် သဘာဝကျပေသည်။ ထို့ကြောင့် အင်းစိန်စစ်မျက်နှာမှ အောင်မြင်စွာ ဆုတ်ခွာပေးလိုက်ပြီး မြန်မာပြည်အနှံ့ သိမ်းယူရရှိသော မြို့နှင့်နယ်များ ကို ထိန်းသိမ်းရန်စတင်ဆောင်ရွက်လေတော့သည်။

အင်းစိန်စစ်မျက်နှာမှ ဆုတ်ခွါလာ စဉ်တော်လှန်ရေးမှဖြစ်ပေါ်သော အခက်အခဲ၊အကြပ်အတည်း များကို မရင်ဆိုင်နိုင်တော့သဖြင့် ဗဟိုခေါင်းဆောင်များ ဖြစ် ကြသော မန်းဂျိမ်းစ်ထွန်းအောင်၊ ဦးဖဲနှင့် စောဘဲလေတို့ကျန်ခဲ့ပြီး နောက်ဆုံး ဖဆပလအစိုးရထံ လက်နက်ချအညံ့ခံလိုက်ကြသည်။ တော်လှန်ရေးသက်တန်း (လ)သား၊အလွန်နုနယ်သောကာလတွင် ပွဲဦးထွက်ရန်သူထံ အညံ့ခံကြခြင်းဖြစ်သည်။

သို့သော် ဥက္ကဋ္ဌကြီးမန်းဘဇန်မှ (လူ့ဘဝမှာလွတ်လပ်ရေးထက် တန်ဘိုးရှိသည့်အရာဟူ၍မရှိ) ဆိုသည့် ခံယူမှု၊(လွတ်လပ်ရေးအတွက် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပြီး၊ တိုက်ယူရမည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရဘို့ အခြေအနေမှာရှိတယ်။ သေရင်မြေကြီး၊ ရှင်ရင်ရွှေထီး၊ လွတ်လပ်ရေးထက်မြတ်တဲ့အရာ လူ့လောကမှာမရှိဘူး)ဆိုတဲ့ ခံယူမှုတွေအပေါ် ကရင့်တော်လှန်ရေးအား ဆက်လက်ရှေ့ဆောင်ကြလေသည်။ အင်းစိန်မှပြန်ဆုတ်လာပြီး(ကြာအင်းဖောင်း)ရွာသို့ရောက်သောအခါ•••

၁။ ဥက္ကဋ္ဌကြီးစောဘဦးကြီး
၂။ မန်းဘဇန်
၃။ စောဟံတာသာမွေး
၄။ စောစန်းကေနှင့်
၅။စကောမောလေး၊စသည့်ပုဂ္ဂိုလ်(၅)ဦး၏

ပုခုံးပေါ်သို့ ကြီးမားသော တော်လှန်ရေးတာဝန်(သမိုင်းပေး တာဝန်)များ ကျရောက်လာတော့သည်။

ကြာအင်းဖောင်းရွာတွင် အစည်းအဝေးတရပ်ပြုလုပ်ပြီး အရှေ့တိုင်းကို ထိန်းသိမ်းရန် –

၁။ ဥက္ကဋ္ဌကြီးစောဘဦးကြီး
၂။ စောစိုင်းကေနှင့်
၃။ စကောမောလေးတို့ (၃)ဦးတာဝန်ယူမည်ဖြစ်ပြီး၊ မြစ်ဝကျွန်းပေါ်တိုင်းအား ထိန်းသိမ်းရန် –
၁။ မန်းဘဇန်
၂။စောဟံတာသာမွေးတို့ (၂)ဦးအား တာဝန်ခွဲဝေလိုက်သည်။

အရှေ့တိုင်းကို တာဝန်ယူရသည့် ဥက္ကဋ္ဌကြီးစောဘဦးကြီးနှင့် အဖွဲ့သည် ၁၉၄၉ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့တွင် တောင်ငူမြို့၌ကော်သူးလေအစိုးရကို ဖွဲ့စည်းလိုက်သည်။

ကော်သူးလေအစိုးရအဖွဲ့တွင်...

၁။ စောဘဦးကြီး — ဝန်ကြီးချုပ်
၂။ ပအိုဝ်းလှဖေ (သထုံ) — နိုင်ငံခြားရေးဝန်ကြီး
၃။ စောဖိုးမောင် (ညောင်လေးပင်) — ပြည်ထဲရေးဝန်ကြီး
၄။ ကော်ကစာရွှေလေး (တောင်ငူ) — ကာကွယ်ရေးဝန်ကြီး
၅။ ကေါ်ကစာထူးရာဦး (တောင်ငူ) — ဘဏ္ဍာရေးဝန်ကြီးဌာန
၆။ စောစိန်တင် (တောင်ငူ) — သစ်တောနှင့် လယ်ယာဝန်ကြီး
၇။ ပဒိုဘထူး (တောင်ငူ) — ပညာရေးဝန်ကြီး
၈။ ဂျွန်နသန်တာမေ (တောင်ငူ) — လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင် ရေးဝန်ကြီး

စသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်။ ယင်းသို့ဖွဲ့စည်းကြောင်း ကော်သူးလေ အသံလွှင့်ဌာနမှကြေညာလိုက်သည်။

ကော်သူးလေအစိုးရအဖွဲ့၏ အုပ်ချုပ်ရေးစနစ်မှာဗြိတိသျှအစိုးရမှ မြန်မာပြည်ကို အုပ်ချုပ်သည့် CAS (B) CIVIL AFFAIRS SERVICE (BURMA) စစ်အုပ်ချုပ်ရေးပုံစံအတိုင်း CAS (K) CIVIL AFFAIRS SERVICE (KHWTHOOLIE)ဟူ၍စစ်အုပ်ချုပ်ရေးပုံစံအတိုင်းအုပ်ချုပ်ရန်၊ ပုံစံချမှတ် သည် ကေအဲန်ယူအစည်းအရုံး မှေးမှိန် သွား တော့သည်။ စစ်အုပ်ချုပ်ရေး ချမှတ်လိုက်သည့် အပေါ်ဥက္ကဋ္ဌကြီးမန်းဘဇန် မှ –

ကျွန်တော်တို့ကရင်တွေ အုပ်ချုပ်ရေးလုပ်တတ်တဲ့သူ အတော်နည်းတယ်။ ဗြိတိသျှခေတ်က ကျွန်တော်တို့စာရေး၊ စာချီတွေသာများတယ်၊ အုပ်ချုပ်ရေး ဘယ်လိုဖြစ်ပေါ်လာတယ်၊ အုပ်ချုပ်ရေး ပေါ်လစီနဲ့ အုပ်ချုပ်ရေးလုပ်ကိုင်ပုံ၊ လုပ်ကိုင်နည်းတွေ မသိကြဘူး၊ ဟူ၍လည်းကောင်း၊အဲဒီ အုပ်ချုပ်ရေးချမှတ်လိုက်တော့ ကျွန်တော်တို့အထဲမှာ ဘာတွေဖြစ်လာသလဲဆိုတော့ အရေး ပိုင်တို့၊ ဝန်ထောက်တို့၊ မြို့အုပ်တို့၊ ပုလိပ်ရာရှိ၊ သစ်တောအရာရှိ တို့ဆိုတာတွေ ဖြစ်လာပြီး နောက်ဆုံးမှာတော့ ဗျူရိုကရေစီအုပ်ချုပ်ရေးကို စစ်အုပ် ချုပ်ရေးနဲ့ ပေါင်းစပ်လိုက်တဲ့ အုပ်ချုပ် ရေးမျိုးဖြစ်သွားတယ်၊ဟုဖော်ပြသည်။

အထက်ပါအကျိုးဆက်ကြောင့် တဗိုလ်တမင်း၊နယ်စားပေါ်စားများဖြစ်ပေါ်လာကာလူထုနှင့် ကင်းကွာလာပြီး တော်လှန်ရေးဆုတ်ယုတ်ပျက်ပြားလာသည်။

အထက်ပါဖြစ်ရပ်များအပေါ် ဥက္ကဋ္ဌကြီးမန်းဘဇန်မှ (လက်နက်ကိုင်တိုက်ပွဲမဖြစ်ခင် ကျွန်တော်တို့မှာ သဘောတရားတို့၊ ဝါဒတို့၊ လုပ်ငန်းစဉ်တို့လမ်းစဉ်တို့ ချထားတာမရှိဘူး၊ ကရင်ပြည်ရရင် ဘာတွေ ဘယ်လိုလုပ်မယ်ဆိုတာမရှိဘူး၊ မရှိခဲ့လို့ အခုကျွန်တော်တို့ လက်တမ်းလုပ်ရမလိုဖြစ်နေတယ်)ဟု ဖော်ပြခဲ့သည်။ တဗိုလ်တမင်း၊ နယ်စားပါယ် စားများအားကောင်းလာသဖြင့် ကေအဲန်ယူ၏ ခေါင်း ဆောင်မှု မှေးမှိန်လာသည်။ လွှတ်မြောက်နယ် မြေများ တစတစလက် လွှတ်လိုက်ရသည်။

ကေအဲန်ယူ၏ခေါင်းဆောင်မှုနှင့် ကရင်လူထုတရပ်လုံး၏ တက်ကြွစွာထောက် ခံမှုရရှိရန် မြစ်ဝကျွန်းပေါ်ရှိ ယခင် ကေအဲန်ယူခေါင်းဆောင်များဖြင့် ၁၉၅၀ ခုနှစ်၊ ဇန္နဝါရီလ(၁၇)ရက်နေ့တွင် ကျောင်းကုန်းမြို့နယ်(ရွာသာကုန်းကျေးရွာ)၌ အစည်းအဝေးတရပ် ကျင်းပသည်။ ထိုအစည်းအဝေးမှ –

❖ ကေအဲန်ယူအစည်းအရုံးအားပြန်လည်ဖော်ထုတ်ရန်။

❖ ကရင့်တော်လှန်ရေးကို ကေအဲန်ယူမှ ရှေ့ဆောင်ရန်။

❖ ပြည်သူ့အုပ်ချုပ်ရေးစနစ် ချမှတ် ကျင့်သုံး ရန်။

❖ ကေအဲန်ယူသည် ရှေ့ဆောင်မှု တာဝန် အပြင်အုပ်ချုပ် ရေးတာဝန်ပါ ပူးတွဲယူရန်။ ဆုံးဖြတ် လိုက်သည်။

မြစ်ဝကျွန်းပေါ် ကေအဲန်ယူ အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။၎င်းကေအဲန်ယူ အလုပ်အမှုဆောင် အဖွဲ့ဝင်များမှာ –

| | |
|---|---|
| ၁။ မန်းဘဇန် | ဥက္ကဋ္ဌ |
| ၂။ စောမောင်တိုး | ဒုတိယဥက္ကဋ္ဌ |
| ၃။ မန်းညွန့်ဆိုင် | အတွင်းရေးမှူး |
| ၄။ မန်းသိန်းမောင်(ဖူးလယ်မူး) | တွဲဘက်အတွင်းရေးမှူး |
| ၅။ မန်းနေလွန်း | အဖွဲ့ဝင် |
| ၆။ မန်းအေးဘီ | အဖွဲ့ဝင် |
| ၇။ မန်းအုန်းမောင် | အဖွဲ့ဝင် |
| ၈။ ဆရာမနော်အယ် | အဖွဲ့ဝင် |

စသည့်ပုဂ္ဂိုလ် များဖြစ်သည်။

ကေအဲန်ယူ၏ခေါင်း ဆောင်မှုနှင့် ကျေးရွာ၊မြို့နယ်၊ခရိုင်များတွင် ပြည်သူ့အုပ်ချုပ်ရေး ပြန် လည်ချနိုင်သဖြင့် ၁၉၅၂ ခုနှစ်မှစ၍ မြို့များမှအပ မြစ်ဝကျွန်းပေါ်ဒေသ ရှိ ကျေးလက်တောရွာများတွင် တော်လှန်ရေးအာဏာစိုက်ထူနိုင်လိုက်သည်။ တော်လှန်ရေးအာဏာစိုက်ထူနိုင်သော ကေအဲန်ယူ၏ ရှေ့ဆောင်မှုကိုခံယူသည့် လက်နက်ကိုင်တပ်မတော်ကို စနစ်တကျ ဖွဲ့စည်းလိုက်သည်။

မြစ်ဝကျွန်းပေါ်ရှိ တပ်မဟာ များကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

၁။ တပ်မဟာ(၁) တပ်မဟာမှူး
စောကျော်မြသန်း(ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ)

၂။ တပ်မဟာ(၂) တပ်မဟာမှူး
စောဂျက် (ပုသိမ်၊ မြောင်းမြ ခရိုင်)

၃။ တပ်မဟာ(၃) တပ်မဟာမှူး
မန်းသိန်းအောင် (မအူပင်ခရိုင်တောင်ပိုင်း၊ ဟံသာဝတီ)

၄။ တပ်မဟာ(၄) တပ်မဟာမှူး
ဗိုလ်ဘသော် (ဟင်္သာတ၊သာယာဝတီ ခရိုင်)

၅။ တပ်မဟာ(၅) တပ်မဟာမှူး
ဗိုလ်အောင်စိန် (ဖျာပုံခရိုင်)

၆။ တပ်မဟာ(၆) တပ်မဟာမှူး
ဗိုလ်စီးပလိန်း (ပဲခူးရိုးမ)

၇။ တပ်မဟာ(၇) တပ်မဟာမှူး
ဗိုလ်မျိုးချစ်(မြစ်ဝကျွန်းပေါ်အောက်ပိုင်း)

စသည့်တပ်မှူးများဖြင့် ဖွဲ့စည်းလိုက်သည်။

မြစ်ဝကျွန်းပေါ်တွင် (G.O.C) eneral Officer Commandinl လက်နက်ကိုင်တပ်များ၏ဗိုလ်ချုပ် အဖြစ် စောစိန်မှုံကိုတာဝန်ပေးပြီး တပ်မဟာ(၁)(၃)(၆) တို့ကို တပ်မ(၁)ဟူ၍ စုဖွဲ့ပြီး တပ်မမှူးမှာဗိုလ်ချုပ်ကျော်မြသန်းဖြစ်သည်။ ထို့နောက် တပ် မဟာ (၂)(၄)(၅) တို့ကို တပ်မ(၂) ဟူ၍ စုဖွဲ့ပြီး တပ်မမှူးမှာ ဗိုလ်ပုဖြစ်သည်။ မြစ်ဝကျွန်း ပေါ်တိုင်း ကရင့်လက်နက်ကိုင် တပ်မ တော်ကို ဤကဲ့ သို့ဖွဲ့စည်းလိုက်နိုင်သည်။

သို့သော်(CAS-K)မှ ပေါက် ဖွါးလာသော စစ်အုပ်ချုပ်ရေး စံနစ်ကြောင့် တပ်တွင်း တဗိုလ်တမင်း ဗျူရိုကရေစီ စနစ်များကျန်နေသေးသည်။

❑ လွတ်လပ်ခွင့်နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်သည်လူမျိုးစုတိုင်း၏မရှိမဖြစ်သော အခွင့်အရေး၊

## အပိုင်း (၃)
## ၁၉၅၃ခုနှစ်၊ မြစ်ဝကျွန်းပေါ်အခြေအနေ

၁၉၅၃ခုနှစ်၊ ဇွန်လ(၉)ရက်နေ့သည် မြောင်းမြရိုင်၊ဝါးခယ်မမြို့နယ် (မြဂိုးကြီး)(ဝိတ်ထောင်ရွာ) အင်းတဲကြီးထဲတွင် မြစ်ဝကျွန်းပေါ်တိုင်း ကေအဲန်ယူ ညီလာခံတရပ်ခေါ်ယူကျင်းပသည်။ ထိုညီလာခံမှ –

❖ ပြည်သူလူထုကို အလုပ်အကျွေးပြုရန်။

❖ ပြည်သူကို အခြေခံသော ကေအဲန်ယူအား တော်လှန်ရေးရှေ့ဆောင်တပ်ဦးပါတီအဖြစ် ဖွဲ့စည်းရန်။

❖ ပဲ့ကိုင်ကော်မတီတရပ် ဖွဲ့စည်းရန်။

❖ ပြည်သူကိုအလုပ်အကျွေးပြုသော တပ်မ တော်တရပ် တည်ဆောက်ရန်။

❖ ဒုတိယလမ်းစဉ်ကိုလက်ခံအတည်ပြုရန် ညီလာခံကိုယ်စားလှယ်များမှ တညီတညွတ်တည်းဆုံးဖြတ်လိုက်သည်။ (ဒုတိယလမ်းစဉ်အသေးစိတ်အား ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် ဒုတိယလမ်းစဉ် အပိုဒ် တွင်ဖော်ပြပြီးဖြစ်သည်)

ကရင့်တော်လှန်ရေးကို အောင်ပွဲအရောက်ပို့ရန် လမ်းစဉ်၊ လုပ်ငန်းစဉ် များကို (ဒုတိယလမ်းစဉ်) ဟု ခေါ်ဆိုချမှတ်ပြီး အကောင်အထည်ဖော်ရန်၊(ပါတီ၊ တပ်မတော်၊ တပ်ပေါင်းစု) ဟူ၍ တော်လှန်ရေးအဆောက်အအုံ (၃)ရပ်ကို ဖွဲ့စည်းလိုက်သည်။

❖ ကေအဲန်ယူအစည်းအရုံးအား ကရင်အမျိုး သားများ ဒီမိုကရေစီတပ် ပေါင်း စု အဖြစ်၊

❖ တပ်မတော်ကို ကရင်ပြည်သူ့လွတ်မြောက် ရေးတပ်မတော်နှင့်

❖ ပါတီချက်ချင်းမဖွဲ့စည်းနိုင်မီ ဦးစီးပဲ့ကိုင် ကော်မတီဖွဲ့စည်းရန်ဖြစ်သည်။

ထို့ကြောင့် ၁၉၅၄ခုနှစ်အတွင်း (ဂရက်ကျော်)ရွာ၊ ပန်းတနော်မြို့နယ်တွင် ဦးစီးပဲ့ကိုင် ကော်မတီကိုဖွဲ့စည်းလိုက်သည်။

ကေအဲန်ယူဦးစီးပဲ့ကိုင်ကော်မတီ

၁။ မန်းဘဇန် (ဥက္ကဋ္ဌ)

ပေါလစ်ဗျူရို

၂။ မန်းရှဲဖလေ့ (မန်းသာမြိုင်) (အတွင်းရေးမှူး)ပေါလစ်ဗျူရို

၃။ စောဟံတာသာမွေး ပေါလစ်ဗျူရို

၄။ စောမောင်တိုး ပေါလစ်ဗျူရို

၅။ ဗိုလ်ချုပ်ကော်ထူး ပေါလစ်ဗျူရို

၆။ မန်းသိန်းမောင် (ဖူးလယ်မူး) အဖွဲ့ဝင်

၇။ ဆရာစိန်ဟန် (မန်းဖန်ထန်) အဖွဲ့ဝင်

၈။ ဗိုလ်ကျော်စိန် အဖွဲ့ဝင်

၉။ ဆရာဖံလားစေး အဖွဲ့ဝင်

၁၀။ ပဒိုဝေသော အဖွဲ့ဝင်

၁၁။ မန်းကော်စေး အဖွဲ့ဝင်

၁၂။ စောမျိုးသွေး အဖွဲ့ဝင်

၁၃။ ဗိုလ်ချုပ် မင်းမောင် အဖွဲ့ဝင် (၁၉၅၆ခုနှစ်တွင် တိုးချဲ့)

၁၄။ ဗိုလ်ချုပ် အုန်းဖေ အဖွဲ့ဝင် (၁၉၅၆ခုနှစ်တွင် တိုးချဲ့)

၁၅။ စကောလယ်တော အဖွဲ့ဝင် (၁၉၅၆ခုနှစ်တွင် တိုးချဲ့)

စသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်။

ကရင့်တော်လှန်ရေးအား ရှေ့ဆောင်ရန် ဦးစီးပဲ့ကိုင်ကော်မတီကိုဖွဲ့စည်းပြီး တပ်မတော်အား K.P.L.A (KAREN PEOPLE LIBERATION ARMY) ကရင်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် K.P.G.F (KAREN PEOPLE GUERRILLA FORCE) ကရင်ပြည်သူ့ပြောက်ကျားတပ်ဖွဲ့ KNDO (KAREN NATIONAL DEFENCE ORGANIZATION) ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ ဟူ၍ တပ်မတော်(၃)ရပ်ဖြင့် ဖွဲ့စည်းလိုက်သည်။

မြစ်ဝကျွန်းပေါ်ရှိ တပ်များကို တပ်မတော်(၃)ရပ်ဖြင့် ပြန်လည်ဖွဲ့စည်းရာ K.P.L.A တပ်မဟာတခုဖွဲ့စည်းလိုက်သည်။

၁။ တပ်မဟာမှူး
ဗိုလ်မှူးမြမောင် (ဗိုလ်ချုပ်မြမောင်) (ကွယ်လွန်)

(၂) တပ်ရင်း(၁) တပ်ရင်းမှူး
ဒုတိယဗိုလ်မှူးကြီးတင်ဦး (ဖူးတာအယ်–ယခု ဒူးပလာယာခရိုင်ဥက္ကဋ္ဌ)

(၃) တပ်ရင်း(၂) တပ်ရင်းမှူး
ဒုတိယဗိုလ်မှူးကြီး ချစ်တင်

(၄) တပ်ရင်း(၃) တပ်ရင်းမှူး
ဒုတိယဗိုလ်မှူးကြီး အောင်ဖေဖံ

(၅) တပ်ရင်း(၄) တပ်ရင်းမှူး
ဒုတိယဗိုလ်မှူးကြီး စိုးလေး

၎င်းနောက် "ဗိုလ်ကျင်ဖေ" တို့ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ကရင့်တော်လှန်ရေးအား ရှေ့ဆောင်ရန် ကေအဲန်ယူ–ဦးစီးပဲ့ကိုင်ကော်မတီ၊ ကရင်ပြည်သူလွတ်မြောက်ရေးတပ်မတော်နှင့် ကေအဲန်ယူ အမျိုးသားတပ်ပေါင်းစု(အုပ်ချုပ်ရေး) ချရန် အဆောက်အအုံကို ဖွဲ့စည်းပြီး၊ ဒုတိယလမ်းစဉ်ချမှတ်နိုင်လိုက်သည်၊မြစ်ဝကျွန်းပေါ် အခြေအနေတည်ငြိမ်မှုရရှိ လာသည်။ စစ်ရေးတိုက်ပွဲများ ဆက်တိုက်ဆင်နွှဲနိုင်သည်နှင့်အမျှ နိုင်ငံရေးတိုက်ပွဲများ တိုက်ခိုက်နိုင်သည်။ ယခင်လက်နက်ကိုင်ပဋိပက္ခဖြစ်နေသော ဗကပနှင့် (ဗင်–ဇန်) သဘောတူညီချက်ကို ၁၉၅၂ခုနှစ်၊ မေလတွင် ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ (အနမ်းကုန်း)ရွာ၌ ပထမဆုံးတပ်ပေါင်းစုဖွဲ့ရန် အခြေခံချမှတ်နိုင်ခဲ့သည်။ ❖ ❖ ❖

## အပိုင်း(၄)
## ဥက္ကဋ္ဌကြီးမန်းဘဇန်နှင့် နိုင်ငံရေးပဋိပက္ခ

မြစ်ဝကျွန်းပေါ်အခြေအနေ ခိုင်မာလာပြီးဖြစ်၍ အရှေ့တိုင်းသို့ ဒုတိယလမ်းစဉ်ချမှတ်ရန် ကြိုးစားကြပြန်သည်။ ၁၉၅၆ ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်(ဆောထိ)(ဖေါကို)ရွာ၌ ပထမဆုံး အမျိုးသားညီလာခံတရပ် ကျင်းပလိုက်သည်။ ထိုညီလာခံမကျင်းပနိုင်မီ ဥက္ကဋ္ဌကြီးမန်းဘဇန်မှာ...

မြစ်ဝကျွန်းပေါ်ကနေ အရှေ့တိုင်းကိုတက်ပြီး တာဝန်ယူဘို့ ၁၉၅၅ခုနှစ်မှာ ကျွန်တော်တို့တက်သွားတယ်။ ကျနော်နဲ့အ

တူဗိုလ်တင်ဦး(ဖူးတာအယ်–ယခုဒူးပလာယာခရိုင်ဥက္ကဋ္ဌ) မန်းရှံဖလေ့ (ဆရာသာမြိုင်) တို့ပါတယ်။ပဲခူးရိုးမရောက်တော့၊ အဲဒီမှာ ဒုတိယလမ်းစဉ် ချမှတ်တယ်ဟု ဖော်ပြသည်။

ပဲခူးရိုးမတိုင်းသည်၊ ယခင် မြစ်ဝကျွန်းပေါ်တပ်မဟာ(၆) ဗိုလ်စီးပလိန်း တပ်မဟာမှူးတာဝန်ယူခဲ့သည့် တပ်မဟာဖြစ်ပြီး ယင်းတပ်မဟာအား...

အမှတ်(၁)ခရိုင် သာယာဝတီနှင့် ပြည်အနောက်ဘက်၊
အမှတ်(၂)ခရိုင် အင်းစိန်ခရိုင်တောင်ဘက်၊
အမှတ်(၃)ခရိုင် ပဲခူးတိုင်းအရှေ့ဘက်၊

တို့အား ၁၉၅၆ ခုနှစ်၊ ဧပြီလ(၁၆)ရက်နေ့တွင်၊ ပဲခူးတိုင်းဟု သတ်မှတ်လိုက်သည်။

## ပဲခူးရိုးမတိုင်း

၁။စောမျိုးသွေး ဥက္ကဋ္ဌ၊
၂။ဗိုလ်ဖောန် အတွင်းရေးမှူး၊

စောမျိုးသွေးဥက္ကဋ္ဌဖြစ်ပြီးနောက်၊ ဗိုလ်ဖောန်ဥက္ကဋ္ဌတာဝန်ယူပြန်ရာ၊ ဗိုလ်သန်းအောင် အတွင်းရေးမှူး ဖြစ်လာသည်။ ဗိုလ်သန်းအောင်သည်၊ ပဒိုသန်းအောင်၊ ကေအဲန်ယူ ဒုတိယဥက္ကဋ္ဌ ကွယ်လွန်သူပဒိုစောသန်းအောင်ဖြစ်သည်။

ထို့နောက်ဗိုလ်မောင်မောင် (ယခုဗိုလ်ချုပ်မောင်မောင်၊ ဒီအေဘီစစ်ကော်မီတီ အတွင်းရေးမှူး) ဥက္ကဋ္ဌဖြစ်ပြီး ၁၉၅၉ခုနှစ် ဗဟိုဌာနချုပ် မှလိုအပ်သဖြင့် ဗိုလ်မောင်မောင်နှင့်အတူ ဗိုလ်သန်းအောင်တို့နှစ်ဦး ဗဟို၌ပြန်လည်တာဝန်ယူကြစဉ်ဗိုလ်လောကွား (ဖူးလောကွား၊ ယခုဒူးပလာယာခရိုင်) အားဥက္ကဋ္ဌနှင့် တပ်မဟာမှူးတာဝန်ပေးအပ်လိုက်သည်။

## ၁၉၅၆ခု–မြစ်ဝကျွန်းပေါ်တိုင်း

၁။မန်းဖန်းထန်(ဆရာစိန်ဟန်) ဥက္ကဋ္ဌ၊
၂။ဦးစိုးအောင် အတွင်းရေးမှူး၊
၃။ဗိုလ်ချုပ်စိန်မုံ တပ်မှူး၊
၄။ဗိုလ်မှူးကြီးမြရင် နိုင်ငံရေးမှူး၊
တို့ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ ပဲခူးရိုးမတို့တွင် ကေအဲန်ယူအစည်းအရုံးနှင့် တပ်မတော်တို့ကို အသီးသီးဖွဲ့စည်းပြီး အရှေ့တိုင်း(မောကို) အမျိုးသား ညီလာခံကျင်းပသည်။ ထိုညီလာခံမှ–

**(K.R.C.)(Karen Revolutionary Council)** ကရင့်တော်လှန်ရေးကောင်စီ၊ စစ်ရေး နိုင်ငံရေးကောင်စီကို ဖွဲ့စည်းလိုက်သည်။

၁၉၅၆ ခုနှစ်၊ မေလ (၂၆) ရက်နေ့ (မောကို) ကရင်အမျိုးသားကွန်ဂရက်မှ ရွေးကောက်တင်မြှောက်လိုက်သော (K.R.C)ဗဟိုအလုပ်အမှုဆောင်ကော်မီတီများမှာ –

၁။မူဆိုးကော်ကဆာ(ဟံတာသာမွေး) ဥက္ကဋ္ဌ၊
၂။မန်းဘဇန် ဒု–ဥက္ကဋ္ဌ(၁)၊နိုင်ငံခြားရေး၊
၃။ဗိုလ်ချုပ်မင်းမောင် ဒု–ဥက္ကဋ္ဌ(၂)၊ကာကွယ်ရေး၊
၄။စကောလယ်တော အတွင်းရေးမှူးချုပ်၊အုပ်ချုပ်ရေး၊
၅။ဖူးလယ်မူး(မန်းသိန်းမောင်) တွဲဘက်အတွင်းရေးမှူး၊
၆။မန်းရှံဖလေး သစ်တောနှင့်လယ်ယာ၊
၇။ပဒိုဝေရီကျော် ပြည်ထဲရေး၊
၈။ပဒိုထောရေ ဘဏ္ဍာရေးနှင့်အခွန်တော်၊
၉။ပဒိုစူမော်လွီ ပြန်ကြားရေး၊
၁၀။ပဒိုဘထွန်း ပညာရေးနှင့်ကျန်းမာရေး၊
၁၁။ပဒိုဖိုးညော တရားသူကြီးချုပ်၊

စသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်။

ထို(မောကို) အမျိုးသားကွန်ဂရက်မှာ–

❖ ဇူလိုင်လ(၅)ရက်နေ့အား ကရင်အမျိုးသားလွတ်မြောက် ရေးတပ်မတော်နေ့ အဖြစ်သတ်မှတ်ရန်၊
❖ ဖေဖော်ဝါရီလ(၁၁)ရက်နေ့အား ကရင် အမျိုးသားနေ့ အဖြစ်သတ်မှတ်ရန်၊
❖ ကရင့်တော်လှန်ရေးဒုတိယလမ်းစဉ်ကို အတည်ပြုရန်၊
❖ စစ်ရေးလမ်းစဉ်ချမှတ်ရန်၊
❖ မြေယာလမ်းစဉ်ချမှတ်ရန်၊
❖ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေရေးဆွဲရန်၊
❖ K.R.C အုပ်ချုပ်ရေးခေါင်းဆောင်များရွေးချယ်ရန်၊
❖ ပြည်တွင်းငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ သဘောထားချမှတ်ရန်ဟူ၍ ချမှတ်ကြသည်။ K.R.C ဗဟိုအလုပ်အမှုဆောင်အများစုသည် ခေတ်ပညာတတ်များဖြစ်ပြီး K.N.U ပါတီခေါင်းဆောင်အများစုမှာ လယ်သမားမှတက်လာသူများဖြစ်သည်။ K.N.U ပါတီ **(Karen National Revolutionary Concial)** သည် အုပ်ချုပ်ရေးတာဝန်ယူရန်ဖွဲ့စည်းထားသည်။ K.P.L.A. သည် **(Karen People Libration Army)** သည် စစ်ရေးတာဝန်ယူသည်။ K.P.C. ခေါင်းဆောင် များသည် ခေတ်ပညာတတ်များဖြစ်ပြီး K.N.U.ပါတီ ခေါင်းဆောင်များမှာ လယ်သမားအများ စုဖြစ်သောကြောင့် ထိုအခြေအနေအပေါ် ရင်ဆိုင်ကြုံတွေ့ခဲ့ရသောအခက်အခဲများနှင့်ပါတ်သက်၍ ဥက္ကဋ္ဌကြီး မန်းဘဇန်မှ...

(ကျွန်တော်တို့ ကရင့်လူ့အဖွဲ့အစည်းကိုကြည့်ရင် ကရင်ဟာ အလုပ်သမားနည်း နည်းဘဲရှိတယ်။ အဓိကကတော့ လယ်သမားအင်အားစုဘဲ။ နောက်ပြီး ခေတ်ပညာတတ်တွေရှိတယ်။ လူတန်းစား(၃)ရပ်ဖြစ်ပေါ်နေတယ်။ ခနရှင်ကတော့ သိပ်ပြီးမပေါ်ပါဘူး။) ဟူ၍ ကရင့်လူ့အဖွဲ့အစည်း အတွင်း လူတန်းစားလက္ခဏာရပ်များကို၊ ခွဲခြမ်းစိတ်ဖြာခဲ့သည်။ ဆက်လက်၍...

ခေတ်ပညာတတ်တွေဟာ၊ လယ်သမားတွေကိုအထင်သေးတယ်။

လယ်သမားတွေကလည်း ဒုတိယလမ်းစဉ် ချမှတ်လိုက်တဲ့အခါမှာ၊ (မြေယာတော်လှန်ရေး)လုပ်မှ၊ ကရင့်ဘဝတိုးတက်မယ် ဆိုတာကိုလက်ခံတယ်။ ခေတ်ပညာတတ်တွေကတော့၊ ခေတ်ဟောင်း ကအတွေးအခေါ်တွေကို၊ မစွန့်လွှတ်နိုင်ဘူး။ အနောက်ကိုအထင်ကြီးတယ်။ ဒီတော့ အတွေးအခေါ်တွေမတူကြဘူးဟူ၍ဖေါ်ပြသည်။

ကေအဲန်ယူပါတီဘက်မှ၊ လက်ဝဲအယူအဆကိုလက်ခံသည်။ K.R.C ဘက်မှ လက်ျာအယူအဆကို၊ လက်ခံကြသည်။ အယူအဆမတူညီသော ဘက်နှစ်ဘက်၏ညီညွတ်ရေးကို၊ (K.N.U. အမျိုးသားတိုးတက်ရေးပါတီ) အလံတော်အောက်တွင်၊ စုစည်းနိုင်ခဲ့သည်။ ထိုအချိန်၌–

K.N.U. ပါတီဗဟိုကော်မီတီများမှာ–

၁။မှူးဆိုးကော်ကဆာ(ဟံတာသာမွေး) ဥက္ကဋ္ဌ၊ပေါလစ်ဗျူရို၊
၂။မန်းဘဇန် အတွင်းရေးမှူး၊ပေါလစ်ဗျူရို၊
၃။ဗိုလ်ချုပ်မင်းမောင် ပေါလစ်ဗျူရို၊
၄။ဗိုလ်ချုပ်ကော်ထူး ပေါလစ်ဗျူရို၊
၅။မန်းရှံဖလေ့ ပေါလစ်ဗျူရို၊
၆။မန်းသိန်းမောင်(ဖူးလယ်မူး) ပေါလစ်ဗျူရို၊

ဗဟိုကော်မီတီ(၉)ဦးအရံဗဟိုကော်မီတီ(၁၀)ဦးဖြင့်ဖွဲ့စည်းထားသည်။ (ယုံကြည်ချက်၊အယူအဆ၊အတွေးအခေါ်မတူညီသူများသည်၊အဖွဲ့အစည်းတခုတွင် ယာယီသာစုစည်းထားနိုင်သည်။)

လက်ဝဲကိုခံယူထားကြသော ကေအဲန်ယူပါတီအတွင်းမှ အချို့ပုဂ္ဂိုလ်များသည်၊ အမျိုးသားတိုးတက်ရေးပါတီမှ အလုပ်သမားလူတန်းစား ပါတီ (ကွန်မြူနစ်ပါတီ)၊ ထူထောင်လိုသူများနှင့် K.R.C မှ အနောက်အားကိုး အထင်ကြီးသူများအကြားပဋိပက္ခမှာတစတစ ပြင်းထန်လာမှုကြောင့် ၁၉၆၃ ခုနှစ်၊ ဧပြီလ(၂၀)ရက်နေ့၊(ကဆော၀ါး) ညီလာခံတွင်၊ မှူးဆိုးကော်ကဆာမှ ဒုတိယလမ်းစဉ်ကိုဆန့်ကျင်သော၊ လမ်းစဉ်သစ်တရပ် တင်သွင်းလာ သဖြင့်၊ ထိုနေ့မွန်းလွဲ(၃)နာရီတွင်၊ ညီလာခံခန်းမမှထွက်ခွါသွားသည်။ ၎င်းနှင့် အတူ K.R.C အဖွဲ့ဝင် (၁၀) ဦးထွက်ခွါသွားကြသဖြင့် ဤနေ့သည်၊ ကရင့်တော်လှန်ရေးသမိုင်းတွင်၊ ပဋ္ဌမဆုံးကွဲခြင်းဖြစ်သည်။

မှူးဆိုးကော်ကဆာတို့အဖွဲ့ ခွဲထွက်သွားပြီးနောက်၊ ကရင့်တော်လှန်ရေးကို ဆက်လက်ရှေ့ဆောင် တိုက်ပွဲဝင်ရန်၊ အောက်ပါ ဗဟိုကော်မီတီ ခေါင်းဆောင်များကို၊ ရွေးကောက်တင်မြှောက်ကြသည်။

၁။မန်းဘဇန် ဥက္ကဋ္ဌ၊
၂။ဗိုလ်ချုပ်ကော်ထူး ဒု–ဥက္ကဋ္ဌ၊
၃။စကောလယ်တော အတွင်းရေးမှူး၊
၄။ဗိုလ်ကျင်ဖေ
တွဲဘက်အတွင်းရေးမှူးတို့အား၊ နိုင်ငံရေးဦးဆောင်အဖွဲ့(ပေါလစ်ဗျူရို) (P.B) (၄)ဦးအပြင် ဗိုလ်မြမောင်နှင့် ဗိုလ်တင်ဦး (ဖူးတာအယ်) တို့နှစ်ဦးအား ပေါလစ်ဗျူရိုများအဖြစ်၊ ထပ်မံရွေးချယ်တင်မြှောက်လိုက်သည်။

ကရင့်လက်နက်ကိုင်တော်လှန် ရေးတွင်၊ ယခုကဲ့သို့ဝမ်းနည်းဘွယ်ကောင်းလှသော အကွဲအပြဲပြဿနာဖြစ်ပေါ်လာရခြင်း အခြေခံအကြောင်းအရင်းမှာ...

❖ ကေအဲန်ယူပါတီတွင်း ကေအဲန်ယူ အမျိုးသားတိုးတက်ရေးပါတီမှတဆင့် တရုတ်ပြည်၊ယဉ်ကျေးမှု တော်လှန်ရေး လုပ်ငန်းများကို၊ အခြေခံသည့် ကရင့်တော်လှန်ရေးလုပ်ငန်းစဉ်၊ ပြောင်းလဲချမှတ်၍ ကရင်ကွန်မြူနစ်ပါတီ ဖွဲ့စည်းတည်ထောင်လိုသူ အုပ်စု၊

❖ ကေအဲန်ယူပါတီ၏ရှေ့ဆောင်မှုကို မခံယူတော့ဘဲ K.R.C ၏ခေါင်းဆောင်မှုကို ထူထောင်လိုသူ လက်ျာအုပ်စု၊

ဤကဲ့သို့အခြေအနေများ ကွဲလွဲနေသဖြင့်၊ အဖွဲ့အစည်းအတွင်း ပဋိအက္ခများ တစတစ မြင့်မားလာသည်။ ထိုအခြေအနေအပေါ်ဥက္ကဋ္ဌကြီး မန်းဘဇန်မှ...

(ကေအဲန်ယူ လက်ဝဲအင်အားစုတွေအတွင်းမှာလည်း ကွဲရောဗျ။ ကွဲတာဘာကြောင့်လဲဆိုတော့၊ ကျွန်တော်ကလည်း ဒီကေအဲန်ယူ ပါတီကို၊ ကွန်မြူနစ်ပါတီလုပ်မှာကို၊ လက်မခံဘူး။ ကျွန်တော်နဲ့အယူအဆတူတဲ့ ဗဟိုကော်မီတီတွေကတော့၊ ဗိုလ်မောင်မောင်နှင့် ဗိုလ်ဘသင်တို့ဖြစ်တယ်။ တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေးကို၊ လက်ခံလိုက်တော့ လက်ဝဲအင်အားစုအတွင်းမှာလဲ (၂)ပိုင်းကွဲဘို့ ရှိလာတယ်။ လက်ဝဲနဲ့လက်ျာကွဲ ဘို့ နဲ့လက်ဝဲအင်အား စုအတွင်းကွဲဘို့ ဖြစ်လာတယ်။)ဟု ဖေါ်ပြခဲ့သည်။

ထို့ကြောင့် ကရင့်တော်လှန်ရေးအင်အားစုများအတွင်း၊လက်ဝဲ၊ လက်ျာ၊ အုပ်စုများအကြား၊ ပဋ္ဌမဆုံး အကြိမ်ကွဲခြင်းဖြစ်သည်။ မှူးဆိုးကော်ကဆာနှင့် လိုက်သွားသူ၊ K.R.C ဗဟို အမှုဆောင်လက်ျာအင်အား စုတွင်...

၁။မှူးဆိုးကော်ကဆာ(စောဟန်တာသာမွေး)
၂။ပဒိုဝေသော၊
၃။ဆရာဘထွန်း၊
၄။ဗိုလ်ချုပ်လှဖေ၊
၅။ပဒိုဖိုးညော၊
၆။ပဒိုဝေရီကျော် စသည့်ပုဂ္ဂိုလ် များ ခွဲထွက်သွားကြသည်။

ကရင့်လက်နက်ကိုင်တော်လှန်ရေးအတွင်း လုပ်နည်းလုပ်ဟန်၊အယူအဆ၊ အတွေးအခေါ်၊မတူညီမှု တို့ကြောင့် နှစ်ခြမ်းကွဲသွားခြင်းဖြစ်သည်။ ထိုအကွဲအပြဲကြောင့် ကရင်တမျိုးသားလုံး စိတ်မချမ်းမြေ့၊ ဝမ်းနည်းနေကြရသည်။ ဤကဲ့သို့သောအကွဲ အပြဲမျိုးနှင့် ရန်သူကိုမည်သို့တိုက်ခိုက်မည်နည်း။ အဘကရင်ပြည်ကို၊ မည်သို့ရယူမည်နည်း။

၁၉၄၉ ခုနှစ်၊ ကရင့်လက်နက်ကိုင်တော်လှန်ရေးစကတည်းက၊ ခေါင်းဆောင်ခဲ့သော ဟန်တာသာမွေး နှင့် မန်းဘဇန်တို့နှစ်ဦးသာကျန်

တော့သည်။ ၎င်းတို့နှစ်ဦးတွင်လုံးဝ တာဝန်ရှိသည်။ ထို့ကြောင့်ကရင်အမျိုးသားများ ပြန်လည်စည်းလုံးညီညွတ်ရေးအတွက်၊ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပြီး၊ ညီညွတ်ရေးအတွက် ကြိုးပမ်းခဲ့သည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်သည်၊ ဟံတာသာမွေးနှင့် ဖါပွန်ခရိုင်(နော်ယိုးထာ)ရွာတွင် တွေ့ဆုံစဉ် ဟံတာသာမွေးမှာ...

"ဘဇန်ရေ ကရင့်တော်လှန်ရေးတော့ ကွဲသွားပြီး၊ ဒါပေမဲ့ မကွဲအောင်လုပ်ဘို့တော့ အရေးကြီးတယ်။ မင်းနဲ့ငါ ဒါဝင်ပြီးထိန်းရမယ်"ဟု စိတ်မကောင်းစွာဖြင့် ပြောကြားခဲ့သည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်မှ...

ဒီအကွဲအပြဲတွေကို ခင်ဗျားနဲ့ ကျွန်တော်တို့ ပြန်ခေါင်းဆောင်ပြီး ဖြေရှင်းရမယ်ဟုပြောရာ ၎င်းမှ သဘောတူ လက်ခံသည်ဟု ဖေါ်ပြသည်။

သို့သော် အဖွဲ့အစည်းအတွင်း လက်ဝဲ၊ လက်ျာပဋိပက္ခသည်၊ ကြီးသထက်ကြီးလာပြီးနောက် ဆုံးစေ့စပ်၍ မရသည်အထိ၊ ကွဲထွက်သွားတော့သည်။ အက်ကြောင်းကို ရန်သူ၏သတ်လျှိုမှုကြောင့် ၁၉၆၃ ခုနှစ်ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ နှင့် အတူလက်ျာ (K.R.C.) အုပ်စု ရန်သူနှင့် လုံးဝစေ့စပ်သွားကြပြီး ကရင့်တော်လှန်ရေးကို ကျောခိုင်းသွားတော့သည်။ ကရင့်တော်လှန်ရေးသမိုင်းတွင်၊ ဝဲ ယာ ပဋိပက္ခ ကြောင့်၎င်း၊ ရန်သူမှ သတ်လျှိုသွေးခွဲမှုကြောင့်၎င်း၊ အဖွဲ့အစည်း အတွင်းကွဲသွားရုံတင်မက မလိုလားအပ်သောလက်နက်ကိုင် အဋိပက္ခဘောင်သို့ရောက်ရှိသွားကြသည်။ သွေးနီစွန်းသော ကာလများပင် ဖြစ်လာတော့သည်။

၁၉၆၃ ခုနှစ်၊ နိုဝဘာလ (၁၄) ရက်၊တွေ့ဆုံဆွေးနွေးပွဲပျက်ပြီး ၊ K.R.C. အုပ်စု၊ တော်လှန်ရေးကောင်စီနှင့် ပူးပေါင်းလိုက်သဖြင့် ကရင့်တော်လှန်ရေးတွင်၊ K.N.U ပါတီသာကျန်တော့သည်။ K.N.U. ပါတီတွင်း၌ပင် အယူအဆနှစ်မျိုးဖြစ်ပေါ်နေသည်။ ထိုအယူအဆ နှစ်မျိုး နှင့်ပါတ်သက်၍ ဥက္ကဋ္ဌကြီးမန်းဘဇန်မှ...

"K.N:U ပါတီမှာဘာဖြစ်လာသလဲဆိုတော့၊ တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေးကို၊ လက်ခံသူတွေက၊ ကရင်ကွန်မြူနစ်ပါတီဖွဲ့ရမယ်။ နောက်ပြီးတရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေးကိုအခြေခံပြီး၊ လမ်းစဉ်လုပ်ငန်းစဉ်တွေ ချမှတ်ရမယ်လို့ လုပ်လာတော့ ဒါကိုကျွန်တော်ကန့်ကွက်တယ်။ မလုပ်ဘို့တားမြစ်တယ်။ ကျွန်တော်ကတော့ ကေအဲန်ယူ အမျိုးသားတိုးတက်ရေးပါတီနဲ့ ဒုတိယလမ်းစဉ်ကို သာဆုပ်ကိုင်တော့၊ ဒီမှာကျွန်တော်တို့ အကြားထပ်ကွဲဘို့ဖြစ်လာတယ်။ ကျွန်တော် ဗိုလ်မောင်မောင်နှင့် ဗိုလ်ဘသင် တို့က အယူအဆတူကြတယ်ဟု ဖေါ်ပြသည်။ K.N.U ပါတီအတွင်း အတွေးအခေါ်နှစ်ရပ်ဖြစ်ပေါ်လာတော့သည်။ နိုင်ငံရေး ပဋိပက္ခရေချိန်မြင့်လာသည် နှင့်အမျှ၊ ဗိုလ်ချုပ်ကော်ထူး၊ ဗိုလ်ကျင်ဖေတို့ခေါင်းဆောင်သော၊ ပါတီအုပ်စုမှာ ပဲခူးရိုးမသို့ပြောင်းရွှေ့သွားပြီး ၁၉၈၆ခုနှစ်၊ ဇူလိုင်လတွင်၊ (၆)ကြိမ်မြောက်ပါတီ ဗဟိုကော်မီတီ အစည်းအဝေးကို ခေါ်ယူကျင်းပသည်။ ထိုအစည်းအဝေးသို့ ဥက္ကဋ္ဌကြီးမန်းဘဇန်မှ တက်ရောက်ခြင်းမရှိဘဲ အစည်းအဝေးကိုဦးဆောင်ရန်၊ ဗိုလ်ချုပ်ကော်ထူးအား အာဏာပေးအပ်လိုက်သည်။

ပါတီတွင်း၌လည်း အတွေးအခေါ်အယူအဆကွဲလွဲနေသည်။ တဖက်မှ ဗိုလ်ချုပ်ကြီးမြဦးဆောင်၍( K.N.L.C.)ကိုဖွဲ့စည်းလိုက်သည်။ ထိုအချိန်၌ ဥက္ကဋ္ဌကြီးမန်းဘဇန်သည်၊ ပါတီနှင့် ကင်းကွာသွားပြီး၊ တပ်မဟာ (၂)တွင် သီးခြားနေထိုင်နေသည်။ ထိုကာလများတွင် ဥက္ကဋ္ဌကြီးမန်းဘဇန်...

"ကျွန်တော်အရှေ့တိုင်းမှာ နေတုန်းက ဗိုလ်ချုပ်မြနဲ့တွေ့ဆုံဆွေးနွေးပွဲလုပ်တယ်။ တွေ့တော့ (ဒုတိယလမ်းစဉ်ဖြစ်တဲ့ နယ်ချဲ့ပဒေသရာဇ်၊ မဟာလူမျိုးကြီးဝါဒဆန့်ကျင်ရေး) ကိုလက်ခံတော့ သူတို့နဲ့ပေါင်းလိုက်တယ်။ ကျွန်တော်နဲ့အတူ ဗိုလ်မောင်မောင်၊ဗိုလ်ဘသင်၊ ပဒိုဘောယူဖေါ၊ပဒိုကဒွဲ၊ ဗိုလ်ဝါစိန်၊(ယခု ဒုတိယဗိုလ်ချုပ်ကြီး တာမလာဘော)တို့ပါဝင်တယ်"ဟုဖေါ်ပြခဲ့သည်။

ထို့နောက် ၁၉၆၉ခုနှစ်မှာ၊ K.N.U.F.( Karen National United Front.) ကေအဲန်ယူတပ်ဦးကို ဖွဲ့စည်းလိုက်ပြီး၊ K.N.U. ပါတီဥက္ကဋ္ဌ အဖြစ်မှ၎င်း နှုတ်ထွက်လိုက်သည်။ ကရင့်တော်လှန်ရေးတွင်၏ အဖွဲ့အစည်း (၂)ရပ်၊ လမ်းစဉ်နှစ်ရပ်ဖြစ်သွားပြီး K.N.U ပါတီသည်၊ပဲခူးနှင့် မြစ်ဝကျွန်းပေါ်၌၎င်း၊ K.N.U တပ်ဦးသည်၊ အရှေ့တိုင်း၌၎င်း၊ အသီးသီးရပ်တည် လှုပ်ရှားတော့သည်။

၁၉၇၀ခုနှစ်တွင်၊ ကေအဲန်ယူ တပ်ဦးညီလာခံ တရပင်ကျင်းပပြီး ဤညီလာခံမှ...

ကရင်အမျိုးသားစည်းလုံး ညီညွတ်ရေးပြန်လည်တည်ဆောက်ရမည်။

ကေအဲန်ယူတပ်ဦးမှ ကေအဲန်ယူ အစည်းအရုံးဟူ၍ပြန်လည် ဖွဲ့စည်းလိုက်သည်။

၁၉၇၅ခုနှစ်တွင်၊ ပဲခူးရိုး မတိုင်းအား၊ ရန်သူမှအပြင်းအထန်ထိုးစစ်ဆင်လျှက်ရှိသည်။ ဆုံးရှုံးမှုများရှိသည်။ ကေအဲန်ယူမှ အမျိုးသားစည်းလုံး ညီညွတ်ရေးကို အရတည်ဆောက်ရန်၊ လုပ်ငန်းစဉ်ချမှတ်ထားပြီးဖြစ်သဖြင့်၊ အမျိုးသားပြန်လည်ပေါင်းစည်းရေးကို ဖိတ်ခေါ်လေသည်။

အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက်၊ ကေအဲန်ယူပါတီသည်၊ ၁၉၇၅ခုနှစ်၊ အောက်တိုဘာလ၌ (ဒူးတာဃေး) ဖါပွန်ခရိုင်တွင်၊ အစည်းအဝေးနရပ်ခေါ်ယူပြီး၊ အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက်၊ K.N.U. ပါတီကို ဖျက်သိမ်းလိုက်သည်။ ထိုစဉ်ကေအဲန်ယူပါတီခေါင်းဆောင်များမှာ–

❖ ဗိုလ်ချုပ်မြမောင်၊
❖ ဦးစိုးအောင်၊
❖ ဗိုလ်စံလင်း၊
❖ ဗိုလ်ကျော်သောင်းနှင့်
❖ ဗိုလ်မီးသ တို့ဖြစ်သည်။ အခြားအဆင့်ခေါင်းဆောင်များ၊ ပါဝင်ပူးပေါင်းလိုက်ခြင်းဖြင့်၊ အဖွဲ့အစည်းနှစ်ရပ်၊ တမျိုးသားလုံးလိုလားတောင်းတလျက်ရှိသော၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို၊ ပြန်လည်တည်ဆောက်နိုင်တော့သည်။

ကရင်တမျိုးသားလုံး၊ ကရင်အမျိုးသားအလံတော်အောက်ရောက်ရှိကြကုန်ပြီဖြစ်သဖြင့်၊ မိမိတို့တမျိုးသားလုံး၏ ရန်သူများကို စည်းလုံးညီညွတ်စွာ တိုက်ခိုက်နိုင်ပြီဖြစ်သည်။ ဤသည်မှာ ၁၉၇၀ခုနှစ်၌ ချမှတ်လိုက်သော၊ ညီလာခံဆုံးဖြတ်ချက်၏ရလဒ်ဖြစ်ပေသည်။

ထိုအချိန်၌ ဥက္ကဋ္ဌကြီး မန်းဘဇန်သည်၊ အင်းစိန်တိုက်ပွဲမှ ရရှိခဲ့ဘူးသောမျက်ခမ်းစပ်ရောဂါကြောင့်၊ (သို့မဟုတ်) အခြားမျက်စေ့ရောဂါ တမျိုးမျိုးကြောင့်လားဟူ၍ ခွဲခြားမရတော့ဘဲမျက်စိမှုံလာသဖြင့် ခွဲစိတ်ကုသရာမှ မျက်လုံးတဖက်ကွယ်သွားတော့သည်။ ထို့အပြင် အဆုတ်ရောဂါဖြစ်ပွါးလာပြန်သည်။ တော်လှန်ရေးစကတည်းက ကြုံတွေ့ရင်ဆိုင်ခဲ့ရသော တော်လှန်ရေးမှဖြစ်ပေါ်လာသည့် အခက်အခဲများ အကြပ်အတည်းများကြောင့်ထင်သည်။ အားအင်ကုန်ခမ်းလာပြီး အဆုတ်ရောဂါ၏ တိုက်ခိုက်မှုကိုခံနေရသည်။ တဖန်မျက်စေ့တဖက်ကွယ်ရာမှ၊ အခြားတဘက်သို့ကူးဆက်လာပြန်ရာ၊ မြင်နေရသောမျက်စေ့သည်ပင်လျှင်၊ ကွယ်စပြုလာသည်။ နောက်ဆုံးမျက်စေ့နှစ်ကွင်းအလင်းမရရှာတော့ပေ။

လူ့ဘဝမှဖြစ်ပေါ်လာသော အဆုပ်ရောဂါနှင့် မျက်စေ့ကွယ်မှုကိုခံစားနေရသည်နှင့်တချိန်တည်း၊ နိုင်ငံရေးမီးပင်လယ်နှင့်၊ မိုးသက်မုန်တိုင်းကြီးကို တော်လှန်သောမျိုးချစ် ကရင့်တော်လှန်ရေးသမားကြီး ကူးခတ်ဖြတ်ကျော်နေရသည်။ ထိုအချိန်တွင်၊ ဥက္ကဋ္ဌကြီးမန်းဘဇန်မှ၊ ကရင့်တော်လှန်ရေးကို ကျွန်တော်မသေမချင်း၊ အောင်မြင်မှုရသည့် အထိလုပ်ရမှာဘဲ။ ကျိုးကျိုး၊ ကန်းကန်း၊ပဲ့ပဲ့၊ လုပ်နိုင်သရွေ့အင်အားရှိသ၍ ကျွန်တော်လုပ်သွားသွားမယ်လို့ခံယူတယ်ဟု၊ အဓိဋ္ဌာန်ပြုသွားသည်။

ဟုတ်ပါသည်။ ဥက္ကဋ္ဌကြီး မန်းဘဇန်သည်၊ နိုင်ငံရေးမိုးသက်မုန်တိုင်းကြား၊ အဖွဲ့အစည်းမှပေးအပ်လာသော၊ နာယကကြီးတာဝန်ဖြင့် သက်ဆုံးတိုင် အလံမလှဲဘဲ တော်လှန်ရေးသမားတိုင်း၏ ဆုလဒ်ဖြစ်သည့် မာနယ်ပလော အာဇာနည် ဗိမ္မာန်၌ ထာဝရကွန်းခိုး အနားယူသွားတော့သည်။

၁၉၈၂ ခုနှစ်၊ မေလ (၁၁) ရက်နေ့၌၊ ဥက္ကဋ္ဌကြီးမန်းဘဇန်သည်၊ ကရင်တမျိုးသားလုံးအားရင်း၊ ကရင့်တော်လှန်ရေးအားရင်း၊ လူမျိုးစုံညီအကိုတော်များနှင့်ရင်း၊ ထာဝရခွဲခွါသွားပါပြီ။ သို့သော် ၎င်း၏...

❖ ဘာဘဲလုပ်လုပ် အရေးကြီးတာက၊ ရဲဘော်–ရဲဘက် အချင်းချင်း၊ စေတနာမှန်ဘို့လိုတယ်။ ဘယ်သူတွေဘာဘဲလုပ်လုပ်၊ မင်းတို့စေတနာမှန်မှန်နဲ့ သာလုပ်။

❖ တော်လှန်ရေးဆိုတာ မိမိအတွက်ရယူခြင်းမဟုတ်၊ အမျိုးသားပြည်သူများအတွက်ပေးဆပ် ခြင်းသာဖြစ်တယ်ဆိုသည့် ဒဿနများသည်၊ ကမ္ဘာတည်သရွေ့ မိမိတို့နှလုံးအိမ်တွင်၊ ထာဝစဉ်ရှင်သန်ကြီးထွားနေမည်ဖြစ်ပါသည်။ ...

**ဥက္ကဋ္ဌကြီးမန်းဘဇန်**
**ကောင်းရာသုဂတိဘုံသို့လားပါစေ။**

* * *

တော်လှန်ရေးသည်မိမိအတွက်ရယူခြင်းမဟုတ်အမျိုးသားပြည်သူအတွက်ပေးဆပ်ခြင်းဖြစ်သည်။

## အခန်း (၄)
## အပိုင်း (၁)

## ဥက္ကဋ္ဌကြီးမန်းဘဇန်၏ တော်လှန်သည့် မျိုးဆက်သစ်များ

ကရင့်တော်လှန်ရေးကို ကျွန်တော်မသေမချင်း အောင်မြင်မှုရတဲ့အထိ လုပ်ရမှာပဲ၊ ကျိုးကျိုး၊ ကန်းကန်းပဲ့ပဲ့ လုပ်နိုင်သရွေ့ အင်အားရှိသရွေ့ ကျွန် တော်လုပ်သွားမယ်ဟု စာရေးသူ၏ဖခင်မသေခင် အသံသွင်းသွားပါသည်။

ဂုဏ်ရောင်ပြောင်သော ကရင့် လက်နက်ကိုင်တော်လှန်ရေး မစတင်မီ ဥပဒေတွင်းတိုက်ပွဲကို ဦးစီး ပါဝင်ခဲ့ပြီး ဆယ်စုနှစ်တခု၊ နှစ်ခု၊ သုံးခုကျော် (အင်အားရှိသရွေ့၊ လုပ်နိုင်သရွေ့) အသက်ထက် ဆုံး ကျရာတာဝန်ယူခဲ့ပါသည်။

ကိုယ်ကျိုးမကြည့်ဘဲ တော်လှန်ရေးသည် သူ့ဘဝ၊ တော်လှန် ရေးသည်သူ့ အသက်၊ တိုင်းရင်း သား လူမျိုးစုံပြည်သူများအား သူ့ဝိညာဉ်သဖွယ် ချစ်မြတ်နိုးခဲ့ ပါသည်။ သူ့အသက်ရှင်နေစဉ် တော်လှန်ရေးအတွင်း အတွေး အခေါ်တိုက်ပွဲများ၊ လက်ဝဲလက် ယာတိုက်ပွဲများ တော်လှန်သူ နှင့် အခွင့်ထူးခံများကြား ပြင်းပြင်း ထန်ထန် တိုက်ပွဲ ဖြစ်နေပါသည်။

ဤအခြေအနေပေါ်တွင် တော်လှန်သည့်မျိုးဆက်သစ်များမွေးထုတ်ခဲ့ပါသည်။ သူ့သွေး၊ သူ့သား များအကြား၊ သူ့အမျိုးသားများအကြား၊ သူ့ညီအကို တော် လူမျိုးများအကြားမွေး ထုတ်ခဲ့ပါသည်။

ဤသို့သော မျိုးဆက်သစ် များသည် ထာဝရရှင်သန်နေသည်။ ကြီးထွားနေသည်၊ ပေါက်ဖွားနေသည်။ အဆိုပါ တော်လှန်ရေးသမားကြီး၏ မျိုးဆက်ပေါက်ဖွားပုံမှာ ၁၉၈၂ ခုနှစ်၊ ဧပြီလ ၁၂ ရက်တွင် ဖြစ်ပါသည်။

သောင်ရင်းမြစ်နဘေး၊ အင်ဖက်မိုး၊



# မန်းဘဇန်
# နှင့်
# မျိုးဆက်သစ်



- ဗိုလ်ချုပ်ကြီးမြမှ ဥက္ကဋ္ဌကြီးမန်းဘဇန်အား နောက်ဆုံးဂုဏ်ပြုခြင်း။
- စာရေးသူနှင့် ဒု–ဗိုလ်မှူးကြီး ဘောဲဒွင်ဇန် (**K N D O** တပ်ရင်း ၇မှူး)။
- စာရေးသူဖူးကီးဒိုနှင့် မျိုးဆက်သစ်။



ဝါး ထရံကာ၊ ပျဉ်ခင်း သည့် တဲအိမ်အတွင်း သွေးတိုး ကြောင့် ဦးနောက်ကြောပြတ်ပြီး သတိမေ့မြောနေသော (မွေးမေမေ)၏ ပတ်လည်တွင် သား၊ သမီး၊ သမက်၊ ချွေးမများ ဝိုင်းရံ လို့နေပါသည်။ အခြားတဘက် အိမ်ခန်းထဲမှာတော့ မျက်စေ့ နှစ်ကွင်း အလင်း မရရှာတော့သည့်အဆုပ်ရောဂါသည်တော်လှန်ရေးသမားကြီးခမျာမှာ အိမ်ရှေ့က အခြေအနေတွေကို လေ့လာလို့နား ထောင်နေပါသည်။ မွေးမေမေအခြေအနေမှာ ဆိုးသထက် ဆိုးလာပါသည်။ အ သက်ရှူမြန်လာပါသည်။ နောက် ဆုံး ကျွန်တော်တို့လူ့ဘဝ၏ (လမင်းသီတဂူ)သည် ကျွန်တော်တို့နှင့် ထာဝရခွဲခွါသွားပြီး သခင်ခရစ်တော်၏ ခြေတော်ရင်းတွင် ရောက်ရှိအနားယူသွားပါတော့သည်။

သား၊ သမီး၊ ချွေးမ၊ မြေး များ ၏ ငိုသံများထွက်ပေါ်လာ ပါသည်။ မိခင်ကို ထာဝရစွန့်လွှတ်လိုက် ရပါပြီ။ အကြီး မား ဆုံး ဘဝ၏ဆုံးရှုံးမှုတခုပါ။

ငိုသံတွေကြားသဖြင့် မျက်မမြင်ဒုက္ခိတအဖေသည် အိမ်ရှေ့သို့ စမ်းတဝါးဝါးနှင့် ထွက်လာပြီးအမေ့နားတွင်ထိုင်ပါသည်။ ကြင် နာခြင်း၊ မြတ်နိုးခြင်း၊ တွယ်တာခြင်း၊ ချစ်ခြင်းတို့၏ သင်္ကေတ ဖြစ်သည့် နောက်ဆုံးအနမ်းနှင့် မိခင်ကိုနမ်းပြီး–

"ကြည် – မင်း သခင်ခရစ်တော်ဆီ အရင်သွားနှင့်၊ ငါလိုက်ခဲ့မယ်။ တို့အိမ်ထောင်သက်တမ်း တလျှောက်လုံး မင်းသစ္စာတရားဦးထိပ်ပန်ပြီး ငါ့ကိုပါရမီဖြည့်ခဲ့တယ်။ ငါ့ရဲ့တော်လှန်ရေးလမ်း ကြောင်း တလျှောက် ရန်သူ့အဖမ်းအဆီးနဲ့ ဆင်းရဲကျပ်တည်းမှု အခက်အခဲများကို ကျော်လွှားပြီး တော်လှန်ရေးအပေါ်သစ္စာရှိခဲ့တယ်။ မင်းကိုလေးစားတယ်"

တဆက်ထဲ သားသမီးတွေ ဘက် လှည့်၍ "မင်းတို့အမေတော့ဆုံးပြီး၊ ငါလည်း မကြာခင်သူ့နောက်လိုက်လိမ့်မယ်။ မင်းတို့ကို ဘာအမွေမှ ပေး စရာမရှိဘူး၊ ပေးနိုင်တာက တော်လှန်ရေးအမွေပဲဖြစ်တယ်။ ဒီအမွေကို မင်းတို့ယူရဲလား၊ ယူမလား" ဟုမေးပါသည်။

အဖေပေးလာသော တော်လှန်ရေး အမွေဆိုသည်မှာ–

မပြီးဆုံးသေးသော အမျိုးသား ဒီမိုကရေစီတော်လှန်ရေးကို ဆုံးခန်းတိုင်အောင် တိုက်ပွဲဝင်ရမည်။ အဖေ၏ဒဿနဖြစ်သော (တော်လှန်ရေးဟာ မိမိအတွက်ရယူခြင်းမဟုတ်၊ အမျိုးသားပြည်သူတွေအတွက် ပေးဆပ်ခြင်းဖြစ်တယ်)ဆိုသည်ကို လက်ခံရမည်။

"ဘာပဲလုပ်လုပ် အရေးကြီးတာက ရဲဘော်ရဲဘက်အချင်းချင်း စေတနာမှန်ဖို့လိုတယ်။ ဘယ်သူတွေ ဘယ်လိုဘဲလုပ်လုပ် မင်းတို့စေတနာမှန်မှန်နဲ့သာလုပ်" ဆိုသည့် ဒဿနကို လက်ခံရမည်ဖြစ်သည်။ ဤတော်လှန်ရေးအမွေသည် နက်နဲသည်၊ လေးနက်သည်၊ တန်ဘိုးကြီးသည်၊ ခက်ခဲသည်။ ကိုယ်ကျိုး ထက် (မိမိလူမျိုး၊ မိမိတိုင်းပြည်နှင့် လူမျိုးစုံပြည်သူတွေအတွက် အသက်ထက်ဆုံးလုပ်ရမှာဖြစ်သည်။ ဤတော်လှန်ရေးအမွေကို လက်ခံသင့်မသင့် လေးလေးနက်နက်စဉ်းစားပြီးမှ

"ပါးပါးပေးတဲ့ တော်လှန်ရေး အမွေကို ကျွန်တော်ယူမယ်" ဟု ကတိပေးလိုက်သည်။ နောက် ကျွန်တော့်ညီအလတ်နှင့် ညီအထွေး၊ ညီမတွေပါ တော်လှန် ရေးအမွေကိုယူဖို့ကတိပေးကြသည်။ ဤကတိစကားများကို ကြားသောအခါ အဖေ့မျက်နှာဝင်းပသွားသည်။

"ငါ တော်လှန်ရေးမျိုးဆက်သစ်တွေ မွေးထုတ်နိုင်ပြီ။"

တော်လှန်တဲ့ သူရဲကောင်းတွေ ၏ အဖေဖြစ်ရသဖြင့် ဂုဏ်ယူနေသည့်မျက် နှာ အသွင်အပြင်ဆောင် နေပါသည်။ တော်လှန်ရေးမျိုးဆက်သစ်များ ရှင်သန်ကြီး ထွားနေသည်။

တော်လှန်ရေးမျိုးဆက်သစ်များ ဥက္ကဋ္ဌကြီးမန်းဘဇန်၏ သား၊ သမီး၊ မြေးများအကြား၊ကရင်အမျိုးသားများအကြား၊ လူမျိုးစုံပြည်သူများအကြား တနေ့ထက် တနေ့၊ တစထက်တစ၊ ဖွားမြင် ရှင်သန်ကြီးထွားနေသည်။ ကြီးထွားလျက်၊ ဖွားမြင်လျက်ရှိသည်။

မွေးမေမေ ကောင်းရာသုဂတိဘုံသို့ လားပါစေ။ ❖ ❖ ❖

## အပိုင်း (၂)
## ဥက္ကဋ္ဌကြီးမန်းဘဇန်၏ ဘဝနိဂုံး

မာနယ်ပလောရွှေမြို့တော်မှ ပေါ်လူရပ်ကွက်၏ တဲအိမ်တလုံးအတွင်း၌ BBC နှင့် VOA မြန်မာ ပိုင်းအစီအစဉ် အသံလွှင့်ချက်များ ပေါ်ထွက်နေပါသည်။ ပက်လက်ကုလားထိုင်ပေါ်ထိုင်၊ ရေဒီယိုအသံလွှင့်ချက်ကို တစိုက်မတ်မတ်နားထောင်နေသူမှာ ကျွန်တော်တို့အဖေ ဥက္ကဋ္ဌကြီးမန်းဘဇန်ပါ။

အမေဆုံးသွားသဖြင့် ၄င်းဘဝသည် အထီးကျန်ဖြစ်နေလင့်ကစား သူ့အတွေးအခေါ်နယ်ပယ် ထဲတွင် သူ့ပတ်ဝန်းကျင်မှာ သူချစ်မြတ်နိုးသော –

- ❖ ကရင်အမျိုးသား လွတ်မြောက်ရေးတပ် မတော်သားများ၊
- ❖ ကရင်ပြည်သူများ၊
- ❖ တိုင်းရင်းသားလူမျိုးစုံညီအကိုများ၊
- ❖ နိုင်ငံတကာအဖိနှိပ်ခံနှင့် ဒီမိုကရေစီအင်အားစုများ ဝန်းရံလို့နေပါသည်။
- ❖ ကရင်အမျိုးသားလွတ်မြောက်ရေးမုချရရမယ်။
- ❖ စစ်မှန်တဲ့ ပြည်ထောင်စုကြီး မုချပေါ်ထွက်ရမယ်။
- ❖ ဒီမိုကရေစီ လူမှုအခွင့်အရေးများ တင်းပြည့်ကျပ်ပြည့်ရရမယ်။
- ❖ ဘုံရန်သူဆန့်ကျင်ရေးတပ်ပေါင်းစုကြီး ထာဝရရှင်သန်ကြီးထွား နေမယ်။

နိုင်ငံတကာဒီမိုကရေစီအင်အားစုများ၏ထာဝရတပ်ပေါင်းစုကြီး မုချဖွားမြင်လာရမည်ဆိုသည်ကိုသူအကြွင်းမဲ့ယုံကြည်ထား ပါသည်။ အနာဂတ်သည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဝင်သူများ၊ ဒီမိုကရေစီ ဘက်တော်သားများ၊ ငြိမ်းချမ်းရေးဘက်တော်သားများ၏ ကမ္ဘာဖြစ်သည် ဆိုသည်ကိုသူခံယူ ထားပါသည်။ သူ့ဘဝသည် အထီးကျန်နေလင့်ကစား အနာဂတ်ကို ပီပြင်စွာ ယုံကြည်မှုကြောင့် ပီတိဖြစ်နေသည်။

ကျွန်တော်တို့၏ မွေးမေမေ (မိုးမိုး) ဆုံးသွားပြီး ရက်ပေါင်းလေးဆယ်အတွင်း အဖေ့ဘဝသည် ပက်လက်ကုလားထိုင်နှင့် ကုတင်ပဲရှိတော့သည်။ နေ့ဘက် ပက်လက်ကုလားထိုင်ပေါ်ထိုင်၊ ညဘက် ကုတင်ပေါ် အိပ်ခြင်းပဲဖြစ်သည်။ ဤကာလ၌ –

တော်လှန်ရေးအမွေဆက်ခံသူ ဝမ်းခါကက်ဘလူးတောင်ကုန်း၏ အာဇာနည်သူရဲကောင်းစစ်သည်တော် တပ်ကြပ်ပုချို (ROCKY) (ကျဆုံး)၏ အမေ အန်တီဝါးဝါး...

တော်လှန်ရေးအမွေဆက်ခံသူ ထွီဖားဝီးကျိုး(ခွေးအိပ်တောင်)တောင်ကုန်း၏ အာဇာနည်သူရဲကောင်း စစ်သည်တော် ဒုတိယ ဗိုလ်မိုးအောင်ဝင်း(ကျဆုံး)၏အစ်မ မိုးနာဝင်းတို့က ဝတ်ကြီး၊ ဝတ်ငယ် အသွယ်သွယ်ယူပြီး ချက်ပြုတ်ကျွေးမွေးနေပါသည်။ ညီအလတ်၏ဇနီး၊ စတုတ္ထမြောက် ညီမ နန်းနွယ်ဇန် တို့၏ ပြုစုကြည့်ရှုမှုကို ခံယူနေပါသည်။

"အဖိုးကြီးရေ ဒို့တတွေဟာ တော်လှန်တဲ့မျိုးဆက်သစ်တွေမွေးဖွားခဲ့ပြီ။ အာဇာနည်သူရဲကောင်း စစ်သည်တော်တွေရဲ့ မိဘတွေဖြစ်ကြရလို့ ဒို့သေပျော်ပါပြီကွယ်။ မင်း ငါရှိတဲ့ သခင်ခရစ်တော်ရဲ့ ခြေတော်ရင်းမှာ လာရောက်ကွန်းခိုလို့အနားယူလှည့်တော့" ဟု အမေ့အသံစာစာလေးကို ကြားလို့ထင်သည်။ အဖေသည် ရွှေမြို့တော် မာနယ်ပလောမှနေ၍ သူရဲကောင်းစစ်သည်တော်များ၏မြို့တော် ဝမ်းခါရှိ ပဥ္စမသမီး နန်းကေသီဇန်၏အိမ်သို့တလှည့်လာရောက် အနားယူပါသည်။ဤအချိန်မှာလဲအဖေ့ဘဝသည် ပက်လက်ကုလားထိုင်နဲ့ကုတင်ဖြစ်ဆဲပင်။

မျက်မမြင်သည့် အဆုတ်ရောဂါရှင်၊ ဒုက္ခိတအထီးကျန်တဦးအဖို့ ဆက်လက် အသက်ရှင်ရပ်တည် ရေးအတွက် ရုပ်ပိုင်းဆိုင်ရာအင်အား တစတစ ဆုတ်ယုတ်လို့ လာပါသည်။ စိတ်ပိုင်းဆိုင်ရာ စိတ်ဓါတ် အင်အား မှာတော့ –

❖ တော်လှန်ရေးအောင်ရမယ်။

❖ စစ်မှန်တဲ့ပြည်ထောင်စုကြီး ပေါ်ထွက် ရမယ်။

အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုကြီး ထာဝရရှင်သန်ကြီးထွားနေမယ် ဟု အနာဂတ်အပေါ် ယုံကြည်မှုအပြည့်အဝရှိသည်။

အချိန်တွေ တစတစကုန်လွန်လာသဖြင့် တပ်မတော်သားတယောက်အဖို့ ခွင့်စေ့လာသောကြောင့် မိမိတပ်ခွဲမှူးတာဝန်ယူရာ တပ်မဟာ(၇)၊ အမှတ် (၁၉)တပ်ရင်း၊ တပ်ခွဲ(၄) သို့ပြန်ရပါတော့သည်။ မိခင်တပ်ရင်းရှိရာ တပ်မဟာ(၇)၊ တပ်ရင်း(၁၉)သို့ မရောက်မီ အဖေ့ထံသွားရောက်ဂါဝရပြုပါသည်။ ပက်လက်ကုလားထိုင်ပေါ်မှ အဖေသည် BBC အင်္ဂလိပ်ပိုင်းအစီအစဉ်ကို နားထောင်နေပါသည်။ ပါးပါး ကျွန်တော်ရှေ့တန်းပြန်တော့မယ်ဟု ပြောသဖြင့် အဖေမှ ဒီကိုလာအုံးဆိုပြီး ကျွန်တော့် ခေါင်းကိုကိုင်ကာ ဆုတောင်းပေးပါသည်။ ထာဝရဘုရားသခင် ကျွန်တော်နှင့်အတူရှိစေကြောင်း၊ ကြည့်ရှုစောင်မစေကြောင်း၊ ဘေးဥပါဒ်အန္တရာယ်များနှင့် ကင်းဝေးစေကြောင်း၊ လုပ်ငန်းများတွင်လမ်းညွှန်မှုပေးစေကြောင်း ဆုတောင်းပေးပါသည်။

အဖေ့ထံမှ ဘယ်သွားသွား၊ ဘာလုပ်လုပ် ဘုရားမမေ့ရန်၊ ဘုရားကို ဦးထိပ်ထားရန်၊ နောက် ဆာလံကျမ်း ၂၃၊ ၂၇ နှင့် ၉၁ တွေကို အမြဲတမ်း အာဂုံဆောင်ရန် ဩဝါဒပေးပါသည်။ အဖေ့ထံမှ ချစ်ခြင်းမေတ္တာ၊ စေတနာ၊ ဂရုဏာများကို ဝမ်းမြောက်ကြည်နူးနှစ်ထောင်းအားရစွာလက်ခံရရှိပါသည်။

ထို့အပြင် အဖေ့ပေးသော တော်လှန်ရေးအမွေကို ကျစ်ကျစ်ဆုပ်ကိုင်ကာ ရှေ့တန်းစစ်မြေပြင်သို့ အဖေ့အား ဦးသုံးကြိမ်ကန်တော့ပြီး ထွက်ခွါလာတော့သည်။

အဖေ၏

❖ လူလူချင်း သွေးစုတ်မှုကင်းသော

❖ လူမျိုးချင်း ကျွန်ပြု မှုကင်းသော

❖ အမျိုးသားဒီမိုကရေစီလူမှုအခွင့်အရေး အပြည့်အဝရှိသော နိုင်ငံတော်သစ် မုချပေါ်ထွက်ရမည်ဆိုသည့် ဒဿနသည် ကျွန်တော့်သွေး၊ ကျွန်တော့်ဦးနှောက်ထဲမှာ အသက်ထက်ဆုံး ပူးကပ်ကိန်း အောင်းသွားမည် ဖြစ်ပါသည်။

ကျွန်တော့်သားသမီး၊ ဆွေမျိုးနှင့် အမျိုးသားပြည်သူများအကြား ဖွားမြင်လာမည်ဖြစ်သည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်၏(လူသားဝါဒ) ကရင့်လူ့အဖွဲ့အစည်း၊ မြန်မာနှင့် ကမ္ဘာတဝှမ်းကို လွှမ်းခြုံနိုင်ပါစေ။ ...

## အပိုင်း (၃)
## ဘဝရွှေတောင်ကြီးပြိုသောနေ့

အဖေဥက္ကဋ္ဌကြီးမန်းဘဇန်ပေးသော (တော်လှန်ရေးအမွေ)ကို ရင်ဝယ်ပိုက်၊ မပြီးဆုံးသေးသော အမျိုးသားဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းတလျှောက် ရဲရဲတောက်ချီတက်နေ ပါသည်။

စစ်သည်တော်တိုင်းရင်ဆိုင်ရသော အစားဆင်းရဲ၊အနေဆင်းရဲချို့တဲ့သောဘဝ၊ ပင်ပန်းကြမ်းတမ်း သောဘဝ၊ နေ့၊ ည၊ နွေ၊ မိုး၊ ဆောင်း၊ အချိန်အရွေး လှုပ်ရှားရ သောဘဝ၊ ဗုံး၊ စိန်ပြောင်း၊ အမြောက် မိုးရွာနေပြီး သေခြင်းတရားနှင့် အချိန်မရွေးမိတ်ဖွဲ့နိုင်သောဘဝ၊ စစ်သားဘဝကို ဂုဏ်ယူစွာ ကျော် လွှားနေပါသည်။

"စစ်တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းစစ်တိုက်၊ အမျိုးသားပြည်သူတွေကို အလုပ်အကြွေးပြု၊ စစ်သားစုဆောင်း ရေးဟာ စစ်မြေပြင်မှာရှိတယ်။ ဒို့တပ်မ တော်ရဲ့ သုံ့ပန်းပေါ်လစီတွေ တိတိကျကျ လုပ်ဆောင် " ဆိုသည့် အဖေ့ဩဝါဒများကို တော်လှန်ရေးအမွေအဖြစ် ကိုင်တွယ်လှုပ်ရှား နေပါသည်။ တပ်မဟာ (၇)၊ တပ်ရင်း (၁၉) စစ်ဒေသတွင် သေနတ်သံတွေ ခြိမ့်ခြိမ့်သဲမြည်နေသည်။

ဗိုလ်မှူးကျော်နီ စစ်ကြောင်းမှူးတာဝန်ယူထားသော စစ်ကြောင်း(၁)သည် နဘူး၊ ပိုင်ကျုံ၊ ထီလုံ၊ ဒုံရင်းမြို့နယ်တခွင် ပြောက်ကျားကြီးအသွင်နှင့် လှုပ်ရှား နေပါသည်။ တခါတရံ အထူးတပ်ရင်း (၁၀၁) စစ်ကြောင်းနှင့်ပေါင်း၍ တကြိမ်တခါ ဗိုလ်မှူးတူးတူးဦးစီးသော စစ်ကြောင်း(၂)နှင့်ပေါင်း၍ စစ်ကြောင်းသုံးကြောင်းပေါင်းပြီးသော်ငှင်း၊ လှုပ်ရှားစစ်များနှင့် နည်းဗျူဟာအမျိုးမျိုး ပြောင်းကာ ရန်သူတပ်မ(၄၄)ကို အမျိုးမျိုး

ဒုက္ခပေးနေပါသည်။ ရန်သူတပ်မမှူးများ ဖြစ်သော ဗိုလ်မှူးကြီးအဆင့်ရှိ မြသင်း၊ ဗိုလ်မှူးကြီး အဆင့်ရှိမြင့်အောင်တို့သည် တိုက်ပွဲတိုင်းတွင် အထိနာနေသဖြင့် အထက်မှ အကြိမ်းအမောင်းများခံ နေရပါ တယ်။

တပ်မ(၄၄)လက်အောက်ခံတပ်ရင်းများဆိုလျှင် ဖွဲ့စည်းပုံပျက်နေပါသည်။ ဗိုလ်မှူးကျော်နီ၊ ဗိုလ်မှူး တူးတူးဟေ့ဆိုလျှင် ရန်သူများအကြောက်ကြီးကြောက်နေကြသည်။တိုက်တိုင်းအောင်စစ်ကြောင်း(၁) ကို လူထုမှကရင်ဒုံးယိမ်းနှင့်ကြို သည်။ စစ် ကြောင်း(၁)က ရဲဘော်များမှ လဲအားလပ်သည့် အချိန်များ၌ လူထုကုန်ထုတ်လုပ်ရေး များတွင် ကူညီသည်။ စပါးဝိုင်းရိတ်သည်။ စပါးဝိုင်းစိုက်သည်။ လူထုအိမ်ဝိုင်းမိုးသည်။ ဆန်ဝိုင်းထောင်းသည်။

"ဒို့တပ်မတော်သားတွေဟာ အမျိုးသားပြည်သူကြားက ပေါက်ဖွားလာတဲ့ပြည်သူ့ သားသမီးတွေ ဖြစ်တယ်။ သူတို့ အလုပ်ကိုဝိုင်းလုပ်တာဟာ ကိုယ့်မိဘကိုကူတာပဲ" ဆိုသည့် အဖေ့သြဝါဒကို လူထုအလုပ်ဝိုင်းလုပ်တိုင်း၊ လူထုစပါးဝိုင်းစိုက်ဝိုင်းရိတ်တိုင်းကြားယောင်နေသည်။

တပ်မဟာ(၇)မှူး ဗိုလ်မှူးချုပ်ထင်မောင်ဦးစီးသော စစ်ကြောင်း ၁၊ ၂၊ ၄၊ ၅ နှင့်အထူးတပ်ရင်း (၁၀၁) စစ်ကြောင်းများသည် စုရပ်တခုတွင် ဆုံကြပါပြီ။ တပ်ခွဲမှူးမှအထက်တပ်မှူးများအား ဗိုလ်မှူးချုပ် ထင်မောင်မှ စစ်ဆင်ရေးစီမံချက်များကို ရှင်းပြနေပါသည်။

ယောင်ပြမြူဆွယ်ပြီး ရန်သူ့စစ်ကူကိုတိုက်တဲ့နည်းဗျူဟာဖြစ်ကြောင်း၊ ကညင်ဒုံရဲစခန်းဟာ ရောင်ပြတိုက်ကွက်ပဲ။ ကတိုင်တိကပဲဖြစ်ဖြစ်၊ကမမောင်းဘက်ကပဲဖြစ်ဖြစ်လိုက်လာတဲ့စစ်ကူကို အပိုင်တိုက် ရမယ်။ စစ်ကူမလာဘူးဆိုရင်တော့ ကညင်ဒုံစခန်းကို အပြီးသိမ်းရမယ်။ ဤစီမံချက်အတိုင်း ကညင်ဒုံ ရဲစခန်းတွင် သေနတ်သံများ ကမ္ဘာပျက်ခမန်း ဆူညံနေပါပြီ။ ဟေ့ ရဲဘော်တွေလက်မြောက်ကွ၊ မင်းတို့ကို ဒို့ဘာမှ မလုပ်ဘူး၊ စစ်ကူပဲရှိတယ်ကွ၊ ရဲကူမရှိဘူး၊ စစ်ကူလဲမလာဘူး၊ ဒီနေ့နောက်ဆုံး ၉ နာရီအထိအချိန်ပေးမယ်၊ ဆိုသည့် ရဲဘော်များ အော်ပြောသံများအကြား ၃.၅ ဒုံးကျည်များ၊ ၈၁ မမ၊ ၆၀ မမစိန်ပြောင်းများ၊ ၅၇ မမနောက်ပွင့်ရိုင်ဖယ်များသည် မိုးရွာသလို ပေါက်ကွဲကျရောက်နေသဖြင့် ရဲဆိုသော ပြည်သူလူထုအပေါ် ဖြတ်စား၊ လာဘ်စား၊ ပြည်သူလူ ထု ငိုစားရီစားများသည် ကြောက်ဒူးတုန်လာပြီး လက်နက်ကြီးကျည်သင့်သဖြင့် တဲများမီးလောင်ကုန်ပြီး စစ်ကူလည်းကတိုင်တိနှင့် ကမမောင်းဘက်မှ မလာကြသဖြင့် သုံးရက်မြောက်နေ့ ကိုးနာရီတွင်ကညင်ဒုံရဲစခန်းမှူး ဒုတိယ ရဲအုပ်ဦးဇေမောင်သည် ခြောက်လုံးပြူးတလက်ကိုကိုင်၊ မီးခိုးငွေ့များကြားထဲမှ တံတားတဖက် သို့လျှောက်လာပါသည်။ စစ်ကြောင်း(၁)မှူးဗိုလ်မှူး ကျော်နီမှ တံတားအခြားတဖက်မှတဦးတည်း လျှောက်လာပါသည်။ တံတားအလယ်တွင် စစ်တိုက်နေကြသော ဘက်နှစ်ဘက်မှ လူသားနှစ်ဦး ဆုံကြပါပြီ။

စခန်းမှူးဦးဇေမောင်မှ ၎င်း၏ခြောက်လုံးပြူးအား ဗိုလ်မှူးကျော်နီသို့ပေးလိုက်ပါသည်။ နောက် နှုတ်ဆက်ကြပါသည်။ သေနတ်သံများစဲသွားပါပြီ။ စစ်တိုက်နေသော ဘက်နှစ်ဘက်မှ အရာရှိနှစ်ဦးတံတားတဘက်သို့ ရောက်လာကြပါပြီ။ ကရင် အမျိုးသားလွတ်မြောက်ရေး တပ်မ တော်၏သုံ့ပန်းပေါ်လစီ လူသားဝါဒ၊ ပြည်ထောင်စုစိတ်ဓါတ်၊ လူမျိုးစုံသွေးစည်း ချစ်ကြည်ရေးစိတ်ဓါတ်၊ စစ်သားစုဆောင်းရေးဟာ စစ်မြေပြင်မှာရှိတယ်၊ စစ်တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းစစ်တိုက်၊ လူလူချင်းဖိနှိပ်မှုကင်းသော လူမျိုးချင်းကျွန်ပြုမှုကင်းသော အမျိုးသားဒီမိုကရေစီစိတ်ဓါတ်ဆိုသည့် ဥက္ကဋ္ဌကြီးမန်းဘဇန်၏ သြဝါဒ၊ သူ၏ဒဿနများသည် ဗိုလ်မှူးကျော်နီ ၏ဦးနှောက် နှင့်နှလုံးသွေးများအကြား၊ စစ်ကြောင်း(၁)မှရဲဘော်၊ တပ်မှူး၊ တပ်ကြပ်၊ တပ်သားများအကြား၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်သားများ အကြားထာဝရကိန်းအောင်းရှင်သန်ကြီးထွားလျက်...

စစ်ပစ္စည်းကလွဲလို့ ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်းတွေ အကုန်ယူဆိုသည့် ဗိုလ်မှူးကျော်နီ၏ ညွှန်ကြားချက်ဖြင့် ရဲနှင့် ၎င်းတို့မိခိုသူသုံးဦးသည် အထုတ်အပိုးများနှင့် ထွက်လာကြပါပြီ။ ခလေးနှစ်ဦး၊ မိခိုသူရဲ ဇနီးသည်သုံးဦး၊ ခလရ ၁၉ မှ စစ်သည်နှစ်ဦး၊ စခန်းမှူးဦးဇေမောင်အပါအဝင်ရဲသား ၁၆ဦး၊ စုစုပေါင်း ၂၃ဦးကို ဖမ်းဆီးရရှိလိုက်ပါသည်။ ကညင်ဒုံစခန်း တခုလုံးသိမ်းပိုက်ရှင်းလင်းပြီးသည်နှင့်သုံ့ပန်းများနှင့်အတူ သတ်မှတ်ထားသောဆုံရပ်သို့ စစ်ကြောင်းများ ပြန်လည်ထွက်ခွာလာ ကြပါသည်။ အဆိုပါသုံ့ပန်းများအား ထိန်းသိမ်းကွပ်ကဲရန် စစ်ကြောင်းမှူးမှ မိမိအားတာဝန်ပေး ပါသည်။ ရဲသားကိုဘချိုဇနီးမောင်နှံသည် ကလေးနှစ်ယောက်၊ အထုပ်အပိုးများနှင့် အလုပ်ရှုပ်နေပါသည်။ ကိုဘချိုသည်၎င်းတို့ပိုင်အထုပ်အပိုးများကိုထမ်း၊ ၎င်းဇနီးမှ သားအငယ်ကိုပိုး၊ သမီး အကြီးလေးသည် လူကြီးသွားနှုန်းအတိုင်း လမ်းလျှောက်နေရပါသည်။

ခရီးကဝေး၊ စစ်သားစံချိန်ဖြစ်သဖြင့်ဤကလေးမလေးအဖို့မလွယ်။ မလျှောက်နိုင်၊ ကိုဘချိုမှ မြန်မြန်လျှောက် ဖို့ကြိမ်း၊ လူပျို့လူလွတ် ရဲသားတွေမှ ရဲဘော်စိတ်မရှိ၊ ဝိုင်းမကူ။ ဤအခြေအနေတွင် ထ မင်းမစားရသေးသဖြင့် လမ်းလျှောက်ရင်း ထမင်းထုတ်ကိုဖြေစားစဉ်၊ ကျွန်တော့် ဦး နှောက်အတွေးအခေါ်ထဲသို့ အဖေ့သြဝါဒ များတသီကြီးဝင်လာပါသည်။ **Love your Enemy** သင့်ရန်သူကို ချစ်ပါဆိုသည့်သြဝါဒ၊ ရန်သူသည် ကရင့်လူ့ဖြစ်စဉ်သမိုင်းတလျှောက်လုံး နှစ်ရာထောင်ချီပြီး တမျိုးသားလုံးကိုဖိနှိပ်၊ သတ်ဖြတ်၊ မုဒိန်းကျင့်၊ ရွာမီးရှို့၊ ပစ္စည်းယူ၊ အို..လူမဆန်သည့်လုပ်ရပ်များအကုန်လုပ်ခဲ့သည်။ ယနေ့အထိ လုပ်ဆဲပင်။

ကျွန်တော့်အမေ ညီမ၊ အဖိုး၊ ဦးလေး၊ ညီလေး၊ (ညီမလေးချောချောစိန်၏ခင်ပွန်း) ကျဆုံးလေပြီးသော (ထွီဖားဝီးကျိုးတောင်ကုန်း) အာဇာနည်သူရဲကောင်း စစ်သည်တော်ဒုတိယဗိုလ်မိုးအောင်ဝင်း၏ ဖခင်၊ အပြစ်မဲ့သူများကိုဖမ်း၊ ကျွန်တော့်အဖိုးသည်အသက်(၇၀)ကျော် (၈၀)အတွင်း ထောင်ထဲမှာပင် ညှဉ်းဆဲမှုဒဏ်ကြောင့် ဆုံး သွားပါပြီ။

ဘာကြောင့် ရန်သူကိုချစ်ရမှာလဲ၊ သခင်ခရစ်တော်ကလဲ ရန်သူကိုချစ်ပါတဲ့။ အဖေကလဲဖမ်းမိ တဲ့ရန်သူကိုမသတ်ရ။ မ

ညှဉ်း ဆဲရ။ မဆဲရ၊ မရိုက်နှက်ရ။ ကောင်းမွန်စွာ ပြုစုရမယ်။ မိမိတပ် မတော်ထဲဝင်လာအောင် စည်းရုံးရမယ်။နောက်ဆုံးလမ်းစရိတ်ပေးပြီး ပြန်လွှတ်တဲ့။ ကျွန်တော် ချစ်သောအဘိုးသည် ထောင်ထဲမှာပင် ဆုံးသွားပါသည်။

အမေအဖမ်းခံရသဖြင့် အပြင်မှာ ကျန်ခဲ့သော ညီ၊ ညီမများ အတိဒုက္ခရောက်ကြရသည်။ စားရမဲ့၊ သောက်ရမဲ့ ဘဝရောက်ရသဖြင့် ရထားလမ်းဘေးမှ ကန်စွန်းရွက်ခူးရောင်းရသည့်အဖြစ် ရောက်ခဲ့ကြ သည်။ ထို့ကြောင့် ရန်သူကို မုန်းတီးသည်၊ နာကျည်းသည်၊ ရန်သူကို စိစိကျေအောင် မွှန်းပစ်ချင်သည်။ ကျွန်တော့်အတွေးအခေါ်နယ်ပယ်တွင် ပဋိပက္ခများထပ်ဖြစ်နေပါသည်။ အသံတိတ်တိုက်ပွဲတွေဖြစ်နေသည်။ထို့ကြောင့်ရန်သူ့ကိုမုန်းသည်။ တဖက်မှ ရန်သူကို ချစ်ပါဟု နောက်ဆုံးသခင် ခရစ်တော်နှင့် အဖေ၏လူသားဝါဒသည်ကျွန်တော့်အတွေး အခေါ်ကို အနိုင်ယူသွားပါပြီ။ ရဲသားကိုဘချို၏သမီးလေးသည် မလျှောက်နိုင်လျှောက်နိုင်နှင့် လျှောက်နေပါသည်။ မိမိရန်သူ၏သမီး၊ ကလေးမလေး၊ ဩော် ဒီကလေးတွေ မှီခိုသူတွေလက်နက်ချရဲသားတွေဟာလူသားတွေ၊ ပြည် ထောင်စုဖွား ညီ အစ်ကိုတွေ၊ ဒီနေ့ ဒို့လက်ထဲက စစ်သုံ့ပန်းတွေ၊ ဒို့ကို ဘာတခုမှ အန္တရာယ်မပေး နိုင်ဘူး၊ ရန်မပြုနိုင်တော့ဘူး။

ဒို့တတွေဟာ စစ်သားတွေ၊ စစ်သည်တော်သူရဲကောင်းတွေဖြစ်တယ်။ စစ်မြေပြင်မှာ သူနိုင် ငါနိုင် (သူရသတ္တိ၊ စစ်အတတ်ပညာ၊ စွမ်းရည်) ရှိသလောက် အနိုင်တိုက်ခိုက်ကြရမယ်။ ဖမ်းမိတဲ့ ရန်သူကို လူသားဝါဒအတိုင်းပြုစုရမယ်။ ထိုအရာများသည် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်များကျင့်သုံးသော သူရဲကောင်း ကရင်မင်းမြတ်စစ်သူကြီး တနာထူးစောတို့ ကျင့်သုံးခဲ့သော စစ်သည်တော် စိတ်ဓါတ်ပင်ဖြစ်သည်။ လူသားဝါဒဖြစ်သည်ဆိုသည့် ဥက္ကဋ္ဌကြီး မန်းဘဇန်၏ သုံ့ပန်းပေါ်လစီကိုကြားယောင်လျက် ကျွန်တော့်ရှေ့မှာလျှောက်နေသော ရဲသားကိုဘချို၏သမီးလေးကို ကျွန်တော်ရှေ့ဆက် မကြည့်ရက်နိုင်တော့ပေ။ သခင်ခရစ်တော်၏ လူသားဝါဒ၊ ဥက္ကဋ္ဌကြီး မန်းဘဇန်၏ သုံ့ပန်းပေါ်လစီ ကရင်စစ် သူကြီး တနာထူးစော၏ သူရဲကောင်းစိတ်ဓါတ်များသည် ကျွန်တော့်ဦးနှောက်၊ ကျွန်တော့် နှလုံးသားကို ဆုပ်ကိုင်လိုက်ပြီးဖြစ်ပါသည်။

ကျွန်တော့်ကာဘိုင်သေနတ်၊စစ်ဝတ်ပစ္စည်း(အီကွင့်မင့်)များကို ကျွန်တော့် အကူရဲဘော်သို့ ပေး လိုက်ပြီးရဲသားကိုဘချို၏ သမီးလေးကို ကျွန်တော်သယ်ပိုးဖို့ ဆုံးဖြတ်လိုက်ပါသည်။ ကလေး၊ ဒီမှာ လာဟုခေါ်ပြီး ကျွန်တော့်ကျောပေါ်တင်၊ စစ်ဖူးစောင်ကြီးနှင့်သိုင်းပတ်ကာ ချီပိုးလိုက်ပါတော့သည်။ နာမည် ဘယ် လို ခေါ်သလဲလို့ မေးတော့ သမီးနာမည် မသီတာလို့ခေါ်တယ်ဦးဦး။ အိုး ချစ်စဖွယ်ကောင်း တဲ့ကလေး လိမ္မာလိုက်တာ။ အနာဂတ်ပြည်ထောင်စု၏ ဒုတိယ အင်ဒီရာဂန်ဒီ၊ ဒုတိယဂိုလ်ဒါမေရာ၊ ဒုတိယ မာဂရက်သက်ချာ၊ ဒုတိယငုရင်သီဘင်းတို့ ဖြစ်ပါစေ၊ ဖြစ်လာပါစေဟု ဆန္ဒမွန်ပြုရင်းဆုံရပ်သို့ ဆက်လျှောက်နေပါတယ်။ သမီးမသီတာလေးကတော့ ကျွန်တော့်ကျောပေါ်မှာ ကြည်နူးလို့။ ကျွန်တော့်မှာလဲ မောရမှန်း မသိတော့။

ဒို့တိုင်းပြည်မှ လူမျိုးစုံသွေးစည်းညီညွတ်ကြရင် ဘယ်လောက်ကောင်း လိုက်မလဲ။

ဒို့တိုင်းပြည်မှာ ပြည်တွင်းစစ်မရှိရင် ဘယ်လောက်ကောင်းမလဲ။

ဒို့တိုင်းရင်းသားညီအစ်ကိုတွေ ဒို့ပြည်ထောင်စုအတွက် တက်ညီလက်ညီနဲ့ လုပ်ကြရင် ဘယ် လောက်တိုးတက်လိုက်မလဲ ဆိုတာ မျှော်မှန်းတမ်းတရင်း၊

မိသီတာကိုကျောပိုးလို့၊ ကလေးကတော့ ကျောပေါ်မှာအိပ်လျက်၊ ငါးနှစ်သမီးလေး မိသီတာကို ထမ်းရင်း ဆုံရပ်သို့ လျှောက်လှမ်းနေပါသည်။ တောင်တက်တောင်ဆင်း ခရီးကပြင်းသဖြင့် ကျွန်တော့် နဖူးက ချွေးတွေကျလာပါသည်။ ကျွန်တော့် အဆုတ်သည် လေသစ်ကိုရှူသွင်းပြီး လေဟောင်းကို ထုတ်လွှင့်နေပါသည်။

ကျွန် တော့် ခန္ဓာကိုယ် တွင်း သို့ လေသစ်နှင့်အတူ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ လူမျိုးစုံသွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးစွမ်းအင်များ ဝင်ရောက်လွှမ်းခြုံသွားပြီး လူလူချင်း သွေးစုတ်မှု၊ လူမျိုးချင်းကျွန်ပြုမှု၊ လူမျိုးရေးမုန်းတီးမှု၊ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒ၊ မဟာလူမျိုးကြီးဝါဒများ လေဟောင်းနှင့်အတူ လွှင့်စင်ပျောက်ကွယ်သွားပါပြီ။

ကညင်ဒုံရဲစခန်းမှ ရဲသားကိုဘချို၏ သမီးလေးမိသီတာလူ့ဘဝမှာ သက်ရှိထင်ရှားနေသေးလျှင် မိသီတာတယောက် ကျမ္မာပါစေ၊ ချမ်းသာပါစေ၊ အနာဂတ်ပြည်ထောင်စု၏ဒုတိယဒေါ်အောင်ဆန်းစုကြည်ဖြစ် ပါ စေ။ ဥက္က ဋ္ဌ ကြီး မန်း ဘ ဇန် ၏ လူမျိုးစုံသွေးစည်းချစ်ကြည်ရေးစိတ်ဓါတ်၊ ပြည်ထောင်စု စိတ်ဓါတ်များ၊ မိသီတာ၏ နှလုံးသားအတွင်း ထာဝရရှင်သန်ကြီးထွားနေပါစေဟု ဆုတောင်းလိုက် ပါသည်။

၃၁–၅–၈၂ နေ့၌ ပိုင်ကျုံမြို့နယ်၊ ဝါတမိုရွာ ဘုန်းကြီးကျောင်းတွင် လူထုနိုင်ငံရေးရှင်းလင်းပွဲလုပ်နေပါသည်။ ကရင်၊ မွန်၊ ဗမာ၊ မွတ်စလင်၊ ပအိုဝ်းအမျိုးသားတွေ အစုံတက်ရောက်ကြပါသည်။ ထိုအချိန်တွင် ကျွန်တော့်နားထဲသို့ “ဒို့တပ်မှူးတွေဟာနိုင်ငံရေးမှူးတွေဖြစ်တယ်တပ်တွင်းနိုင်ငံရေးလုပ်ငန်းတွေဖြစ်တဲ့၊ တပ်တွင်းစည်း လုံးညီညွတ်ရေး၊ တပ်နှင့်ပြည်သူ စည်းလုံးညီညွတ်ရေး၊ တပ်တပ်ချင်း စည်းလုံးညီညွတ်ရေးတွေ လုပ်ရမယ်။ဒါ့အပြင်တို့တပ်မတောနဲ့ပြည်သူ အတွင်းမှာ ငါတို့ကေအဲ နယူ အစည်းအရုံး၏နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးလမ်းစဉ်တွေ ချရမယ်။ ပြည်သူတရပ်လုံးက ဒို့လုပ်ငန်း စဉ်အပေါ်သက်ဝင်ယုံကြည်မှ တော်လှန်ရေးဟာ အမျိုးသားပြည်သူတရပ်လုံးရဲ့ တော်လှန် ရေးဖြစ်မယ်။

ဒါကြောင့် တပ်မှူးတပ်သားတိုင်းဟာပြည်သူလူထုထဲဆင်း၊ ပြည်သူလူထုကို အလုပ်အကျွေးပြု၊ ပြည်သူ့ထံမှသင်ယူ၊ ပြည်သူကို ဒို့တပ်မတော်ရဲ့ စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ မူဝါဒတွေရှင်းပြ၊ တပ်မတော်ဆိုတာ ဒို့တော်လှန်ရေးမှာ ကိုယ်ကျိုးအစွန့်ဆုံး၊ အရဲရင့်ဆုံး၊ အပင်ပန်းဆုံး လက်နက်ကိုင်ထားတဲ့အဖွဲ့ဖြစ်တယ် လက်နက်ကိုင်ထားတော့ ဒီလက်နက်တွေနဲ့ အမျိုး

သားကိုကာကွယ်ရမယ်။ လူထုကြောက်တဲ့၊ ရွံ့တဲ့အဖွဲ့မဟုတ်ဘဲ၊ လူထုချစ်တဲ့ လေးစားတဲ့အဖွဲ့ဖြစ်အောင်လုပ်ရမယ်။ စစ်တိုက်ရမယ်။ လူထုကို စည်းရုံးရမယ်။ တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်" ဆိုသည့် (၁၉၆၃-၄)ခုနှစ် ဗဟိုနိုင်ငံရေးသင်တန်းကျောင်း ဖလိုခီးရွာမှာပို့ချခဲ့သည့်အဖေ့ဩဝါဒတွေကို ကြားယောင်နေပါတယ်။ ဤလူထုနိုင်ငံရေးရှင်းလင်းပွဲတွင် ကရင့်တော်လှန်ရေး၏ ရန်သူ၊ မိတ်ဆွေ၊ ကရင်ပြည်နှင့်ပြည်ထောင်စုဖွဲ့စည်းပုံ၊ ကရင့်တော်လှန်ရေး၏လုပ်ငန်းစဉ်များ တခုပြီးတခု ရှင်းပြပြီး မဆလစစ်အာဏာရှင်အစိုးရကျဆုံးရမယ်၊ ကရင့်တော်လှန်ရေးအောင်ရမယ်" လို့ အစည်းအဝေးတက် လူထုတရပ်လုံး တခဲနက်ကြွေးကြော်ပြီး လူထုရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်ပါသည်။

ညနေရေချိုးထမင်းစားပြီး အနားယူ၊ ဗွီအိုအေနားထောင်နေစဉ် တပ်ခွဲမှူးကြေးနန်းဟု ရဲဘော် တဦး စာတရွက်လာပေးပါသည်။ ကျွန်တော်ဖွင့်ဖတ်သောအခါ ကျွန်တော့်ခေါင်းကို မိုးကြိုးပစ်ချလိုက် သလို ခံစားရပါသည်။ ၃၁-၅-၈၂ရက်နေ့တွင် ပါးပါးဆုံးကြောင်း ကျွန်တော့်ညီအလတ်ထံမှ ကြေးနန်းဖြစ်ပါသည်။ ကျွန်တော့်ဘဝ ရွှေတော်ကြီး ပြိုပါပြီ။ ပါးပါးမရှိတော့ဟူ သောအသိဖြင့် ကျွန်တော့်တကိုယ်လုံးဆွဲငင် ခါတ်ကင်းမဲ့သည့် လေဟာနယ်ထဲရောက်သွားသလို ခံစားနေရပါသည်။ ကျွန်တော့်ကျေးဖူးရှင်၊ ကျွန်တော့်ဘဝ ဖန်တီးရှင်၊ ကျနော်အားကိုးရာ၊ အမှီပြုရာ၊ ကွန်းခိုရာ၊ ကျွန်တော့်နိုင်ငံရေးပါမောက္ခ၊ ကျွန်တော့်ကိုတော်လှန်ရေးအမွေပေးဝေသူသည် ကျွန်တော်တို့နှင့် ထာဝရခွဲခွာသွားပါပြီ။ ဤဘဝတွင် ကျွန်တော်တို့နှင့် ပြန်လည်မဆုံစည်းနိုင်တော့ပေ။

ထာဝရဘုရားရှင်တော်မြတ်၏ခြေတော်ရင်းမှာ ကျေးဇူးရှင်ဖေဖေနှင့် မေမေတို့ တဖန်ပြန်လည်ဆုံစည်းကြပြီး ကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာပါစေ။ လူသားများအတွင်း ချစ်ချင်းမေတ္တာ ပွားများပါစေဆိုသည့် ဓမ္မတေးသီချင်းသံပြိုင်သီဆိုသံကို ကြားယောင်နေပါသည်။ မိဘနှစ်ပါး၏ ဓမ္မသံပြိုင်သီချင်းသံသည် ဆွဲဆွဲငင်ငင်သီဆိုနေရာမှ တဖြည်းဖြည်းဝေး၍ဝေး၍ သွားပါတော့သည်။

အကိုကြီးရေနွေးကြမ်းဟု...ကျွန်တော့် ညီတပ်ကြပ်ပုချို့မှ ပြောဆိုလာမှ ကျွန်တော့်အသိစိတ်များ ပြန်ဝင်လာပြီး အဖေ့ရျာပနသို့ပြန်၍ အဖေအားနောက်ဆုံး ဦးညွတ်အလေးပြုရန် ဌာနချုပ်သို့ ပြန် တက်ရန် စီစဉ်ရပါတော့သည်။ စစ်ကြောင်းမှူးဗိုလ်မှူးကျော်နီထံခွင့်ပန်ပြီး ညီတပ်ကြပ်ပုချို့နှင့် ရဲဘော်တဦးကိုခေါ်ပြီး ဒေါနတောင်ခြေရှိ စစ်ကြောင်းရုံးမှ နံနက် ၃း၀၀ နာရီတွင် စတင်ထွက်ခွာလာ တော့သည်။

ပေငါးထောင်ကျော်ရှိ (နော်တရာ) ကုလားမတောင်ထိပ်ကို မှန်မှန်တက်လာပါသည်။ အဖေသည် အားကစား ဝါသနာပါပြီး ကျွန်တော်တို့နှင့် ဘောလုံး၊ ဘော်လီဘော ကစားခဲ့သည်။ အားကစား စိတ်ဓါတ်ပြည့်သည်။ ဂီတကို ဝါသနာထုံသည်။ ကြိုးရှစ် ချောင်းတပ် အင်္ဂလိပ်တူရိယာတမျိုးဖြစ်သော မယ်ဒလင်ကို ကျွမ်းကျင်စွာတတ်မြောက်သည်။ကျွန်တော့်အား မယ်ဒလင်အတတ်ပညာကို အမွေပေး ခဲ့သေးသည်။

စစ်အာဏာရှင်များသည် ၁၉၆၆ ခုနှစ်မှာ ကျွန်တော့်အမေ၊ အဘိုး၊ ညီမ၊ ဦးလေး၊ ညီတွေကို ဖမ်းဆီးအကျဉ်းချထားပါသည်။ သားမယားတွေကိုဖမ်းသည့် မဆလစစ်အစိုးရသည် တော်တော်လဲ သူရဲကောင်း ပီသပါသည်။ မိန်းမရှာဆန်လွန်းသဖြင့် ရှက်ဖွယ်ကောင်းလှပါသည်။ ကျွန်တော့်အမေ အဖမ်းခံနေရစဉ်အတွင်းအဖေအထီးကျန်ဆန်လွန်းနေသည်။ တော်လှန်ရေးလုပ်ရင် သား၊ မယား၊ ဆွေမျိုးတွေနှင့် ခွဲခွာရသည်။ အဖမ်းအဆီးခံရသည်၊ ဆင်းရဲသည်၊ ကြပ်တည်းသည်၊ အညှဉ်းဆဲခံရသည်၊ နောက်ဆုံး သေခြင်းသည် တော်လှန်ရေး၏ဆုလဒ်ပင် ဖြစ်သည်။ ဤအရာများကို သိလျက်နှင့် မိမိအသက်ထက် အမျိုးကိုချစ်သောစိတ်သည် ကြီးမားလွန်းသဖြင့် တော်လှန်ရေးသည် ပထမ ကိုယ်ရေးကိုယ်တာသည်ဒုတိယဟု ခံယူနိုင်ခြင်းပင်ဖြစ်သည်။

အမေသည် ရန်သူ့အကျဉ်းစခန်း ထဲတွင်ရှိနေစဉ်အတွင်း အမေ့ကို အဖေပေးနိုင်သည်မှာ မေတ္တာနှင့်သစ္စာ သာဖြစ်ပါသည်။ ကရင့်လူ့အဖွဲ့အစည်း၏ တလင်တမယားအိမ်ထောင်ရေးစနစ်၊ ခရစ်ယာန်များ၏ တလင်တမယား အိမ်ထောင်ရေးစနစ်ကို မြဲမြဲဆုပ်ကိုင်သည်။ အထီးကျန်ဆန်လွန်းနေသည့် အဖေသည် ပါတီတွင်းအယူအဆရေးတိုက်ပွဲများ၊ အကွဲအပြဲများ၊ ရန်သူ့ထိုးစစ်များ နှင့် ရင်ဆိုင်နေရလင့်ကစား အားလပ်သည့်အချိန်များမှာ ရံဖန်ရံခါ အမေ့ကိုလွမ်းလို့ထင့်၊ ရေးမိုးချိုး စားသောက်ပြီးသည်နှင့် မယ်ဒလင်ကိုတီးပါသည်။ အထူးသဖြင့် အဖေတက္ကသိုလ်ကျောင်းသားဘဝထဲကပင် တီးလာသော မယ်ဒလင် လက်သံသည် ယနေ့ခေတ်နှင့်အမှီ တီးခတ်နိုင်တုန်းပင်။ အဖေအနှစ်သက်ဆုံးသီချင်းမှာ Jim Reeves သီဆိုထားသော I Love you Because ဆိုသည့်သီချင်းပင်ဖြစ်သည်။

ဒေါနတောင်မင်းကို ဆက်တက်နေပါသည်။ နော်တရာတောင်ထိပ်သို့မရောက်သေး၊ချွေးတွေတဖြိုင်ဖြိုင်ကျနေလင့်ကစား အအေးဒဏ်ကတော့ လွှမ်းမိုးဆဲဖြစ်ချင်တာထက် ဖြစ်သင့်တာကိုအရင်လုပ်၊ ဆန္ဒ ရှိတာထက် ဖြစ်ရှိနေတဲ့ပကတိအခြေအနေအပေါ် အရင်လုပ်ဟု အဖေဩဝါဒပို့ ချခဲ့သည်။

စေတနာမှန်ပါ၊ စိတ်ရှည်ပါ၊ ဘဝင်မမြင့်နဲ့၊ ဂိုဏ်းဂနစိတ်မထားနဲ့၊ တပည့်မမွေးနဲ့၊ သည်းခံပါ၊စိတ်နှိမ့်ချပါ၊ ရိုးရိုးသားသားနေထိုင်ပါ၊ အကောင်းမြင်ဝါဒထားရှိပါ။ခြောက်တိုင်းမကြောက်နဲ့၊ မြှောက်တိုင်းမမြောက်နဲ့၊ ချော့တိုင်း မပျော့နဲ့၊ သတိရှိဟု ပညာပေးခဲ့သည်။

နော်တရာတောင်ထိပ်သို့တက်နေသော်လည်း အဖေသည် ကျွန်တော့်ခေါင်းကိုကိုင်ပြီး အနီးကပ် ဆုံးမနေသလို ကြားယောင်နေရပါသည်။ ငါ့သား ...

❖ အရက်ကို အလွန်အကျွံ လူစိတ်ပျောက်အောင် မသောက်နဲ့၊

❖ တော်လှန်ရေးငွေ၊ လူထုငွေ၊ ရဲဘော်တွေရဲ့ နှလုံးသွေးနဲ့ရယူခဲ့တဲ့ငွေ၊ အခွန်တော်ငွေတွေကို ကိုယ်ကျိုးအတွက် မသုံးနဲ့၊

❖ တလင်တမယားစနစ်နဲ့ပို့ပြီး မိန်းမမယူနဲ့၊ တိတ်တိတ်ပုန်းမယား အပျော်

မယားတွေ မထားနဲ့၊

ဒါတွေရှောင်ရင် ငါ့သားဘုန်းကြီးပြီး အသက်ရှည်မယ်။

အိမ်ထောင်ရေးစည်းကမ်းနဲ့ပတ်သက်လို့ ငါ့မှာဒီမိုကရေစီရှိတယ်။ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတယ်။ဒါပေမယ့်တို့ဟာကရင်၊ ကရင်တမျိုးသားလုံး လွတ်မြောက်ရေး အတွက် အသက်ပေးတိုက်နေတော့ကရင် မျိုး မပြုတ်ဖို့၊ ကရင်တွေဆက်လက်အသက်ရှင်ရပ်တည်နေဖို့၊ မျိုးပွားနေဖို့၊ အိမ်ထောင်ဘက်ရွေးချယ်ရာမှာ စည်းကမ်းသတ်မှတ်ချက်တခုတော့ထားရမယ်။ ဒါကဘာလဲ ဆိုတော့သားရဲ့အိမ်ထောင်ဘက်ဟာကရင်ဖြစ်ရမယ်၊ကရင်မျိုးနွယ်စုထဲကဖြစ်ရင်ရတယ်၊ အတန်းအစားမရွေးဘူး၊ ဘာသာမရွေးဘူး၊ အဲဒီဘောင်ထဲမှာ သားကြိုက်တာရွေး ဟု ပညာပေးခဲ့သည်။

လူမျိုးချင်း ကျွန်ပြုမှုစနစ်ကို ဆန့်ကျင်သော၊ လူမျိုးစုံသွေးစည်းချစ်ကြည်ရေးကို စွဲစွဲမြဲမြဲလက်ခံကျင့်သုံးသော၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို ဆန့်ကျင်သော ကျွန်တော့်အဖေသည် သွေးနှောမှုကိုခါးသည်းစွာဆန့်ကျင်ခဲ့သည်။ သွေးနှောမှုကြောင့် မလိုလားသော ကပြားပြဿနာများ တသီကြီးပေါ်လာနိုင်သည်။

(မဟာလူမျိုးကြီးဝါဒကို တိုက်တဲ့နေရာမှာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကိုပါ တိုက်ရမယ်၊ လူမျိုးစုံသွေးစည်းချစ်ကြည်မှုကို ခိုင်မာစွာတည်ဆောက်ရုံနဲ့ မလုံလောက်ဘူး၊ သွေးနှောမှုကို ပြတ်ပြတ် သားသား တိုက်ခိုက်ရမယ်။ ပြည်ထောင်စုစိတ်ဓါတ်၊ အမျိုးသားသွေးစည်းညီညွတ်ရေးစိတ်ဓါတ်ဟာခံယူရမယ့်အမျိုးသားရေးဆိုင်ရာ ဝါဒသဘောတရားဖြစ်တယ်။ သွေးနှောမှုကိုဆန့်ကျင်တာက ပြည်ထောင်စုစိတ်ဓါတ်၊ လူမျိုးစုံသွေးစည်းညီညွတ်ရေးစိတ်ဓါတ်ကို လက်တွေ့အကောင်အထည် ဖော်တာဖြစ်တယ်)။

ဤနေရာတွင် အဖေ့အမျိုးသား ရေးအမြင်သည် ကျဉ်းကောင်းကျဉ်းသည်ဟု တချို့ရဲဘော်များမှ ယူဆကြမည်။ သို့သော် ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်တွေမှာ ဂျပန်၊ အင်္ဂလိပ်၊ ကပ္ပလီ၊ တရုတ်၊ ကုလား များနှင့် သွေးနှောမှုကိုပြတ်ပြတ်သားသား ဆန့်ကျင်ခဲ့သည့် ပြည်ထောင်စုတဝှမ်းရှိ မျိုးချစ်များ ယနေ့အသက်ရှင်ရပ်တည်နေထိုင်ကြသည့် မျိုးချစ်များ အဖေ့အယူအဆကို လက်ခံနိုင်ပါလိမ့်မည်ဟု မျှော်လင့်ပါသည်။

အိမ်ထောင်ရေးတည်ဆောက်ရာမှာ နှလုံးသားနှင့်ဘဝပြဿနာတွင် ဘဝကို ဦးစားပေးလုပ်ရန်၊ အဓိကထားလုပ်ရန်၊ ပထမနေရာမှာထားရန် ရှေ့ဆောင်ခဲ့သည်။ အနာဂတ်တည်ဆောက်မည့် စစ် မှန်သော ပြည်ထောင်စုသစ်ကြီးတွင် ဗမာ၊ ကရင်၊ ကချင်၊ ချင်း၊ ရှမ်း၊ မွန်၊ ရခိုင်၊ ဝ၊ ပလောင်၊ ကရင်နီ၊ ပအိုဝ်၊ လားဟူစသည့်လူမျိုးစစ်များနှင့် တည်ဆောက်မည့်၊ သွေးစစ်စစ်များနှင့်တည်ဆောက်မည့်ပြည်ထောင်စုကြီးဖြစ်ပါစေ၊ ဖြစ်လာပါစေဟုမျှော်လင့်ပါသည်။

နော်တရာတောင်ထိပ်သည် မြူတွေဆိုင်းနေသဖြင့် ပတ်ဝန်းကျင်ကို ဘာတခုမှ လှမ်းမမြင်ရပါ။ အအေးဒဏ်သည် တ ကိုယ်လုံးကို ဖုံးလွှမ်းထားပါသည်။ တောင်ထိပ်မှာ တအောင့်တနားထိုင်ရင်း အဖေဆုံးတာနှစ်ရက်ရှိပြီ။ အဖေရုပ်ကလပ်ထားရာ(မာနယ်ပလော)အာဇာနည်ဗိမ္ဗာန်သို့မရောက်သေး။ ကျွန်တော့်အတွက် အကြီးမားဆုံးရှုံးမှုပါ။ ကျွန်တော့်ဘဝရွှေတောင်ကြီး ပြိုသွားပါပြီ၊ အဖေ့တိုက်ဖော် တိုက်ဖက် ရဲဘော်ရဲဘက်များမှ နှမြောတသဖြစ်နေကြမည်။ အဖေ့ရန်သူ၊ အဖေ့ကိုမလိုလားသူ၊ ဆန့်ကျင်သူများမှာဖြင့် ဘယ်လိုခံစားရမည်နည်း။ ပဋိပက္ခများနှင့် ဖွဲ့စည်းထားသော ရုပ်ကမ္ဘာကြီးဖြစ်သဖြင့် ဤဖြစ်စဉ်သည် သဘာဝကျပါသည်။

ခုလောက်ဆို အဖေ့ရုပ်ကလပ်ဟာ မာနယ်ပလောအာဇာနည်များဗိမ္ဗာန်ရောက်နေတော့မည်။သို့သော်အဖေ့ဝိဉာဉ်ကတော့ အမေရှိရာ ခရစ်တော်၏ ခြေရင်းမှာရောက်နေမည်။ မိဘနှစ်ပါးစလုံး ကျွန်တော်တို့ကို ငဲ့ကြည့်နေမည်။ ဆုံးမဩဝါဒပေးနေသံကို ကြားယောင်နေပါသည်။

ငါ့သား ဘာလုပ်လုပ် ဘုရားမမေ့နဲ့ဟု အဖေ့ဆုံးမဩဝါဒကို ကြားသဖြင့် ၁၉၆၃ ခုနှစ်၊ မေလ ဖာပွန်ခရိုင်၊ ဆောမီးထာစခန်းသို့ကျွန်တော့်အတွေးအခေါ် ပြန်ရောက်သွားပါတော့သည်။ ရန်ကုန်ခရိုင်၊ ကျောင်းသားသမဂ္ဂမှ ရဲဘော်များနှင့် တိုက်ပွဲဝင်၊ လေ့လာဆည်းပူးခဲ့သည်များ၊ လက်ဦးဆရာမန်းအောင်ကြည်၊ မန်းဒါဝိတ်တို့၏ ဆွေးနွေးပို့ချမှုများ၊ ရေသောက်မြစ်သုံးသွယ် အနုပဋိလောမရုပ်ဝါဒ ဇော်လဂါမှ ဂင်္ဂါသို့၊ မက္ခ(စ်)၊ လီနင်၊ စတာလင်၊ မော်စီတုန်း၊ ဟိုချီမင်း၊ လက်ရွေးစဉ်ကျမ်း စသည်တို့ လေ့လာဖတ်ရှုမှုများကို ပြန်လည်ကြားယောင်မြင်ယောင်မိပါသည်။

**Creation** နှင့် **Evolution** ဖန်ဆင်းမှုနှင့် တစတစဖြစ်ပေါ်ပြောင်းလဲမှု ဆယ်ကျော်သက်နှစ်ဆယ် အတွင်း အထက်ပါစာအုပ်များ၊လက်ဝဲနိုင်ငံရေးသမားများ၊ ကျောင်းသားများနှင့် ပေါင်းသင်းဆက်ဆံ၊ လေ့လာဆီးပူးမှုများကြောင့် မိမိအတွေးအခေါ်နယ်ပယ်တွင် **Creation** ထက် **Evolution** က ပိုပြီးလွှမ်းမိုးနေပါသည်။ ဖော်ပြပါစာအုပ်များကို အချိန်ရှိသရွေ့ လေ့လာပါသည်။ စာအုပ်တွေနှင့်သာ အချိန်ကုန်ပါသည်။ ဒါဝင်သီအိုရီများအား အဘိုးနဲ့အမေကိုဆွေးနွေးလျှင် သူတို့လက်မခံပါ။ ငါ့သားတော့ ကွန်မြူနစ်ဖြစ်ပြီ။ မဖြစ်တော့ဘူးဆိုပြီး အဖေ့ကို လှမ်းတိုင်လို့ထင့်။ ရဲဘော်တယောက် ရောက် လာပြီး အဖေ့ထံခေါ်သွားပါသည်။

ဖာပွန်ခရိုင် (ဆောမီးထာစခန်း)သို့ ကျနော်ရောက်လာပြီးသုံးလေးရက်ကြာတော့ အဖေခေါ်ပြီး ပညာပေးပါတော့သည်။ "ငါ့သား မင်းဘာစာအုပ်တွေဖတ် သလဲ" ကျွန်တော်အထက်ကဖော်ပြခဲ့တဲ့ စာအုပ်တွေဖတ်ကြောင်းပြောတော့ အဖေမှာ "ကောင်းတယ် တော်လှန်ရေးလုပ်တဲ့သူတိုင်း တော်လှန်ရေး သဘောတရားတွေ လေ့လာရမယ်။ ဆည်းပူးရမယ်။ တော်လှန်ရေးသဘောတရားမရှိရင် တော်လှန်ရေး မလုပ်တတ်ဘူး" ဟုပြောသည်။

"ဒါပေမယ့် ငါ့သား မက္ခ(စ်)ဝါဒဆိုတာ၊ တရားသေမဟုတ်ဘူး။ အလုပ်ရဲ့လမ်းညွှန်၊ ဒီတော့ တော်လှန်ရေးနဲ့ ကိုက်ညီတာရှိရင်ရှိမယ်။ ကိုက်ညီတာကို အသုံးချ၊ စာပေလေ့လာတဲ့နေရာမှာ ထမင်းစားသလိုလေ့လာ၊ ထမင်းစားလိုက်တိုင်း

အားလုံးဟာအာဟာရမဖြစ်ဘူး၊ ခန္ဓာကိုယ်က လက်ခံနိုင်တာကို သွေးသားအဖြစ်ခံယူပြီး မခံနိုင်တာကို ကျင်ကြီးကျင်ငယ်အဖြစ် စွန့်ထုတ်၊ လေ့လာချက် တွေထဲက မိမိ တော်လှန်ရေးနှင့် ကိုက်ညီတာကိုအသုံးပြု၊ လက်မခံနိုင်တာကို စွန့်ပစ်၊ ပုံတူကူး မချနဲ့" ဟု ပညာပေးခဲ့သည်။

ဆက်လက်၍ လေ့လာရေးမှာ ဘက်စုံရမယ်။ တဘက်သတ်မလေ့လာနဲ့တဲ့။ ဝဲယာနှစ်ဘက် စလုံးကို လေ့လာရမယ်တဲ့။ လက်ဝဲလက်ယာစနစ်တွေကြားမှာဒိ ရောက်ရှိနေတော့ လေ့လာမှု ဘက်စုံမှ။ ဒီတော့ ဗွီအိုအေ၊ ဘီဘီစီတွေအပြင် မော်စကို၊ ပီကင်းရေဒီယိုတွေပါနားထောင်။ ဒါမှ ဘယ်စနစ်၊ ဘယ်ပေါ်လစီဟာ ကိုယ့်လူမျိုးကိုယ့်တိုင်းပြည်နဲ့ ကိုက်ညီမယ်ဆိုတာ လေ့လာသုံးသပ် ခွဲခြမ်းစိတ်ဖြာလို့ရမယ် ဟုပြောကြားသည်။

ကျမ်းစာဖတ်သလားဟုမေးတော့ လက်ဝဲစာပေတွေ အချိန်ပြည့်လေ့လာ နေတယ်။ တနင်္ဂနွေ နေ့မှာ ရဲဘော်တွေနဲ့ နိုင်ငံရေးဆွေးနွေးနေလို့ ဘုရားကျောင်းမတက်အား၊ ကျမ်းစာမဖတ်အားဘူး ဟူ၍ဖြေလိုက်သည်။ ကျွန်တော့်အဖြေကိုကြားလျှင်အဖေ စိတ်မကောင်းတဲ့အသွင် ပေါ်နေပါ သည်။ အရာဝတ္ထုတခုဆုံးရှုံးသွားသဖြင့် နမြောတသဖြစ်နေသည့်အသွင်နှင့်။

ငါတော်လှန်ရေးလုပ်တာ မှားသွားပြီလားမသိဘူး၊ ငါတော်လှန်ရေးလုပ်လို့ ငါ့သား ဘုရားမရှိတရားမရှိဖြစ်သွားရင်တော့ ငါ့အတွက်ဆုံးရှုံးမှုပဲဟု တယောက်တည်းတိုးတိုးပြောကြားပြီး၊ ငါ့သား၊ ငါကျောင်းသားဘဝထဲက မင်းပြောခဲ့တဲ့စာအုပ်တွေ ဖတ်တယ်။ဒါကတော်လှန်ရေးအတွက်အလုပ်လမ်းညွှန်တွေ။ နောက် ငါခရစ်ယာန်လူငယ်ကျိုးစားခြင်းအသင်း [C.E-Christain Endeavour] မှာအသင်းခေါင်းဆောင်ဖြစ်တယ်။ ငါသမ္မာကျမ်းစာဖတ်တယ်။ ခုထက်ထိဖတ်တယ်။ အလုပ်မလုပ်ခင် ဘုရားသခင်ထံမှာ ခွန်အားယူတယ်။ လမ်းညွှန်မှုယူတယ်။ ဒါကြောင့် ကျမ်းစာဖတ်ဆုတောင်းတယ်။

ကျမ်းစာထဲမှာ ကရင့် တော်လှန်ရေးလမ်းစဉ်ချရာမှာ အထောက်အကူအများကြီးရတယ်။ လူလူ ချင်းသွေးစုတ်ခံရတဲ့ အလုပ်သမား၊ လယ်သမားတွေ ယခုခေတ်အခေါ်တော့ ပစ္စည်းမဲ့တွေပေါ့၊ သခင် ခရစ်တော်လက်ထက်က ဆင်းရဲသားတွေပေါ့၊

ငါကျမ်းစာလေ့လာတော့ ရှင်ကာလုခရစ်ဝင် အခန်းကြီး၁၄အခန်းငယ်၁၃မှာ...

သင်သည် ပွဲခံသောအခါဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသော သူများကို ခေါ်ဖိတ်လော့ ဟု ဖော်ပြထားသည်။

တဖန် ရှင်မာကုခရစ်ဝင် အခန်းကြီး ၁၀ အခန်းငယ် ၂၃ မှာ –

ဥစ္စာရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ အလွန်ဝင်ခဲလှ၏။

ကုလားအုပ်သည် အပ်နဖားကို လျှိုလွယ်၏၊ ငွေရတတ်သောသူသည် ဘုရားသခင်နိုင်ငံတော်သို့ ဝင်ခဲသည်ဟူ၍လည်း ကောင်း ရှင်မာကုအခန်းကြီး ၁၀ အခန်းငယ် ၂၅ မှာ အသီးသီး ဖော်ပြ ထားသည်။

သခင်ခရစ်တော်၏ အသက်တာကို လေ့လာလျှင် မက္ခ(စ်)၊ လီနင်၊ စတာလင်၊ မော်စီတုန်းတို့ မပေါ်ခင်ကတည်းက ကမ္ဘာ့အမြင်နဲ့ပြောရရင် ပစ္စည်းမဲ့လူတန်းစားတွေ အတွက် သူ့ခေတ်၊ သူ့အခါမှာ ခေါင်းဆောင်တိုက်ပွဲဝင်ခဲ့တဲ့ ကမ္ဘာ့တော်လှန်ရေးခေါင်းဆောင်ကြီးပဲ။

တဖန် ရန်သူ့အပေါ်ကျင့်သုံးရမည့် သံ့ပန်းပေါ်လစီဖြစ်ပေါ်လာခြင်းသည် သခင်ခရစ်တော်၏ ရှင်မသဲအခန်းကြီး ၅ အခန်းငယ် ၄၄ မှာ ဖော်ပြထားသကဲ့သို့

❖ သင်တို့၏ရန်သူကိုချစ်ကြလော့
❖ သင်တို့ကို ကြိမ်ဆဲသောသူတို့ကို မေတ္တာပို့ကြလော့
❖ သင်တို့ကို မုန်းသောသူတို့ကို ကျေးဇူးပြုကြ လော့ဟု ဖော်ပြထားသည်။

ငါ့သား အလုပ်လုပ်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေ ချတဲ့နေရာမှာပဲဖြစ်ဖြစ် ရာဇဝင်ရေးရုပ်ဝါဒ (Histirical Meterialism)ကိုမလေ့လာပဲနေလို့မရဘူး။ ပစ်ပယ်လို့ မရဘူး။ ဒါကြောင့် ကျမ်းစာဖတ်ရမယ်...

❖ ဒို့လုပ်ရမှာက တော်လှန်ရေးအလုပ်
❖ ဒို့စည်းရုံးရမှာက အမျိုးသားပြည်သူလူထု ဘာသာရေးကို ဆန့်ကျင် ပြီး လူထုထဲချပြမိလို့ လူထုတရပ်လုံးရဲ့ ဆန့်ကျင်မှုကိုခံရပြီး ဝိုင်းပယ်ခြင်းကိုခံရတာနဲ့အ ထီးကျန်ဖြစ်သွားမယ်။ လူထုမပါရင် တော်လှန်ရေးမအောင်ဘူး။ တော်လှန်ရေး ဆုံးရှုံးမယ်။

❖ ငါ့သားလေ့လာမှုအားနည်းသေးတယ်

❖ အတွေ့အကြုံအလွန်နုနယ်သေးတယ်

❖ လူ့ဘဝ အကြောင်းနားမလည်သေးဘူး

❖ ဒို့စည်းရုံးရမှာက အမျိုးသားပြည်သူလူထု

ဘာသာရေးကိုဆန့်ကျင်ပြီး လူထုထဲချပြလို့ လူထုတရပ်လုံးရဲ့ ဆန့်ကျင်မှုကိုခံရပြီး ဝိုင်းပယ်ခြင်းကိုခံရတာနဲ့ အထီးကျန်ဖြစ်သွားမယ်။ လူထုမပါရင် တော်လှန်ရေးမအောင်ဘူး။ တော်လှန်ရေးဆုံးရှုံးမယ်။

❖ ငါ့သားလေ့လာမှု အားနည်းတယ်
❖ အတွေ့အကြုံ အလွန်နုနယ်တယ်
❖ လူ့ဘဝအကြောင်းနားမလည်သေးဘူး

ငါတို့ရဲ့ဘာသာရေးဆိုင်ရာမူဝါဒ မှာ (ဘာသာတိုင်းတန်းတူတယ်၊ ဘာ သာ တိုင်း လွတ်လပ်တယ်၊ ဘာသာရေးကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်မထုတ်ဖို့) ပြဋ္ဌာန်းထားတယ်ဟု အတော်များများပညာပေးပြီးနောက် –

ငါ့သား ဝိညာဉ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်လို့ အလွန်တရာကြီးမားကျယ်ပြန့်နက်နဲလို့ အမြင်ကြည် လင်ရှင်းလင်းနိုင်ဖို့ သုံးရက်အချိန်ပေးမယ်။ သုံးရက်ပြည့်ရင် ငါ့ဆီလာပြီး မင်းဆုံးဖြတ်ချက်ကိုလာပြောဟုပြောပြီး ကျွန်တော့်ကို စစ်တန်းလျားသို့ သွားခွင့်ပြုပါသည်။

သုံးရက်အတွင်း ကျွန်တော့်အတွေးအခေါ်နယ်ပယ်မှာ တိုက်ပွဲတွေဖြစ်နေပါသည်။ [Creation နှင့် Evolution] ဖန်ဆင်းမှုနှင့် တစတစဖြစ်ပေါ်ပြောင်းလဲမှု။ နောက်

ဆုံး…

❖လေ့လာမှုအလွန်နည်းသေးခြင်း၊

❖အတွေ့အကြုံ အလွန်နုနယ်သေးခြင်း၊

❖လူ့ဘဝအတွေ့အကြုံဘာမျှမရှိသေးခြင်းဆိုသည်ကိုခံယူပြီး သုံးရက်မြောက်သောနေ့တွင် ပါးပါး ရှေ့ဆောင်ပညာပေးမှု၊ ပါးပါးသြဝါဒများအားလုံးနှင့်ကျွန်တော့အသက်တာကိုကုန်လွန်ပါ့မယ်ဟုကတိပြုလိုက်ပါသည်။ဤအဖြေရလျှင်အဖေအလွန်ဝမ်းသာသွားပါသည်။ဘာပဲလုပ်လုပ် ဘုရားမမေ့နဲ့ ဆာလံကျမ်း ၂၃၊ ၂၇နဲ့ ၉၁ ဟာငါ့ရဲ့ဓမ္မအမွေဖြစ်တယ်ဟူသည့် သြဝါဒသံများကို ကြားယောင်လူ့ဘဝကြီးကို ထာဝရခွဲခွါသွားပါပြီ။

အဖေ့ရုပ်ကလပ်သည် တစတစ မြေကြီးအဖြစ်သို့ ရောက်ရှိသွားပါတော့မည်။ အဖေ့ လက်နက်ကိုင်တော်လှန်ရေးဘဝ ဆယ်စုနှစ်တခုနှစ်ခုသုံးဆယ်သုံးခုနှစ်အတွင်း ကိုယ်ကျိုးစွန့်မှု၊ သည်းခံမှု၊ စေတနာမှန်မှု၊နှိမ့်ချမှုများနှင့် တော်လှန်ရေးလမ်းကြောင်းအတိုင်းလိုက်လျှောက်လျှက် နောက်ဆုံး တော်လှန်သူများပိုင်ဆိုင်ကြသော သုံးပေ၊ ခြောက်ပေသော မာနယ်ပလောရှိ အမေ့အုတ်ဂူနဘေး အာဇာနည်ကုန်း၏ ပံသုပထဝီမြေကြီးအကွက်ကလေးတကွက်မျှသာ ပိုင်ဆိုင်ခွင့်ရသွားရှာပါတယ်။

❖ချစ်သောညီလေးတပ်ကြပ်ပုချို (***Rockey***)(တော်လှန်ရေးအမွေဆက်ခံသူ) (ကျဆုံး)တို့ ဘုရားသခင်၏ ခြေတော်ရင်းတွင် စုဝေးကြပြီး ဤကမ္ဘာမြေကြီးငြိမ်းချမ်းသာယာပါစေ။လူသားများအတွင်းချစ်ကြည်မှု အခွန့်ရှည်ပါစေဆိုသည့် ဓမ္မသီချင်းသံပြိုင်သီဆိုသံသည် စကြာဝဠာတဝှမ်းလုံးကို လွှမ်းခြုံသွားပါပြီ။

မပြီးဆုံးသေးသော–

❖ အမျိုးသားလွတ်မြောက်ရေး၊

❖ ဒီမိုကရေစီရေး၊

❖ ပြည်ထောင်စုတည်ဆောက်ရေးနှင့်

> ❖ ဒို့တိုင်းပြည်မှာ လူမျိုးစုံသွေးစည်းညီညွတ်ကြရင်ဘယ်လောက်ကောင်းလိုက်မလဲ။
> ❖ ဒို့တိုင်းပြည်မှာ ပြည်တွင်းစစ်မရှိရင်ဘယ်လောက်ကောင်းလိုက်မလဲ။
> ❖ ဒို့တိုင်းရင်းသားညီအကိုတွေ ဒို့ပြည်ထောင်စုကြီးအတွက် တက်ညီလက်ညီနဲ့ လုပ်ကြရင်ဘယ်လောက်ကောင်းလိုက်မလဲ။
>
> **ဖူးကီးဒို**

သတိရမိသည်။

နော်တရာတောင်ထိပ်မှာ ထိုင်နားရင်းအဖေ့သြဝါဒတွေကို ပြန်လည်ကြားယောင်နေရာမှ အတော်ကြာသွားတော့တကိုယ်လုံးအေးလာပြီကျွန်တော့ညီတပ်ကြပ်ပုချိုမှ အကိုကြီးသွားမယ်လေအေးလာပြီ၊ ဟုပြောမှ အတွေးရေယဉ်ကြောမှ လန့်နိုးလာပါတော့သည်။ နော်တရာတောင်ထိပ်မှပြန်ဆင်းလာပြီးတာလဲ့ကာ(ဂါတ်တဲ)နောက်မော်ဖိုးကေနောက်ကပေါလူသို့။

ကပေါလူရောက်လျှင်အဖေသည် သူရဲကောင်းများရှိသည့်ဖလူးရှိကျနော့ညီမနန်ကော်နီဇန်အိမ်တွင်သွားရောက်အနားယူပါသည်။ သွေးအားနည်းလို့ဆေးရုံတက်သွေးသွင်းပြီးတပတ်အကြာ ၃၁–၅–၈၂ခုနှစ်တွင် ကျွန်တော်တို့မိသားစုနဲ့ငင်း သူချစ်မြတ်နိုးသောကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်သားများနှင့်ငင်း ကရင်ပြည်သူများနှင့်ငင်း လူမျိုးစုံညီအကိုတော်များနှင့်ငင်း သူ့သားသမီးတွေကို ပစ္စည်း ဥစ္စာရတနာတွေမပေးနိုင်ခဲ့ပါ။တော်လှန်ရေးအမွေ အမှန်မြတ်ဆုံး တန်ဘိုးအထိုက်ဆုံးတော်လှန်ရေးအမွေကိုသာရက်ရောစွာပေးနိုင်ခဲ့ပါသည်။ အဖေ့ခန္ဓာကိုယ်ဟာ မြူမှုန်ဘဝနဲ့ မြေကြီးအဖြစ်ရောက်သွားပေမဲ့ အဖေ့ဒဿန အဖေ့ခံယူချက်အဖေ့စေတနာတွေဟာ သားသမီးတွေအတွင်း ကရင်အမျိုးသားတပ်မတော်သားများအတွင်း ကရင်အမျိုးသားများအတွင်း လူမျိုးစုံပြည်သူများအတွင်း နိုင်ငံတကာ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဘက်တော်သားများအတွင်း ထာဝရရှင်သန်ကြီးထွားနေမည်ဖြစ်သည်။

❖ ချစ်သော…အဖေ…အမေ…

❖ ချစ်သောညီထွေးဒုတိယဗိုလ်ထိုလွီဇန်(တော်လှန်ရေးအမွေဆက်ခံသူ) (ကျဆုံး)

❖ ချစ်သောတူလေးဒုတိယဗိုလ် မိုးအောင်ဝင်း (တော်လှန်ရေး အမွေဆက်ခံသူ) (ကျဆုံး)

❖ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်လျှက်ရှိသောကရင်အမျိုးသားများနှင့် လူမျိုးစုံ ညီအကိုများအား ဘုရားရှင်သခင်ခရစ်တော် မြတ်ဗုဒ္ဓနှင့် အာလာမ်အရှင်မြတ်တို့ ကောင်းချီးမင်္ဂလာသွန်းလောင်းပါစေ။စောင်မပါစေ။ ကြည့်ရှုပါစေသား။

ဘခင်ဥက္ကဋ္ဌကြီးမန်းဘဇန် မိခင်ဒေါ်ကြည်ကြည်၊ ညီလေး၊ တူလေးများဖြစ်ကြသော ဒုတိယ ဗိုလ် ထိုလွီဇန်၊ ဒုတိယ ဗိုလ်မိုးအောင်ဝင်း၊ တပ်ကြပ်ပုချိုနှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်မှ ကျဆုံး လေပြီးသောရဲဘော်များအားလုံး ကောင်းရာသုဂတိလားကြပါစေ။

သစ္စာမှန်ဖြင့်…

ဖူးကီးဒို
(**D.A. B.**)တပ်မတော်။
၁၈–၄–၉၃။



# ကရင်အမျိုးသားသမိုင်းသုတေသနအဖွဲ့